www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၅၄၀၄၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၃၆၀၅၁၂
အဖုံးဒီဇိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်နိုးသီတာ (နိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း
အုံ့မြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းငွေ
ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ၊
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ - ၈၃
မြပုလဲသွယ်
ချစ်ချင်လို့ချစ်တဲ့အသည်း/မြပုလဲသွယ်။ - ရန်ကုန်
နိုးမိုးစာပေ၊ ၂၀၁၂
၂၈၈ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ချစ်ချင်လို့ချစ်တဲ့အသည်း

BURMESE CLASSIC .com

## အခန်း (၁)

အချိန်က ညနေခင်း နေဝင်ကွယ်ပျောက်စ အချိန်။

လမ်းအတိုင်း ကားကို ကိုယ့်အာရုံနဲ့ကိုယ် ဖြတ်လာတုန်းက ရန်မခ စိတ်ထဲမှာ ဘာမှမရှိ။ ကားကို မီးရထားသံလမ်းဂိတ်မှာ ရပ်တန့်ပြီး ရထားဖြတ်ကျော်ရန်အစောင့်မှာ ရန်မခ အာရုံမှာ ဖျတ်ခနဲကို လာထိတာက လှပသောမီးရောင်အောက် ပုံရိပ်တစ်ခု။ အစတုန်းက မသေမချာ။ နောက်တော့ ပို၍သေချာသွားတာက ရန်မခမျက်စိရှေ့မှာပဲ လှပသောထိုပုံရိပ်က ရထားသံလမ်းဘေးမှာ ဒူးထောက်ဝပ်ဆင်းချလိုက်ခြင်းဖြစ်သည်။

"ဟာ"

ရန်မခ အံ့ဩစိတ်နှင့် ကိုယ့်မျက်လုံးကိုယ် မယုံနိုင်အောင်ဖြစ်သွား၏။ လှပသောပုံရိပ်က သံလမ်းပေါ် သူမကိုယ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်လှဲချလိုက်ချိန်မှာပဲ…

“ဟင်”

အဝေးက ရထားဥသြဆွဲသံ ခပ်ပြင်းပြင်းနှင့်အတူ၊ ရထားစက်ခုတ်မောင်းသံ၊ အရှိန်ပြင်းပြင်း ရထားလမ်းပေါ် ဖြတ်ပြေးလာသံက ကြောက်စရာ။ ရထားသံလမ်းပေါ် ပဆစ်တုပ်ထိုင်ချနေသည့် မိန်းကလေးကိုယ်စား ရန်မခ ရင်ခုန်သွား၏။

မိန်းကလေးကိုယ်မှာ ဝတ်ထားတာက အနက်ရောင်ထက်အောက်ဆင်တူ ဝတ်ထားသည့်ကြားမှ လှပသောမျက်နှာလေးက ထင်းနေ၏။

ရန်မခဘက်ကိုသာ မျက်နှာမူမထားရင် သူလည်း ထိုမိန်းကလေးကို အမှတ်တမဲ့နှင့် ဖြတ်ကျော်သွားနိုင်သည်။

အခုတော့ ရထားသံလမ်းပေါ်က မိန်းကလေးရဲ့အဖြစ်ကို အစအဆုံးမြင်နေရသူက ရန်မခကိုယ်တိုင်ဖြစ်နေတော့ ရထားသံနီးလာလေလေ လူက ဘယ်လိုမှနေလို့မရလေ။

“ဘော်..ဘူ..ဘော်”

“ဟော့..ဟော့..မိန်းကလေး”

နောက်ဆုံးတော့ ပါးစပ်က လှမ်းလဲအော်၊ လူကိုယ်တိုင်လည်း ကားတံခါးဖွင့်ပြီး ပြေးဆင်းတာကအစ အားလုံး တစ်ပြိုင်တည်း ဖြစ်သည်။

“ဟိတ်..မင်း ဘာလုပ်တာလဲ”





မပြေးရုံတမယ် ခြေလှမ်းတွေနှင့် ရန်မခ သူမနားရောက်သွားချိန်အထိ မှာမှာသလဲ လူက ဖြစ်နေပေမယ့် သူမက ရန်မခကို ခေါ်င်သလို၊ မကြားသလို။ ဖြူဝင်းပြည့်တင်းသော မျက်နှာမှာ ဆံပင်တွေ နဖူးစပ်မှ ဖိဖြီးထားခြင်းကြောင့် လှပသောမျက်နှာက အနက်ရောင်ဝတ်စုံကြားမှာ ထင်းရှင်းဝင်းပစွာ လှနေတာကို ဘယ်လိုမှ သတိမပြုမိဘဲ နေလို့မရပေမယ့် ထိုအလှကို ခံစားဖွဲ့နေရအောင် သူမှာ အချိန်မရှိ။

အရှိန်ပြင်းစွာ ပြေးလာနေသည့် ရထားက တစ်စထက်တစ်စ နီးကပ်လာတာကိုပဲ ရင်ခုန်သည်းထိတ်စွာ ဘယ်လိုဘယ်ပုံသုံ့မအနား ရောက်သွားသည်မသိရဘဲ သံလမ်းပေါ်မှေးတင်ထားသည့် သူမကိုယ်လေးကို အလန့်တကြား သိမ်းယူဆွဲပွေ့ပြီး ကိုယ်ကိုလှိမ့်ချလိုက်သည့်အချိန်အထိ ရန်မခကိုယ်တိုင် သူ့ကိုယ်သူ ဘာလုပ်၍ လုပ်မိမှန်းမသိ။

“ဟော့..မင်း”

“လွှတ်…ရှင် ကျွန်မကို လွှတ်”

မိန်းကလေးက ရန်မခလက်ထဲ ရုန်းနေပုံက သွေးရူးသွေးတမ်း။ မျက်ဝန်းလှလှကြီးတွေမှာ ဝိတ်ဖုံးနေသည့် မျက်ရည်တွေက ဘာကိုမှမြင်တွေ့ပုံမရ။

သူ့လက်ထဲက ရုန်းဖို့ကြိုးစားနေသူကို ရန်မခက သူ့ရင်ခွင်မှာ တင်းနေအောင် ပွေ့ဖက်ထားချိန်မှာပဲ ရထားကြီးက



www.burmeseclassic.com

www.burmeseclassic.com



ရန်မခတို့နားက ခေါသတကြီး အရှိန်ပြင်းစွာ ခုတ်မောင်းသွား၏။

"ဘော်..ဘူ..ဘော်"

ရထားဥသြသံရှည်ကြီးနှင့် ခပ်ပြင်းပြင်းဖြတ်ကျော်သွားသည့် ရထားကြီးက ရန်မခတို့အား နီးကပ်စွာဖြတ်သန်းသွားချိန်၌ထိ နေရာမှ မလှုပ်ရဲ။

"ဝေါ..ဝရော"

ရန်မခတို့နားက အနီးကပ်ဖြတ်သန်း ခုတ်မောင်းသွားသည့် ရထားကြီးရဲ့ လေအရှိန်ဟပ်မှုကြောင့် ရန်မခတို့နံဘေးနားက မြက်ရိုင်းပင်တွေ ယိမ်းခါကုန်သလို ဝေါခနဲဝှေတက်လာသည့် လေပြင်းကြောင့် သဲမှုန်တွေ လေထုထဲပျံ့နှံ့သွားသည့်ကြားမှ သူမ ရန်မခရင်ခွင်ထဲမှ ကျုံးထရင်း ရန်မခကို ရန်တွေ့သည်။

"လွှတ်"

"လွှတ်စမ်း"

"ရှင် ဘာလို့ ကျွန်မကို ဆွဲရတာလဲ"

"ဟာ..မင်း သေမှာစိုးလို့"

"ကျွန်မက သေချင်နေတဲ့လူ၊ ရှင်နဲ့ ဘာဆိုင်လို့ ကျွန်မကိစ္စထဲ ဝင်ပါရတာလဲ"

"ကိုယ့်မျက်စိရှေ့မှာ လူတစ်ယောက် ပိုးစိုးပက်စက် သေသွားမှာ ဒီအတိုင်း ကြည့်မနေနိုင်လို့"

မျက်ရည်တွေနဲ့ ငိုရှိုက်ရင်း ရန်မခကို မုန်းစကားဆိုသူ





ကြောင့် ရန်မခရင်ထဲ ဟာခနဲဖြစ်သွားသည်။ ရန်မခရင်ခွင်ထဲက သူမ ရုန်းထွက်သွားသည်လား။ သူ့ကိုယ်တိုင် ဆောင့်တွန်းပစ်ခြင်းလား မသိလောက်တဲ့အထိ နှစ်ယောက်က မျက်နှာချင်းဆိုင် ရပ်ရင်း ဝေးကွာသွားဆဲမှာပင်...

"ဟော..ဟိုမှာ"

"တွေ့ပြီ..တွေ့ပြီ..ဒီမှာ ဘဘကြီး"

"ဟိတ်..မပြေးနဲ့၊ ရပ်လိုက်စမ်း မိကဲ"

ရုတ်တရက် ရန်မခမြင်ကွင်းထဲ လူတစ်စုရောက်လာတာ မြင်လိုက်ရသလို ထိတ်လန့်တကြား အော်ဟစ်လိုက်သည့် တစ်ဘက်ကအော်သံကြောင့် အသံလာရာဆီ ရန်မခ မျက်နှာမူအကြည့် သူ့ရှေ့မှာရှိနေတဲ့ သူမက ဆန့်ကျင်ရာအရပ်ဆီ လှစ်ခနဲပြေးထွက်သွားသည်။

"ဟိတ်..မပြေးနဲ့၊ ရပ်စမ်း"

"ဟော့ကောင်..မင်းမိန်းမကို ခေါ်လေကွာ"

"ကဲ..မပြေးနဲ့လေ"

ရန်မခရှေ့က ပြေးသွားသောလူကြီးက ဗိုက်ပူပူကြီးမှာ ခွပ်ကျယ်တစ်ထည်နှင့် ဘောင်းဘီတိုပွပွ ဝတ်ထားသော တရုတ်အတိုးကြီး။ သူ့ဘေးက လူရွယ်က မိန်းမလှလေးရဲ့ယောကျ်ားဆိုပါလား။ အရပ်မြင့်၍ အသားဖြူသောလူက ရန်မခကို အသိအမှတ်ပြုတာလား၊ ရှုပ်တာလားဆိုတဲ့ အကြည့်လားမသိ။ ရန်မခ



www.burmeseclassic.com

www.burmeseclassic.com



ကို ငုံ့စောင်းကြည့်သော မျက်ဝန်းတွေထဲမှာ နှစ်လိုခြင်းတွေမပါ၊ ရန့်လိုသည့်ပုံစံနှင့် မျက်နှာထားက ခပ်တင်းတင်း။ အမှောင်ထုထဲ တိုးဝင်သွားသော သူမနောက်သို့လိုက်သော လူအုပ်တွေက အားကောင်းမောင်းသန် ယောက်ျားသားချည်း လေးယောက်ဖြစ်၍ ရန့်မခ မျက်ခုံးတွန့်လိုက်၏။

"ကဲ..ရပ်လို့ ကို ပြောနေတယ်နော်၊ တားနေတဲ့ကြားက ပြောမရရင် ကိုယ့်အဆိုး မဆိုနဲ့"

"သက်ထက်ကဲ..ရပ်ဆို"

အော်သည့်လူက အော်ပေမယ့် ပြေးသူကလည်း အပြေးမရပ်။ အော်ရင်းဟစ်ရင်း ပြေးနှုန်းမြင့်သွားတာကြောင့် တစ်ခဏချင်း ရန့်မခမျက်လုံးထဲမှ ထိုလူစုနှင့်အတူ သက်ထက်ကဲဆိုသည့် မိန်းကလေးပါ ပျောက်ကွယ်သွား၏။ ရန့်မခမှာ သည်းထိတ်ရင်ဖို ဖြစ်ရပ်ကို ကြည့်လိုက်ရသူလို ထိုလူစု ပျောက်ကွယ်သွားသည့် နေရာကို တစ်ချက်စူးစိုက်ကြည့်ကာ ရင်မောစွာပင် သက်ပြင်းရှိုက်လျက် မျက်နှာလွှဲလိုက်သည်။ ထို့နောက် ကားရပ်ထားရာ နေရာဆီသို့ ရန့်မခ ပြန်လျှောက်ခဲ့သည်။ စောစောက ဆူညံလှုပ်ရှားခဲ့သော မီးရထားလမ်းသည် အခုတော့ ဘာမှမဖြစ်တော့သလို ငြိမ်သက်တိတ်ဆိတ်လျက်။ မြက်ရိုင်းရှည်တွေ လေသင့်ရာယိမ်းနွဲ့နေတာကအစ စောစောကလို အကြမ်းအရမ်းမဟုတ်ဘဲ နူးနူးညံ့ညံ့နှင့်။ မည်းမှောင်တိတ်ဆိတ်ကာ ရှည်လျားလွန်းသော မီးရထား





သံလမ်းကို လှမ်းမျှော်ကြည့်ရင်း ဖြစ်ပျက်ခဲ့ပြီးသမျှ အိပ်မက်လေလားလို့ ထင်ယောင်ထင်မှား ဖြစ်ရတာကိုတွေးရင်း ကားဆီ ခြေဦးအလှည့်မှာပဲ ရန့်မခ ဖိနပ်ဦးထိပ်က ခပ်တောင့်တောင့်မာမာအရာ တစ်ခုနှင့် မိတ်ဆက်ဖြစ်သွား၏။ အသိစိတ်က နိုးဆော်၍ ဖျတ်ခနဲ ရန့်မခ ခေါင်းငုံ့ကြည့်မိတော့ သူ မြင်လိုက်ရတာက စာအုပ်လေး။

"ဟင်"

ရန့်မခ မြင်လိုက်ရသည့် အရာတစ်ခုကြောင့် အံ့သြသွားသည်။ ရန့်မခ မြင်လိုက်ရတာက ခရမ်းရင့်ရောင်အခံပေါ် အရုပ်လေးတွေပါသော ကတ်ထူဘူးလေးက လက်တစ်ဝါးစာထက်ကြီးပြီး ဗလာစာအုပ်ထက်သေးမည့် အရွယ်အစားပေမယ့် အထူကျတော့ ဗလာစာအုပ်ထက် ထူသည်။ ဒါ စောစောက ရန့်မခနဲ့ တွေ့ခဲ့တဲ့ မိန်းမလှလေးရဲ့ပစ္စည်းလား။ ဒါမှမဟုတ် သူမနောက် ပြေးလိုက်သော အုပ်စုမှ ကျကျန်ရစ်ခြင်းလား။

ရန့်မခအတွေးထဲ အဖြေမရသေးခင် လက်က စာအုပ်ကို သူ့အလိုလို ကောက်ယူပြီးသားဖြစ်သွားသည်။ ရန့်မခကြည့်တုန်းက ကတ်ထူဘူးခွံလို့ ထင်ထားပေမယ့် သူ့လက်ထဲရောက်မှ သေချာမြင်ရတာက အယ်(လ်)ဘမ်စာအုပ်ဖြစ်နေ၏။ တစ်ဖက်ဖွင့်ဘူးခွံထဲမှ ထွက်ကျလာသည့် ဓာတ်ပုံအယ်(လ်)ဘမ်က ရန့်မခစိတ်စိတ်အာရုံကို ဆွဲဆောင်သွား၏။ သူက တွေဝေမနေဘဲ ပထမဆုံးစာမျက်နှာကို ဖွင့်ကြည့်လိုက်၏။ လမ်းမီးရောင်ပျပျအောက်မှ ရန့်မခ



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရတာက ပင်လယ်ကြီးကို နောက်ခံထား၍ ရပ် နေသော ကဲဆိုသည့် မိန်းကလေးရဲ့ပုံ။ လွတ်လပ်ခြင်း၊ အပြစ်ကင်းခြင်းတွေနှင့် ရယ်မောနေသော ကဲလိုမိန်းမလှလေးက ဒီည ရန်မခတွေ့ရသော ကဲနှင့် အများကြီးကွာခြား၏။ ဆံပင်ရှည်တွေက ကဲ့ရဲ့ တင်ပါးနားအထိ ဖုံးလွှမ်းနေကာ လေအဝှေ့မှာ ဆံပင်တွေရော၊ တဖျတ်ဖျတ်လွင့်နေမည့် ထဘီအနားစတွေပါ ဆွဲသိမ်းရင်း ကျေနပ်ပျော်ရွှင်စွာ ရယ်မောနေသော ကဲရဲ့မျက်နှာလှလှလေးပေါ်က အပြုံးတွေက သူမဘဝရဲ့ ပထမဆုံးစာမျက်နှာတွေမှာ ကြည်နူးခြင်း၊ ပျော်ရွှင်ခြင်းတွေ ပြည့်နှက်နေခဲ့တာကို ဖော်ပြနေပါလျက် ဘာကြောင့်များ သူမကိုယ်သူမ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ချင်စိတ် ဖြစ်ခဲ့ရတာလဲ။

××ပင်လယ်ကိုမှောက်ကာ သွန်ပစ်မယ် ×× ထောင်တွေ အပိုင်းပိုင်းပြတ်စေသား ×× မြေပြင်ကို ပြောင်းပြန်လှန်ပစ်မယ် ×× တိမ်တွေ မီးတက်ရှို့မယ် ×× ငါ့ရဲ့ ဒေါသများ ××

ဓာတ်ပုံအယ်(လ်)ဘမ်ကို စိတ်ဝင်စားစွာ ငုံ့ကြည့်နေဆဲ Rဇာနည်ရဲ့ ချစ်ဒေါသမီးသီချင်းက ရန်မခဖုန်းထဲမှ အသံကျယ်ကျယ်ပေးကာ အချက်ပြသည်။ ဘောင်းဘီအိတ်ထဲမှဖုန်းကို ရန်မခ ထုတ်ကြည့်လိုက်တော့ သူနှင့် ကျွမ်းဝင်ရင်းနှီးပြီးသား နံပါတ်လေးတစ်ခု။

ဖုန်းကို နားနားကပ်လျက် ထူးလိုက်၏။





"ပြော··အသည်း"

"အသည်းက ပြောရမှာမဟုတ်ဘူးနော် ကိုကို၊ ပြော·· ကိုကို ဘာဖြစ်လို့ နောက်ကျနေတာလဲ၊ ဒီမှာ အားလုံးစုံနေပြီ၊ ကိုကို့ကို စောင့်နေတာနဲ့ အသည်းမှာ ခုထိ ဘတ်(ဒ်)ဒေးကိတ် မခွဲရသေးဘူး၊ အခု ကိုကို ဘယ်မှာလဲ၊ ဘာလုပ်နေတာလဲ၊ အသည်းဆီကို မလာတော့ဘူးလား"

အသည်း အသံလေးက ဝမ်းနည်းသံလေးတွေထဲမှာ ငိုသံစွက်လျက် ရန်မခကိုမေးသည့် မေးခွန်းတွေထဲမှာ ငြိုငြင်ခြင်းတွေ ခံစားရတော့ အသည်းရဲ့ အလိုမကျသည့် မျက်နှာကို တန်းမြင်ယောင်တော့ ရန်မခ ဟက်ခနဲရယ်ရင်း လက်ထဲက ဓာတ်ပုံအယ်(လ်)ဘမ်ကို လက်တစ်ဖက်တည်းဖြစ်သလိုနှင့် ဘူးခွံထဲ ပြန်ထည့်လိုက်၏။

"ကို အခုလာနေပြီ၊ နောက်ကျသွားတာ ဆောရီး၊ အသည်းအတွက် ပရဲဆင့်(န်)ရွေးနေတာ ကို စိတ်တိုင်းမကျလို့"

"စိတ်တိုင်းမကျလည်း ထားခဲ့တော့ သားရေ"

"အဟား··မေမေ"

အသည်းရဲ့ ဖုန်းထဲမှာ မေမေ့အသံကို ကြားလိုက်ရ၍ ရန်မခ ခပ်သဲ့သဲ့ရယ်လိုက်၏။ သိတဲ့အတိုင်း မေမေက အသည်းရဲ့ ဘက်တော်သားဆိုတာ။

"အမေကို မင်းက ဘာရယ်တာလဲ သား"



www.burmeseclassic.com

www.burmeseclassic.com



''သဘောကျလို့ပါဗျာ၊ ထစ်ခနဲဆို တို့မားသားက အသည်းဘက် ရောက်သွားတတ်တာ သဘောကျသွားလို့ပါ''

''ရောက်ရမှာပေါ့၊ သမီးလေးခမျာ မွေးနေ့တောင် ဖြောင့်အောင်မလုပ်ရဘူး၊ မင်းကို လည်တဆန့်ဆန့်နဲ့ မျှော်နေရတာ ဘယ်လောက် စိတ်အနှောင့်အယှက်ဖြစ်မယ် ထင်လဲ တွေးကြည့်ပေါ့၊ ကဲ..သား လက်ဆောင်က ထား၊ လူသာ အရင်ရောက်အောင်လာ''

''ကြားတယ်နော် ကိုကို''

ဖုန်းနား ကပ်အော်တဲ့ အသည်းရဲ့အသံစူးစူးကြောင့် သူ ပြုံးလျက် ဖုန်းကို နားမှာ ခပ်ခွာခွာထားလိုက်ရ၏။ ကားဆီ လျှောက်ကာ ကားတံခါးဆွဲဖွင့်ရင်း…

''အိုကေ..ကို အခုပဲ လာနေပြီ''

''သင့်ခ်ယူးနော် ကိုကို''

မွေးနေ့ရှင်က သူ့ကိုပြန်ပြီး ကျေးဇူးတင်နေတာကို ပြုံးလျက် ဖုန်းပိတ်လိုက်၏။

ကဲတတ်ပုံ အယ်(လ်)ဘမ်ကို ခုံပေါ်ပစ်တင်ပြီး ကားစက်နိုးကာ နေရာမှမောင်းထွက်သည်။ ကားထဲမှာတော့ အသည်းအတွက် မွေးနေ့လက်ဆောင်အပြင် သူနှင့် ဘာမှမဆိုင်သည့် သူစိမ်းမိန်းကလေးတစ်ယောက်ရဲ့ သက်မဲ့ပုံတွေ ပါလာခဲ့တာ ရန်မခအတွက် ဒါ ပထမဆုံးဖြစ်သည်။





သူမနဲ့ ပြန်ဆုံရင် ပြန်မေးချင်တဲ့စိတ်ထက် သူမ ဘယ်လို မိန်းကလေးလဲဆိုတာ ရန်မခ ပို၍စိတ်ဝင်စားနေမိ၏။

မင်း ဘယ်လို မိန်းကလေးလဲ သက်ထက်ကဲ..

မင်းအကြောင်း ကို သိချင်တယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဒါလည်း ပညာတတ်တွေရဲ့ ဖက်ရှင်(လ်)ပေါ့.. ဟုတ်လား ဦးနေထွန်း"

လက်မွေ့အိတ်ကို စားပွဲပေါ် ခပ်ဆောင့်ဆောင့်ချပြီး မေမေက မေးတော့ ဖေဖေက သူ့ထုံးစံအတိုင်း မတုန်မလှုပ်ပုံစံနှင့် မေမေ့ကို ပြန်ကြည့်သည်။ မေမေက ဆံထုံးကို ခပ်ပွပွဖြစ်အောင် နောက်တွဲထုံးထားပေမယ့် လူကြီးမဆန်၊ လှပနေဆဲ။ အဆီပို မတင်ဘဲ ရင် ရင်အတိုင်း၊ ခါးရဲ့ သေးသွယ်ခြင်းအောက်မှာ အသက်လေးဆယ်ကျော်လို့မထင်အောင် မိန်းမတစ်ယောက်ရဲ့ ခန္ဓာကိုယ်အချိုးအဆစ် ကျနခြင်းတွေနဲ့ လှပခြင်းတွေကို ထိန်းသိမ်းထားဆဲဖြစ်သည်။ ကျက်သရေရှိရှိ လှပနေသော မေမေက ဖေဖေ့ကိုစိုက်ကြည့်ရင်း သူသိချင်တာ မေးခြင်းဖြစ်သည်။





"သိပ်လည်း နှမြောမနေစမ်းပါနဲ့ ခင်မ၊ မင်းလို စိန်တိုက်ပိုင်ရှင်တစ်ယောက်အနေနဲ့ ဒီကော်ဖီဆိုင်မှာ ထိုင်ရတဲ့စရိတ်က မင်းနှုတ်ခမ်းနီ တစ်တောင့်စာတောင် မရှိပါဘူးကွ"

"အို..ခင်မက ငွေကို နှမြောလို့ပြောနေတာ မဟုတ်ဘူးရှင့်"

အရောင်ရင့်တွေကို ထက်အောက်ဆင်တူ ဝတ်တတ်တာ ဒေါ်ခင်မမရဲ့ မူပိုင်ဟန်။ ကျောက်စိမ်းရင့်ရောင် ရင်ဖုံးအင်္ကျီကို ခါးစပ်ဆီမှညှဲချတော့ လက်ကောက်ဝတ်နှစ်ဖက်မှာ ဝတ်ထားတဲ့ စိန်စီလုံးချော လက်ကောက်တစ်ကွင်းက အရောင်တဖျတ်ဖျတ် လင်းသည်။ ဝတ်သမျှစိန်တွေချည်းဖြစ်ကာ ပလက်တီနမ်ကြိုးတုတ်တုတ်မှာ စိန်ဆဲွကက်၊ စိန်နားကပ်၊ စိန်လက်စွပ်တွေ ကြောင့် ဒေါ်ခင်မမ လှုပ်ရှားမှုတိုင်းမှာ စိန်ရောင်က ဝင်းဝင်းလက် သည်။ ဒေါ်ခင်မမဆိုတာ မွေးလာကတည်းက စိန်စီမွေးခဲ့၍လား မသိ။ အရွယ်ရောက်တော့လည်း ဝတ်သမျှလက်ဝတ်လက်စားက စိန်မပါ မပြီး။ လုပ်တဲ့လုပ်ငန်းက ရန်ကုန်တွင် အကြီးဆုံး စိန်တိုက် ပိုင်ရှင်။

"အမှန်ဆို မင်းက စိန်ချင်းထပ်ခဲ့ရမှာ ခင်မမ၊ ငါ့လို ဆရာဝန်နဲ့ လက်မထပ်ဘဲ ကျောက်တွင်းသူဌေးနဲ့ယူရင် ပွဲသိမ်းပြီ၊ မင်းလိုချင်တဲ့ ကျောက်မျက်ရတနာဆိုတာ တွင်းထဲက နိုက်ထုတ် ပေးလို့ရတဲ့သူနဲ့မှ မင်းက ပိုအဆင်ပြေမှာ၊ အခုတော့ ငါက ရောဂါမျိုးစုံ နှိုက်ထုတ်နေရတဲ့ ဆရာဝန်ဆိုတော့.."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ..ကိုနေထွန်း၊ ဒီလို စကားတွေနဲ့ ရှင် ခင်မကို နှိပ်စက်လာခဲ့တာ ဘယ်လောက်ကြာပြီလဲ"

ငယ်နုစဉ်ကာလတည်းက တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ရိုခဲ့ကလိခဲ့ကြတိုင်း ဒေါ်ခင်မမဆိုတာ ဘယ်တုန်းကမှ ခေါင်းငုံ့ခံတတ်သူမဟုတ်။

"ဒီမှာရှင့်..လူဆိုတာ ကိုယ့်မှာမရှိတာကို ဝယ်ယူကြစမြဲပဲ၊ အဟွန်း..ကျွန်မ လိုချင်တာ ရှင့်ကိုမဟုတ်ဘူး၊ ဆရာဝန်ဆိုတဲ့ဂုဏ်၊ ပြီးတော့ အမြင့်မတက်ရ မနေနိုင်တဲ့ ကြိုးစားချင်တဲ့ ရှင့်ရဲ့စိတ်ကို"

ဒေါ်ခင်မမ ပါးစပ်ထဲရောက်မှ ဦးနေထွန်းရဲ့ လူ့ပြစ်ရတဲ့ ဒုက္ခကို သိသွားစေအောင် ပြောချပစ်တာများ ဦးနေထွန်းတို့ ကိုယ့်ခင်ပွန်း၊ ကိုယ့်အိမ်ထောင်ဦးစီးရယ်လို့ တစ်ချက်မငဲ့။ စိတ်ထဲ ရှိတဲ့အတိုင်း ရင်ဖွင့်ဖို့ ဝါသနာပါသော ဒေါ်ခင်မမနဲ့ ဦးနေထွန်း တို့မှာ အချစ်ရေးလုံးဝမပါဘဲ အိမ်ထောင်သည်ဘဝ ဖြတ်သန်းခဲ့ ကြသည်။ ဖြတ်သန်းခဲ့သော ကာလတိုင်းက ပြန်ငဲ့ကြည့်တိုင်း ကြည်နူးသာယာစရာ မကောင်းခဲ့တာ ရန်မခတ်စသက် ဖြစ်သည်။ သား ကြီးလာတော့လည်း ဖအေလို ပညာတတ်ကြီးဖြစ်မလား မအေလို စီးပွားရေးထဲ ခေါက်နှစ်လုပ်မလားဆိုတာ ကျွမ်းကျင်တဲ့ နည်းပညာတွေနဲ့ လိုရာဘက်ဆီ သိမ်းသွင်းပေမယ့် သားဖြစ်သူက မိဘတွေရဲ့ ပဋိပက္ခကိုသိထားခဲ့တာမို့ ဘယ်ဘက်မှမပါ။





"ကျွန်တော့်အတွက် စိတ်မပူပါနဲ့ဗျာ၊ အဖေနဲ့အမေ အတွက် ကျွန်တော် မျှမျှတတ ဆုံးဖြတ်မှာပါ"

ဒီကြားထဲမှာ ဦးနေထွန်းက ဘွဲ့လွန်တွေ ထပ်တက်ရင်း ငင်ကာပူအခြေစိုက် ဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်ခွင့်ရသည်။ ဒေါ်ခင်မမက မြန်မာပြည်အနှံ့ စိန်တိုက်အခွဲတွေဖွင့်လှစ်ရင်း စီးပွားရေးလက်တံရှည်ခဲ့သည်။ လင်နဲ့မယားဆိုတဲ့ နွေးထွေးခြင်း မရှိခဲ့ပေမယ့် သူတို့ကြားဆက်ဆံရေးက မဆေးစက်ခဲ့။ ဒါဟာ မိတစ်ကွဲဖတစ်ကွဲ မဖြစ်စေချင်သော သားဆန္ဒကို အလေးထား ခဲ့ကြတာဖြစ်၏။

"လုပ်ငန်းကိုယ်စီနဲ့မို့ တစ်နေရာစီ ခွဲနေရပေမယ့် တမ်းတ လိုက်တိုင်း မိသားစုဆိုတဲ့အရိပ်က အလိုလိုမိုးထားပြီးသားကိုပဲ ကျွန်တော် ကျေနပ်နေတာ"

သားဆိုသည့် အားနှင့်ပင် ဦးနေထွန်းက ဆေးရုံမှ ခွင့် ရတိုင်း မိသားစုရှိရာ မြန်မာပြည်ပြန်လာလေ့ရှိသလို ဒေါ်ခင်မမ ကိုယ်တိုင် ရှော့ပင်(န်)ထွက်တာပဲဖြစ်ဖြစ်၊ မက်ဒီကယ်ချက်(ခ်) လုပ်တာမျိုးပဲဆိုဆို ဦးနေထွန်းရှိရာဆေးရုံသို့ သားဖြစ်သူ ရန်မခ နဲ့တော့ အတူရောက်ရောက်လာတတ်၍ မိသားစုအမြဲလို ဆုံဖြစ် နေ၏။

"ဆိုင်မှာကိစ္စလေးတွေ ရှိသေးတယ်ရှင့် ကက်စတမ်မာ တစ်ယောက်နဲ့ ချိန်းထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အလုပ်ကိစ္စနှင့်သူ အမြဲရှုပ်နေသော ဒေါ်ခင်မမက မိသားစုအတူဆုံချိန်မှာလည်း အလုပ်ကိုစိတ်မချသလို ဖင်တကြွကြွ ဖြစ်နေတဲ့ ဒေါ်ခင်မမကို ဦးနေထွန်းတာ မကျေနပ်ဟန် မျက်ခုံးကို အတွန့်ချိုးကြည့်ရင်း…

"မင်းဆိုင် အရောင်စာရေးခန့်ထားတာ ဘာလုပ်ဖို့လဲ ခင်မမ၊ ကက်စတမ်မာ လာတာပဲ၊ သူတို့ရောင်းမှာပေါ့၊ မိသားစု အတူနေရတဲ့အချိန်ထက် မင်းအလုပ်က ပိုအရေးကြီးသလား"

"ရှင်ကတော့ ပြောအားရှိမှာပေါ့၊ ခွင့်တွေ တသီကြီး ယူလာတဲ့သူကို၊ ဒီမှာက ကိုယ်မပါရင်မဖြစ်တဲ့ ပွဲတွေက အများကြီးရှင့်၊ အရေးကြီးတဲ့ ကိုယ့်ဧည့်သည်တွေဆိုတာ ခင်မမရှိမှ သိလား"

"ဒါဖြင့် မင်း ဆိုင်မှာပဲနေပါလား၊ ဘာလို့ ဒီကို လာနေသေးလဲ"

"ဒါက ရှင့်သားက လာချင်နေတာကိုး"

"မင်းသဘောနဲ့ လာချင်တာမဟုတ်ဘူးဆိုရင် မင်း အခုပြန်တော့ ခင်မမ"

"ဘယ်သူက အခုပြန်မယ် ပြောနေလို့လဲ"

ဦးနေထွန်း တကယ်ဒေါသဖြစ်လာတော့ ဒေါ်ခင်မမ ဘက်က စိတ်ကို တစ်ဝက်မကလျှော့ချလိုက်တာ ရန်မခ သိသလို ဦးနေထွန်းလည်း သိသည်။





"မအေနဲ့အတူနေပြီး မအေ ဘယ်လောက် အလုပ် ရှုပ်တယ်ဆိုတာ မသိကြဘူး၊ မသိဆို အတူနေ နာမည်သာခံတာ၊ ဘယ်တုန်းကများ သူများအခက်အခဲ သိခဲ့ မေးခဲ့ဖူးလို့လဲ၊ ကိုယ့် အလုပ်ကိုပဲ ကိုယ့်ကမ္ဘာထင်နေကြတာ"

"သားလည်း အတူတူပဲ"

"မင်း ဒီလိုတော့မပြောနဲ့ ခင်မမ"

သားထိတာနှင့် မချိအောင် နာတတ်သော ဦးနေထွန်းက ဆော်ဗီခွက်ကို ဆက်မသောက်ဘဲ ဝင်တားတော့ ဒေါသသံပါ သည်။ ဒေါ်ခင်မမက ပါမောက္ခဒေါက်တာဘွဲ့ရ ခင်ပွန်းသည်ကို ခါးစိမ်းကားကား လှည့်ကြည့်ပြီး လုပစ္စာမျက်စောင်းရှယ်ရင်း..

"ဒီလိုမပြောလို့ ကျွန်မက ဘယ်လိုပြောရမှာလဲ"

"ပြောလိုက်ရင် ဘယ်သူ့မှမကူညီဘူး၊ စိတ်မဝင်စားဘူး နဲ့ မင်းအလုပ်ထဲ ဝင်ပါတော့ရော အလုပ်ရှုပ်တာပဲ အဖတ်တင် တယ်ဆိုတာ မင်းပဲ ပြောခဲ့တာ ခင်မမ"

ဦးနေထွန်းစကားမှန်နေ၍ ဒေါ်ခင်မမ ပါးစပ်ပိတ်သွား ချိန်မှာ ဦးနေထွန်းက သူ့ခံစားချက်ကို ဆက်ရင်ဖွင့်သည်။

"သားဆိုလည်း သူကိုယ်တိုင် ကားကုမ္ပဏီဖွင့်ထား တာကိုက ကားတွေကို စိတ်ဝင်စားလို့၊ သူ့ဝါသနာနဲ့သူ ဖြစ်လာ တာ၊ အောင်မြင်အောင် လုပ်နိုင်တာကိုက သားအရည်အချင်းပဲ"

"သိတယ်၊ ခင်မ သားမှာ အရည်အချင်းရှိမှန်းသိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် ခင်မသားကို ဒီထက်မက ဖြစ်စေချင်တာ၊ ဒါက အမေဘက်က အားမလိုအားမရဖြစ်ရတဲ့ မိဘမေ့ျှာပဲ၊ ရှင့်လည်း နိုင်ငံခြားမှာတောင် ပရော်ဖက်ဆာနဲ့ နေနိုင်တဲ့သူ၊ မအေက မြန်မာ နိုင်ငံမှာ လက်ရှိုးရေလို့ရတဲ့အထဲက နံပါတ်တစ်နံပါတ်တဲ့ စီးပွားရေး သမား၊ ပွန်း..ဒီနှစ်ယောက်ကမွေးလာတဲ့ သားကို အကောင်းဆုံး၊ အတော်ဆုံးဖြစ်စေချင်တာ အမေ့အပြစ်လား''

''အသည်းလေး...သမီးလေးဆိုရင်..''

''တော်စမ်းပါ၊ မင်းအသည်းက ဘာတွေအသုံးကျ လို့လဲ၊ ငါ့သားနဲ့ မနိုင်းစမ်းနဲ့''

အသည်းထိတော့ မချိအောင် ဒီတစ်ခါနာရတာက ဒေါ်ခင်မမပါ။ ဦးနေထွန်းနဲ့ အိမ်ထောင်ကျကတည်းက သမီးရှူး ရှူးခဲ့တဲ့ ဒေါ်ခင်မမဟာ ကိုယ်မွေးသောသားလေးကြောင့် ခင်ရာ မင်ရာကို သမီးမွေးပါလို့ လှည့်ပတ်နားပူခဲ့တာ ဟိုးအရင်ကတည်း က ဖြစ်သည်။

''သမီးကမှ ကိုယ့်အတွက် တိုးတိုးဖော်ရတာ၊ သား ဆိုတာ သူတစ်ပါးအတွက် အုတ်မြစ်ချပေးနေရသလိုပဲ၊ ဖောင် ဒေးရှင်းကောင်းကောင်း ချပေးပြီးတော့ အချိန်တန်တာနဲ့ သူစိမ်းတွေ ပိုင်သွားတာမျိုး၊ ဒါတောင် ပြုကျပျက်စီးခဲ့ကြည့် ဆောက်လုပ်ရေး ကုမ္ပဏီတွေကိုပဲ ပြန်ထိခိုက်လာတာ''

ထိုသို့သော အယူဝါဒရှိခဲ့သော ဒေါ်ခင်မမမှာ သားမြ





ဆိုင်းကပ်ရပ်မှ သမီးမိန်းကလေး မွေးတယ်ကြားတယ်နှင့် သတင်း သွားမေး၊ ကလေးပစ္စည်းတွေ လက်ဆောင်ဝယ်ပေးနှင့် အသည်း ခေါ် နတ်ပန်းချီ မိဘတွေနှင့် ငယ်ပေါင်းတွေဖြစ်သည့်အတိုင်း ထစ်ခနဲရှိ နတ်ဖူးထဲ နတ်ပန်းချီက အရင်ရောက်လာတတ်ကာ သမီးအရင်းလေးလို ချစ်တဲ့စိတ်အခံကြောင့် နတ်ပန်းချီ ကန့်ကွက် သူ ဒို့ရန်သူလို့ သတ်မှတ်ထားသူ။

''မင်း သမီးက အခု ဘာအသုံးကျလို့လဲ''

''ကဲ..ပြောစမ်း၊ ဆယ်တန်းအောင်ပြီးတည်းက တက် လိုက်တဲ့သင်တန်းဆိုတာ မဟုတ်တာယုတ်တွေ''

''ဘာ မဟုတ်တာယုတ်လဲ..ရှင်နော်''

အကျင့်ပါနေသော ဒေါ်ခင်မမမျက်ဝန်းက ဦးနေထွန်း ချက်နှာရှိရာကို ဒိုင်းခနဲ မျက်စောင်းလှမ်းထိုးသည်။

''ကျွန်မ သမီးက မော်ဒယ်သင်တန်း''

''အလကား...ကော့ပြ လန်ပြနဲ့''

''ကိုနေထွန်း..ရှင်နော်''

''မာမီ''

''ဟော..သား ပြန်လာပြီ''

''မေမေနဲ့ ဖေဖေ ဘာတွေကွိုင်နေကြတာလဲဗျ''

''ထုံးစံအတိုင်း မင်းအမေရှာတဲ့ ပြဿနာ''

''ရှင်နော်''



www.burmeseclassic.com

www.burmeseclassic.com


ရန့်မခက တွေ့တာနှင့် အမြဲတမ်း ရန်ဖြစ်စကားများ နေကြဖြစ်သော မိဘနှစ်ပါးအဖြစ်ကိုကြည့်ပြီး ဟစ်ချက်ပြုံးလိုက်ကာ ခုံမှာဝင်ထိုင်တာနှင့် မျက်မှန်၊ ဖုန်းနှင့် ကားသော့ကို စားပွဲပေါ်တင်လိုက်၏။

"သားအရွယ် မငယ်တော့ဘူးနော် သား"

"မြေးချီချင်နေပြီ ထင်တယ်ကွ"

"မေမေကတော့ လုပ်ပြီ"

ဦးနေထွန်းက ရန့်မခမျက်နှာကိုကြည့်ပြီး ခပ်ပြုံးပြုံးနှင့် ပြောသည်။ ရန့်မခက အပြာရောင်ရှပ်အင်္ကျီက အဖြူနဲ့ စပ်ကွက်ထားတာမျိုးကို ရင်ဘတ်ကြယ်သီးဖွင့်ထား၍ ရန့်မခ လည်ပင်းက ပလက်ဝ်နမ်ကြိုးတုတ်တုတ်ကို မြင်နေရသည်။ ကုတ်ထောက်သော ရန့်မခရဲ့ ရွှေညိုရောင်ဆံပင်ရှည်တွေကို ရှေ့ဖျားမှ ဘီးကုပ်လိုဟာနှင့် လှန်တင်ထားပေမယ့် ဘယ်လိုနေနေ ယောကျ်ားပီသစွာ ချောမောခန့်ညားသည့်မျက်နှာနှင့် ထွားကျိုင်းသည့် ကိုယ်ဟန်ကြောင့် ရန့်မခဆိုတာ မိန်းကလေးတိုင်းအတွက် အိပ်မက်မင်းသားဖြစ်သည်။ ခက်တာက အခုချိန်ထိ ရန့်မခက အိမ်ထောင်ရေးကို စိတ်မဝင်စား။

"မေမေ့ကို ပြောစရာရှိလို့"

"ကဲ..ဘာပြောမှာလဲ ပြော"

"အိမ်ထောင်ပြုမှာဆိုရင်တော့ အသည်းကလွဲပြီး တခြားဘယ်သူ့ကိုမှ ရွေးမ မတော်နိုင်ဘူးနော်"

"အဲဒီကိစ္စ မဟုတ်ပါဘူး မေမေရာ"

"ဒါဖြင့် ဘာလဲ၊ ကျောင်းပြီးလို့ ဘွဲ့လွန်တက်မယ်ဘာညာဆိုရင်တော့ မပြောနဲ့"

ဒေါ်ခင်မမက ဒီလိုပြောတော့ ဦးနေထွန်းက ဒေါ်ခင်မမမျက်နှာကို စေ့စေ့ကြည့်ရင်း...

"ပညာကို အလေးမထားတဲ့ မိန်းမ"

"အဲဒီမိန်းမမှန်း ရှင် အစကတည်းက မသိခဲ့ဘူးလား၊ ကဲ..ပြော သား၊ စီးပွားရေးနဲ့ ပတ်သက်လို့ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ၊ ရှုံးတာမြတ်တာ မေမေ စိတ်မဝင်စားဘူး၊ ဒါပေမဲ့ လုပ်ငန်းသေးသေးလေးတွေ အကြောင်းတော့ မေမေ့ကို မပြောနဲ့၊ စိတ်မဝင်စားဘူး"

"ဟွန့်..ကြီးကျယ်ပါ့ကွာ"

"ရှင် မရိုပါနဲ့"

"ဟိုး..ဖေဖေနဲ့ မေမေ၊ ခဏတော့ ငြိမ်းချမ်းရေးယူထားဗျာ၊ ကျွန်တော်က ဝါသနာပါတဲ့ အလုပ်လည်းဖြစ်ချင်တယ်၊ ပြီးတော့ ကျွမ်းကျင်မှုနဲ့ စီမံခန့်ခွဲနိုင်တာ လိုချင်တယ်၊ ထူထောင်ပြီးသားဈေးကွက်ကို ထပ်ချဲ့ပြီး ခဏချင်းထိုးဖောက်နိုင်တာမျိုးလည်း ဖြစ်ချင်တယ်၊ ဒါပေမဲ့ အရှုံးမလိုချင်ဘူး၊ အဲဒီစိတ်တွေနဲ့ ကျွန်တော် လုပ်ချင်တဲ့လုပ်ငန်းကို တည်ထောင်မလို့"



www.burmeseclassic.com

www.burmeseclassic.com



"သား ဝါသနာပါတဲ့ ကားကုမ္ပဏီ ရှိနေပြီးသားပဲ၊ သားက ဘာထပ်လုပ်ချင်သေးလို့လဲ"

"ဒီတစ်ခေါက် ဖေဖေပြန်ရင် ကျွန်တော် လိုက်သွားမယ်"

"ဒါများ အဆန်းလုပ်လို့ သားရယ်၊ ဟော်သလောက်နေပြီး ပြန်လာခဲ့၊ မေမေ ခွင့်ပြုတယ်"

"ကျွန်တော် ဟိုမှာ ကျောင်းဆက်တက်ဦးမှာ မေမေ"

"ဘာ"

ဒေါ်ခင်မမရဲ့ 'ဘာ'က အသံကျယ်သွားသည်။ ပြီးတော့ သားဖြစ်သူမျက်နှာကို မယုံနိုင်ခြင်းများစွာဖြင့် စူးစိုက်ကြည့်နေရာက သားကိုတစ်လှည့်၊ ဦးနေထွန်းကိုတစ်လှည့် အကဲခတ်မျက်ဝန်းတွေနှင့် ကြည့်ရင်း ဦးနေထွန်းနှင့် မျက်ဝန်းချင်းအဆုံမှာ ဒါ..ရှင့်စနက်လားလို့ မေးနေ၍ ဦးနေထွန်းကတော့ သူ ဘာမှ မသိကြောင်း ပခုံးစုံတွန့်ပြသည်။

"မေမေ လုံးဝ ခွင့်မပြုဘူး သား"

"သုံးနှစ်လောက်ပါ မေမေ၊ ဟိုမှာ သင်ယူစရာတွေအတွက် ဖေဖေနဲ့အတူနေပြီး ကျောင်းတက်ရုံပါ၊ ပြီးရင် ဒီကို ပြန်လာပြီး မေမေ မြင်ချင်တဲ့ စီးပွားရေးသမားတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်"

"မေမေ့မှာ ဒီသားလေးတစ်ယောက်ပဲရှိတာ၊ မေမေ





မခွဲနိုင်ဘူး သား၊ သားအခုလုပ်နေတဲ့ ကားကုမ္ပဏီလည်း အဆင်ပြေသားပဲ၊ မေမေ့ကိုထားပြီး မသွားပါနဲ့ သားရယ်"

"မင်းဖြစ်ချင်တာဖြစ်အောင် ကြိုးစားမယ်လို့ သားက ကတိပေးထားတာပဲ ခင်မမ"

"ရှင် ကျွန်မတို့သားအမိကြားထဲ ဝင်မပါနဲ့ ကိုနေထွန်း၊ သားက ကျွန်မသား"

"သားကို ကျွန်မ မခွဲနိုင်ဘူး"

မေမေ့ရဲ့နှားချစကားကို မေမေက လက်မခံဖြစ်နေခိုက်မှာ ရန်မခ လှမ်းမြင်လိုက်ရတာက မေမေ့နောက်ကျောဘက်ဆီမှာ ကဲဆိုသည့် မီးရထားသံလမ်းဘေးမှ ရန်မခ တွေ့ရသည့် သူမမှ သူမအစစ်။ ဆံပင်တွေကို နှပ်ဖူးစပ်မှ အပြောင်သိမ်းထားသော သက်ထက်ကဲ ကျောဘက်မှာ ကျစ်ဆံမြီးတစ်ချောင်းတည်းကျစ်ပြီး ပြန်ချထားပုံက ကျက်သရေရှိရှိ လှနေသည်။ လှပသော မျက်ဝန်းတွေမှာ ထုံးစံအတိုင်း မစဲသော မျက်ရည်စီးကြောင်းတွေနှင့်။ သက်ထက်ကဲ ရေမှလူက နေမာနဆိုတာလား။ သေချာမသိပေမယ့် သက်ထက်ကဲ မေးဖျားနား လက်သီးနှင့် ကျိတ်ကျိတ်ဖိထားပုံက သက်ထက်ကဲကို ချစ်စနိုးမဟုတ်တာ သေချာသည်။ နေမာနဆိုသည့်လူက တစ်စုံတစ်ရာကို ပြင်းပြင်းထန်ထန် ကြိမ်းဝါးနေတာ မြင်နေရ၏။ ရန်မခ ဘေးတစောင်းက လှမ်းမြင်နေတာတောင် သက်ထက်ကဲမျက်နှာမှာ မျက်ရည်တွေ စိုလက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတာက သက်ထက်ကဲရဲ့ မျက်ဝန်းမှာ ဒေါသဟူသမျှ မြူတစ်မှုန်မရှိ။ တစ်ဖက်ကလူကို အသနားခံနေတာမျိုး။ ရန်မခ ကြည့်နေဆဲမှာ ထိုလူက သက်ထက်ကဲရဲ့လက်ကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲခေါ်သွား၏။ သက်ထက်ကဲလည်း သက်မဲ့အရုပ်တစ်ရုပ် ပမာ နေမာနဆိုသ[illegible]ာက် လိုက်သွားသည့်အဖြစ်ကို စိတ် မသက်မသာစွာ ငေးနေမိစဉ်မှာပဲ…

"သားပြောတာ သဘာဝကျတယ် ခင်မမ"

"ရှင်ပြောသလိုဆို ကျွန်မကပဲ သဘာဝမကျတာပေါ့ ဟုတ်လား"

"ဘာမဆို သင်ယူပြီးမှ ဦးစီးဦးဆောင်လုပ်တာ ပို ကောင်းတယ် ခင်မမ"

"သား‥ရန်မခ"

"ဗျာ‥မေမေ"

ရန်မခက သူ့လက်ကိုလာထိသည့် မေမေ့လက်ဖဝါးကြောင့် သူ့ထူးသံက အလျှင်စလို။ မေမေက သူကြည့်နေရာအထိ လှမ်း ကြည့်ပြီးမှ ဘာမှမထူးခြားသလို ရန်မခမျက်နှာပေါ် အကြည့်တွေ ပြန်ရောက်လာ၏။

"သားလိုက်ချင် လိုက်သွားပါ၊ မေမေလည်း စိစဉ်စရာ ရှိတာစီစဉ်ပြီး သားနောက်ကို လိုက်ခဲ့မယ်"

"ဒီမှာ အလုပ်တွေနဲ့ဆိုတော့ မကြာခဏ ပြန်လာမှာပါ





မေမေ"

"ကိုယ်နဲ့အတူ သားကို ခေါ်ထားမှာပါ"

ရန်မခကို သူနှင့်အတူ ခေါ်ထားမည့်အကြောင်း ဖေဖေ က ဝင်ပြောသည်။

"သိတယ်လေ၊ ဒါပေမဲ့ လိုက်ဖြစ်အောင်လိုက်မှာ"

"မင်းသဘောပဲ ခင်မမ"

ဖေဖေက မေမေ့အလိုကျပြုံးကာ ခေါင်းညိတ်ရပေမယ့် မေမေ့ရင်ထဲ မငြိမ်းချမ်းနိုင်တာ ရန်မခကိုယ်တိုင် အသိဆုံးဖြစ် သည်။

ရန်မခစိတ်တွေက သူ့အကြောင်းထက် သက်ထက်ကဲ ဆိုသည့် မိန်းမလှလေးအကြောင်း ပို၍စိတ်ဝင်စားနေ၏။

ရန်မခတွေ့ဆုံတိုင်း မစဲသော မျက်ရည်မိုးတွေနှင့် သက်ထက်ကဲကြောင့် မှုန်းကျပ်သွားရတဲ့ ရန်မခစိတ်အစဉ်မှာ သူမကိုမေးချင်တာ တစ်ခုတော့ရှိသည်။

မင်းဟာ ဘယ်လို မိန်းကလေးလဲ သက်ထက်ကဲ။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

တစ်နှစ်ကြာပြီးနောက်···

"ဘာ··ဘယ်လို သား"

ဖုန်းပြောရင်း အလန့်တကြား မတ်တပ်ထရပ်သည့် ဒေါ်ခင်မမကြောင့် အနားတွင် လက်ဖက်ယန်းကန်ကိုင်၍ ရောက်လာသော အသည်းအမေ ဒေါ်နှင်းနှင်းအေးပါ အထိတ်တလန့်ဖြစ်သွား၏။

"ဟင့်အင်း··မေမေ ခွင့်မပြုဘူးနော် ရန်မခ၊ အဓိပ္ပာယ်မရှိတာကို၊ ဟဲ့··ဒါမျိုးတွေ သူတို့နိုင်ငံမှာ ရိုးနေပြီဆိုပေမယ့် မင်းက မြန်မာနိုင်ငံသား၊ မဟုတ်သေးပါဘူး သားရယ်၊ ဒါ မင်းအမေကိုခေတ်လွန်ကြီးရဲ့ အကြံအစည်မဟုတ်လား"

ဒေါ်ခင်မမက ဖုန်းပြောရင်း ဒီဘက်လှည့်ကာ···





"ဖန်ပြွန်သန္ဓေသားအတွက် အလှူခံတာတဲ့ နှင်းရေ"

"ဘုရားရေ"

ဒေါ်ခင်မမ သတင်းပို့ချက်များကိုကြားရ၍ ဒေါ်နှင်းနှင်းအေးက ချက်ချင်းရင်ဘတ်ဖိပြီး ဘုရားတ,သည်။ ဒေါ်ခင်မမက ဖုန်းထဲတွင်မပြတ်သေးသော သားကို စကားပြန်ဆက်သည်။

"အလှူခံသူက မြန်မာအချင်းချင်းမကလို့ ဘာဖြစ်ဖြစ် မေမေ လုံးဝသဘောမတူဘူးနော် ရန်မခ၊ မေမေက ဆောရီးဆိုဆက်မလုပ်နဲ့"

"ဒီမယ်··သား၊ သားကို အဲဒီမှာ နှစ်ရှည်လများ လွှတ်ထားတယ်ဆိုတာက သား သင်ချင်တဲ့ပညာတွေအတွက်နော်၊ ဒီလို ဘာလှူဖို့ ညာလှူဖို့မဟုတ်ဘူး၊ ဘယ့်နှယ်၊ ဖအေနဲ့အတူ နေတာ တစ်နှစ်ပဲရှိသေးတယ်၊ ကိုယ်တွင်းကပစ္စည်းပါ ထုတ်လှူ ချင်တဲ့ ဝေဿန္တရာလက်သစ်ဖြစ်နေပြီ"

"မေမေကလည်းဗျာ"

"မေမေကလည်း ဗျာမနေနဲ့"

ဒေါ်ခင်မမက ဖုန်းပြောရင်း ဒေါသကို အစိုးမရနိုင်သလိုရှိကာ စည်ခန်းထဲ လူးလာခေါက်ပြန်လျှောက်လျှက်နေ၏။

"ရယ်မနေနဲ့ သား၊ ဖန်ပြွန်သန္ဓေပဲဖြစ်ဖြစ်၊ ဒီကလေးဖြစ်တည်ဖို့ မင်းက မျိုးစေ့ချပေးတာနဲ့ အတူတူပဲ၊ ဖအေလည်းမဟုတ်ဘဲ မျိုးစေ့လိုက်ချပေးနေရတာ ဘာသဘောလဲ၊ မေမေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နားကို မလည်နိုင်ဘူး''

''ကုသိုလ်ရပါတယ် ,မေမေရဲ့''

''ဘာကုသိုလ်လဲ၊ ဒီလိုကုသိုလ်မျိုး မလိုချင်ပါဘူး''

ဟိုတစ်ဖက် ဘာပြောလဲမသိ။

''မြင်ဖူးပါရဲ့၊ ကြားလည်း ကြားဖူးပါရဲ့၊ ကိုရီးယား ရေစီးကြောင်းတွေ မြန်မာနိုင်ငံထဲ လိမ့်ဝင်လာကတည်းက စည်း မရှိတဲ့ အကြောင်းတရားတွေ''

''အိမ်ထောင်သည် ယောက်ျားကို ကြိုက်တဲ့အပျိုနဲ့၊ ကလေးတစ်ယောက်အမေကို ရူးရတဲ့လူမျိုးနဲ့၊ ဒီမယ်··ရန်မခ၊ ကြည့်တိုင်းမြင်တိုင်း အတုယူဖို့ဆိုရင် လူတွေမှာ ဦးနှောက်တောင် မွေးရာပါအဖြစ် ရှိမှာမဟုတ်ဘူး၊ နိုင်ငံတကာစည်းမျဉ်းဥပဒေအရ ဘာတွေဘယ်လိုရှိရှိ မေမေ့သားက မေမေ့စည်းမျဉ်းထဲမှာပဲရှိရမယ်၊ မင်းအမေ ကိုနေထွန်းနဲ့လည်း ငါ စကားပြောရဦးမယ်''

''ဖေဖေ မအားဘူး မေမေရဲ့''

''အေး··အားတဲ့အချိန်အထိ စောင့်မယ်''

''သူ့ဂျူတီထွက်တာနဲ့ မေမေ့ဆီ ဖုန်းခေါ်လို့··ကြားလား၊ ဟိုအလျှုကိစ္စတော့ မေမေ လုံးဝသဘောမတူဘူးနော် ရန်မခ''

ဟုတ်ကဲ့လို့ တစ်ခွန်းတည်းပြောပြီး ရယ်သံသဲ့သဲ့နှင့် သားအသံပျောက်မှ ဒေါ်ခင်မမက ဖုန်းကို နားမှခွာကာ သက်ပြင်း တစ်ချက်နှင့် ဆိုဖာမှာဝင်ထိုင်လိုက်၏။





''ဘာတဲ့လဲ မမခင်၊ သားက မမပြောတာ လက်ခံရဲ့ လား''

''ဟုတ်ကဲ့လို့ ပြောသွားတာပဲ နှင်းရယ်၊ ဒီမှာလည်း အလုပ်က လက်စသတ်မရလို့၊ နို့မို့ ကောက်ခနဲတောင် လိုက်သွား ပါရဲ့''

''မခ ဆီကိုလား အန်တီ''

အသံနဲ့အတူ ဆိုဖာနောက်မှ တစ်ကိုယ်လုံးသိမ်းကျုံး ဝက်လာသည့် အသည်းကြောင့် ဒေါ်ခင်မမမျက်နှာက ပြုံးအိ သွားကာ လှပ၍ ချစ်စရာကောင်းသော အသည်းမျက်နှာလေးကို မော့ကြည့်လိုက်၏။

''သားဆီကို အခုသွားချင်တာ သမီးရေ၊ ချက်ချင်း သွားမရလို့၊ ဒီတစ်ခေါက် သမီးပါ လိုက်မှာမဟုတ်လား''

''လိုက်မယ် အန်တီ၊ ဒီလ ပြိုင်ပွဲရှိသေးတော့ ရှေ့လမှ အတူသွားရအောင်နော် အန်တီ··နော်''

အသည်းက ပြောရင်း ဒေါ်ခင်မမကို ဖက်ထားသည့် သက်ကို ဖြုတ်၍ ဆိုဖာမှာထိုင်နေသည့် ဒေါ်ခင်မမ ဘေးနား အတင်းတိုးတွေ့ကာ ပူးပူးကပ်ကပ်ထိုင်ရင်း ကလေးတစ်ယောက်လို နှုတ်အတင်း ပူဆာနေပုံက ချစ်စရာ။

ခေါက်ဆွဲခြောက်လို အတွန့်အလိပ်သေးသေးလေးတွေနှင့် ရှိုဒစ်ဂျစ်တယ်ဆံပင်ကလေးက တခါခါ။ ကောက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ကျောလယ်ဆံပင်တွေကို ရှေ့သို့ရောင်ဆေးဆိုးထားသည်။ ဖြူဝင်းကြည်လင်နေသည့် မျက်နှာလေးက နုနုဖတ်ဖတ်။ မျက်ခုံးထူထူနှင့် နှာတံချွန်လေးက ဖြူဝင်းကြည်လင်အောင် ပြုပြင်ထားသော မျက်နှာလေးမှာ အထင်ရှားဆုံးဖြစ်ကာ ထိုမျက်နှာလေးကို ဒေါ်ခင်မမ လက်မောင်းမှာ ပါးတစ်ဖက်မှေးအပ်ရင်း ဆိုးနွဲ့နေပုံက တကယ့်သမီးအရင်းအတိုင်း ဖြစ်သည်။

"အန်တီ့ကိုလည်း အသည်း ဖြိုင်ပွဲမှာ ရှိစေချင်တာ၊ ရှိပေးရမယ်နော် အန်တီ"

"ရှိမှာပါ သမီးရယ်၊ အသည်း တိုင်တယ်(လ်)ဆု တစ်ခုခုချိတ်တဲ့အထိ အန်တီက စောင့်ကြည့်ဦးမှာ၊ အဲဒါ သမီးလေးကိုချစ်လွန်းလို့ သားနောက် မလိုက်တာသာကြည့်တော့"

"ဟား··ဒါမှ အသည်း အန်တီကွ"

"အဲဒါလေးတွေနဲ့ပဲ အမောပြေနေရတာ နှင်းရေ"

"မမက သမီးကို သိပ်အလိုလိုက်တာကိုး"

"ချစ်တာကိုး နှင်းရဲ့"

ဒေါ်ခင်မမက ပြောပြောဆိုဆို လက်ထဲရောက်လာသော လက်ဖက်ပန်းကန်ထဲမှ ပုစွန်ခြောက်အကောင်ကွေးကွေးကြီးနှင့် ဆီစိမ်၍ အိစ္စနေသော လက်ဖက်အသားကို ရွေးခပ်၍ အသည်း ပါးစပ်ထဲ ဦးဦးဖျားဖျားခွံ့သည်။

"မမခင် အရင်စားပါ၊ နှင်းတောင် မစားသေးဘူး။





သမီးက လူကြီးတွေ အရင်"

ဒေါ်နှင်းနှင်းအေးက သမီးဖြစ်သူ အသည်းကို ချစ်စနိုးမျက်စောင်းရွယ်တော့ အသည်းက ချစ်စရာကောင်းအောင် မိခင်ဖြစ်သူကို မျက်လုံးလေးဝိုင်းပြရင်း ဒေါ်ခင်မမ ပခုံးစွန်းမှာ မျက်နှာတွယ်ကာ···

"တွေ့လား အန်တီ၊ မေမေက အသည်းဆို အပြစ်ပဲမြင်နေတာ၊ ဖြိုင်ပွဲအတွက် ဘာညာလိုလည်း ပိုက်ဆံထုတ်ပေးလိုက်တာနဲ့ ပြီးတာပဲ၊ အန်တီ့လို အသည်းနောက် တကောက်ကောက်လိုက်မပေးဘူး၊ လိုက်ပေးရင်လည်း စိတ်မရှည်ဘူး အန်တီရဲ့၊ မြန်မြန်ဝယ် သုတ်သုတ်သွားနဲ့"

"ဟယ်··ပြောရမှာပေါ့၊ မမသမီးဟာက ဆံပင်ပြင်သော့လည်း တစ်နေကုန်"

"မေမေကလည်း တစ်နေကုန်မှာပေါ့၊ အသည်းက သာမန်လူမဟုတ်ဘူး၊ နာမည်ကြီး မော်(လ်)ဒယ်ဖြစ်နေပြီ၊ သွားကရာ ကောက်ဆွဲဝတ်လို့ မရဘူး၊ ဖက်ရှင်ကျမှ စတိုင်ကျမှ ဖြစ်နေမှာ"

"အေး··သမီးလန်းတာ အရေးမကြီးဘူး၊ ထစ်ခနဲရှိ အဲဒီ မော်ဒယ်(လ်)နဲ့ပဲ မေမေ့မှာ ပင်ပန်းလှပြီ"

ဒေါ်နှင်းနှင်းအေးက သမီးဖြစ်သူကို ဆောင့်ခနဲ မျက်စောင်းထိုးရင်းပြောတာကိုပဲ ဒေါ်ခင်မမက သဘောတကျ ချစ်စနိုး



www.burmeseclassic.com

www.burmeseclassic.com



ရယ်သည်။

"အန်တီက အလှအပဆိုတာ ကိုယ်တိုင်က စိတ်ဝင်စားတာကို သမီးရဲ့၊ ပြီးတော့ အန်တီ့အလုပ်က ဆယ်လီဘရစ်တီတွေနဲ့ ဆက်စပ်နေတော့ သူတို့ဝတ်ပုံစားပုံကို အမြဲတွေ့နေရတော့ သမီးကို အကြံပေးနိုင်တာပေါ့၊ သမီးမေမေကျတော့ တကယ့်အိမ်ရှင်မကောင်း၊ ကြည့်ပါလား..လက်ဖက်သုပ်တောင် နှင်း သုပ်တာနဲ့ မမ သုပ်တာနဲ့ တခြားစီ၊ နှင်း သုပ်တာ တစ်ရွှန်းစားတာနဲ့ လက်ကမချနိုင်တာ ကြည့်တော့"

ဒေါ်ခင်မမက အသည်းအမေ ဒေါ်နှင်းနှင်းအေးကို ချီးကျူးစကားလည်းပြော၊ ကိုယ်တိုင်လည်း လက်ဖက်တစ်ရွှန်းခပ်စား။ အသည်းကိုပါ ခွံကျွေးတဲ့မြင်ကွင်းကို ဒေါ်နှင်းနှင်းအေးက ကြည့်ရင်း ရင်ထဲ တလှိုက်လှိုက်ဖြာဆင်းလာရတဲ့ ပီတိအရှိန်က ဘာနဲ့မှ နှိုင်းမရ။ အသည်းကပဲ ဆုတောင်း ကောင်းခဲ့လေသလား မသိ။ ဒီမိသားစုနှစ်စုရဲ့ ပဋ္ဌာန်းဆက်ကပဲ ကြီးမားခဲ့တာတော့ အမှန်ဖြစ်သည်။

မွေးကင်းစကတည်းက သမီးရူး ရူးခဲ့သော ဒေါ်ခင်မမဟာ အသည်းကို လက်ပေါ်ကမချ ချစ်ခဲ့သည်။ သမီးရင်းလေးလို ချစ်မဝခဲ့။ သမီးမရှိခင်က မေးပြောခေါ်ထူးရှိခဲ့သော ခြံနှစ်ခြံဟာ သမီးမွေးပြီးမှ ခြံနှစ်ခြံကား မလွယ်ပေါက်တံခါး ဖောက်ခဲ့ရတာ။ ဒေါ်ခင်မမ အချိန်မရွေး အသည်းထံ ရောက်လာတတ်တာကို





ရည်ရွယ်ခြင်းဖြစ်သည်။

"မွေးကတည်းက မျက်ခုံးထင်းထင်းလေးနဲ့ နှာတံလေးခင်း၊ မျက်နှာကျလေးကလည်း အသည်းလေးနဲ့ တူလွန်းလို့ မမတော့ သမီးကို အသည်းလို့ နာမည်ပေးချင်တယ် နှင်းရယ်"

"သမီး..အသည်း"

"အသည်းလေး"

ဒေါ်ခင်မမ ပါးစပ်ဖျားက အသည်းချင်းထပ်သွား၏။ အသည်းအမေ ဒေါ်နှင်းနှင်းအေးက ဒေါ်ခင်မမ ပြောသမျှ ခေါင်းညိတ်ပြီးအသာတကြည်လက်ခံခဲ့၍ သမီးက အသည်းဖြစ်လာ၏။

အသည်း လူလားမြောက်လာတော့လည်း ကိုယ်တောင်မတွေးမိတဲ့ အစီအစဉ်သစ်တွေနှင့် ဒေါ်ခင်မမပဲ သည်းသည်းလှုပ်ပြန်သည်။

"မမကတော့ သမီးနဲ့ သားကို အရွယ်ရောက်လာတာနဲ့ နေရာချထားပေးချင်တယ် နှင်းရယ်၊ မငြင်းပါနဲ့နော်၊ သမီးလို ချစ်ရမယ့်သမီးမျိုး မမမှာ နောက်ထပ် မတွေ့နိုင်တာသေချာလို့ ဒီစကားပြောတာ၊ တခြားမိန်းကလေးဆို သား ချစ်သွားမှာတောင် စိုးမိနေမှာ"

ထိုစကားကို ဒေါ်ခင်မမ ပြောခဲ့တုန်းက အသည်းက သုံးတန်းကျောင်းသူပဲ ရှိသေးသည်။ ရန်မခက အလယ်တန်းကျောင်းသားဘဝ။ ကြားစက သမီးရှင်ဒေါ်နှင်းနှင်းအေးကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

ရှော(န်)ရသလို ငြိမ်ကျသွားပေမယ့် ခေါင်းခါဖို့တော့ အစီအစဉ် မရှိခဲ့။ ဒေါ်ခင်မမတို့ဘက်က ပြောစရာမရှိ၊ ကိုယ်ကိုယ်တိုင် ကလည်း မျိုးရိုးဂုဏ်အဆင့်အတန်းရှိသူ။ သမီးဖေဖေသည် နိုင်ငံ တကာလှည့်နေသော သင်္ဘောကပ္ပတိန်။ ကိုယ်က မိန်းနိုသူဆိုပေမယ့် အားလုံးတန်းတူပဲထားသည်။

ဒေါ်ခင်မမဆိုသော စိန်တိုက်ပိုင်ရှင်၊ ရတနာ့စိန်ကျောက် ဖယ်တောက်ကစားခွင့်ရှိသော ဒေါ်ခင်မမရဲ့ ချမ်းသာကြွယ်ဝခြင်း အား မော်ကြည့်ခွင့်ရသည့် ဘဝမို့။ ငယ်ကတည်းက သမီးနှင့် ရန်မခကို ကြည်ဖြူစွာ ခေါင်းညိတ်သဘောတူခဲ့သည်။ ဒါ လောဘကြီးတယ်ပဲ ခေါ်မလား၊ အတ္တကြီးတယ်ပဲ ဆိုဆို ကိုယ့် သမီးကိုယ် ဆင်စီးပြီး မြင်းရံတာပဲ မြင်ချင်သည်။

သမီးကို မြင့်မြင့်မားမား ဖြစ်စေချင်တာ မိခင်စေတနာ မိခင်မေတ္တာအဖြစ် သမီးရဲ့အနာဂတ်ကြင်ယာလောင်းဟာ ငယ် ဘဝကတည်းက တံဆိပ်နှိပ်ပြီးသားဖြစ်ခဲ့၏။ ထိုသူက တခြား မဟုတ်၊ ရန်မခ ဆိုသည့် မခ ဖြစ်သည်။

◆ ◆ ◆



## အခန်း (၄)

မျက်ရည်ကျခြင်း ဘယ်နှမျိုးရှိသည်မသိ။ သက်ထက်ကဲ ကျသည့် မျက်ရည်က ဝမ်းနည်းကြေကွဲခြင်းကြောင့် ငိုရှိုက်မြင်း၊ ဝမ်းသာခြင်းကြောင့် မျက်ရည်ကျခြင်းတွေထဲမှာ နာကြည်းခံပြင်း ခြင်းကြောင့် ကျလာသောမျက်ရည်သည် ကဲ အတွက်တော့ ပါးပြင်တစ်လျှောက် အက်စစ်ပြင်းပြင်းတွေ တိုက်စားစီးဆင်းသွား သော မျက်ရည်ဖြစ်သည်။ ထိန်းချုပ်ရလွန်း၍ ထင်သည်။ သက် ထက်ကဲရဲ့ နှလုံးသားတစ်ခုလုံး မွန်းနစ်ကျပ်ကာ တစ်စစီကွဲထွက် ၍ လည်ချောင်းဝမှာ လာရောက်တစ်ဆို့နေ၏။ အံတင်းတင်း ကြိတ်ကာ မျက်ရည် တွေတွေကျနေပေမယ့် သက်ထက်ကဲ၏ ရှိုက်သံ တစ်စက်မှမထွက်ရတာနဲ့တင် ရင်ဘတ်က ဆယ်ပေါင်တူ နှင့် အထုခံထားရသလို ကျိန်းမျက်ကြေမွ နာကျင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

မျက်ရည်တွေကြောင့် သက်ထက်ကဲရှေ့မှာ ခါးထောက်ရပ်နေသော အရိပ်ကိုရော၊ စားပွဲပေါ်တင်ထားတဲ့ စာရွက်ဇွေရောကို ထင်ထင်ရှားရှားမမြင်ရပေမယ့် ပြောသမျှစကားတွေကိုတော့ သက်ထက်ကဲ နားထဲ ပီပီသသကြားနေရတာက မပြီးနိုင်တဲ့ ဝဋ်ကြွေးတစ်ခု ဖြစ်သည်။

"ငိုမနေနဲ့တော့ သက်ထက်ကဲ၊ မင်း ငိုနေလည်း မျက်ရည်ကုန်ရုံပဲရှိမယ်၊ ဒီအခြေအနေတွေ ပြောင်းလဲလာမှာ မဟုတ်ဘူး ငါက ဟိုဘက်မှာ ကတိတွေ ကျွံခဲ့ပြီးပြီ"

"ကတိ"

သက်ထက်ကဲ နှုတ်ခမ်းလှုပ်ရုံရေရွတ်ကာ မျက်ရည်တွေကြားမှ နေမာန့မျက်နှာကို မော့ကြည့်သည်။ ကတိတဲ့လား။ အခုတော့ နေမာန့ဆိုတဲ့လူက ကတိကို အလေးထားသူတစ် ယောက် ဖြစ်သွားပြီလား။

"ဟုတ်တယ် သက်ထက်ကဲ၊ သူ့မိဘအသိုင်းအဝိုင်းက ဒီမှာမရှိဘူးဆိုပေမယ့် စီးပွားရေးလုပ်ငန်းတွေ အများကြီးက ဒီမှာပဲ တည်ထောင်ထားတာ၊ လက်တံရှည်တယ်၊ နယ်ပယ်လည်း ကျယ်တယ်၊ ငါ သူ့ကို လက်ထပ်မှဖြစ်မယ်၊ ကဲ··ကဲ··အဲဒါကြောင့်"

စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်ပြီး နေမာန့က သက်ထက်ကဲမျက်နှာကို ကြည့်သည်။ သက်ထက်ကဲက မျက်တောင်မခတ် သူ့မရှေ့ ခါးထောက်ထိုင်နေသည့် နေမာန့ကို မယုံ





နိုင်သော မျက်ဝန်းတွေနှင့် ငေးကြည့်သည်။ ဒီလိုစကားတွေ ဒီလိုအပြုအမူတွေနဲ့ ကဲ ယုံအောင် ချွေနေပြီဆိုတာ သိသိကြီးနဲ့ နေမာန့ဆိုသည့်လူပေါ်မှာ ကဲ ကြွေကျခဲ့တာ ဟိုးနှစ်များစွာ ကတည်းကပါ။ အခုတော့ နေမာန့ရဲ့အချစ်လည်း ရှုံးပြီ၊ နေမာန့ရဲ့ ဥပေက္ခာကိုလည်း သက်ထက်ကဲ နားလည်ခဲ့ပြီ။ သကာလူးသော အဆိပ်မြစ်ထဲ ကဲ စုန်ချီဆန်ချီ ကူးခတ်ခဲ့တာလည်း ငါးနှစ်တိုင်ခဲ့ပြီမို့ ဒီတစ်ခါ သက်ထက်ကဲ ကျတဲ့မျက်ရည်က ဝမ်းနည်းကြေကွဲခြင်းကြောင့်မဟုတ်တာတော့ သေချာသည်။

"ငါ့သားကို မင်း ကွာရှင်းပေးလိုက်ပါ သက်ထက်ကဲ"

ဒူးထောက်နေသော နေမာန့ကိုယ်စား နောက်ပါးဆီမှ ထွက်လာသောအသံကြောင့် လူက လှုပ်လှုပ်ရှားရှားဖြစ်သွား သည်။

"ပါပါး"

"အေး··ဟုတ်တယ်၊ မင်းအဖေပဲ နေမာန့၊ မိန်းမတစ်ယောက်ရှေ့မှာ ဒူးထောက်နေရအောင် ငါ့သားမာန့တွေ ဘယ်နေရာရောက်သွားပြီလဲ"

"ပါပါး"

"မင်း ငါ့ကို ဘာမှမပြောနဲ့ နေမာန့"

"ကိုဝရှု"

တံခါးဝဆီမှ ထွက်ပေါ်လာသောအသံကို လှည့်ကြည့်တော့ ဒေါ်မိုးမခကို မြင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

"သူတို့ကလေးချင်းပြောပါစေ ကိုဝဏ္ဏရယ်၊ လာပါ"

ဦးဝဏ္ဏနောက်ပါး ကပ်ပါလာသော ဒေါ်မိုးမခက ဦးဝဏ္ဏအားဆွဲခေါ်ရင်း တားပေမယ့် အရာမထင်။ ဦးဝဏ္ဏက နေ့ရုံစေ့ထားသည့် နေမာနတို့အခန်းထဲ ဖောက်လျှောက်ဝင်လာ သည်။ နေ့ညမဟူ၊ ပူသည်အေးသည်မသိဘဲ ဝတ်တတ်သော တိုရှပ်အဖြူ သောင်းဘီတိုပွပွအဖြူနှင့် ဦးဝဏ္ဏ၏ ဆန့်ကျင်ဘက် မျက်နှာက အရက်နိုးကြောင့် နီမြန်းမြန်း အသီပြန်နေပုံက ညမီးရောင်အောက်မှာ ဘာပုံပေါက်နေမှန်းမသိ။ ကဲက မျက်နှာ အနီ လက်ဖမိုးနဲ့ပွတ်ဆွဲကာ မျက်ရည်သုတ်ရင်း နေမာနတို့ကို မော့ကြည့်သော မျက်ဝန်းတွေထဲမှာ စစ်ချီတေးတွေ အင်နဲ့အားနဲ့ ရိုက်ခတ်ပစ်သွင်းသလို။ အငြိုးအမျက် လက်လက်ထသော မျက်ဝန်းက 'ပြောစမ်းပါ ကြိုက်ရာ'လို့ စိန်ခေါ်နေသည်။ ဦးဝဏ္ဏက ချွေးမဖြစ်သူ သက်ထက်ကဲရဲ့ ထိမထင်မျက်နှာကို ဟွန့်ခနဲအသံပေး၍ ခပ်မဲ့မဲ့ကြည့်သည်။

"ကလေးချင်းပြောရင် ပေရှည်နေမှာစိုးလို့ ငါဝင်ပြောရတာကွ၊ ဒီမှာ သက်ထက်ကဲ၊ ငါ့သားကို မင်း လွှတ်လပ်ခွင့် ပေးလိုက်တော့"

"ပါပါး..သားကို ကဲက ချုပ်နှောင်ခဲ့တာ မဟုတ်ဘူး၊ ဒါနှစ်ဦးသဘောတူ လက်ထပ်ခဲ့တာ"

"အေး..ဒီကိစ္စက မင်းတို့နှစ်ဦးပဲ သဘောတူခဲ့တာ၊ ငါတို့က သဘောမတူဘူး၊ ချွေးမအဖြစ်လည်း အသိအမှတ်မပြုခဲ့ဘူး"

"ဒီစကားတွေ မပြောပါနဲ့ ပါပါး၊ ဒီအိမ်မှာ ကဲ နေခဲ့တာ ငါးနှစ်ရှိပြီ၊ ဒီအိမ်ရဲ့ ဝေယျာဝစ္စ၊ ဒီအိမ်ရဲ့ စီးပွားရေးကို ကဲ ဒိုင်ခံလုပ်ပေးခဲ့တာပဲ၊ ဒါ မိသားစုဝင်အဖြစ် အသိအမှတ်ပြု ခဲ့လို့ လုပ်ခွင့်ပေးခဲ့တာ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

ဦးဝဏ္ဏက နေမာနစကားဆုံးဆုံးခြင်း ဖြတ်အော်သည်။

"မီးဖိုချောင်ရဲ့ ချက်ရေးပြုတ်ရေး မျက်နှာလွှဲထားရုံ၊ ငါ့အဖေကို ပြုစုရုံနဲ့ မင်းက မင်းမိန်းမကို ဒီမိသားစုဝင်ဖြစ်ပြီလို့ တွေးထားတာလား နေမာန၊ နာမည်တပ်မကောင်းလို့ မပြောပြတာ၊ ဒါပေမဲ့ ပြောမှသိမယ်ဆိုတော့လည်း ငါတို့ သဘောထားခဲ့တာက အိမ်ဖော်သာသာ အဆင့်ပဲ"

"ကိုဝဏ္ဏ"

"ပါပါး"

ဦးဝဏ္ဏစကားအဆုံးမှာ သက်ထက်ကဲ နေရာမှ ဝုန်းခနဲ ထရပ်တော့ မခံချင်စိတ်ကြောင့် လက်သီးနှစ်ဖက်ပါ ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီးသားဖြစ်သည်။

"ရှင်လည်း တော်ပါတော့ ကိုဝဏ္ဏ၊ ကဲကလည်း ညည်း ပါပါးအကြောင်း မသိတာလည်း မဟုတ်ဘဲနဲ့၊ သူဒေါသ







www.burmeseclassic.com

www.burmeseclassic.com

ထွက်တုန်း…”

“မင်း ပါးစပ်ပိတ်ထား မိုး”

ဦးဝဏ္ဏက ဇနီးဖြစ်သူကိုလှည့်ငေါက်ရင်း သက်ထက်ကဲဘက် ပြန်လှည့်တော့ မျက်လုံးတွေက မီးဝင်းဝင်းတောက် ဒေါသမျက်ဝန်းတွေနဲ့ဖြစ်သည်။

“အခု ငါပြောနေတာ ဒေါသထွက်လို့ ပြောတာမဟုတ်ဘူး သက်ထက်ကဲ”

“ဒါကို မင်း အသိဆုံး၊ ငါ့သားကို တစ်ပတ်အတွင်း ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေး၊ မထိုးပေးချင်ဘူးဆိုလည်း ရတယ်၊ တစ်ပတ်ပြည့်တာနဲ့ ညည်း ဒီအိမ်က ဆင်းရမှာပဲ၊ ချွေးမလို့ အသိအမှတ်မပြုလို့ ဒီအိမ်သန်းခေါင်စာရင်းထဲ ညည်းကို မထည့်ခဲ့တာ၊ ဒီနေ့အထိ ညည်း ဧည့်စာရင်းနဲ့နေရတာကို ပြန်တွေးကြည့်ရင် သဘောပေါက်သင့်ပြီ”

“အဲဒါတော့ ဟုတ်တယ် ကဲကဲ၊ မာမားလည်း ဘာမှ မတတ်နိုင်ဘူး၊ ဒါပေမဲ့ ဆင်းတဲ့နေ့ကျရင်တော့ ကလေးအတွက် လျော်ကြေး”

“မဟုတ်ဘူး၊ မုန့်ဖိုးပေးလိုက်မယ်၊ လျော်ကြေးဆိုတာ နစ်နာတဲ့သူတွေမှ သုံးတာ”

သက်ထက်ကဲ အံကို တင်းတင်းကြိတ်လိုက်၏။ မျက်ဝန်းမှာ ပိုးပိုးပေါက်ပေါက် ကျလာသည့် မျက်ရည်တွေဟာ





ခမ်းနည်း၍မဟုတ်မှန်း သေချာသထက် ပိုသေချာသည်။ နာကြည်းစွာ ဒီမိသားစုသုံးယောက်ကို စိုက်ကြည့်လိုက်၏။ အခုချိန်ထိ နေမာနဆီက ဘာသံမှ ထွက်မလာ။

ဖိကိုက်ထားတဲ့ သွားရာကြောင့် သက်ထက်ကဲ နှုတ်ခမ်းတွေ သွေးစို့လာသည်။ ဒဏ်ရာကို အရေးမထားနိုင်တော့ဘဲ သက်ထက်ကဲက နေမာနတို့ မိသားစုမျက်နှာကို မှန်းတီးစွာ စိုက်ကြည့်နေတာကိုပဲ ဦးဝဏ္ဏက သရော်ပြုံးပြုံးသည်။

“တောက တက်လာတယ်၊ တိုက်ပေါ် အခန့်သားနေပြီး ထမင်းဟင်းချက်တယ်၊ အပွအပင်မရှိ ကလေးတစ်ယောက် မွေးတယ်၊ ဒီမှာ··မိကဲ၊ ဒီကလေးရာဇဝင်ကလည်း စာမျက်နှာ ပြန်လှန်စရာမလိုအောင် ငါတို့ သိပြီးသား၊ ဒီတော့ ပေးတာယူပြီး သွားဖို့ ပြင်ပေါ့၊ အမုန်းနဲ့ လမ်းမခွဲတာ ပိုကောင်းမယ်လို့ ငါထင်တယ်”

ဒီလိုအခြေအနေ ဒီစကားတွေ ပြောနေတာတောင် အမုန်းနဲ့လမ်းခွဲတာ မဟုတ်ဘူးဆိုပါလား။

“ဘိုးဘိုးဆီက မင်း ရထားတာတွေလည်း ရှိတာပဲ သက်ထက်ကဲ၊ မင်းဘဝသစ် ထူထောင်ဖို့ လုံလောက်မှာပါ”

နေမာနထံမှ ထွက်ပေါ်လာသော စကားသံကြောင့် သက်ထက်ကဲ အကြည့်တွေက ရှူးလက်စွာ နေမာနထံရောက်သွားတော့ သူက ကဲ အကြည့်တွေကို ရင်မဆိုင်ဘဲ ဖျတ်ခနဲ မျက်နှာလွှဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''သွားမယ် နေမာန၊ မင်းလည်း ဒီညကစပြီး ဒီအခန်းမှာ အိပ်စရာမလိုတော့ဘူး''

သူ့သားကို လှမ်းခေါ်လိုက်သည့် ဦးဝဏ္ဏအသံ။

''ကျွန်တော် ဒီအခန်းမှာမအိပ်တာ လနဲ့ ချီနေပါပြီ ပါပါးရဲ့''

နေမာန့်ရဲ့ ပြန်ဖြေသည့်စကား။

အခန်းထဲက ထွက်ခွာသွားသော ခြေလှမ်းတွေအားလုံးက နှလုံးသားကိုရက်စက်စွာ ဖြတ်နင်းသွား၏။ နာကျင်ခြင်း၊ ယူကျုံးမရခြင်း၊ မုန်းတီးခြင်းတွေ ပေါင်းစည်းလျက် သက်ထက်ကဲ ကိုယ်လေးက ကြမ်းပြင်ပေါ် အဝတ်တစ်စလို ပုံခနဲခွေခေါက်ကျသည်။ ခုတင်ပေါ်ဆီ လည်ပြန်ကြည့်မိတော့ မွေ့ရာအလယ်မှာ ဂါဝန်ပန်းရောင်လေးနဲ့ အပူပင်မဲ့စွာ အိပ်မောကျနေသော သမီးလေး။

''သမီးလေး..သမီးလေးရယ်''

သက်ထက်ကဲနှုတ်မှ တဖွဖွရွတ်ရင်း ထိုင်နေရာမှ ကျုံးထကာ သမီးရှိနေသည့်ခုတင်ဆီ အားတင်းလျှောက်သည်။ သမီးရဲ့ မွေ့ရာတစ်ဖက်စွန်းမှာ ဝင်ထိုင်ရင်း သမီးမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း မျက်ရည်ကျမိပြန်သည်။ ဒီတစ်ကြိမ်ကျသော သက်ထက်ကဲရဲ့မျက်ရည်တွေက အမုန်းမဲ့သော မေတ္တာကိုယ်စားပြုခြင်းဖြစ်သည်။ ကလေးနဲ့မလိုက်အောင် ထူတန်းတန်းမျက်ခုံး





အောက်မှာ မျက်ဝန်းမှိတ်ထားခြင်းကြောင့် မျက်ခွံမို့တာလည်း သိသာသည်။ နှာတံက စင်းစင်းလေးကျလာပြီး အဖျားနားမှာ ကော့သွားတာက အသည်းယားစဖွယ်ပါ။ သမီးဟာ အရုပ်ဆလေးနှင့် တူလွန်းလှ၏။ ကြည့်တိုင်းမဝ၊ နမ်းတိုင်းမွှေးနေတတ်သည့် သမီးကိုယ်လေးကို ဖွဖွလေးဖက်ကာ စိတ်အစဉ်က တုံးအတိတ်ဆီ တစ်ပတ်ပြန်လည်၏။ လွန်ခဲ့သော ငါးနှစ်ကျော်က သက်ထက်ကဲဆိုသော သူမဟာ မိဘမဲ့ပေမယ့် အကျင့်စာရိတ္တ ညှာပါ မချို့ငဲ့ခဲ့။

''ငါ့တူမကို ချီးကျူးပါတယ်၊ မအေ ဆုံးပါးသွားတဲ့နှစ်မှာပဲ ဆယ်တန်းဖြေရတာ၊ မျက်ရည်တွေနဲ့ စာမေးပွဲသွားဖြေတိုင်း ဦးလေးမှာ အလုပ်သွားရတာတောင် မဖြောင့်ဘူး၊ ခြေချော်လက်ချော်ဖြစ်ခဲ့ရင်တောင် မဆူဘူး၊ အားပေးမယ်လို့ အားခဲထားတာ''

''အခုတော့ အဖေ အားပေးစရာ မလိုတော့ဘူးလေ၊ အဖေ့တူမက ဂုဏ်ထူးနှစ်ဘာသာတောင် ပါသေးတာ၊ သိပ်တော်တာပဲလို့ မချီးကျူးဘူးနော်၊ ဒါပေမဲ့ ညီမလေးက မညံ့ပါဘူး''

သက်ထက်ကဲနဲ့ ဆွေမျိုးနှယ်ပတ်သက်စရာ ဒီသားအဖသာ ကဲရဲ့ မိသားစုဝင်တွေလိုဖြစ်ခဲ့တာမို့ ဦးလေးနဲ့ အစ်မအရိပ်က အမေ၊ အဖေတို့လောက် မအေးချမ်းပေမယ့် ပူလောင်ခြင်းတော့ ကင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ့တူမကို ဝတ်ပြုရာလည်းကျအောင် သမီးလည်း အားနေတုန်း သူငယ်ချင်းတွေစုပြီး ချောင်းသာသွားမလို့၊ ကဲပါ ခေါ်သွားမယ်လေ၊ ညီအစ်မနှစ်ယောက်ဆိုတော့ အဖော်ရတာပေါ့ အဖေရဲ့၊ သွားမယ်နော်··အဖေ"

သက်ထက်ကဲရဲ့ ဝမ်းကွဲအစ်မက သက်ထက်ကဲအတွက် ခွင့်တောင်းပေးသည်။ သက်ထက်ကဲက ဘာမှမပြောပေမယ့် ပူဆာရိပ်နှင့် ဦးလေးကို တောင်းဆိုသည်။ ထိုအပျော်ခရီးက ကဲဘဝကို ပြောင်းပြန်လှန်ပစ်မည်မှန်း ကြိုတင်သိခဲ့ရင် ကဲ လိုက်ဖြစ်မည်မဟုတ်။ ဒီလိုပါပဲလေ။ လောကက လူတွေ ကြိုမသိနိုင်သော အရာတွေနဲ့ ဒဏ်ခတ်ပစ်နေကျမို့ လောကခံလို့ ခေါ်လေသလားမသိ။ အပျိုမိန်းကလေး ခုနစ်ယောက်စုနေသော ထိုခရီးမှာ ကဲက အသက်အငယ်ဆုံး။ ဒါပေမဲ့ အားလုံးထဲမှာ အရုပ်အကြီးဆုံး၊ အတည်ငြိမ်ဆုံးဖြစ်နေ၏။

"ဟိုဘက် ဘန်ဂလိုမှာလည်း ခုနစ်ယောက်တည်းတာတဲ့၊ အားလုံးထဲမှာ ကိုရီးယားဒီဇိုင်းကောင်လေး နှစ်ယောက်က··"

"ညီအစ်ကိုတဲ့၊ ငါ စုံစမ်းပြီးပြီ"

"ဆံပင်အလယ်ခွဲနဲ့ ကောင်လေးလေ၊ ဟဲ့··သူက အငယ်တဲ့"

"ဟုတ်ပါ့မလား အိရယ်၊ သူ့အရပ်ကြီး ဒီလောက်မိုးထိုးနေတာ"





"နတ္တွားဆိုတာ အဲဒါပေါ့··ဟီ ဟီ"

မိန်းကလေးတွေနှုတ်ဖျား ပလူပျံနေသည့် သတင်းတွေထဲမှာ သူ့အမည် နေမာန်ဆိုတာလည်းပါသည်။ ရန်ကုန်က သူဌေးသားဆိုတာလည်း သိရပေမယ့် ကိုယ့်အစ်မအရွယ်တွေကြားထဲမှာ ကဲက တိတ်တိတ်လေး ချောင်းကြည့်ရုံမှတစ်ပါး မပိုခဲ့ပါ။ သို့ပေမယ့် ကံကြမ္မာက လူကို ပဉ္စလက်ပြချင်ပြန်တော့ ကဲကိုမှ ကျီစယ်ခဲ့၏။

"ဟော့··သက်ထက်ကဲ"

"ဘာလဲ"

"ဒီမှာ··ရော့"

ကိုယ့်နာမည်ကိုလည်း ခေါ်သည်။ ပြီးတော့ ရွှန်းရွှန်းစားစားကြည့်ကာ ကဲလက်ထဲသို့ အနီရောင်ပန်းတစ်ပွင့် ထည့်ပေးတော့ အယောင်ယောင်အမှားမှားနဲ့ လှမ်းအယူ···

"ကို မင်းကိုချစ်တယ် သက်ထက်ကဲ"

"အို"

နေမာန်ဆီက ထိုစကားကြားရစဉ်က သက်ထက်ကဲနှလုံးသားကို အေးစက်စက်လက်နှင့် ဖျစ်ညှစ်ဆုပ်ကိုင်ခံရသလိုလူက အေးစက်မွန်းကျပ်သွားကာ နေရာတင်ရပ်လျက်သားနှင့် အသက်နှတ်ခံလိုက်ရသလို ငေးကြောင်သွား၏။ သူက သက်ထက်ကဲ ဖြစ်ပျက်သွားပုံကို သဘောကျသလို ခပ်ဟဟရယ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ညနေ အဖြေလာတောင်းမှာနော်၊ အခုတည်းက ကြိုစဉ်းစားထား၊ မင်း မချစ်လည်း ကိုယ်ကတော့ ခွတ်ချစ်မှာပဲ"

"ဟာ"

ပြောသွားပုံက အေးအေးဆေးဆေး ရှိလှသည်။ ကဲ မှာသာ ချောင်းသာရဲ့လေညင်း အေး မအေး၊ ပင်လယ်ကြီး လှ မလှ ခေါင်းထောင်ကြည့်ဖို့တောင် အားမရှိတော့ဘဲ ထိုတစ်နေ့လုံး ဘန်ဂလိုထောင့်ကပ်ကာ ငြိမ်ငြိမ်လေးထိုင်နေရင်းက မငြိမ်နိုင်သော ရင်ခုန်သံကို အကြိမ်ကြိမ်အခါခါကျိန်ဆဲရင်း..ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေ၏။

အချစ်ဆိုတာ ဒါပဲလား သက်ထက်ကဲ။

ဟင့်အင်း..ကဲ မသိဘူးကွယ်။

• • •



## အခန်း (၅)

သက်ထက်ကဲ အချစ်ကိုသိချိန်မှာ အချစ်ရဲ့အရသာက ခါးသက်သက်ဖြစ်နေခြင်းက အံ့ဩဖွယ်ကောင်းနည်းစရာ။

"ကို မင်းကိုထားခဲ့လို့ မဖြစ်တော့ဘူး ကဲကဲ၊ ခွဲလည်း မခွဲနိုင်ဘူး၊ ကိုယ်တို့ အခု ရန်ကုန်ကို တစ်ခါတည်းထွက်ပြေးကြမယ်"

"ဟင့်အင်း..မဖြစ်နိုင်တာရှင်၊ ကဲ အသက်လည်း မပြည့်သေးဘူး၊ ပြီးတော့"

"မငြင်းနဲ့တော့ကွာ၊ စိတ်ချ..ဘာပြဿနာမှ မဖြစ်စေရဘူး၊ ကို တာဝန်ယူတယ်၊ ရန်ကုန်အိမ်မှာ ကိုယ့်ပါပါးနဲ့ မာမားရယ်၊ ပြီးတော့ လူမမာ အဘိုးရယ်ပဲရှိတာ၊ သဘောချောတယ်၊ သူတို့က ကဲကဲကို ချစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ ကိုရယ်၊ ကားကို အနေပြန်လှည့်လိုက်ပါ နော်၊ ဟို ကိုအစ်ကိုနဲ့ ကိုသူငယ်ချင်းတွေကလည်း ဒီကားနဲ့ပဲ လာကြတာမဟုတ်လား၊ သူတို့ပြန်ဖို့ ခက်နေပါဦး"

"ရှူး"

စကားမဆုံးခင် နေမာနက သက်ထက်ကဲနှုတ်ခမ်းတွေ ပေါ် လက်ညှိုးတစ်ချောင်း ကန့်လန့်ဖြတ်လာတင်သည်။ ကား ခေါင်းခန်းထဲ သက်ထက်ကဲတို့ နှစ်ယောက်တည်းမို့ အနီးကပ် မြင်ရသည့် ဖြူဝင်းနုစိုနေသည့် နေမာနမျက်နှာပေါ်က ရီဝေစွာ ကြည့်တတ်သော မျက်ဝန်းတစ်စုံကြောင့် သက်ထက်ကဲ ရင်ခုန် သံတွေ ကတိမ်းကပါး ဖြစ်သွားသည့်အချိန်မှာပဲ...

"ချောင်းသာနဲ့ရန်ကုန် သူတို့ အဆင်ပြေသလို ပြန်တတ် တယ်၊ အရေးကြီးတာ ကဲကဲ ကိုနဲ့ ခွဲမသွားဖို့ပဲ"

"ဘာလဲ..ကိုယ့်ကို မယုံဘူးလား"

ထိုမေးခွန်းမှာ ကဲက အငိုက်မိသွားကာ စိတ်ရင်းအတိုင်း ခေါင်းခါဖို့ အားနာခြင်းက ကြီးစွာဖြစ်ထွန်းသည်။ ဘဝတစ်ခုလုံး နှစ်မြှုပ်သွားပါမှ အားနာစိတ်က သက်ထက်ကဲကို မကယ်တင်နိုင် မှန်း ကဲ သိသောအခါ အရာအားလုံး နောက်ကျခဲ့လေပြီ။

"မဆိုးပါဘူး၊ ဒီတစ်ခါတော့ ငါ့သား တော်သွားပြီ။ မင်း ပစ်မှတ်ထားခဲ့တဲ့ ကလေးမက နောက်ကြောင်းရှင်းသားပဲ"

ထိုစကားအဓိပ္ပာယ်ကို ဒီအိမ်ကြီးထဲရောက်ပြီး လတော်





တော်ကြာမှ သက်ထက်ကဲ သိခဲ့ရသည်။ နိုးရာလိုက်ပြေး၍ ရှက်သည်ဟု ကြွေးကြော်ကာ ဦးလေးနှင့် အစ်မက သက်ထက်ကဲ မိဘအမွေအိမ်ကို ရောင်း၍ တခြားတစ်နေရာသို့ ပြောင်းရွှေ့သွား ခဲ့သည်။ တစ်ကောင်ကြွက် မိဘမဲ့ ကဲက ဒီအိမ်သားတွေကိုပဲ တိုးကွယ်ရာဟုသတ်မှတ်ကာ စုလုံးပုံအပ်ခဲ့သည်။ ကဲရဲ့ခင်ပွန်း ကတော့ မိုးလင်းသည်နှင့် မင်းသားရုံးအောင်ပြင်ကာ အပြင်သို့ အလည်အပတ်ထွက်တတ်တာ ညမိုးရုန်းရုန်းချုပ်မှ နေမာနမျက်နှာ မြင်ခွင့်ရသည်။

"အတိုးမေးရင် ကို အလုပ်လုပ်နေပြီလို့ပြောနော် ကဲကဲ၊ အသိကုမ္ပဏီမှာလို့..ကြားလား"

"ဟုတ်ကဲ့ပါ ကို"

နေမာနပြောသည့်အတိုင်း ခေါင်းညိတ်ခဲ့ရတာလည်း သက်ထက်ကဲပါ။

"ငါ့သား နိုးလာတဲ့မိန်းကလေး အားကိုးရလား၊ တော် လားဆိုတာ သိအောင် စမ်းရမှာပဲ၊ မိုး..အဖေ့အတွက်ခေါ်ထားတဲ့ နှာ(စ်)ရော၊ အိမ်အကူ မိသန်းကိုပါ အလုပ်နားလိုက်တော့၊ ကိုင်း.. မိကဲ၊ ဒါ ညည်းအရည်အချင်း ပြရမယ့်အချိန်"

နေမာနအဖေ၊ သက်ထက်ကဲရဲ့ ယောက္ခမ ဦးဝဏ္ဏ သတ်မှတ်တော့လည်း ဟုတ်ကဲ့ဟု ခေါင်းညိတ်ခဲ့ရတာလည်း သက်ထက်ကဲ။ အိမ်အလုပ်တွေနဲ့ ဂျင်ခြေလည်အောင် မနေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည့်အထဲ ကဲက လေဖြတ်နေသော နာတာရှည်အဘိုးကိုလည်း စေတနာအပြည့်နဲ့ အချိန်ပြည့်ပြုစုသည်။ မီးဖိုချောင်ဝေယျာဝစ္စ ပြီးတာနဲ့ ကဲ သွားတာက အဘိုးအခန်းဆီသာ။ ပါပါးတို့ လင်မယားကတော့ လက်ချင်းချိတ်ပြီး အပြင်ထွက်သည့်နေ့တွေ ရှိသလို အိမ်မှာအပေါင်းအသင်းတွေခေါ်ပြီး ဖဲချပ်လေးတွေနှင့် ဝိုင်းထောင်သောနေ့တွေလည်း ရှိသည်။

"အပျော်တမ်း အပျင်းပြေပေါ့"

စားပွဲပေါ် လောင်းကြေးထပ်သော ငွေပုံကြီး ဟီးထနေတာကိုက ကဲအတွက် မျက်လုံးပြူးစရာဖြစ်နေ၏။

"ငါ့အမေဆီ အဝင်အထွက်က ညည်းတစ်ယောက်ထဲရှိတာနော် မိကဲ၊ တခြား ဘာဘာညာညာ အသံတွေ ငါ မကြားချင်ဘူး"

သက်ထက်ကဲ မြင်သမျှ မပြောနဲ့လို့ ယောက္ခမကြီးကိုယ်တိုင် နှုတ်ပိတ်မှန်းသိသိကြီးနဲ့ အဘိုးမေးသောအခါ ကဲက နှုတ်ဆိတ်နေခဲ့မိသည်။ လေဖြတ်ထားပေမယ့် အဘိုးက မလှုပ်ရှားနိုင်တာကလွဲ၍ ကျန်တာ အကောင်းပကတိဖြစ်သည်။

"မြေးမ ပြောတဲ့အတိုင်းဆို အဘိုးသားနဲ့ ချွေးမရောဟိုကောင် နေမာနပါ တယ်လိမ္မာနေပါလား၊ အားလုံး အလုပ်ကိုယ်စီ လုပ်ကြတယ်ပေါ့"

"ဟုတ်··အဘိုး၊ အဲဒါကြောင့် ကဲပဲ အဘိုးကို ပြုစုဖို့





ခဲ့တာလေ၊ ပါပါးနဲ့မာမားလည်း ဆိုင်ထွက်နေရတော့ မအားဘူးပါ၊ နို့မို့ အဘိုးနားပဲကပ်ပြီး ပြုစုချင်မှာ"

သူ့စကားကို အဘိုးက ခပ်ပြုံးပြုံးနှင့် ခေါင်းညိတ်သည်။

"မျှော်လင့်ချက်ကြောင့်ပါ မြေးရယ်၊ အခု ကြည့်လေ၊ နေမယူပြီး အလုပ်အကိုင်နဲ့ အတည်တကျဖြစ်တဲ့အခါ နေမာနကို အဘိုးပိုင်ဆိုင်မှုအမွေထဲက တစ်ဝက်ခွဲပေးမယ်ဆိုတော့··ဟော··နေမာနတို့ နှစ်တောင်မကျူးဘူး"

"မိန်းမနဲ့ အလုပ်နဲ့ အတည်တကျ၊ နို့မို့ ဘယ်သူနဲ့ဘယ်လိုစပ်ပြလို့မရတဲ့ ရည်းစားတွေက မှိုလိုပေါက်နေတာ၊ မနေ့ကနဲ့ ဒီနေ့ရည်းစား မတူဘူးပဲထား၊ မနက်နဲ့ နေ့လယ် အိမ်ခေါ်လာတဲ့ သူငယ်ချင်းတောင် မတူတာ၊ မိဘကလည်း မပြောဆိုတဲ့အပြင် သူတို့ပါခပ်ပါပါနဲ့၊ ရာဇသံတော့ ထုတ်ထားသား၊ မြေးနဲ့တွဲတဲ့သူက မချမ်းသာရင်နေ၊ သူဌေးသမီးဖြစ်ဖို့ အရေးကြီးဆုံးတဲ့၊ ဟွန်း··ငွေမက်တဲ့ဟာတွေ"

အဘိုးက နေမာနတို့ မိသားစုစိတ်ဓာတ်ကို သိပြီးသားဖြစ်နေ၏။ အဘိုးပြောသည့် စကားတွေက မြေးအရင်းလို့တောင် မေ့နေပုံဖြစ်၏။ ကဲက အဘိုးတစ်ကိုယ်လုံးကို ရေစိုဝတ်နှင့် ဖွဖွတိုက်ပေးရင်း ခေါင်းငုံ့ကာ မျက်ရည်ဝဲရတာအခါခါ။ အခုရောဘာထူးလို့လဲ အဘိုးရယ်။ တစ်နေ့တစ်ခေါက် အိမ်ခေါ်လာသောကောင်မလေးတွေရှေ့ဆို ကဲတို့က အလိုအလျောက် မီးဖိုချောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားစမြဲ။ ကိုယ့်ကို သူ ဘယ်လိုသဘောထားလဲမသိပေမယ့် ကဲက နေမာန မိန်းကလေးတွေအတွက် ရေပူရေချမ်းကမ်းရတဲ့ အိမ်ဖော်သာသာ။ ခံစားချက်တွေ၊ နာကျင်ခြင်းတွေ လုံးထွေးမြိုချရင်း သက်ထက်ကဲဆိုသော သူမရင်ဘတ်မှာ အနာအဆာတွေ ပြည့်တက်လာသည်။ ဖောက်ခွဲပစ်မယ်ကြံတိုင်း…

"စိတ်မဆိုးပါနဲ့ ကဲရယ်၊ ကို တကယ်ချစ်တာ မင်းတစ်ယောက်တည်း၊ အိမ်ရဲ့စီးပွားရေးယိုင်လာတာ ကဲကဲလည်း သိနေတာပဲ၊ ဒီကြားထဲ ပါပါးနဲ့ မာမားရဲ့ဝါသနာက ငွေနဲ့လိုက်နေရတာဆိုတော့ ကို သူတို့ကိုတွဲတာ ငွေအတွက်ပါ ကဲကဲရာ၊ သူတို့က နေမာနအတွက်ဆို ပုံးလိုက်လောင်းရမလား၊ ပိုက်ဆံဖျန်းရမလားဆိုတဲ့ အနေအထားမျိုး၊ ကိုယ့်ယောကျ်ားအကြောင်း မသိဘူးလား၊ ဒီကောင်က ရေနဲ့ထိမှ လန်းတာ"

ရှင့်စကားတွေကို မယုံဘူးလို့ ကဲက ဖွင့်အတင်းရှန်းကန်လည်း နေမာနက အနမ်းတွေနဲ့ ကဲကို ဖွတ်ချည်နှောင်ထိန်းချုပ်ခဲ့သော ညတွေဟာ ပြန်တွေးတိုင်း နှစ်မြို့စရာမရှိ။ အချစ်နဲ့ ရမ္မက်က မတူအောင်ကွဲပြားတာမို့ သွေးဆူလာတိုင်း ရင်ခုန်သံထင်ပြီး သိမ်းပိုက်ခံခဲ့ရသော ညတိုင်းဟာ ကဲအတွက် တကယ့်ငရဲကျခဲ့ရသော ညများဖြစ်သည်။ နေမာနရင်ခွင်ထဲ စိုစွတ်ပူသော မျက်ရည်တွေကြားမှ ကဲဟာ အချစ်ကို ရွံရှာစပြုလာခဲ့ပြီ။ အချစ်ကို မယုံကြည်စ ပြုလာခဲ့ပြီ။





နောက်ဆုံး သမီးတစ်ယောက် အဖတ်တင်ပြီးကာမှ…

"ဒါ…မြေးမအတွက် သပ်သပ်ပေးတာနော်၊ အဘိုးအတွက် မြစ်ဦးကလေးကို ခက်ခက်ခဲခဲမွေးပေးခဲ့ရလို့၊ ဆေးရုံမှာ အကြာကြီးနေပြီးမှ ကလေးမွေးရတာဆိုတော့ ပင်ပန်းနေမှာပေါ့၊ အဘိုးရဲ့ မြစ်လေးနဲ့ မြေးအတွက် ဒါသီးသန့်လက်ဆောင်"

အဘိုးက သက်ထက်ကဲကို ကတ္တီပါအိတ်ရှုံ့အနီကလေး ပေးပြီး တစ်ပတ်အကြာမှာ အဘိုး အမောဖောက်၍ ဆုံးပါးသွားတော့ သမီးလေးက ရက်တစ်ရာပြည့်ပဲရှိသေးသည်။ အခု…သမီး တစ်နှစ်ပြည့်မှာ ကဲက ဒီအိမ်ကြီးမှထွက်သွားဖို့ အကြောင်းဖန်လာသည်။

ကဲက သမီးကို ရင်ဘတ်ရှေ့မှာလွယ်တဲ့ အိတ်လေးထဲ ထည့်လွယ်ကာ လက်မှတ်ထိုးပြီးသား ကွာရှင်းစာချုပ်ကို ဧည့်ခန်းစားပွဲပေါ်မှာ တင်ထားခဲ့သည်။ အဝတ်အစားထည့်ထားသော လပ်ဂေ့(ချ်)ကြီးကို လက်တစ်ဖက်ကဆွဲ၍ ခြံအပြင်ထွက်သော အခါ…

နှင်းမှုန်ကြားမှ လောကကြီးက အေးစက်သောရင်ခွင် ဖွင့်၍ ကဲကို ကြိုဆိုသည်။ မာယာများသော လောကဓံအလှည့်အပြောင်းတွေကြား ယုံကြည်စရာမရှိသော ချစ်ခြင်းတွေကြားမှာ ကဲက သမီးလက်ကိုဆွဲ၍ တမင်မွေးမြူထားသော မာနတို့ဖြင့် ဘာမဆိုရင်ဆိုင်ရန် အသင့်ဖြစ်နေပြီ။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"တကယ်ပြောတာနော် အန်တီ၊ ကိုကိုက တကယ် ဝိုချောလာတယ်"

"မြှောက်မပြောလည်း လက်ဆောင်တွေ ပါလာပါ တယ် အသည်းရယ်၊ လက်ကိုင်အိတ်ဆို LV၊ မျက်မှန်တွေထဲက Gucci ပဲ ကြိုက်တာဆို၊ CK ရေမွှေးတောင်ပါသေး"

"ကိုကိုနော်..အသည်းကို စော်ကားပြန်ပြီ"

"ဟာ..စွဲချက်က ပြင်းလှချည်လား"

"အသည်းက အဲဒါတွေလိုချင်လို့ ကိုကို့ကို ချောတယ် လို့ ပြောတာမှမဟုတ်တာ"

မအေနှစ်ယောက်က နောက်ခုံမှာထိုင်ရင်း ရန့်မခနှင့် အသည်းတို့ဖြစ်ပျက်နေပုံကို ရယ်၍သာနေသည်။ ရန့်မခကို





ဆာကြိုတာက တောင်းအေ့(စ်)ကားဖြစ်သည်။ အခုနောက်ဆုံးပေါ် ဒိုင်းနှင့်ကားမို့ ကျယ်လည်းကျယ်၊ သက်တောင့်သက်သာလည်း ရှိသည်။ ရှေ့ခန်းမှာ ဒရိုင်ဘာအေး၌ လပ်ဂေ့(ချ်)တွေထပ်တင်ထား ပြီး အလယ်ခုံမှာ ရန့်မခတို့နှစ်ယောက်ထိုင်တာမို့ အသည်းက စိတ်ထင်တိုင်း သူ့လက်မောင်းကို ဖိတ်ထုလိုက်၏။ လက်မောင်း မှာ ပါးအပ်မိကာ စကားပြောလိုက်၊ ရန့်မခက အသည်းကို ခဲချင်အောင်စလွှင် အသည်းက ရန့်မခလက်ဖျံကို ဆွဲဆိတ်လိုက် နှင့် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေ၏။

"အသည်းမှာ အဲဒီပစ္စည်းတွေက အွန်လိုင်းကပရိုသတ် တွေ လက်ဆောင်ပေးတာရော၊ ကြိုက်တာတွေ့ရင် ဝယ်ပစ်တာ ရောနဲ့ ပုံနေပြီ၊ ကိုကို့ဆီက လက်ဆောင်မျှော်ကိုးပြီး ပြောတာ မဟုတ်ဘူး"

"ဟုတ်တယ် သားရဲ့၊ အသည်းက အခုဆို ဝင်ငွေ ကောင်း နေပြီ၊ ပြီးတော့ ဇာတ်ကားတွေရိုက်ဖို့ ကုမ္ပဏီတွေနဲ့ စာချုပ်တောင် ချုပ်ရတော့မှာ၊ မင်းသိတဲ့ နဂိုကအသည်း မဟုတ်ဘူး"

"သိပါတယ် မေမေရာ၊ လေဆိပ်မှာကတည်းက အသည်းဆိုပြီး အော်တိုထိုးခိုင်းတာ ဝိုင်းဝိုင်းလည်လို့၊ ကျွန်တော် တောင် လူအုပ်ကြားထဲ အသက်ရှူကြပ်တော့မလို့"

"ကိုကိုနော်"



www.burmeseclassic.com

www.burmeseclassic.com



ခိုးဖျော့ရောင် မျက်မှန်ကြီးဆွဲချွတ်ရင်း အသည်းက နှုတ်ခမ်းစူပြီး ဆောင့်ခံနဲ့အော်တော့ ရန်မခက အသည်းမျက်နှာ လှလှလေးကို ချစ်စနိုးကြည့်ပြီး တဟားဟားအော်ရယ်သည်။ သူ မသိလို့မဟုတ်ပါ။ ဟိုးအရင်ကနှင့် များစွာကွဲပြားခြားနား လာသော အသည်းက ဆံပင်ရွှေအိုရောင်၊ မျက်ခုံးထူထူလေးတွေ နှင့် အဆေးကတည်းက ထင်းနေအောင်လှလာမှန်း ရန်မခ သိပါ သည်။ ဆယ်လီဘရစ်တီတစ်ယောက် ဖြစ်လာတာမို့ အသည်း ဝတ်သမျှကလည်း အဆန်းအပြား။ မီးခိုးရောင်ရင့် ဖဲသားဂါဝန်က လည်ပင်းနားမှာ ထပ်ခေါက်ထားရသော အဝိုင်းကော်လံဖြစ်ပြီး ဒူးဖုံးအထိရှည်တာကို လည်သာခေါက်ဖိနပ်အညိုနှင့် တွဲဝတ်ထား သည်။ အင်္ကျီလက်တွေက မြှောက်လိုက်လျှင် တောင်ပံလိုကားကျ တာမျိုးပေါ် အနီရင့်မာဖလာတစ်ထည် ပတ်ထားတာမို့ ကဗိုကရို စတိုင်(လ်)က အသေအချာ ပြင်ဆင်ထားမှန်း ရန်မခ သိနေသည်။ ဒါပေမဲ့ ရန်မခမျက်ဝန်းထဲတော့ အသည်းက အသည်းပါပဲ။ ထူးခြားခြင်းဖြင့် အမြင်ပြောင်းလဲမလာခဲ့တာ ဝန်ခံရင်တော့ အသည်း စိတ်ဆိုးလေမည်လား။

"ဒီက တကယ်ပြောနေတာ၊ ကိုကို့အသားတွေကအစ ကြည်ပြီး ဝင်းလာတာ၊ အရပ်ကြီးလည်း ပိုမြင့်လာသလိုပဲ၊ အသည်း မော့ကြည့်နေရတာ လည်ပင်းတောင် ညောင်းတယ်"

"အသည်းအရပ် ပိုပုသွားတာရော မဖြစ်နိုင်ဘူးလား"





"ကြည့်··အန်တီ၊ တွေ့လား"

အသည်းက နောက်ခန်းတွင်ထိုင်သော မေမေ့ကို လှည့် တိုင်တော့ ဒေါ်ခင်မမက ရယ်၍ မနေနိုင်တော့ဘဲ···

"ဟုတ်သားပဲ သားရယ်၊ မင်းဟာက သမီး ဘာပြော ပြော စ,စရာလို့ ထင်နေတာကိုး၊ မစနဲ့ တော်ပြီ၊ အဲဒီဆံပင်ကြီး ကလည်း နောက်နေ့သွားညှပ်"

"အာ··မေမေ ကျွန်တော့်ဘက် လှည့်လာပြီ"

"လှသားပဲ မမခင်ရဲ့"

"တွေ့လား၊ အန်တီနှင်းကမှ အမြင်မှန်သေးတယ်"

"မလှပါဘူး မေမေရာ"

အကွက်ဆိုက်သွားသလို အသည်းက ဝင်ပြောရင်း··

"ဟုတ်တယ် အန်တီ၊ တခြားဟာတွေ အကုန်ပြောင်းလဲ လာတာ၊ ဒီဆံပင်ပဲ မပြောင်းတာ၊ ထွက်သွားတော့လည်း ဆံပင် ဘုတ်သိုက်၊ ပြန်လာတော့လည်း ဆံပင်ဖရိုဖရဲနဲ့"

"အသည်းဆံပင်လောက် မဆိုးသေးပါဘူး၊ အသည်း ဆံပင်ကမှ မီးကျွမ်းထားတာလိုလို"

အကောက်သေးမွှမွှလေးတွေကို ရည်ရွယ်ပြီးပြောမှန်း အသည်း သိ၍···

"ကိုကို"

ဒေါသနှင့် အာခေါင်ခြစ်အော်ကာ ဆွေ့ဆွေ့ခုန်မတတ်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအိမ်မှာ မျက်ရည်တွေပြည့်လာတာကို ရန်မခ ရယ်မဆုံး။

"ကျွီ"

"အမေ့"

"ဟဲ့..ဟဲ့..ဘုရား..ရား"

အရှိန်နှင့် မောင်းလာသောကားက ဒက်စတော့(ပ်) အုပ်ပစ်တာကြောင့် ကားထဲလူတွေ ဝရုန်းသုန်းကားနှင့် ပုံစံတွေ ပျက်ကုန်၏။

"ဘယ်လိုဖြစ်တာလဲ စိုးတင့်ရယ်၊ ဘရိတ်အုပ်တာက လည်း ငါ့ပါ ရှေ့မှန်ထိ ကျွံထွက်သွားဦးမယ်၊ လုပ်လိုက်ရင် အရမ်းပဲ"

ဒေါ်ခင်မမက ဒေါသနှင့် ခပ်ဆတ်ဆတ်အော်သည်။

"အရှေ့က ကားဖြစ်တာ မမရဲ့၊ မောင်းနေရင်း ဒုန်းခနဲ ထိုးရပ်သွားလို့"

"မောင်းတဲ့သူက ကားမမောင်းတတ်တာလား၊ အခုမှ အစမ်းမောင်းတာလားမှ မသိတာ"

ဒေါ်နှင်းနှင်းအေးက ပြေရာပြေကြောင်း ဝင်ပြောသည်။ ရန်မခ ရှေ့ကားကိုလှမ်းကြည့်တော့ ကားက သေးသေးလုံးလုံး လေးဖြစ်ကာ ရှားပါးသော ရွှေညိုရောင်။

"အဲဒါ ဒီမှာ နောက်ဆုံးပေါ်တာလေ ကိုကို၊ မြန်မာ မိနီဆလွန်း"





"ချစ်စရာလေး"

ကားသေးသေးလေးမို့ သူက ပြောခြင်းဖြစ်ပေမယ့် အသည်းက ပန်းတွန့်ပြီး..

"အသက်ရှူ ကျပ်တယ်"

ထိုအခိုက်မှာပဲ ကားပေါ်မှ အနက်ရောင် စကင်(န်)နီ ဝတ်ထားသော ပွိုင့်ဒေါက်ချွန်ချွန်စီးထားသော ခြေတစ်ဖက်က တံခါးအပြင်ဘက်ဆီ ထွက်ကျလာတာဖြစ်သည်။ ထိုခြေထောက် ကို အားပြု၍ တစ်ကိုယ်လုံး ကားအပြင်ဆီ လွတ်လွတ်ကျွတ် ကျွတ် ထွက်တော့မှ ရန်မခရင်ထဲ သိမ့်ခနဲနိမ့်ဆင်းသွားသည်။ အရပ်မြင့်မြင့်မှာ တီရှပ်ခါးတိုအဖြူလေးဝတ်ထားသည်။ ဆံပင် တွေက ခါးထိအောင်ရှည်ကာ ခွေခွေလိပ်လိပ်တွေ လုပ်ထားပုံက လှသည်။ ရှေ့ဆံပင်တွေက မျက်ခုံးအတိပေါ်ကို အနက်ရောင် မျက်မှန်အား ပင့်တင်ထားပုံက စတိုင်(လ်)ကျ၏။

"ကားပျက်တာနဲ့ တူတယ်"

ဒရိုင်ဘာ ကိုစိုးတင့်က တိုးတိုးပြောသည်။ သူမက တော့ နောက်မှာ ကားတစ်စီးရပ်ရုံမကလို့ ကမ္ဘာပျက်နေလည်း စိတ်မဝင်စားသည့် စတိုင်(လ်)နှင့် ကားဘောနက် သွားဖွင့်တာ အေးအေးဆေးဆေး။

"ဟာ..ကားပျက်ရင်တော့ တိုင်ပတ်ပြီ၊ အသည်း ဒီညနေ ခာတ်ပုံရိုက်ရမှာ၊ ဦးစိုး..ဆင်းမေးပေးဦး၊ ကြာမှာလား ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွတ် . . ဒီလမ်းကျဉ်းကျဉ်းလေးကို ကျော်တက်လည်း မရနဲ့ . . . ကျစ်"

"မရလည်း ဘက်ဆုတ်ပြီး ပြန်ထွက်လို့ရပါတယ် သမီးရယ်"

"အာ . . မေမေကလဲ၊ လမ်းကျ ကျဉ်းကျဉ်းရှည်ရှည်ကြီးကို၊ ဘက်ဆုတ်ရင် ပြီးတော့မှာမဟုတ်ဘူး"

အသည်းတို့သားအမိတွေရဲ့ အပြန်အလှန်အပြောကြောင့် ခေါင်းခင်မမှာ ဒီတိုင်း လက်ပိုက်ကြည့်မနေနိုင်ဘဲ . . .

"သား . . ဆင်းပြီး မေးစမ်း၊ စိုးတင့်က မအူမလည်ရယ်"

မေမေ့အမိန့်ကြောင့် ရန်မခ ကားပေါ်က ဆင်းတော့ ဦးစိုးတင့်က နောက်ပါးမှာပါလာတာမို့ မေးမြန်းရမည့်တာဝန်က ရန်မခခေါင်းပေါ်ကျသည်။ ရန်မခက ဘေးနက်ဖုံးဖွင့်ကာ အထဲသို့ ခါးတထောက်ထောက် ခေါင်းတငုံ့ငုံ့နှင့် ကြည့်နေသော သူမ နားသို့ ရောက်သွားပြီး . .

"ဒီမှာ . . ဗျ"

သူ့အသံကြောင့် တစ်ဖက်မျက်နှာကို ဖျတ်ခနဲ ငုံ့ကြည့်သည်။ မျက်လုံးချင်းဆုံပြီးမှ အကြည့်တွေက စူးရှဲခြင်းသို့ပြောင်းသွားကာ ရန်မခကိုမြင်တော့မှ ချက်ချင်းကြီး။ ထို့နောက် ခေါင်းမှ ခြေဖျားအထိ အောက်စုန်ဆန်ကြည့်ပြီး မေးဆတ်ပြတာက အထွေအထူး ဘာပြောစရာရှိလို့လဲဆိုတဲ့ ဒီဇိုင်းနဲ့။





"ဟို . . ကား ဘာဖြစ်လဲ မသိဘူးနော်"

"ကျွန်မ အကူအညီမလိုဘူး၊ ရှင့် လာလမ်းအတိုင်းကြွ"

ခပ်တည်တည်ပြောပုံက အထက်စီးမှ။ ရန်မခက ထိုအသံနှင့် ထိုပုံစံကို စိတ်ထဲက အချဉ်ပေါက်သွားသည်။ ပြေပြစ်ခြင်းနှင့် သင့်မြတ်ဖို့လာသော စိတ်ကူးတွေလည်း ဘယ်ဆီလွင့်ကုန်ခန်းမသိ။

"ဒီမှာ . . ငါကလည်း မင်းကို ကူညီဖို့လာတာမဟုတ်ဘူး"

"ဒါဆိုလည်း သွားလေ၊ ဘာလာလုပ်နေတာလဲ"

ရန်မခကို မောင်းထုတ်တော့လည်း ရိုင်းရိုင်းစိုင်းစိုင်း။ နှုတ်ခရင်ထဲ ထိန်းထားသမျှဒေါသက ရှူးခနဲ ခေါင်းထောင်သော မြွေပါးပြင်းလို၊ ဘာကိုမဆို အဆိပ်နှင့် ပေါက်ချရန်အသင့်မို့။

"မင်းကားကို ငါ့ကားနဲ့ ဝင်ဆောင့်ရမလားလို့ လာမေးတာ"

"ဆန္ဒရှိရင် လုပ်လေ၊ ရှင့်မှာ ငွေတွေသိပ်ပေါနေရင် အသစ်တစ်စီးတောင်းရုံပဲ"

"မင်း ဘယ်လိုမိန်းမလဲ၊ စကားပြောတာ ရိုင်းလှချည်လား"

"ရှင်တို့ယောကျ်ားတွေမြင်တိုင်း ကျွန်မ ယဉ်ကျေးနိုင်



www.burmeseclassic.com

www.burmeseclassic.com

မေ့သွားတယ်၊ ထပ်ပြောရင် ဒီထက်ရိုင်းတာပဲ ရှင် ကြားရမယ် စိတ်ချ''

ကဲက သောနက်အဖုံးကို ဆောင့်ပိတ်ရင်း ဖိနပ်သံ တခေါက်ခေါက်ပေးကာ ရန်မခအနားမှ ဖြတ်လျှောက်သည်။ ရှပ်အဖြူကို ရင်ဘတ်ကြယ်သီးတွေ ဖွင့်လျက် ဝတ်ထားကာ ဆံပင်ရှည်တွေကို အားလုံးစုစည်းထားသော မုတ်ဆိတ်မွေးငုပ်မြ နှင့် ထိုလူသည် ဂျုံတဲ(လ်)မန်းပုံစံ လုံးဝမပေါက်။ ကဲက ကားထိုး မှန်တင်ခြင်း၊ လော့(ခ်)ချခြင်းတွေလုပ်ရင်း လက်ကိုင် အိတ်ထဲကဖုန်းကို တစ်ခါတည်း ဆွဲထုတ်၏။

''ဟုတ်တယ် ဦးသီဟ၊ လမ်းထဲမှာ ထိုးရပ်သွားလို့ ရတယ်··လာဆွဲပြီး ကြည့်ပေးထား၊ တက္ကစီငှားသွားလိုက်မယ်''

ကဲက သူမပြောချင်ရာပြောပြီး အိတ်ကြိုးကို ပခုံးပေါ် တင်ကာ ရန်မခအနားမှ ဖြတ်လျှောက်သွားတော့လည်း သူတို့ ရှိရာဘက်သို့ တစ်ချက်လေးတောင် ငဲ့စောင်းမကြည့်။ ရန်မခမှာ ဒေါသနှင့် မျက်ခုံးကိုတွန့်လျက် စိုက်ကြည့်ပစ်လိုက်၏။ ဦးစိုးတင် ကတော့ ရန်မခနောက်နားရပ်ကာ မကြားတကြား ဖောက်သည် ချသည်။

''တစ်လောကလုံး စိန်ခေါ်မယ့်ရုပ်နဲ့၊ မျက်နှာက တင်း ပြတ်နေတာ၊ ဟူး··တကယ် မလွယ်ဘူး''

ဒီမှာလည်း ဒေါသတွေ အတောင့်လိုက်မျိုချနေရတာ





တတယ်မလွယ်လို့။ ရန်မခရင်ထဲက ပြောပစ်ချင်သော်ငြား မှတ်ပိတ်နေလိုက်ရ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ကျွန်တော် တကယ်ပြောတာ ကိုသက်၊ လိုက်လိုက် လှဲလှဲကို ကျေးဇူးတင်တာ၊ ဆားဗစ်စင်တာရော၊ ရှိုးရွန်းရော ကျွန်တော် ဦးစီးတုန်းကထက် ပိုကျယ်ပြန့်လာတာ ကိုသက် မန်းနေ့မန့်(ချ်)ကောင်းလို့ပါ"

"ဟား..ဟား..လုပ်ပြီဟော့၊ ရန်မခတို့ကတော့ အပြောလေးနဲ့တင် ငါ ပင်ပန်းထားသမျှ ပြေပါပြီဗျာ"

"အာ..စိတ်ထဲကရှိတဲ့အတိုင်း ပြောတာပါဗျ"

"ဒါဆို ထပ်ကျေးဇူးတင်ရအောင် စက်ရုံကိုလည်း သွား ကြည့်ဦး၊ ဝန်ထမ်းတွေကအစ အားလုံး ကိုယ့်စိတ်ကြိုက်ချည်း ရွေးခန့်ထားတာ"

"ဒါဆို ကြိုတင်သင့်(ခ်)ယူးဗျာ"





ကိုသက်က ရန်မခလက်ကို ဆွဲနှုတ်ဆက်ရင်း သူ့ဗိုက်ပူကြီးလှုပ်ခါသွားအောင် ရယ်သည်။ ရယ်လို့အားရမှ..

"ဆရာကြီးရော..ကျန်းမာရေး အခြေအနေ"

"အင်း..ကောင်းပါတယ်၊ ဒါပေမဲ့ ဆရာဝန်ဆိုတာ သူနာတွေသာ ကုပေးတတ်တာဗျ၊ ကိုယ့်ကိုယ်ကိုကျတော့ ချက်ကပ်(ပ်) လုပ်ဖို့တောင် မေ့နေတာမျိုး၊ ကျွန်တော် သတိပေးမှပဲ လုပ်ဖြစ်တာ၊ ကိုသက်လိုပေါ့"

ကိုသက် ဗိုက်ပူပူကြီးကို ရန်မခက မနာအောင်လက်သီးနှင့်ခပ်ဖွဖွထိုးရင်း စသည်။ ဆရာဝန်ဘဝတုန်းက ဖေဖေ့တပည့်ရင်းဖြစ်ကာ တကယ်လုပ်ဖြစ်တော့ ကိုသက်က စီးပွားရေးလောကထဲ ခြေစုံပစ်ဝင်တာဖြစ်၏။

"ငါ့စိတ်ခတ်က လူတွေကို ကယ်တင်ချင်တာကွ၊ ဒါသနာကျတော့ ကတုံးပေါ်ထိပ်ကွက်ချင်တာ၊ မှတ်ထား..စီးပွားရေးလုပ်တော့မယ်ဆို တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ သူများထက် ခြေတစ်လှမ်းဦးထားမှ၊ နို့မို့ ကိုယ်က အရှုံးတွေနဲ့ ခံစားသွားရမယ်"

ဩဝါဒခြွေခဲ့တဲ့ ကိုသက်က သူ့ဝါဒနဲ့အညီ ကျင့်သုံးဆောင်ရွက်နိုင်သူလည်းဖြစ်သည်။ ထို့ကြောင့် ရန်မခ နိုင်ငံရပ်ခြားမှာ သွားနေခဲ့သည့် ငါးနှစ်အတွင်း ရန်မခ ဒီပြန်လာတော့ နည်းညာတွေသာ ပွေ့ပိုက်ပြီး လုပ်ငန်းခွင်ထဲ တန်းဝင်ရုံအထိ ကိုသက်



www.burmeseclassic.com

www.burmeseclassic.com



တို့ စီမံပေးထားတာ လိုလေသေးမရှိ။ L အမှတ်တံဆိပ်နှင့် ထုတ်မည့် ရှန်မခရဲ့ကားတွေအတွက် ပြည်ပမှ ကုန်ကြမ်းမှာကာ ကိုယ့်နိုင်ငံအတွင်း ပြန်ဆင်တာမျိုးအပြင် ကိုယ်ထုတ်လုပ်ပေးသော ကားတွေရဲ့ဂရမ်တီကို ထိန်းသောအားဖြင့် ဆားဗစ်စင်တာရယ်၊ ကားအပိုပစ္စည်းအရောင်းဆိုင်ရယ် တွဲလျက်ဖွင့်ချင်သော ရှန်မခ ဆန္ဒက တကယ်ဖြစ်မြောက်ခဲ့ပြီ။ ကိုသက်ကတော့ ရှန်မခကို ရှိုးရှိန်းကြီးအနံ့ လှည့်လည်ပြသည်။

"မင်းကတော့ ပြောအားရှိမှာပေါ့"

"လုပ်အားလည်း ရှိပါတယ်ဗျာ"

"ငါပြောတာ လုပ်ငန်းကိစ္စမဟုတ်ပါဘူး"

"ဒါဆို ဘာကိစ်"

"ဟောကောင်..ဒိုင်လှို့မနေနဲ့၊ မင်းနဲ့ ရွှေမင်းသမီးလေး အကြောင်းက ကောလဟာလမဟုတ်မှန်း သိပြီးသား၊ ငယ်ချစ်တွေဆို..ဟောကောင်"

ကိုသက်က သူ့ကိုယ်လုံးဝဝကြီးမှ အားမနာ၊ ရှန်မခကို ပခုံးချင်းတိုက်ပြီးမေးတော့ သူက ရယ်ရင်း...

"မဟုတ်ပါဘူးဗျာ"

"ဟောကောင်..ငြင်းမနေစမ်းပါနဲ့၊ မိဘချင်းသဘောတူထားတာရော၊ ကောင်မလေးက ဒီနှစ် အကယ်ဒမီဖန်းကိုင်ရွေးတဲ့ အထဲ ပါတာရော"





"အင်း..သတင်းက အတိအကျပါလား"

ရှန်မခက ဘောင်းဘီအိတ်ထဲ လက်စုံနှိုက်ရင်း လျှောက်နေရာမှ ခြေလှမ်းရပ်ကာ သရော်တော်တော်ပြောသည်။ ကိုသက်က ငါမပြောဘူးလားဆိုသည့် ရုပ်တည်ကြီးနှင့်..

"အဲဒါကြောင့် မင်းကို ပြောအားရှိတာလို့ ငါ ပြောတာပေါ့၊ ငွေကြေးလည်း ပြည့်စုံတယ်၊ လုပ်ငန်းတစ်ခုတောင် ထူထောင်နိုင်ပြီ၊ ရုပ်ရည်လည်း ပြောစရာမရှိတဲ့ မင်းက ချိတ်ထားတဲ့နံပါတ်ကျတော့လည်း တကယ့်ဆယ်လီဘရစ်တီ၊ ကုသိုလ်ကံများ ကောင်းချင်တဲ့သူဘက် မျက်နှာတင်မကဘူး၊ တစ်ကိုယ်လုံး လိုက်နေသလိုပဲ"

"ကြိုးစားပေါ့ဗျာ၊ ကိုသက်ဘော်ဒီနဲ့ ဖြစ်နိုင်ပါတယ်၊ အသာလေးပေါ့"

"ခွေးကောင်"

နှစ်ယောက်တည်းရှိတဲ့ ရပ်ဝန်းမှာပဲ ရယ်သံတွေပွင့်ထွက်လာသည်။ ထိုအခိုက် ရှန်မခနားထဲသို့ မော်တာလည်သံတိုးတိုးလေးနှင့် တစ်စုံတစ်ခုက သူ့ဖိနပ်ဦးသို့ဝင်တိုက်သော ခံစားမှုကြောင့် ဖျတ်ခနဲခေါင်းငုံ့ကြည့်လိုက်၏။

"ဟင်"

အံ့သြရသူက ရှန်မခ။ တကယ့် ကားအကြီးကြီးတွေ ပွင်သည့် ဝပ်ရှော့ထဲမှာ အနီရဲရဲပြိုင်ကားတစ်စီးက ရှန်မခ ခြေဦး



www.burmeseclassic.com

www.burmeseclassic.com



ထိပ်မှာ။

"အယ်··ကြည့်စမ်း၊ မီးမီးကားကို ဝင်ငေ့ါက်တယ်"

အသံလာရာဆီ ရန်မခ လှမ်းကြည့်တော့ နုံသာရောင် ဂါဝန်ကားကားအောက်က ဖာနားတပ်ခြေစွပ်နှင့် လေဒီရှူးအဖြူစီးထားသော ကလေးမလေး။ လက်ထဲမှာ ကားကိုထိန်းသည့် အဝေးထိန်းခလုတ် ကိုင်ထားကာ ပြေးလာတော့လည်း တောက်တဲ့တောက်တဲ့နှင့် ဂါဝန်တွေရော၊ ဆံပင်အဖျားလေးတွေပါ လွင့်နေအောင်မို့ ရန်မခ သဘောတကျနှင့် ဒူးထောက်ထိုင်ချလိုက်၏။

"ဒါ သမီး ကားလား"

"ဟုတ်တယ်၊ ဦးဦး ဝင်တိုက်တာနဲ့ မီးမီးကား··"

"ဦးဦးက ဝင်မတိုက်ပါဘူး၊ သမီးကားက ဝင်တိုက်တာ"

"ဒါဆိုလည်း ဦးဦးက ရှောင်ပေါ့"

"အဟား··ဖွတ်ကြီးပါလား"

ရန်မခက ကလေးမလေးကို ချစ်စနိုးနဲ့ ပါးမို့မို့လေးအား လက်ချောင်းတွေနှင့် ဖွဖွထိသည်။ ပါးမို့တွေ ရဲနေကာ မျက်ခုံးမျက်လုံးကျ တောက်တောက်ပပနှင့် နှုတ်ခမ်းလေးတွေ စုထွေးနေပုံက ဒီအတိုင်း ထိုင်ကြည့်နေချင်စရာကောင်းသည်။ ဆံပင်လေးတွေက ဖြောင့်စင်းစင်းလေးကို နားရွက်အထိ အုပ်အုပ်လေးမို့ မြင်တာနဲ့ ချီမွှေ့ရမ်းပစ်ချင်စရာလေး ဖြစ်သည်။





"မီးမီးက ဒီကို ဘာလာလုပ်တာလဲ"

ရန်မခက ခါးလေးကို ဖက်ထားသလို ကလေးမလေးက သူ့ပခုံးပေါ်လက်တင်ထားရင်းက··

"ကားလာပြင်တာ"

"ဒီကားလား"

ကစားစရာကားလေးကို ယူပြရင်း ရန်မခက မေးတော့ ကလေးမလေးက သွားတွေပေါ်အောင် ရယ်လိုက်၏။

"မီးမီးကားက သေးသေးလေးကို၊ ပြင်လို့မရပါဘူး၊ အဲဒါ မီးမီး သိတယ်"

ကလေးကပြောပြီး ရန်မခကို ကြည့်သည်။

"ဦးဦးကရော ကားပြင်တာလား"

"ဦးဦးက··"

ရန်မခ ဘယ်လိုဖြေရမလဲ စဉ်းစားပြီးမှ ကိုသက်ကို သတိရသွား၏။

"ဦးဦးက ဒီဦးဦးဆီ လာလည်တာ"

"အဲဒီဦးဦးနဲ့ သူငယ်ချင်းလား"

ကလေးက လက်ညှိုးလေးတွေ ရှုပ်နေအောင်ထိုးပြပြီး မေးတော့ ရန်မခက ခေါင်းညိတ်ပြသည်။ မျက်နှာမြင်တာနှင့် ချစ်စရာကောင်းပြီး စကားရေးကြွယ်သော ထိုကလေးမလေးကို ရန်မခ မြင်မြင်ချင်း သဘောတကျ ချစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးနဲ့ မီးမီးနဲ့ တွေ့သွားပြီ သိလား"

"ဘာတွေတာလဲ မီးမီးရဲ့"

"မီးမီးရဲ့ ပရိစကူးမှာ သူငယ်ချင်းရှိတယ်၊ သူလည်း အဲဒီ ဦးဦးလိုပဲ ဝဝလေး··အယ်"

ရန်မခနား နားကပ်ပြီး ပြောချင်တာကို လှတ်ဝါးကာ ကာ တိုးတိုးပြောသည်။ ပြီးတော့ ပခုံးတွန့်ပြီးရယ်ရတော့ ရှေ့သွား နှစ်ချောင်းမရှိ၍ သွားဖုံးနီနီလေးတွေက အတိုင်းသား။ ရန်မခက သွားမရှိဘဲ လှကြီးအတင်းအုပ်နေသော ကလေးမလေးပုံစံကြောင့် ချစ်စနိုးနှင့်ရယ်မိတော့ သူမလေးက တစ်ရှုံ့တည်ပြစ်သွား၏။

"ဦးဦးနဲ့ မီးမီးက ချောတာခြင်းလည်း အတူတူပဲ"

"အဲမယ်"

ဒီတစ်ခါတော့ ရန်မခ အသံထွက်အောင်ရယ်ရင်း မီးမီး ဆိုသူလေးကို တစ်ခါတည်းချိုကာ မတ်တပ်ထရပ်သည်။ မီးမီး လေးက ရန်မခလည်ပင်းအား သိုင်းဖက်ထား၏။

"မီးမီးနာမည်က မေမခတဲ့၊ ဦးဦးနာမည်သိလားရော"

"မေမခ··ဟုတ်လား၊ ဒါဆို ဦးဦးနာမည်နဲ့ ထပ်တူ သွားပြန်ပြီ၊ ဦးဦးက··"

"ဟော့ကောင် မခ၊ ဟိုမှာ လာနေပြီ"

ရန်မခနောက်မှာ ရပ်နေတဲ့ ကိုသက်က ရန်မခ ခါးတို့ပြီး သတိပေးသည်။





"ဘယ်သူလာနေတာလဲ ကိုသက်"

ရန်မခက ကိုသက်ဆီ နောက်လှည့်ကာအမေး··

"မီးမီး"

အမျိုးသမီးတစ်ယောက်ရဲ့ ချိုလွင်တဲ့ခေါ်သံက ရန်မခ ရှေ့မှ ပေါ်ထွက်လာတာမို့ ကလေးကိုချီထားလျက်ကပဲ ရန်မခ အသံလာရာကို လှမ်းကြည့်သည်။ မျက်လုံးချင်းတစ်ချက်ဆုံတာ နှင့် ဒါ သူမပဲလို့ သိသာစေသောအကြည့်တို့က စူးလက်လှသည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်းတွေနဲ့အပြိုင် မျက်ဝန်းတွေ အေးစက်နေတာလည်း မြင်ရ၏။ ဒူးကျဂျင်းပင်(န်)အဖြူ၊ ဂျက် ကတ်ခါးတိုအဖြူနှင့် အောက်ကခံဝတ်သော တီရှပ်အနက်ကိုမှ ခါးသတ်သေးလေးက အနီရောင်မို့ သူမက ဆန့်ကျင်ဘက်ကာလာ တွေနှင့် ထင်းနေသည်။ အရပ်မြင့်ရသည့်အထဲ တွေ့လိုက်တိုင်း ဖိနှင့်ခေါက်အချွန်သာ စီးတတ်လေသလားလို့ မေးချင်လာတဲ့အထိ ကြိုးသိုင်းဖိနပ်က အနီရဲရဲလေးကို စီးထား၏။

"မေမေ··ဒီမှာ မီးမီး သူငယ်ချင်းအသစ်ရ··"

"မီးမီး"

ဖြတ်အော်ပစ်သံက စူးစူးရှရှမို့ ကလေး တွန့်သွားတာ ချီထားတဲ့သူမို့ ရန်မခက သိသည်။

"မင်းကလည်း ဖြည်းဖြည်းအော်ပါ"

"ရှင် အနေသာကြီးနော်၊ ဝင်မဝါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကဲ့က ဆတ်ခနဲ့ဝိတ်ပြောရင်း သမီးကိုပဲ လှမ်းကြည့်ကာ သားအမိချင်း နားလည်သောအကြည့်မျိုးနှင့်··

"မီးမီး··လာခဲ့"

"ဟုတ်"

ပေကပ်ကပ် မှုပုံသိပုပ်နှင့် သမီးက ရန်မခကိုယ်ပေါ်မှ လျှောဆင်းလာသည်။ ကဲထံ ဦးတည်လာရန် ခြေလှမ်းပြင်ပြီးမှ··

"မီးမီး ကားလေး"

"ထားခဲ့တော့··လာခဲ့"

သမီးလှမ်းလာမှာကို မစောင့်နိုင်တော့ဘဲ သက်ထက်ကဲက ခြေလှမ်းကျဲကြီးတွေနှင့် ကလေးနားလျှောက်သွားကာ မီးမီးလက်ကို ဆွဲခေါ်သည်။ မီးမီးက ကျန်ရစ်ခဲ့သောကားနဲ့ ရမှတ်လေးကို သံယောဇဉ်မပြတ်သလို မျက်နှာလေးငဲ့ကြည့်သည်။

"မေမေ သမီးကားက အသစ်ကြီး"

"အဲဒီထက်သစ်တာ မေမေ ဝယ်ပေးမယ် မီးမီးရယ်"

လက်ဆွဲခေါ်ရုံအားမရဘဲ သက်ထက်ကဲက ကလေးကို ချွေ့ခနဲပွေ့ချီကာ ထွက်သွားပုံက မြန်မြန်ဆန်ဆန်။ ဒီနေရာမှာ တစ်မိနစ်၊ တစ်စက္ကန့် ထပ်ကြာလျှင် ကူးစက်ရောဂါတွေ မအေးနဲ့ သမီးဆီ ပျံ့နှံ့တော့မည့်အတိုင်းဖြစ်၏။

"သူက ဒီကို အမြဲလာနေကျလား ကိုသက်"

ကားကြားက ကွေ့ဝိုက်ပျောက်ကွယ်သွားတဲ့ သက်ထက်





ကဲကိုကြည့်ရင်း ရန်မခ လှည့်မေးတော့ ကိုသက်က အရင်သက်ပြင်းရှိုက်ပြီးမှ ခေါင်းညိတ်၏။

"အေး··လာတာတော့ မကြာသေးဘူး၊ ဒါပေမဲ့ ဖောက်သည်လျှော့မယ့်ကိန်းတော့ ငါ ကြိုမြင်နေပြီ"

"ဘာဖြစ်လို့လဲ"

ကလေးကျန်ခဲ့သည့် ကားကို ငုံ့ကောက်ရင်း ရန်မခ မေးသည်။ အဖြေရခက်သလို ကိုသက် ခေတ္တတိတ်ကျသွားပြီးမှ··

"အရင်က ငါ့ဆော်ဒါဝပ်ရှော့မှာ သူ့ကားအပ်တာကွ၊ ပျက်ရင်ပြင်၊ ရေဆေးဆီထိုး အစစအရာရာပေါ့၊ အဲဒီမှာ သူ့သမီးလေးကို ချစ်ချစ်ခင်ခင်နဲ့ နှုတ်ဆက်ပြီး စကားပြောတာမြင်တာနဲ့ မကြိုက်တဲ့ဒီနိုင်းပြပြီး ငါ့ဆီရောက်လာတာ"

"ဘယ်လိုအမိပွာယ်လဲဗျ၊ သူ့စိတ်ကြီးကလဲ"

ရန်မခအမေးကို မဖြေတတ်သလို ကိုသက်က ပခုံးတွန့်ပြသည်။ ရန်မခကတော့ အဝေးသို့ လှမ်းမျှော်ကြည့်ပေမယ့် ကြည့်လေရာမှ ဖျတ်ခနဲ အရောင်ပြောင်းသွားတတ်တဲ့ မျက်ဝန်းစူးစူးတွေကိုသာ မြင်ယောင်နေ၏။

လူတကာကြွေလောက်အောင် လှသည်။ ထူးဆန်းသည့် အကျင့်စရိုက်တွေနဲ့ အုံဖွဲ့ထားတာလည်း စိတ်ဝင်စားစရာကောင်းတာမို့ ရန်မခအတွက်တော့ သူမဟာ ပဟေဠိနတ်သမီး။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

''ဟိတ်··ကဲ''

ပန်းတို့သော သူကြောင့် ကဲက ရှေ့မှာဘဲ့ယူမည့်ဆုကို မျက်တောင်ကော့ပေးနေရာမှ ဖျတ်ခနဲ လှည့်ကြည့်သည်။

''မကြီးဝါ''

အပြုံးလေးနှင့် ကဲက ပြန်နှုတ်ဆက်ရင်း ပြင်ဆင်ပေး၍ အစွမ်းကုန်လှပနေသော အရောင်စုံမျက်နှာလေးအား မေးမြှော့ ဆွဲကာ ဘယ်လှည့်ညာလှည့် ကြည့်ရင်းမှ··

''ဒီနေ့ ဆိုင်မလာတော့ဘူးဆို''

''ဟုတ်ပ၊ မလာဘူး စိတ်ကူးထားတာ၊ ဟိုတစ်ပတ်က ဝယ်ခင်တွေ တအားများထားတော့ ပင်ပန်းနေလို့လေ၊ အခု ကဲကို သတင်းထူး ဦးဦးဖျားဖျားပေးချင်လို့ ရောက်လာတာ''





''ဆဲအတွက် သတင်းထူး၊ ဝမ်းသာစရာလား၊ စိတ်ညစ်စရာလား မကြီးဝါ၊ အဟွန်း··ကျိုးများတာတော့ မဟုတ်ဘူးနော်၊ ဒါပေမဲ့ စိတ်ညစ်စရာဆိုရင်တော့ ကြိုမသိချင်ဘူး၊ ကြိုညစ်နေရမှာ စိုးလို့၊ ကြိုသလောက်တော့မှပဲ ကြုံသလိုဖြေရှင်းပစ်လိုက်တော့မယ်''

ဘွားအေးကို ဖော့တုံးဖြင့် မျက်နှာအနှံ့ ခပ်ဖိဖိသိပ်ပေးရင်းက ကဲက စကားပြောလည်းမပျက်။ လုပ်လက်စကို ဇယ်ဆက်သလိုလုပ်သွားတာက ပြင်ဆင်ပြီးသော မျက်နှာမှတစ်ဆင့် ဆံပင်ထုံးဖွဲ့ရန်အထိ ရောက်သွားသည်။ ဘီးချွန်အများနဲ့ ဆံပင်တွေ ခွဲကြောင်းချ၊ ညှပ်ကလစ်ကြီးနဲ့ သိမ်းသင့်တာသိမ်းပြီး ဟဲစပရေး ဖျန်းကာ ဆံထုံးစထုံးရန် ပြင်ဆင်နေသောလှုပ်ရှားမှုက သွက်သည်။ တဲရဲ့ လက်ချောင်းသွယ်သွယ်လေးတွေနောက် နှင်းဆီဝါရဲ့ မျက်လုံးလေးတွေက လိုက်ရွေ့လျားသွားတာလည်း မြန်မြန်ဆန်ဆန်။ နှင်းဆီဝါရဲ့ဆင်တန်းကို ရောက်လာသူမှန်သမျှထဲမှာ ကဲလောက် ဘယ်သူ့ကိုမှ စိတ်တိုင်းမကျခဲ့။

ကဲဟာ မြင်လွှယ်သိလွယ်ကာ အတတ်အမြန်ဆုံးတပည့် တစ်ယောက်။ ပြီးတော့ ကဲမှာ တစ်ဖက်သားကို လှတာထက် ပိုလှစေချင်သော စေတနာလေးရှိသည်။ နှင်းဆီဝါကတော့ အလှ ဖန်တီးရှင်တွေမှာ ထိုစေတနာက အရေးအကြီးဆုံးလို့ထင်သည်။ မလှသောသူကို လှအောင်၊ လှပြီးသားသူကို ဆွဲဆောင်မှုပိုအောင် ဖန်တီးပေးသည့်အထဲမှာ ကဲက လက်ဆိပ်အရှိဆုံးမိန်းကလေး၊



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သင်တန်းပြီးတာနဲ့ သူမရဲ့ Beauty Spa ကြီးတွင် တစ်ခါတည်း အလုပ်တန်းခန့်ရတဲ့အထိ ကဲတို့က မျက်နှာလွှဲခံ ရသည်။

နှင်းဆီဝါပြင်ပေးမှ စိတ်တိုင်းကျပါသည်ဆိုသော ကပ်စတမ်မာတွေတောင် ကဲကို လွှတ်လိုက်တာနှင့် အဆင်ပြေ သည်။

"ကဲမှာ အဆောင်ကောင်းတစ်ခုတော့ ရှိနေပြီနဲ့တူတယ် နော်၊ ဂျီကျတဲ့ ကပ်စတမ်မာတောင် ကဲ ပြင်ပေးလိုက်ရင် မနော နွေ့သွားတာချည်းပဲ"

ပြောတုန်းက ကဲက လဲ့လဲ့လေးပြုံးရင်း…

"ယောကျ်ားတွေက အလှအပကို ကိုးကွယ်တယ်၊ မိန်းမတွေက အချစ်ကို ကိုးကွယ်တယ်၊ ကိုးကွယ်မှုချင်း ကွာပေ မယ့် လူက လူပါပဲ၊ လူ့စိတ်က ကိုယ့်ထက် ထက်မြက်၊ သွက် လက်နေတဲ့သူဆို အလိုလိုနေရင်း ဦးညွှတ်ချင်ကြတာမျိုးလေ၊ ကဲ ပြင်တဲ့ မျက်နှာတွေကိုကြည့်ပြီး ယောကျ်ားတွေ အလိုလို ဦးညွှတ်ချင်အောင် ပြင်ပေးတော့ ကပ်စတမ်မာတွေ သဘောကျ တာ မဆန်းပါဘူး မကြီးဝါ"

ကဲ စကားကို နှင်းဆီဝါကိုယ်တိုင် ရင်ဘတ်စည်တီး ဖြစ်ရကာ…

"အမယ်လေးဟဲ့…ဒေါ်သက်ထက်ကဲတို့က မပြောရင်





သည်းမပြောဘူး၊ ပြောတော့လည်း နားထောင်တဲ့သူ ငိုက်ဆင်း သွားအောင် ပြောတတ်လွန်းပါလား"

"မကြီးဝါ"

"ဝေ"

"ထူးပုံကလည်း ကပျာကသီကြီးနဲ့၊ ကဲကို ပြောမှာ ကြည်စရာမို့ ဒီလောက် အသံတိတ်သွားတာမဟုတ်လား"

ဆံထုံးကို လက်စသတ်ကာ နံဘေးမှ ကပ်ပန်းတွေနှင့် အလှဆင်ပေးရင်း ကဲက မေးသည်။ မကြီးဝါက မှန်ထဲမှတစ်ဆင့် မြင်နေရသော ကဲ ပြင်ပေးသည့် မျက်နှာလှလှလေးအား စေ့စေ့ စပ်စပ်အကဲခတ်ရင်း…

"မဟုတ်ဘူးတော့၊ ဒီမျက်နှာကရော ယောကျ်ားတွေ ဦးညွှတ်ချင်စရာ မျက်နှာလား ကြည့်နေတာ"

"အဟွန်း…မကြီးဝါတို့ကတော့ လုပ်ပြီ"

ကဲက ကပ်စတမ်မာအား တစ်ဖက်ခန်းဆီ ညွှန်ပြရင်း…

"ရပြီ ညီမလေး၊ အဝတ်လဲဖို့ ဟိုဘက်က ကူလိမ့် မယ်"

မိတ်ကပ်ပြင်သူ ဟိုဘက်ခန်းအထိ ကူးသွားတာကို မကြီးဝါနှင့် ကဲကပါ လိုက်ကြည့်သည်။

"ပြောစရာရှိတယ်ဆို၊ မပြောတော့ဘူးလား"

ဘီးတွေ ကတ်ကြေးတွေထည့်ထားသည့် စတီးစင်လေး



www.burmeseclassic.com

www.burmeseclassic.com



အား တစ်ဖက်သို့တွန်းရွေ့ရင်း ကဲက မေးသည်။

"ပြောမှာပါ၊ ပြောချင်လွန်းလို့တောင် ဒီက အနားမယူ နိုင်ဘဲ အိမ်က ထွက်လာရတာ၊ ဒီနှစ် အကယ်ဒမီအတွက် ကဲ လျှောက်လွှာတင်ထားခဲ့တာလေ၊ အေး··အဲဒါကို နိုင်ငံတော်က ရွေးလိုက်ပြီ၊ ဇာတ်ကိုင်ရှစ်ယောက်နဲ့ အစီအစဉ်ကြေညာသူတွေ အတွက် ညည်း ချုပ်ပေးရမှာတဲ့"

"တကယ်"

အလန့်တကြားပုံစံလေးနှင့် ကဲက ထမေးသည်။ ထင် မှတ်မထားပါ။ နှစ်တိုင်း ကဲက လျှောက်လွှာတင်ခဲ့တာ ဇာတ်ကိုင် တွေအား ဦးဦးဖျားဖျား ချုပ်ပေးချင်၍ပါ။ မနှစ်က မကြီးဝါ စပွန်ဆာပေး၍ ပြင်ပေးရသော မင်းသမီးတွေထဲမှ တစ်ယောက်ထ ပွဲရက်နီးမှ ချုပ်ထားသည့်ဝတ်စုံက အဆင်မပြေဖြစ်သွားသည် ကဲမှာလည်း ကိုယ့်စိတ်ကူးနဲ့ကိုယ် တီထွင်ချုပ်ထားသော ပွဲတ ဝတ်စုံလေးရှိတာနှင့် အစမ်းသဘော ပေးဝတ်ရင်းက သဘောကျ ခဲ့ရကာ ဝတ်ဖြစ်သွားတာမျိုး။ အခုလို အနုပညာသမားတိုင်း မျှော်လင့်ခြင်းပွဲတော်မှာ ကဲက ဝတ်စုံချုပ်ပေးရန် နိုင်ငံတော်က တာဝန်ပေးသည်ဆိုတော့··။

"ဟဲ့··ဟဲ့၊ သတင်းပေးရုံ ရှိသေးတာနော် ကဲ၊ ငတ်တူး ကြီးထိုင်ပြီး အသက်ရှူရပ်မသွားနဲ့ဦး"

"ကဲ ပျော်သွားလို့ပါ မကြီးဝါရဲ့"





"ပျော်တာ နောက်ထား၊ တကူးတက လာပြောရတဲ့ ငါ့ကို တစ်ဝိုင်းလောက်တော့ ကျွေးသင့်နေပြီလေ··နော်"

"အဟွန်း··ကျွေးမှာပါ မကြီးဝါရဲ့၊ မီးမီးကျောင်းပိတ် ရက်တစ်ရက် အိမ်မှာ ဆုံမယ်လေ၊ ကဲရဲ့ စပါယ်ရှယ်လက်ရာနဲ့ ကြီးဝါကို ဧည့်ခံရမယ်"

"အေး··အဲဒီ အစီအစဉ်ကောင်းတယ်၊ ငါနဲ့မီးမီး မတွေ့ တာတောင်ကြာပြီ"

"မမကဲ"

အခန်းဝမှာ ညှော်ကြိုကောင်မလေးက ခေါင်းပြူကာ လှမ်းခေါ်တာမို့ ကဲက လည်ပင်းရှည်ကြည့်ရင်း···

"ပြော သီတာ"

"မမကဲ ဧည့်သည်တဲ့၊ ဧည့်ခန်းမှာ ရောက်နေတယ်"

"ငါ့ဧည့်သည်"

သံယောင်လိုက် ရေရွတ်ပြီး ကဲက နေရာမှထသည်။

"ဧည့်သည်လာစရာ ဘယ်သူရှိလို့လဲ"

တစ်ယောက်တည်း ရေရွတ်လိုက်ပြီး စဉ်းစားခန်းဝင် တော့ မကြီးဝါက ကဲလက်ဖျံကို ဖြန်းခနဲလှမ်းရိုက်ရင်း···

"သွားကြည့်ပေါ့၊ လူမှန်ရင် ဧည့်သည်ရှိတာပဲ၊ အဆန်း သည်လို့"

မကြီးဝါပြောတာ ဖြစ်နိုင်ပါသည်လို့တွေးရင်း ကဲ



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေက ဧည့်ခန်းဘက်ဆီ ကူးလာခဲ့သည်။ ကိုယ့်ဆိုင်ရဲ့ ကပ်စတမ်မာတွေမှာ အဖော်ပါလျှင် ထိုင်စောင့်လို့ရအောင် ပြင်ဆင် ဖွဲ့ထားပေးတဲ့ဧည့်ခန်းက အတော်ကျယ်ဝန်းပါသည်။ ဆိုင်ရဲ့ မြင်ကွင်း လှမ်းမြင်ရအောင် မှန်ချပ်တွေကာထားပေမယ့် ဆိုင်ဘက် က လှမ်းကြည့်ရင်တော့ ဧည့်ခန်းထဲမမြင်ရသည့် အညိုရောင် မှန်ချပ်ကြီးများဖြစ်သည်။ အနက်ရောင် လည်သာဆိုဖာများထို ဂငယ်ပုံစေ့ဝိုက်ချထားပေးပြီး အပျင်းပြေဖတ်ရန် ဂျာနယ်မျိုးစုံ ပြည်ပထုတ် တိုင်း(မ်)မဂ္ဂဇင်းထိ ထားပေးတာမို့ ကိုယ့်အဖော် ဘယ်လောက်ကြာကြာ မငြီးငွေ့ဘဲ စောင့်နိုင်သည့် မကြီးဝါရဲ့ အိုင်ဒီယာပင်ဖြစ်၏။ ကဲက ဧည့်ခန်းထဲခြေချပြီးမှ အင်္ဂလိပ်သတင်း စာအား သည်းကြီးမည်းကြီးဖတ်နေသော ဧည့်သည်ကြောင့်··

"ဒီမှာရှင့်"

အသံအပြုမှာပင် ရုတ်ခနဲဝိတ်ပစ်တဲ့ သတင်းစာ နောက်ကွယ်မှ မျက်နှာတစ်ခုသည်···

"ဟယ်··ရှင်"

"နေမာနလေ··မှတ်မိတယ် မဟုတ်လား"

"ရှင် ဒီကို ဘာလာလုပ်တာလဲ"

"မင်း သိပ်လှနေပါလား ကဲ"

နေမာနကို မြင်လိုက်တာနှင့် ကဲ ကျောပြင်ကနောက် မှန်တံခါးနှင့် တစ်သားတည်းကျအောင် ကပ်သွားသည်။ ပြူးထ





ပြူးစက်သွားတဲ့ မျက်ဝန်းအစုံမှ ထိတ်လန့်ခြင်းကို ဖုံးကွယ်မထား နိုင်။ ဆံပင်တွေအားလုံး နောက်လှန်ဖြီးထား၍ ဖြူဝင်းသော နေမာန မျက်နှာဟာ ရွှံ့ရှာစရာကောင်းသော အပြုံးတွေ တပ်ထား တာကို တွေ့နေရသည်။ မျက်တောင်တွေ ခပ်စင်းစင်းမှေးကြည့် တော့ ငယ်ရုပ်ပြန်ပေါ်လာပေမယ့် ကဲအတွက်တော့ ရင်ခုန်ခြင်းက အိုးအရင်ကလို မဖြစ်နိုင်တော့။

"ဆောရီး··ကိုယ့်ကိုမြင်လို့ အရှမ်းအံ့သြသွားလား ကဲ"

ကဲက မေးဖျားကိုပင့်ကာ တစောင်းလှည့်ရပ်သည့် မျက်နှာမှာ နှုတ်ခမ်းလှွာတွေကို တင်းတင်းဆွဲစေ့ပြီးမှ···

"ကျွန်မ အံ့သြရအောင် ရှင် မစွမ်းဆောင်နိုင်ပါဘူး၊ ဒါသမဲ့ သက်ထက်ကဲက ပုထုဇဉ်ပဲလေ၊ အတိတ်က တစ္ဆေကို မြင်လိုက်ရတော့··အဟွန်း ချောက်ချားသွားတာတော့ ရှိမှာပေါ့"

"ကိုယ်က မင်းအတွက် တစ္ဆေတစ်ကောင်တဲ့လား ကဲကဲရယ်၊ ပြန်စဉ်းစားပါဦး"

"ခဏလေး ဦးနေမာန"

တည်ငြိမ်အောင် စိတ်ကို ထိန်းချုပ်ပြီးတာနဲ့ ကဲ မျက်နှာ အလိုလို အေးစက်စက်ဖြစ်သွားသည်။ ကဲက နေမာနဘက် လှည့်တည့်လှည့်ရပ်တော့ အာသာငမ်းငမ်းအကြည့်တွေဟာ ကဲ တစ်ကိုယ်လုံးဆီ ရှန်ဆန်ပြေးလွှားနေပြီးမှ···

"စိမ်းကားလိုက်တာကွာ··တကယ်၊ ကဲကို တွေ့တော့ ကိုယ် နောင်တရမိတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ..ဒီမိန်းမ ထဘီနွား နိုစားရင် ငါ ဒီထက် ပြောင်ရောင်မှာပဲဆိုတဲ့ နောင်တလား"

"ကဲ"

နေမာနရဲ့ တားမြစ်ခြင်းထဲမှာ နောင်တတွေ တကယ် မွှေပိုက်ထားရသည့် လွမ်းချင်းဖွဲ့မင်းသားလို့လို့။ ကဲက ခေါင်း မော့ကာ ဟင့်ခနဲရယ်တော့ နေမာနက ထိုင်ရာမှထ၍ သူမအနား လျှောက်လာ၏။

"ကိုယ့်သမီးလေးကို သတိရလွန်းလို့ ပြန်လာတာ ကဲ"

"သမီးအကြောင်းပြပြီး နောက်ထပ် ပိုင်းဖို့ဆန္ဒတွေရှိ နေတာ ကျွန်မ မြင်နေရတယ် ဦးနေမာန၊ သွားပါတော့၊ ထပ် မပတ်သက်ပါနဲ့တော့၊ ရှင့်အဖေပြောခဲ့တဲ့အတိုင်း သမီးက ရှင်နဲ့ မပတ်သက်တဲ့သူ၊ ဒီတော့ ထွက်သွားပါ၊ ကျွန်မ မျက်နှာမှရာရာ မျက်စိနောက်အောင် ခြေရှုပ်လာမယ်ဆိုရင်တော့ ကျွန်မ ဥပဒေ အကာအကွယ် ယူရလိမ့်မယ် ဦးနေမာန"

"ဘယ်လိုအကာအကွယ်လဲပြောပါဦး သက်ထက်ကဲ"

နေမာန၏ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးရုပ်က ဘွားဘွားကြီး ပေါ်ထွက်လာ၏။ ဟိုးအရင်ကလို ရှေ့တည့်တည့် ရပ်ကာ မျက်ခုံးတစ်ဖက်ပင့်ရင်း မဲ့ပြုံးပြုံးပြနေသော နေမာနက ကဲ နှလုံးသားကို ကြင်စက်နဲ့ အတို့ခံလိုက်ရသည့်အတိုင်း ရုတ်တရက်မို့ ကြောက်ရွံ့စိတ်မွန်ကာ ကဲ ဘာမှမချေပနိုင်ချိန်မှာပဲ သူက ကဲနှင့် နီးနီးလေးသို့ ရောက်လာ၏။





"မင်းဟာ ငါ့ဘေးနားမှာ ငါးနှစ်တိတိ အုံးစက်ရာ အတူတူနေဖူးတယ်၊ ငါနဲ့ လက်ထပ်ထားတုန်းမှာ ငါ့မိန်းမအဖြစ် ဆက်ဆံတုန်းမှာပဲ ကလေးတစ်ယောက်ရတယ်"

"ရှင် တော်စမ်း နေမာန၊ ရှင့်ပါးစပ်ကို ပိတ်စမ်း"

ကဲသည် ထိုမျက်နှာကို နာကျည်းမုန်းတီးစွာကြည့်ရင်း သွားကြားထဲက လေသံသဲ့သဲ့နှင့် အေးစက်စွာပြောသည်။ နေမာန ကတော့ ကဲ ပြောသမျှ ပန်းနှင့်ပေါက်သည့်အလား။ ခေါင်းမော့ ကာ ပခုံးတွေလှုပ်တဲ့အထိ တဟက်ဟက်ရယ်၏။

"ဒါ အမှန်တရားလေ၊ မကြားဝံ့မနာသာတဲ့ အကြောင်း တွေရှိလို့လား၊ ဘယ်မှာလဲ ငါ့သမီး၊ ငါ့သမီးနဲ့ ငါ တွေ့မယ်၊ ငြိမ်းချမ်းရေးယူမယ်၊ ပြီးရင် သိပ်လှတဲ့ သမီးအမေနဲ့.."

"မပတ်သက်ဘူး၊ မဆိုင်ဘူးတွေ မင်းစိတ်ကြိုက်ရွတ်၊ အဲဒါ မင်းအပိုင်း၊ ငါကတော့ ပတ်သက်ဖို့ သက်ဆိုင်ဖို့ လုပ်သွား မှာ၊ ဘာကြောင့်လဲ..သိချင်လား၊ ငါတို့ရဲ့ ဘိုးဘွားအမွေစက မင်းဆီမှာ"

"ဘာ"

"အမွေအပြင် သိပ်လှတဲ့မင်းကို တွေ့ရတဲ့အချိန်မှာ အဟွန်..ငါပိုင်ပစ္စည်းလေး ငါ့ရှေ့ပြန်တွေ့တာနဲ့ ကောက်သိမ်း ချင်တာ ငါ့ဆန္ဒ"

"ရှင်...ရှင် လူယုတ်မာ"

ဘေးသို့ တွဲလောင်းချထားတဲ့ သက်ထက်ကဲ့လက်တွေ



www.burmeseclassic.com

www.burmeseclassic.com



က လက်သီးဆုပ်ခြင်းသို့ ရောက်လျက် သင်းအား ဘာမှမတုံ့ပြန်နိုင်။ နေမာနကတော့ မှန်တံခါးကို တွန်းဖွင့်ရင် က…

"ငါ ပြန်လာခဲ့ဦးမယ် သက်ထက်ကဲ"

နေမာန၏ စကားသံက သက်ထက်ကဲ နားစည်မှ တစ်ဆင့် သွေးကြောတွေအထဲထိ ထိုစကားဟာ ကျိန်စာတစ်စင်းလို တိုးဝှေ့ဝင်ရောက်သွားသည်။ နေမာနတို့မိသားစုလိုက် နိုင်ငံခြားထွက်သွားကာ ဟိုမှာပဲထူထောင်ထားတဲ့အိမ်ထောင်မှ ကလေးရသလိုလို ကြားခဲ့တဲ့သတင်းတွေက မမှန်ခဲ့ဘူးလား။ နေမာန ဘာကြောင့် ပြန်လာတာလဲ။ သူ့မှာ ဘာရည်ရွယ်ချက်တွေရှိလဲ။ တွေးရင်းက မထိန်းနိုင်ဘဲ သက်ထက်ကဲ မျက်ရည်တွေဟာ ပါးပြင်ကိုဖြတ်ကျော်၍ ခုန်ဆင်းသွား၏။

"သတ္တိမရှိတဲ့မိန်းမ"

နေမာနစကားက သက်ထက်ကဲကို လှောင်ပြောင်သွားသည့်နှယ်။ မျက်ဝန်းတို့ကို မှိတ်ချသော့ ဘာဆိုဘာမှမမြင်ရတဲ့ အမှောင်ထုကြီးထဲမှာ ကဲက ကူကယ်ရာမဲ့ ပြေးလွှားရင်း အတိတ်ကို ချိန်ထားခဲ့ချင်ပေမယ့် နေမာနဆိုတဲ့လူက ကဲနားကို ထပ်ကြပ်မကွာ လိုက်ခဲ့တာ အရိပ်လိုဖြစ်သည်။

ဒီတစ်ကြိမ် လွတ်မြောက်ခွင့် ရှိကိုရှိမှဖြစ်ပေမည်။

◆ ◆ ◆



## အခန်း (၅)

"ကဲကို လွှတ်ပေးလိုက်ပါတော့ သားရယ်၊ ခမျာကလေးတစ်ယောက်ရတဲ့အထိ တို့မိသားစုဝင်ကို ခံလာရတာ၊ အခုမှ ငွေတစ်ရုံပဲရှိသေး၊ တို့က ထပ်ပြီးဒုက္ခတွေပေးသလိုဆိုတော့ မကောင်းဘူး၊ မာမားတို့ မြန်မာအယူအဆမှာ သံသရာတစ်ပတ်လည်ရင် ကိုယ်လုပ်ခဲ့သမျှ ပြန်ခံစားရတာမျိုးရှိတယ်"

"ငါတို့အယူအဆကတော့ မိကဲဆိုက အကြွေးရစရာရှိလို့ ပြန်ယူတယ်ပဲ သတ်မှတ်တယ်ဟော့"

"ကိုဝဏ္ဏ…ရှင်"

ဒေါ်မိုးမခက ဘာစကားတစ်ခွန်းမှ မပြောနိုင်။ ခင်ပွန်းကွယ်ရာမှာ သားနေမာနကို နားချခြင်းမျိုးဖြစ်၍ ခင်ပွန်းက ကြားသွားခြင်းက သစ္စာဖောက်သော သူတစ်ယောက်လို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးမခကိုယ်တိုင်လည်း လူကောင်းအဖြစ်တော့ မပြောင်းလဲသေးပါ။ ငွေမြင်ရင် သုံးချင်သည်။ လှလှပပဝတ်ပြီး ကြွားကြွားမော့မော့ နေချင်သည်။ လောင်းကြေးကြီးသော ဝိုင်းတွေမှ ငွေကိုအုပ်လိုက်ချင်ပြီး ပိုကာ ကစားချင်တဲ့အာသီသက ပြင်းထန်တုန်း။ သို့ပေမယ့် မိန်းမချင်း[illegible]ချင်းစာတာရော၊ အတူနေစဉ် ကဲတဲ့အပေါ်ထားခဲ့ဖူးသော [illegible]ယောဇဉ်တွေကြောင့် ဒီသို့ဒီပုံ ငဲ့ညှာခြင်းဖြစ်သည်။

"သနားစရာမလိုဘူး၊ ငဲ့ညှာစရာမလိုဘူး မိုး"

"မဟုတ်သေးပါဘူး ကိုဝဏ္ဏရယ်၊ မိုးတို့ ပင်(န်)စီဆီကလည်း တစ်သက်စာ စားမကုန်တဲ့ လျော်ကြေးဆိုတာ ရထားပြီးပြီပဲ"

"တစ်သက်စာ··ဘာတစ်သက်စာလဲ"

"ဟိုက တိုက်အခွဲတစ်လုံးနဲ့ ကွန်ဒိုနှစ်ခန်းပေးတာများ၊ ငါလိုချင်တာက လက်ရှိစီးပွားရေးလည်ပတ်နေတဲ့ ကုမ္ပဏီတစ်ခုခု၊ ဒါမှမဟုတ် ဟိုတယ်လုပ်ငန်းတစ်ခုခုပေး၊ အခုတော့···"

ထွီခနဲ အသံထွက်၍ ခါးထောက်ကာ ဘေးဘက်သို့ တံတွေးလှည့်ထွေးသည်။ ပြီးမှ ဒီဘက်လှည့်လာတော့ မကျေနပ်ခြင်းများစွာ မြုံသိပ်ထားရတဲ့ မျက်နှာနီနီကြီးနှင့်ဖြစ်ပြီး···

"ပေးကမ်းထားတာက သူတို့အနေအထားနဲ့ အစွန်အဖျားလေးရှိတာ၊ ငါသားက သူတို့ဝှထ်သိက္ခာကို ဆယ်ပေးခဲ့ရ





အာ၊ ကလေးအတွက် အမည်ခံဖအေ လုပ်ပေးခဲ့ရတာ"

"အဲဒါတော့ ပါပါးဘက်က သားလည်း ထောက်ခံတယ်"

ဟော··ကြည့်၊ သားဖြစ်သူ နေမာနကပါ တစ်စခန်းထလာတော့ ဒေါ်မိုး သက်ပြင်းကျိတ်ရှိုက်[illegible] တတ်နိုင်တော့သည်။ စိတ်တူကိုယ်တူ လောဘကြီးတာချင်း[illegible]သော နေမာနတို့သားအဖရဲ့ လေသံထဲမှာ ဒေါ်မိုး ဘယ်လိုမှ တိုးမပေါက်တော့မှန်း သိ၍ပါ။ နေမာနက ငယ်သူမို့ တပ်မက်လောဘတွေ ပိုလွှံထွက်ကာ လမ်းကြောင်းမှားနေသည်ထားဦး၊ ဦးဝဏ္ဏမှာ မကောင်းမြစ်တားရမည့် ဝတ္တရားရှိရှိကြီးနှင့်။

"မိန်းမတစ်ယောက်တော့ ယူဖို့ အမြန်ဆုံးလိုအပ်နေပြီ နေမာန"

လွန်ခဲ့သော ဆယ်နှစ်ခန့်က ပြောတုန်းက နေမာနအသက်က နှစ်ဆယ့်နှစ်။ ကျောင်းပြီး၍ ဘွဲ့ယူခါစမို့ ဒေါ်မိုးမခကနပြောစိတ်ဖြင့်···

"ဘာတွေ ကလေးကို သင်ပေးနေတာလဲ ကိုဝဏ္ဏရယ်၊ သားက ရည်းစားထားတာပဲ ရှိသေးတာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ရေးအနှောင်အဖွဲ့တွေကြား မထည့်ပေးချင်ပါနဲ့"

"မင်း ဘာသိလဲ မိုး၊ ငါပေးတဲ့ ပိုက်ဆံကုန်ရင် ကုန်ပြီလို့ပြောရုံကလွဲပြီး စီးပွားရေးကိစ္စတွေမှာ ဘယ်လိုလှည့်ပတ်



www.burmeseclassic.com

www.burmeseclassic.com



သုံးရမလဲ မင်း မသိပါဘူး''

''သားကို မိန်းမယူနိုင်းတာ စီးပွားရေးလှည့်ကွက် လား''

''ကုမ္ပဏီထောင်မှ၊ အရောင်းအဝယ်လုပ်မှ စီးပွားရေးလို့ မင်း ထင်နေသလား မိုး''

တည့်တည့်ကြည့်ပြီး အမေးခံလိုက်ရတော့ ဒေါ်မိုးမှာ ဖြေစရာ အဖြေမရှိ။

''မသိရင် မှတ်ထား၊ သူများအိတ်ထဲကပိုက်ဆံ ကိုယ့်အိတ်ထဲရောက်အောင်လုပ်တာလည်း စီးပွားရေးပဲ၊ အခု ငါ့အမေရဲ့ အမွေတွေ ငါ့လက်ထဲရောက်ဖို့ စီစဉ်နေတာလည်း ဒါ စီးပွားရေး လုပ်နေတာပဲ''

''အဖေ့အမွေတွေရဖို့ သားက မိန်းမယူမှဖြစ်မှာလား ကိုဝဏ္ဏရယ်''

''ဟ‥ဒီမိန်းမ ဒုံးဝေးလှချည်လား၊ အဲဒီလိုလုပ်မှဖြစ်မှာ မို့ ငါ စီစဉ်နေတာပေါ့''

ဒီစကားတစ်ခွန်းနဲ့တင် နေမာနတို့ သားအဖနှစ်ယောက်ရဲ့ လက်ဝါးရိုက်အစီအစဉ်ထဲမှာ ဒေါ်မိုး ဘေးထွက်နေခဲ့ရသည်။ ကြားဖူးတာက မိသားစုထဲမှာ ဖခင်က အပြင်လူတဲ့။ သို့ပေမယ့် ဒီမိသားစုထဲမှာ ဒေါ်မိုး အပြင်လူဖြစ်နေခဲ့ခြင်းကို မနှစ်သက်ခဲ့တာ အမှန်။ ဒီလို မနှစ်သက်ခြင်းတွေ ကြားထဲမှ မိသားစုထံ သက်ထက်ကဲကို နေမာန ခေါ်ဆောင်လာခဲ့တော့လည်း မိခင်





တစ်ယောက်အနေနဲ့ ကြည်ဖြူစွာကြိုဆိုခဲ့သည်။ နေမာနက မိန်းမ ယူပြီးတဲ့အထိ အနေအထိုင်တွေ မပြောင်းလဲသေးသော သားကို သည်း တိုးတိုးတစ်မျိုး ဆုံးမခဲ့သည်။ ဒါပေမဲ့ ဦးဝဏ္ဏရဲ့ အရှိုး အခေါ်တွေနဲ့သာ ယဉ်ပါးခဲ့သော နေမာနမှာ တရားမျှတခြင်းဆိုတာ မွေးကတည်းက မပါခဲ့သည့်သန္ဓေဇ။

''သူ့ကို သား မချစ်ဘူး မာမား၊ ပါပါးစီမံကိန်းထဲ အံဝင်တဲ့ တစ်ကောင်ကြွက်မိဘမဲ့ဆိုတာ သူပဲရှိလို့ သား နိုးပြေး ခဲ့တာ''

''ဘုရားရေ‥နေမာနရယ်၊ ကြီးကြီးစည်ရာ''

အမေလုပ်သူက တအံ့တဩနှင့် ရင်ဘတ်ဖိရတဲ့အထိ ကိုယ့်သားစိတ်ဓာတ်ကို လက်မှုံးခါရသည်။

''အခု မာမား မမြင်ဘူးလား၊ အိမ်ထောင်ကျပြီး အလုပ် လုပ်ချင်တယ်ဆိုလို့ ဘိုးဘိုးက လုပ်ငန်းအားလုံးလည်း သား နာမည်နဲ့ လွှဲပေးပြီးပြီ၊ ဒီအိမ်ကြီးလည်း သားနာမည်နဲ့ ပိုင်သွားပြီ''

''အေး‥မင်းဘိုးအေရဲ့ နောက်ဆုံးဆန္ဒကို ထပ်ဖြည့် ပေးလိုက်ဦး၊ မြစ် လိုချင်သတဲ့၊ ဒီဆန္ဒပြည့်ဝရင် သူ့ရဲ့အတွင်း ပစ္စည်းတွေ မင်းဆီ အောတိုက်ပြုကျလာမှာပါ၊ ပါပါး အာမခံ တယ်''

''ဒါ အရေးကြီးတယ် ပါပါး၊ ကျွန်တော့်ဘက်က အရင်းအနှီးက ကလေးတစ်ယောက်ရအောင် မွေးဖို့ဆိုတာ လွယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမဟုတ်ဘူး၊ ဘိုးဘိုးရဲ့ အတွင်းပစ္စည်းအတိုင်းအတာကို အရင်သိချင်တယ်''

နှုတ်ဖျားကတောင် ဘုရားမတနိုင်တဲ့အထိ နေမာန့်တို့သားအဖရဲ့ စကားအသွားအလာက အံ့မခန်း။

''ကောင်းကင်က ကျောက်သံပတ္တမြားမိုး ရွာချတာထက်မနည်းစေရဘူး၊ ငါ အာမခံတယ်''

နေမာန့်တို့ သားအဖရဲ့ လက်ရည်တူအပြောအဆိုတွေထဲမှာ ဒေါ်မိုးက ဘုရားတရလွှန်း၍ မြန်မြန်နိဗ္ဗာန်ရောက်မည်ထင်သည်။ လိုချင်တာ၊ ဖြစ်ချင်တာတွေ ပြည့်ဝပြန်တော့ လောကအာတောမသတ်နိုင်။ အမွှေတွေလည်း အကုန်ရှုပြီ။ စိတ်ထင်တိုင်း သုံးဖြုန်းပစ်ပြီးမှ နောက်ခြေတစ်လှမ်းက ကလေးတစ်ယောက်အမေ သက်ထက်ကဲကို ကွာရှင်းပြီး ပင်(န်)စီနှင့် လက်ထပ်ရန်ဖြစ်သည်။

''မင်းအဘိုးလည်း မရှိတော့ဘူး၊ ဒီတော့ ဘဝတွေကို ကိုယ့်စိတ်ကြိုက် ဆေးခြယ်ကြတာပေါ့''

''သက်(ထ်)ရိုက် ပါပါ၊၊ ဒီနိုင်ငံမှာ မွေးကတည်းက နေလာရတာ ငြီးငွေ့နေပြီ၊ နိုင်ငံရပ်ခြားမှာ အခြေချမယ်၊ ပင်(န်)စီနဲ့ ဒီမှာကတည်းက လက်ထပ်သွားမယ်၊ ဟိုမှာ သားတို့မိသားစု သက်တောင့်သက်သာ နေနိုင်ရေးအတွက် ပင်(န်)စီက တာဝန်ယူမယ်တဲ့''





''မင်းဘက်က ပြန်ပေးရမှာက''

''သူ့ဗိုက်ထဲက ကလေးအတွက် အမည်ခံအဖေအဖြစ်''

''သားရယ်··မင်းဟာက''

ဒေါ်မိုး ပြောချင်တဲ့စကားတွေကို ဦးဝဏ္ဏရဲ့ အကြည့်စူးတစ်ချက်ကြောင့် ရင်ထဲသိမ်းဆည်းထားခဲ့တာ ယနေ့အထိ။ ဆယ်နှစ်ကြာခဲ့ပါပြီ။ ဖြစ်ချင်တဲ့ဘဝသစ်တစ်ခုမှာ ပျော်ပွဲကြီး နေခဲ့ပြီးမှ···

''ပင်(န်)စီက ဒီနိုင်ငံသား ခံယူလိုက်ပြီ၊ ဒီက တစ်ယောက်နဲ့ လက်ထပ်တော့မှာ၊ ကလေးရှိပြီးသား တစ်ခုလပ်နဲ့ လက်ထပ်တာ ဒီနိုင်ငံတွေအတွက် ထူးဆန်းတာမှမဟုတ်တာ၊ အဟွန်း··စိတ်မကောင်းစွာနဲ့ဘဲ နှုတ်ဆက်ရတော့မယ် နေမာန့်၊ ယူ့အခန်းကဏ္ဍက ပြီးသွားပြီ၊ မြန်မာပြည်မှာ လုပ်ကိုင်စားသောက်ခွင့်ရအောင် လျှော်ကြေးပေးလိုက်မယ်၊ ယူတို့အတွက် လုံလောက်မှာပါ''

အထုပ်အပိုးကိုယ်စီဆွဲပြီး လေယာဉ်ပေါ်တက်ကတည်းက ဒေါ်မိုး တွေးပြီးသားဖြစ်သည်။

''ငါတို့ သက်ထက်ကဲအပေါ် တင်နေတဲ့ ဝဋ်တွေလည်ပြီ''

အခုတော့ ထိုဝဋ်ကြွေးကို ကျေအောင်မဆပ်ဘဲ ထပ်၍အကြွေးသစ်ချရန် ကြံစည်ရက်သူနှင့် အကောင်အထည်ဖော်မည့်သူကလည်း ကိုယ့်မိသားစုဝင်တွေ ဖြစ်နေတာကြောင့်···



www.burmeseclassic.com

www.burmeseclassic.com



“ဖအေအမည်မပေါ်တဲ့ကလေးကို ငါတို့က အမည်ခံပြီး နေပေးခဲ့ရတာ၊ ပေးတော့ အစွန်အဖျားလေး”

“အစောကြီးကတည်းက ကျေနပ်လို့ယူပြီးမှ ကိုဝရှု ရယ်”

“သူတို့ ဒီလောက်ချမ်းသာမှန်းသိရင် ငါ ဒီလောက်နဲ့ ဘယ်ကျေနပ်ပါ့မလဲ”

“စိတ်ပူမနေပါနဲ့ ပါပါ။ အခု သက်ထက်ကဲနဲ့ ပြန်တွေ့ နေပြီပဲ၊ ပြီးတော့ လိပ်ပြာသန့်သန့်နဲ့ လူရောပစ္စည်းပါ ပြန်သိမ်းလို့ ရတယ်၊ အဘိုးရဲ့ အမွေတွေနဲ့ သူ ပြောင်ရောင်နေခဲ့တာလေ၊ ပိုင်ရှင်စစ်လို့ ပြန်တွေ့တယ်လို့ ပြောလို့ရတာပေါ့”

ကျေနပ်အားရစွာပြောရင်း နေမာနက မျက်ဝန်းမှိတ်ချ တော့ အရင်နှင့် ခြားနားသော အလှနတ်သမီးက မြင်ကွင်းထဲကို တိုးဝင်လာ၏။

နေမာနပြောရင် ဘယ်သူယုံမလဲ။ မယုံဘူးငြင်းလည်း ကိစ္စတော့မရှိ။ ကဲက နေမာနမိန်းမဖြစ်ခဲ့တာ ကာယကံရှင်တွေ အသိဆုံးဆိုရင် ဒါ လုံလောက်ပြီ။

• • •



## အခန်း (၁၀)

“ကိုကို လာကြိုမှ အသည်း ပြန်လို့ရမှာနော်၊ ကား ပေါ်ဘူး၊ မေမေနဲ့ အန်တီက မင်္ဂလာဆောင်တစ်ခု အတူတူသွား ကြတယ်”

“လာတော့ ကြိုချင်တယ်၊ ဒါပေမဲ့ အလုပ်က မပြတ် သေးဘူးကွ”

“မရဘူးကွာ၊ ကိုကို လာကြိုရမှာပဲ”

အသည်း တောင်းဆိုခြင်းကို ရန်မခ ငြင်းရန်ကြိုးစား သည်။ မကြိုပို့ပေးချင်လို့ မဟုတ်။ စိမ်းသက်လွန်းသော နယ်ပယ် တစ်ခုထဲ ခြေမချချင်၍ ဘာကိုမှ အတည်တကျ တွေးတော ခထားပေမယ့် အသည်းရဲ့ အနုပညာအသိုင်းအဝိုင်းထဲ အသည်းနှင့် ပတ်သက်သူဆိုပြီးလည်း လူစိတ်ဝင်စားတာ မခံချင်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရန်မခက အသည်း ရိုက်ကွင်းမှန်သမျှ၊ ရှူတင်မှန်သမျှ ရောင်တာများ၏။ သို့ပေမယ့် ဒီတစ်ကြိမ်တော့ ရန်မခ အကြံအစည် မအောင်မြင်ခဲ့။

"အလုပ်တွေ မပြီးဘူးဆိုရင်လည်း အန်တီခင့်ဆီသာ ဖုန်းခေါ်ပြီး ပြောပေတော့၊ အန်တီ အစီအစဉ် ချပေးသွားတာ အသည်းက ကိုကို မကြိုရင်တော့ တက္ကစီငှားပြီး ပြန်ရမှာပဲ"

"ကဲပါ အသည်းရယ်၊ ကိုကို လာကြိုပါမယ်၊ နေရာသာပြော"

အသည်း ရိုက်ကူးရေးက နာမည်ကြီးပရိစက္ကူးမို့ ရန်မခ အထူးတလည်တော့ လိပ်စာမမေးရပါ။

"ဘာကြော်ငြာမို့ ပရိစက္ကူးထဲ သွားရိုက်တာလဲ"

စပ်တော့ စပ်စုဖြစ်သား။

"ငရုပ်ဆီကြော်ငြာ"

"ဟင်..ငရုပ်ဆီနဲ့ ကလေးတွေ ဘာပတ်သက်လို့ တုန်း"

"ဟာ..ကိုကိုကလဲ၊ ပစ်ကနစ်ထွက်တာမျိုး ရိုက်တာ၊ ကလေးသရုပ်ဆောင်တွေလည်း ပါတယ်၊ အသည်းက အဲဒီ ကျောင်းရဲ့ ဆရာမ"

ကိုယ် မသိမီတဲ့ လုပ်ငန်းမို့...

"သြော်..ဟုတ်လား"

အသည်းစကားကို ထောက်ခံရသည်။ ရန်မခ ထိုနေရာ





သို့ ရောက်သွားတော့ အသည်းက ရိုက်ကွင်းပေါ်မှာရှိနေခဲ့။ ရန်မခ နှိုရာ လက်လှမ်းပြုပြီး ဒါရိုက်တာညွှန်ကြားသမျှ သရုပ်ဆောင်နေတာမို့ ရန်မခက အားလုံးနဲ့ဝေးရာ ကားပါကင်မှာပဲ ကားထိုးထား စောင့်နေသည်။ ကိုသက်ကတော့ ဒါမျိုးမြင်ကွင်းသာ အနီးအပ်တွေ့ရလျှင် ကောင်းလိုက်တဲ့ကုသိုလ်လို့ ချီးကျူးမှာ အသေအချာ။

"မင်းကလည်း စိတ်ကလေး နည်းနည်းဝင်စားကြည့်မေးပါ၊ လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက်က ရှူတင်ဆို စပ်စုချင်ကြမှာပဲ၊ မင်းကျမှ"

"ကျွန်တော်က ရှားရှားပါးပါး တစ်ယောက်တည်း ဘျန်တဲ့လူလို့ သဘောထားပေါ့"

ရန်မခ ပြန်ပြောတော့ ကိုသက်မှာ ရှုံ့ချခြင်းတွေနဲ့ မွှေစောင်းစောင်းကြည့်ရင်း..

"မင်းက ရန်မခဖြစ်ဖို့ မကောင်းဘူး၊ ရန်ခဆိုပြီးဖြစ်ရမှာ"

ကိုသက် အပြောကို ကြားယောင်ပြီး ရန်မခ နှုတ်များမှာ ပြုံးရိပ်ထင်သည်။ ဒီလောက်ချောလှပြီး အောင်မြင်မှုတွေရနေတဲ့ ဆယ်လီဘရစ်တီကိုတောင် စိတ်မဝင်စားပါဟု ထပ်ပြောလျှင် ကိုသက်တို့ ဒီထက် မဲ့ရွဲ့ကိန်းတွေရှိလာနိုင်သည်။ ရန်မခက တောင်စဉ်ရေမရ အတွေးတွေထဲ မျောချင်တိုင်းမျောနေရာမှ နားထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာတဲ့ ခြေသံတဖျတ်ဖျတ်နှင့် ပေါ်တီကိုအောက်မှာ ထိုးရပ်တဲ့ မိနီဘတ်(စ်)ကြောင့် ပတ်ဝန်းကျင်ကို အကဲခတ်ရန် အခုမှသတိရသည်။

"နင်တို့ ကျောင်းကားလာပြီ ဘောဘီ"

"ငါ သွားတော့မယ်၊ နင့်ကိုရော လာမကြိုသေးဘူးလား မေမခ"

"မေမေမှ မလာသေးတာ၊ မခ ဒီနားကပဲ စောင့်တော့မယ်"

ရန်မခ ပတ်ဝန်းကျင်မှာ စိတ်ဝင်စားချင်စရာ အသံစူးစူးလေးတွေကြောင့် ကားနောက်ကြည့်မှန်ဆီ ရန်မခ အကြည့်ရောက်သွား၏။ ရောက်တဲ့နေရာမှာပဲ အကြည့်တန့်သွားတာ အကြာကြီး။ ကျောင်းယူနီဖောင်း ဖြစ်ဟန်တူသည့် အဖြူရောင်လက်ဖောင်းဝေါ နက်ပြာရင့် ဒေ့(စ်)ကုတ် ထပ်ဝတ်ထားသည်။ ဘာဂျာစကတ်ကလည်း နက်ပြာကိုမှ ဇာနားတပ်ခြေအိတ်နှင့် အနက်ရောင်လေဒီရှူးစီးထားသည့် မေမခ။ ပျောက်ဆုံးနေသော အဖိုးတန်ပစ္စည်းတခုခု ပြန်တွေ့သလို ရန်မခ အားရဝမ်းသာပြုံးရင်း ဒတ်(ရှ်)ဘုတ်ထဲထည့်ထားနေကျ သူမ ကားလေးကို ထုတ်ယူပြီးမှ ကားတံခါးဖွင့်ဆင်းသည်။

"ဟော့··မီးမီး"

ရန်မခ ခေါ်သံကြား၍ မေမခက သူ့ထံ ဆတ်ခနဲလှည့်





ကြည့်တော့ ချိုစောင်းမှာ နှစ်ဖက်ခွဲချည်ထားသည့် ဆံပင်လေးတွေက ပလုတ်တုတ် ခါသွားသည်။

"ဦးဦး"

ရင်ဘတ်ရှေ့ ကျောပိုးအိတ်ကြိုးကို လက်မနှစ်ဖက်နှင့်ဆောက်ကာ ပြောပုံက ဝမ်းသာအားရနှင့်။ ရန်မခက မီးမီးအနားလျှောက်သွားရင်း···

"မီးမီးက ဒီမှာ ကျောင်းတက်တာလား"

"ဟုတ်၊ ဦးဦးက မီးမီးဆီ လာလည်တာလားဟင်၊ မီးမီးကားလေးရော"

"ဒီမှာလေ"

"ဟေး"

"ဒီမှာ မီးမီးကား"

ရန်မခက မီးမီးရှေ့ ဒူးထောက်ထိုင်ရင်း ကားလေးကမ်းပေးသည်။ မေမခက ကားလေးကို ရင်ခွင်ထဲပွေ့ထားရင်း··

"ဦးဦးနာမည် မီးမီး မသိသေးဘူးနော်"

"မီးမီးက မှတ်ဉာဏ်ကောင်းသားပဲ"

ရန်မခက သမီးလေးရဲ့ပါးကို ဖွဖွလေးနာအောင်လိမ်၍ ပြုံးလိုက်၏။

"ဦးဦးနာမည်က··"

"သမီးရေ··မေမခ"



www.burmeseclassic.com

www.burmeseclassic.com



ဝေါ်တီကိုဆောက် ရပ်နေသော ဆရာမက လှမ်းခေါ်တာကြောင့် ရန်မခတို့နှစ်ဦးစလုံး ချာခနဲလှည့်ကြည့်သည်။

"ဟိုမှာ..သမီးမေမေကား လာနေပြီ"

ကျောင်းဝင်းထဲဝင်လာတဲ့ ရွှေသို့ရောင် မီနီဆလွန်းလေး မေမခက ချက်ချင်းရန်မခရှေ့မှာ ထိုင်ချပစ်ရင်း ပုန်းလျှိုးကွယ်လျှိုး လုပ်ကာ...

"ဦးဦးပုန်းနေပါတ် မီးမီးကိုပြော"

"ဦးဦးပုန်း"

"အင်းလေ၊ မီးမီးတို့ သူငယ်ချင်းတွေ ဖြစ်ပြီ၊ ပုန်းပြောကြမယ်၊ မေမေ မသိအောင်ပေါ့"

ရန်မခမှာ ထက်မြက်ပါးနပ်လွန်းသော ကလေးကို သဘောလည်းကျသလို အရွယ်နှင့်မလိုက်အောင် ထိန်းချုပ်ခံနေရသည့် မီးမီးကို ရန်မခ သနားကြင်နာစွာပင်ကြည့်ရင်း ပုန်းနံပါတ် ပြောပြလိုက်သည်။

"အိုခေနော်..ဦးဦး၊ မီးမီး ညကျ ဖုန်းဆက်လိုက်မယ်"

ရန်မခနှင့် အချိန်းအချက်လုပ်ပြီး နေရာက မေမခ လှစ်ခနဲပြေးထွက်သွားရန် ပြင်ပြီးမှ..

"ဦးဦး မထနဲ့ဦးနော်၊ ပုန်းနေ၊ မေမေ တွေ့သွားရင် မီးမီး အဆူခံရမှာ"

ရန်မခ ကလေးအလိုကျ ခေါင်းညိတ်စက်ပုကာ ပုန်းနေ





ရတာ မကြီးမငယ်နှင့် မလုပ်သင့်မှန်းသိပေမယ့် သူ့ကြောင့် ကလေးကို အဆူမခံစေချင်တာ စေတနာပင်ဖြစ်၏။ မြင်တွေ့ သိုက်တိုင်း စမတ်ကျ၊ စတိုင်ကျလှသော ကလေးအမေက ဒီတစ်ခါတော့ အညိုနုရောင် လက်ပြတ်လည်ဟိုက်၊ ဂါဝန်က ဒူးဖုံးရုံကို ခါးနားမှာ အနီရောင်ခါးပတ်ပြားကြီးပတ်ထားသည်။ ဒေါက်ချွန်ချွန် ကြိုးသိုင်းဖိနပ်နှင့် ကျော့ရှင်းလှသော သူမသည် ကလေးဆရာမနှင့် ရယ်မောနှုတ်ဆက်ရင်း ကလေးကို ကားပေါ်တင်ကာ သူမ ကိုယ်တိုင် ကားမောင်းထွက်သွားတဲ့အထိ ဘေးဘီဝဲယာအား အကဲမခတ်၊ အကြည့်မဝေ့ခဲ့။

"ဟိတ်..ကိုကို၊ ဒါ ဘာလုပ်နေတာလဲ၊ ကုန်းကုန်းကွကွနဲ့"

"အသည်း"

နောက်နားက ပခုံးလာတို့လေကာမှ ရန်မခက ဝေးကွာပြီဖြစ်တဲ့ ကားလေးဆီမှ အကြည့်လွှဲဖြစ်သည်။ အသည်းက သူကြည့်ရာကို လည်လေးတဆန့်ဆန့်နဲ့ လိုက်ကြည့်ရင်း...

"ခုနက ကလေးလေးတစ်ယောက်နဲ့ စကားပြောနေတာ တွေ့လိုက်သားပဲ၊ ကိုကိုနဲ့ သိလို့လား"

ရန်မခက ထိုင်ရာမှ မတ်တပ်ထရပ်ရင်း ဒီတိုင်းချထားသော ဆံပင်ရှည်ပေါ် ထပ်ဆောင်းလာသည့် ဦးထုပ်လျှာအား ဟိုဒီဆွဲလှည့်ရင်း..



www.burmeseclassic.com

www.burmeseclassic.com



"အင်း‥သိပါတယ်၊ အသိမို့ နှုတ်ဆက်နေတာ
အသည်းကိစ္စ ပြီးပြီလား"

"ပြီးပြီ၊ ပြန်ကြမယ်၊ အသိရေ‥အဝတ်အစားတွေ
မကျန်ခဲ့စေနဲ့၊ အားလုံးပါအောင် သိမ်းနော်"

အသည်းက အဖော်ပါလာတဲ့ ကလေးမလေးကို လှမ်း
အော်ပြီး ကားထဲဝင်ထိုင်သည်။ ပြီးတော့ ရန်မခရေ့မှာ ဘာမှ
မထူးခြားသလို မှန်ဝိုင်းလေးထုတ်ကာ သူမမျက်နှာကို ဘယ်ညာ
လှည့်ကြည့်နေသည်။

"ကလေး လာကြိုတာ သူ့အမေလားမသိဘူးနော်
ကိုကို"

"အင်း‥ဟုတ်မှာပေါ့၊ ကိုယ်က ကလေးနဲ့ပဲသိတာ
သူ့အမေတော့ မသိဘူး"

ပြောပြီး ပခုံးတွန့်ပြကာ ကားစက်နှိုးသော ကိုကို့မျက်နှာ
ကို အသည်းက အကဲခတ်ကြည့်သည်။ ကိုကိုက ကလေး
ချစ်စနိုးနှင့် စကားတွေထိုင်ပြောနေပုံကို အသည်း အဝေးက
ကြည့်တာနှင့်တောင် ရင်းနှီးနွေးထွေးနေမှန်း သိသာလွန်းလှ
အစက ရှိးရိုးပဲထင်ထားမိပေမယ့် ကလေးကိုလာကြိုတဲ့ ကားထဲ
မှ ကိုကို့မျက်ဝန်းတွေက ထိုကားပေါ်မှ ဆင်းလာသည့်မိန်းမ
တစိုက်မတ်မတ် ပါသွားခဲ့တာ ဘာသဘောလဲ။

"ကိုယ့်လူရှိရင် လက်ထပ်ပြီးတဲ့အထိတောင် ထိန်း





ရတာမျိုး သမီးရေ၊ ဒီခေတ်က အပျိုတွေခေတ် မဟုတ်တော့ဘူး၊
ယောကျ်ားတွေက ဆွဲအားပြင်းတဲ့ အအိုတွေမှ သဘောကျတာပ်မက်
ကြတာမျိုး၊ မာမီတို့ကတော့ ဒါမျိုးဆို နောကျေနေပြီ၊ မာမို့သမီး
လေးက အစိမ်းသက်သက်မို့ ပြောပြတာ"

တိုက်ဆိုင်မှုလား၊ ဘာလားမသိပေမယ့် မာမီရဲ့ပြော
သောစကားက ကိုကို့ကို ရည်ညွှန်းလေသလားမသိ။ အသည်း
စိတ်ထဲမှာ ဝန်တိုစိတ်ဖြင့် သွေးတွေ ပွက်ပွက်ဆူလာတာက
တစ်ကိုယ်လုံးရှိ အရေပြားတွေ တဖျစ်ဖျစ်မြည်ကာ လောင်ကျွမ်း
ခြင်းကို ခံစားရတော့မတတ်အထိ ဖြစ်သည်။ သည်းမခံနိုင်သည့်
အဆုံး အသည်းက မှန်ထဲပေါ်နေသော ကိုယ့်မျက်နှာကိုပြန်ကြည့်
ရင်း ကြည်လင်စွာပြုံးပြလိုက်၏။

"လာကြိုတဲ့သူက အရမ်းလန်းတယ်နော် ကိုကို၊
ကလေးလေးကလည်း ချစ်စရာလေး၊ အဲဒီအစ်မရဲ့ ယောကျ်ား
ကတော့ ကံကောင်းတာပဲ၊ မိန်းမချောလည်းရထားတယ် ချစ်စရာ
ကလေးလေးလည်း ရှိတယ်ဆိုတော့‥"

"လောကမှာ ကံကောင်းတဲ့ ယောကျ်ားတွေ အများကြီး
ရှိတယ် အသည်း"

ပြောပစ်လိုက်ပြီးမှ ရန်မခအသံက မာဆတ်ဆတ်ဖြစ်နေ
မလားဟု သတိထားကာ စိတ်ကို လျှော့ချပစ်ရသည်။ ရန်းကြွ
လာတဲ့ မစ္ဆရိယစိတ်က ကိုယ်မေ့နေသော အရာတစ်ခုကို ပြန်ခံနဲ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထုတ်ခံလိုက်ရသလို။ ဟုတ်သားပဲ··ရန်မခ မေ့နေတာဖြစ်မည်။ ဒီကလေးနဲ့ ဒီအမေမှာ ပိုင်ဆိုင်သူ ယောကျ်ားရှိရမည်ဆိုတာ ရန်မခ ဘာကြောင့်မတွေးပစ်ခဲ့တာပါလိမ့်။

ရန်မခ တွေးကြည့်တော့လည်း နမြောတာလိုလို ဘာလို လိုနှင့်။ မင်း ဘယ်သူ့ကို နမြောလည်း ရန်မခ။

• • •



## အခန်း (၁၁)

''ဦးဦးနာမည်က ရန်မခ··ဟုတ်လား၊ အဟိ··မီးမီးနဲ့ တူတယ်နော်၊ မီးမီးက မေမခ''

သမီးရဲ့ အိပ်ခန်းဝရောက်နေတဲ့ သက်ထက်ကဲ ခြေလှမ်းတွေက အလိုလိုရပ်တန့်သွား၏။ မီးမီးသူငယ်ချင်းထဲ ဦးဦးဆိုသော အမည် ရှိခြင်း၊ မရှိခြင်းကို သက်ထက်ကဲဦးနှောက်က အပြေးအလွှားစဉ်းစားသည်။

''မီးမီးသူငယ်ချင်းနဲ့ ဖုန်းပြောမလို့ မေမေ''

သမီးက သက်ထက်ကဲထံမှာ ခွင့်တောင်းပြီး ကဲထံမှ ဖုန်းတောင်းသွားသည်။ ကဲကတောင် ပြောမိသေးသည်။

''တစ်အိမ်လုံး ဒီသားအမိ နှစ်ယောက်တည်းရှိတာ၊ မေမေ တီဗီကြည့်တဲ့နားမှာပဲ ပြောပါလားသမီးရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟွန့်··မေမေက မီးမီးဆီ အာရုံရှိတာလည်းမဟုတ်ဘဲ နဲ့၊ အိပ်ခန်းထဲမှာပဲ သွားပြောမယ်"

သမီးကပြောတော့ ကဲက အသာတကြည် ခွင့်ပေးမိတာ ပါ။ အခါတိုင်းလည်း မီးမီးက သူ့ကျောင်းမှ သူငယ်ချင်း တွေ ဒီလိုပဲ တွေရာလေး··ပြောနေကျ။ ကဲကိုယ်တိုင်ကလည်း တီး ချန်နယ်(လ်)ပြောင်းကြည့်ရင်း ဖက်ရှင်လိုင်းနှင့် တိုးပြီဆို ထမင်း ဟင်းမေ့ဖြစ်တတ်တာ သဘာဝ။ အခုတော့ သက်ထက်ကဲတို့ သားအမိကြား သဘာဝမကျတာတွေ ဖြစ်လာပြီဟု ထင်သည်။

"မေမေ့နာမည်က ဒေါ်သက်ထက်ကဲ၊ ရှင်··ဖေဖေ လား ဖေဖေ့နာမည်ကတော့ မီးမီး မသိဘူး"

နားထောင်နေရင်း ကဲမျက်ခုံးတန်းလေးတွေ ဆတ်ခနဲ ကျုံ့သွားရသည်။ ဒါ ဘယ်သူလဲ၊ မီးမီးသူငယ်ချင်း မဟုတ်တာ တော့ သေချာသည်။

"မီးမီးမှ ဖေဖေ မရှိတော့ဘူး ဦးဦးရဲ့၊ ဟင့်အင်း မီးမီး မသိဘူး၊ မမေးရဲပါဘူး၊ မေမေ စိတ်ဆိုးမှာ၊ မေမေနဲ့ မီးမီးနှစ်ယောက်တည်းရှိတာ၊ မီးမီးက မေမေ့ကို အရမ်းချစ်တော့ မေမေ စိတ်ဆိုးအောင် မလုပ်ရဲဘူး"

သမီးလေးရဲ့အဖြေစကားက သက်ထက်ကဲရင်ထဲ ဆူး တစ်ချောင်း သပ်လျှိုရိုက်သွင်းခံရသလို။ အောင့်မျက်နှာကြင်ကာ အသက်ရှူပါ မဝချင်တာ ဒေါသကြောင့်ဖြစ်သည် ဒီလူ ဘယ်သူ





လဲ၊ ဘာကြောင့် ကလေးစိတ်ဒုက္ခရောက်အောင် တမင် အမေ့ခံ အားသောက်စွတို့အား တစ်စချင်းဆွဲထုတ်နေတာလဲ။ မေးခွန်းရဲ့ နောက်မှာ သက်ထက်ကဲရဲ့ဒေါသက ယိမ်းထိုးကပ်ပါလာ၏။ သမီးအခန်းထဲကို ကဲက အခန်းထဲ ခြေလှမ်းကျဲကြီးတွေနှင့် ဝင်လာခဲ့သည်။ ရုတ်တရက် ကဲကို တွေ့လိုက်ရသော သမီးက ကြောက်တာရော၊ အံ့သြတာရောနှင့် မျက်လုံးလေးပြူးကာ ကြောင် အက်တက်ဖြစ်နေချိန်မှာပဲ ကဲက သမီးလက်ထဲမှ ဖုန်းကို ဆွဲယူ နားထောင်ပစ်လိုက်တာဖြစ်သည်။

"ဆောရီး··ဦး သိချင်တာတွေ များသွားတယ်၊ မီးမီးက သိမှာပါတယ်၊ မေမေ့ကို ပိုသိတတ်ပြီး ပိုစိတ်ချမ်းသာအောင် ထား ကြားလား၊ ဦးနဲ့ခင်တာကိုလည်း မေမေ မသိစေ··"

"ဒီမှာ"

တစ်ဘက်က အော်ပစ်သောအသံက မကျယ်ပေမယ့် ရန်မခနားနားကပ် မိုးကြိုးပစ်ချလိုက်သလို။ နာစည်အထိ တုန်ဟီး သွားတာကြောင့် ရန်မခ ရုတ်တရက်လန့်သွားတာတော့ ဝန်ခံရ ပါမည်။

"ရှင် ဘယ်လိုလူလဲ"

"မဟုတ်ဘူး သက်ထက်ကဲ၊ ကိုယ်က သမီး အဖော် ရအောင်"

"မလိုဘူး၊ ရှင်နဲ့ ကျွန်မ နာမည်တွေ တပ်ခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နာမ်စားတွေ သုံးနေရအောင်လည်း မရင်းနှီးဘူး၊ ရှေ့ဆက် ပတ်သက်စရာအကြောင်းလည်း မရှိဘူး''

''ကျစ်··မဟုတ်သေးဘူး၊ ကိုယ်က သမီးကို မြင်မြင် ချင်း''

''မလိုဘူးလို့ ကျွန်မ ပြောထားပြီးပြီနော်၊ သူများ အိမ် တွင်းရေးကို စပ်စုတတ်တဲ့ ယောကျ်ားရဲ့အဆင့်အတန်းက ဘာလဲ ဆိုတာ ဖော်ပြပြီးသားပဲ၊ ရှင် နောက်ထပ် သမီးနဲ့ မပတ်သက် ပါနဲ့''

ကဲက အနိုင်ပိုင်းပြောပြီး ဖုန်းချကာ သမီးဘက်လှည့်ရုံ ရှိသေး၊ ဖုန်းမြည်သံ ထွက်ပေါ်လာတာ ထိုလူ့ဆီမှဖြစ်ကာ···

''ရှင် လူစကားနားမလည်ဘူးလား''

ဒေါသတွေနှင့် တုံ့ပြန်သော ကဲအသံဆုံးအောင် သူ နားထောင်နေပြီးမှ···

''မင်းမှာ ရှိခဲ့ဖူးတဲ့ဒဏ်ရာတွေကြောင့် ယောကျ်ားတွေနဲ့ မပတ်သက်ချင်တာလို့ ကို ထင်တယ်''

''ရှင့် ထင်မြင်ယူဆချက်တွေကို ကျွန်မ စိတ်ဝင်စား ဘူး''

''ဒါပေမဲ့ ဆုံးအောင်တော့ နားထောင်ပေးပါ၊ နေက အပူဓာတ်ပေးတာချင်း တူပေမယ့် နွေရာသီမှာ ဘာကြောင့်ပိုပူ သလဲဆိုတဲ့ အကြောင်းပြချက်တွေရှိတာပဲ၊ နေကိုမြင်တိုင်း ပူတယ်





နော်ပြီး ဆောင်းကျမှ နေကို တမ်းတတာမျိုးလည်းရှိတာပဲ၊ ပြောချင်တာက ပူလောင်ခြင်းဆိုတာ အမျိုးအစားကွဲပြားမှုတွေနဲ့ အကျိုးပြုတယ်လို့ မင်း သိစေချင်တာမျိုးပါ၊ ဗွတ်နိုက်ပါ သက်ထက်ကဲ''

ဒီတစ်ကြိမ်တော့ ဖုန်းကိုင်ပြီး ငေးငိုင်ကျန်ရစ်သူက ကဲ ကိုယ်တိုင်ဖြစ်သည်။ အမျိုးအစားကွဲပြားတဲ့ ပူလောင်ခြင်းက အကျိုးပြုတာလည်း ရှိသေးသည်ပေါ့။

ဟွန်း··ဒင်းပြောမှပဲ နေကမ္ဘာပေါ်တက်ပြီး သွားရောက် နေထိုင်ရတော့မလိုလို။ လူဆိုတာ ဒီလိုပါပဲ။ ကိုယ်ပူမှ ပူမှန်း သိတဲ့ သတ္တဝါတွေ။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"မေမေ"

"ဟင်··သမီး"

"ဒါ ဘယ်သွားနေတာလဲ၊ မီးမီးတို့ အိမ်အပြန်လမ်းလည်း မဟုတ်ဘူး"

သမီးက ကားပြတင်းပေါက်မှနေ၍ ပတ်ဝန်းကျင်ကို ခေါင်းလေးရမ်းနေအောင် စူးစမ်းသည်။ ပြီးမှ မေးခွန်းထုတ်တဲ့ သမီးကိုကြည့်ရင်း ကဲ ဘာပြန်ဖြေရမှန်းမသိ။ နောက်ကြည့်မှန်မှ လှမ်းကြည့်တော့ လိုက်ထရက်အဖြူရောင်ကားက ကပ်ပါလာဆဲ။ ကားမောင်းသူဘေးမှ ထိုင်နေတဲ့လူဟာ ကဲအမုန်းဆုံး နေမာန ဆိုသည့် လူဆိုတာ သမီးကို ပြောပြမနေတော့ပါ။

"ငါ ပြန်လာခဲ့မယ်"





ကဲ မျက်နှာကို စေ့စေ့ကြည့်ပြီး ကြိမ်းဝါးသွားသည့် နေမာနကို သတိရတော့ ကဲ ကျောရိုးတစ်လျှောက် စိမ့်ခနဲဖြစ်သွားတာ ကြောက်စိတ်ကြောင့်မဟုတ်ဘဲ သမီးလေးအတွက် စိုးရိမ်စိတ်ကြောင့်ဖြစ်သည်။ လူမဆန်သော စိတ်ဓာတ်ရှိသည့် နေမာနဟာ အညွန့်တလူလူတက်နေသော သမီးလေးရဲ့ အနာဂတ်ကို ဖျက်ဆီးပစ်မှာ သက်ထက်ကဲ သိနေသည်။

"မင်းနဲ့ငါ ငါးနှစ်တိတိပေါင်းခဲ့တာ၊ အဟွန်း··ငါနဲ့ ပေါင်းတုန်းက ရခဲ့တာ ငါ့သမီးမဟုတ်လို့ ဘယ်သူ့သမီးလဲ၊ ကလေးမွေးခဲ့တုန်းက မှတ်တမ်းတွေထဲ ပြန်ကြည့်လိုက်၊ ကလေး အဖေက ငါ၊ ဒါကြောင့် မင်းနဲ့ငါ ကွာရှင်းတာတွေ၊ ပြတ်စဲတာ တွေက အရေးမပါတော့ဘူး၊ အော်မနေနဲ့၊ မင်း မောမှာစိုးလို့ ပြောတာ"

သက်ထက်ကဲ အလုပ်လုပ်သည့်ဆိုင်ကို ဖုန်းဆက်ပြီး နေမာန ခြိမ်းခြောက်တာမျိုးလည်းရှိသည်။ ကဲ သွားလေရာ နောက်ယောင်ခံလိုက်ကာ နေမာနက သူ လိုက်မှန်းသိအောင် သူ့မျက်နှာကို ကဲ မြင်အောင် တမင် တပြပြလုပ်တာမျိုးလည်း ရှိသည်။ သမီးကို ကျောင်းပို့ထားချိန်ကတော့ နေမာန ဘယ် လောက်လိုက်လိုက် ကဲအတွက် ပြဿနာမရှိ။ အခု သမီးပါ အပေါ်ပါလာချိန်မှာတော့ ကဲက နေမာနလို လူအရိုင်းအစိုင်းနှင့် တွေ့ချင်။ ပြီးတော့ အိမ်တန်းပြန်သွားလျှင်လည်း လူကြီးသူမ



www.burmeseclassic.com

www.burmeseclassic.com



မရှိသော ကဲအိမ်မှာ ကိုယ်သာလျှကြီးမို့ နေမာနအတွက် အထ အတားဆိုတာ မရှိနိုင်။

"ခင်း အိမ်ကို သိသွားလို့ မဖြစ်ဘူး"

ထိုအသိစိတ်ကြောင့် သက်ထက်ကဲ လီဗာကို ဖိနှ သည်။ ဝေါခနဲပြေးထွက်သော ကားက မီးဝါကို ပြေးဖြတ်သည် နောက်ကြည့်မှန်ထဲမှာ လိုက်ထရက်ကလည်း ရိပ်ခနဲ မီးပွိုင့် ဖြတ်လာတာ မြင်တာကြောင့်…

"ကျစ်…ဒုက္ခပဲ"

"မေမေ့"

သမီးခေါ်သံကြောင့် သက်ထက်ကဲ အခုမှ စိတ်နှ ပြန်ကပ်သည်။

"ဘာလဲ မီးမီး"

"မီးမီး မေးတာလည်း မဖြေဘူး၊ အိမ်ကိုမပြန်ဘဲ ဘ လုပ်နေတာလဲ၊ မှောင်လာပြီ၊ မီးမီးလည်း ဗိုက်ဆာပြီ"

"အေးပါ သမီးရယ်၊ မေမေလည်း အိမ်ပြန်နေပါ တယ်"

"မေမေ လမ်းပျောက်နေလားဟင်၊ ဒါမှမဟု နောက်က လူဆိုးတွေ လိုက်လာလို့လား"

မီးမီးက ကူရှင်ပေါ် ဒူးထောက်ထကာ ကားနောက်ဘ ဆီ လှည့်ကြည့်သည်။ မေးပုံက တကယ့်လူကြီးလေးလိုမို့ ထ ဘာပြန်ဖြေရမှန်းမသိ ဖြစ်နေ၏။





"ငြိမ်ငြိမ်ထိုင်နေစမ်း မီးမီး"

သမီးကို သက်ထက်ကဲ လှည့်အော်တော့လည်း မျက်နှာ သံလေးနဲ့ ထိုင်ချတာ စိတ်မကောင်းစရာ။ ကဲက သက်ပြင်း ကာ သမီးခေါင်းလေးကို ဖွဖွလှမ်းပုတ်လိုက်၏။

"မေမေက ကားကို မြန်မြန်မောင်းနေရတာဆိုတော့ မီးက ငြိမ်ငြိမ်ထိုင်နေမှ ဖြစ်မှာပေါ့၊ မီးမီး ဗိုက်ဆာပြီဆို၊ ဒါကြောင့် အိမ်မြန်မြန်ရောက်မှဖြစ်မှာ၊ အိမ်ကျရင် မီးမီးအကြိုက် ကြက်သားကို ဟင်းရည်နဲ့လူးပြီး ကြော်ကျွေးမယ်…အိုခေ"

"အို…ခေ"

သမီးက လက်မထောင်ရင်း သက်ထက်ကဲကို ပြုံးပြုံး လေး ပြန်ပြော၏။ အဖမဲ့ခဲ့သောကလေးမို့ သမီးကို ကဲ အသက် ထက်ကို ပိုချစ်သည်။ ကဲ အသက်ထက် ပိုဂရုစိုက်သည်။ လသံမာမာနှင့်တောင် မဆူရက်ခဲ့တာ သမီးမျက်နှာညှိုသွားမှာ စိုးပါ။ ဒီအမေနဲ့ ဒီသမီးပဲရှိတာမို့ မီးမီးကလည်း ကဲ မျက်နှာ ရိပ်အကဲကို သိသည်။

မအေ မျက်နှာနွမ်းသွားရင်တောင် လွှပ်ရှားမှုတွေ ဖျာခနဲ ကျသွားတာမျိုးမို့ သမီးကို အရွယ်နှင့်မလိုက်သော စိတ်ပိမ်းမှုတွေ ဲ မပေးချင်တာ မိခင်ရဲ့စေတနာပါ။ ကဲက နောက်မှ ပ်ပါလာသော ကားကိုကြည့်ကာ ဂီယာပြောင်းထိုးပြီး ရှိန်တင်သည်။ ရှေ့လမ်းကွေ့ကိုမြင်တာနဲ့ အချက်မပြဘဲ ဝေါခနဲ



www.burmeseclassic.com

www.burmeseclassic.com



ကွေ့ဝင်တာ ယာဉ်စည်းကမ်းဖောက်ဖျက်မှုန်းတော့ သိသည်။

သို့ပေမယ့် နေမာနလက်က လွှတ်မြောက်ရန် အရေးကြီး ၏။

"ဒုန်း"

"အ"

မညီညာသောလမ်းသွယ်မို့ ကတ္တရာလမ်းပေါ်မှ ဆင်း ဆင်းချင်းပဲ သက်ထက်ကဲရဲ့ကားက ချိုင့်ခွက်ထဲ ကားဦးထိုး သည်။ သမီးလေးထံမှ ညည်းညူသံ ထွက်လာသဖြင့် ကဲ ဖျတ်ခနဲသာ ငဲ့ကြည့်လိုက်၏။

"ကိုင်ထား မီးမီး၊ လမ်းက မညီဘူးဆိုတော့ ကို ထားမှရမယ်"

ဖုထစ်တွေ၊ ခဲတွေနှင့် မညီညာသောလမ်းမို့ ချိုင့်ခွက် ကုန်းကမူတွေရှောင်ရင်းက တင်ထားသော ကားအရှိန် လျော့ သွားချိန်မှာပဲ...

"ဝေါ..ဂျိမ်း"

မြည်သံမျိုးစုံပေး၍ ကျော်တက်သွားသော လိုက်ထရ သည် ကဲတို့ကားရှေ့ရောက်အောင် ဖုန်တထောင်းထောင်း မောင်းသွား၏။ ကဲ ကားမှန်ရှေ့သို့ ဖုန်တွေ အလုံးအရင်းလို တိုးဝင်လာတာမို့ သတိထားမောင်းရသည့်အဖြစ်ကနေ ဖုန် ထဲမှ ရုတ်တရက်တိုးထွက်လိုက်၏။





"ကျွီး"

သက်ထက်ကဲ အလန့်တကြား ဘရိတ်ကို ဆောင့်နင်း င်ရသည်။ ကဲ ကားရှေ့မလှမ်းမကမ်းမှာ ရပ်ထားတဲ့ လိုက်ထ တ်တာ ကန့်လန့်ဖြတ်ကြီးမို့ လမ်းပိတ်ရပ်ထားသည်။

"မေမေ..ရှေ့မှာ"

"အေး..အေး၊ ကားပေါ်မှာပဲနေ မီးမီး၊ မေမေ ခဏ င်းလိုက်ဦးမယ်"

သက်ထက်ကဲ မဆင်းလို့မဖြစ်တော့။ ကားဘေးနားမှာ ါးထောက်ရပ်နေတဲ့ နေမာနဟာ ဒီဘက်ဆီလာဖို့ ခြေလှမ်းပြင်နေ ။ ကဲ မြေပြင်ပေါ် ခြေချမိတာနှင့်..

"ညနေခင်း နတ်သမီးပါလား"

နေမာန၏ စူးစူးရဲရဲအကြည့်နှင့် လှမ်းပြောတဲ့အသံဟာ တဲ့တဲ့။ ကဲက ပတ်ဝန်းကျင်ကို အကြည့်စေ့ပြီးမှ ရင်ထဲ ချုံးပွဲချ စ်ချင်တဲ့အထိ စိတ်ညစ်သွားသည်။ လမ်းကဆိုးရသည့် အထဲ ကြည့်လေရာမှာ ကန်သင်းရိုးဖြတ်တွေနှင့်၊ အိမ်ဆိုတာ လည်း ဲသာသာတွေ့ရပြီး ဟိုးအဝေးကြီးမှာ။ ကဲက ကားဆီ မ်းကြည့်တော့ ဒတ်(ရှ်)ဘုတ်ကို လက်နှစ်ဖက်နှင့် စုံကိုင်ကာ တိပြူးကြောင်လေး ငေးနေသော သမီး။

စိတ်တင်းပြီး ဒီဘက်ပြန်လှည့်သည်။ မင်းသားရှုံး သာက်အောင် အမြဲ ကော့ကျော့နေတဲ့ နေမာနဟာ ညနေစောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာတောင် စပို့ရှပ်အနီရဲရဲပေါ် ဂျာကင်တစ်ထပ် ထပ်ဝတ် ထားကာ ဘောင်းဘီဖြူထဲ လက်စုံနှိုက်ရင်း ကဲထံလျှောက်လာ သည်။ ကဲက ကားဦးခေါင်းနားမှာ ဗိတ်ရပ်ကာ သမီးကို ဒင်... မြင်သွားမှာစိုးနေ၏။

"ဒါ ဘာလုပ်တာလဲ နေမာန"

"ငါ့သမီးကို လာတွေ့တာ"

"တွေ့ရောမလိုတူးလို့ ရှင့်ကို ကဲ ဘယ်နှခါပြောရ မလဲ"

"မင်း ငါပြောတာ မရှင်းသေးဘူးနဲ့တူတယ်"

သက်ထက်ကဲက ကြွေရောင်တောက်နေသည့် အဖြူ... ရောင်အင်္ကျီက လည်ပင်းကို ဖိုရှိတ်ဟိုက်ထားပေမယ့် မရိုင်းပါ... လက်မောင်းရင်းနားမှာ လက်စည်းထားသဖြင့် အင်္ကျီလက်ဖောင်... က ခါးတင်ရုံဖြစ်၏။ ဒူးဖုံးစကတ်က အဖြူစွတ်စွတ်ကိုမှ ပင်(... ဆယ်ပဒိုး(လ်)အဖြူနဲ့ တွဲဝတ်ထားတာမို့ ညမှောင်လာလေ... သူမအလှက ပို၍တောက်ပလာလေလေ။ နေမာန်က ချပ်က... နေသည့် အဝတ်အစားအောက်မှ ရင်သည် ရင်အတိုင်း၊ ခါးသည်... ခါးအတိုင်း တစ်ကိုယ်လုံး မို့မောက်ရှိုက်ဝန်းခြင်းအားလုံး... အာသာငမ်းငမ်းနှင့် သိမ်းကျုံးကြည့်၏။

"ထပ်ပြောရဦးမှာလား သက်ထက်ကဲ၊ မင်း နားထ... ချိုတယ်ဆိုရင် အတိတ်က မင်းနဲ့ငါ့အကြောင်း ဘယ်နှခါပြော... ငါ ပြောနိုင်တယ်၊ မမောဘူး၊ အဲဒါ သေချာတယ်"





"ကျွန်မဘက်ကလည်း သမီးကို ရှင်နဲ့ ပေးမတွေ့နိုင် ...ူး အဲဒါ သေချာတယ်"

"လုပ်ကြည့်လိုက်လေ၊ မင်း သေချာသမျှ အရည်ပျော်ဖို့ ... ဒီနေ့ ဆုံးဖြတ်ထားပြီးသား"

နေမာန်က နောက်လှည့်ကာ လက်ရိုပ်ပြသည်။ ဒီတော့မှ ...တ်ထရက်ကား နောက်ခန်းမှ တဖြုတ်ဖြုတ်ခုန်ဆင်းလာတဲ့ ...ကျားလေးယောက်။ ကြည့်နေရင်း နေမာန်ရဲ့ရည်ရွယ်ချက် ...ို ကဲ သဘောပေါက်သွားကာ မျက်လုံးဝိုင်းသွားသည်။

"ရှင် ဘာလုပ်တာလဲ နေမာန"

သက်ထက်ကဲ အမေးစကားကို ကားစက်ဖုံးပေါ် လက် ...န်ထောက်ရင်းမေးတော့ နေမာန်က နှုတ်ခမ်းတွန့်ကာ မချိုမချဉ် ...ပြုံးသည်။ ခါးထောက်ကာ ကဲကို ပြန်ကြည့်သောမျက်ဝန်းတွေက ...အစက်စက်ဖြစ်နေသလောက် နှုတ်ခမ်းတွေပြုံးနေတာက မုန်း ...ရော။

"မင်းကို ခွင့်ဘောင်းတယ်၊ မင်းဘက်က မလိုက်လျော ...ရင် ငါ့ဘက်က ကြိုတင်ပြင်ဆင်ထားပြီးသား"

"ရှင် အဓိပ္ပာယ်မရှိတာ နေမာန၊ ဒီမှာ ရှင်တို့ ရှေ့ဆက် ...တိုးနဲ့နော်"

ကဲက နေမာန်နောက်မှ လူတွေကို လှမ်းအော်ရင်း သမီး ...ရှိရာဘက်ဆီ လှည့်ပြေးသည်။ ဘာဆက်လုပ်ရမှန်းမသိသည့်



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှာ သမီးကို ကာကွယ်ရန်အရေးအကြီးဆုံး။ ကားတံခါးနား မရောက်ခင်မှာဘဲ…

"သက်ထက်ကဲ‥မင်း"

နေမာန၏ အံကြိတ်ခေါ်သံနှင့် သက်ထက်ကဲနောက်မှ လက်ကို ဆောင့်ဆွဲခံလိုက်ရတာကြောင့် ရည်ရွယ်သည့်နေရာကို ခြေလှမ်းတွေက မရောက်ဘဲ တုပ်နှောင်မိသွား၏။

"ရှင်‥လွှတ်‥လွှတ်စမ်း နေမာန"

"မင်း ရန်းလည်း မထူးဘူး သက်ထက်ကဲ"

နေမာနက သက်ထက်ကဲ လက်မောင်းရင်းမှ ဆောင့်ဆွဲကာ ကဲ နား၊နားသို့ အေးစက်စက်လေသံဖြင့် ကပ်ပြော၏။

"ဟောကောင်တွေ‥ကလေးကို ခေါ်"

"အို…ကလေးကို မထိနဲ့"

"မေမေ့‥မေမေ့‥မီးမီး ကြောက်တယ်၊ မေမေ့ကို လွှတ်ပေးပါ၊ အီး‥ဟီး"

ကားတံခါးဖွင့်တာနဲ့ သမီးရဲ့ငိုသံက စိခနဲထွက်လာ သည်။ ငိုသံကြောင့် ရှန်းကန်တာတွေရပ်ပြီး သမီးရှိရာ သက်ထက်ကဲ လည်ပြန်လှည့်ကြည့်သည်။

"မီးမီး"

သမီးမျက်နှာလေး ရဲတွတ်လျက် မျက်ရည်တွေ ပိုးဖိုး ပေါက်ပေါက်ကျနေသော သမီးဟာ ခေါ်ချီတဲ့သူတွေနောက်





တွန်းထိုးရင်း ပါသွား၏။

"အီး‥ဟီး‥လွှတ်၊ မီးမီးကို လွှတ်၊ မေမေ‥မီးမီးကို ခေါ်ပါ၊ မီးမီး ဒီလူကြီးကို ကြောက်တယ်"

"မေမေရှိတယ် သမီး၊ မငိုနဲ့နော်၊ ဘာမှမဖြစ်ဘူး သမီးရဲ့ နော်"

သမီးကို အပြေးအလွှား သွားချော့ချင်ပေးမယ့် ကဲမှာလည်း ချုပ်နှောင်ခံထားရ၍ စိတ်သွားတိုင်း ကိုယ်မပါနိုင်။

"ဒါ ပြန်ပေးဆွဲမှုနော် နေမာန၊ အခုချက်ချင်း ကျွန်မတို့ သားအမိကို လွှတ်ပေးပါ"

သက်ထက်ကဲ ဘေးနှစ်ဖက်သို့ ယောကျ်ားနှစ်ယောက် ထပ်ရောက်လာပြီး ကဲကို နေမာနလက်ထဲမှ လွှဲပြောင်းပြီးခေါ်ကာ လက်မောင်းရင်းမှ ချုပ်ထား၏။ နေမာနက အားလုံးကို ကားပေါ် ဆွဲတင်သွားရန် လက်ရိပ်ပြ၏။

"ကိုယ့်မိန်းမနဲ့ သမီးကို အိမ်အလည်ခေါ်တာပဲ၊ ဘာ ပုဒ်မနဲ့ တရားစွဲမလဲ၊ ငါ အားလုံးစီစဉ်ပြီးမှ လုပ်ခဲ့တာပဲ၊ နေမာန အကြောင်း မင်း သိပါတယ်၊ ဘာမဆို အကွက်ကျကျ ပြင်ဆင် ထားတတ်တယ်ဆိုတာ"

"ရှင်‥လူယုတ်မာ"

နာကျည်းစိမ်းကားစွာပြောမည့် စကားတွေဟာ ငိုချင် စိတ်ကြောင့် လည်ချောင်း၀ ဆို့နင့်သွားသည်။ ဒီလူမိသားစုအဖ



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် သက်ဆင်းမိပါက ကဲအတွက် လွတ်မြောက်ရန် လမ်းစမမြင်တော့။ ကဲနဲ့ သမီးအတွက် ကူကယ်ရာမဲ့ပြီလား။

"ဟော့ကောင်တွေ..ကားခေါင်းထဲ ထည့်ခေါ်သွားမယ် ကျော်ခန့်၊ မင်း သူ့ကားမောင်းပြီး နောက်ကလိုက်ခဲ့"

နေမာန [illegible]ကားသံက ကဲအတွက် ကမ္ဘာပြိုသံလို၊ နားထဲပြင်းထန်စွာ မြည်ဟီးသွားချိန်မှာ ကားတစ်စီးအရှိန်ပြင်းစွာ မောင်းလာသံကို ကြားလိုက်ရ၏။

"ဝေါ"

"ရှူး"

လမ်းထဲ ဝိုက်ကွေ့လာသောကားသံက ကဲ မေးဖျားလေး ပခုံးမှာထောက်အောင် ငုံ့ကြည့်တော့ ဖွေးခနဲစူးရှတဲ့ ကားမီးတန်းကြီးနဲ့အတူ ကားက သက်ထက်ကဲကားဘေးနားမှာ ခေါင်းထွက်ကာ ရပ်ရင်း မေးလာသူက ရန်မခ။

"ဘာတွေဖြစ်နေတာလဲ သက်ထက်ကဲ"

"ဦးဦး"

◆ ◆ ◆



## အခန်း (၁၃)

ရန်မခရဲ့ မေးသံ၊ သမီးရဲ့ ဝမ်းသာအားရ အော်ခေါ်သံ နောက်မှာ နေမာန ခြေလှမ်းတွေအားလုံး တုံ့သွားသည်။ ရန်မခရဲ့ ကားတံခါးဖွင့်သံ ပိတ်သံတွေက တိတ်ဆိတ်သောလမ်းသွယ်ထဲ ကမ္ဘာပျက်တဲ့အလား၊ ကျယ်လောင်စွာ မြည်ဟီးသွား၏။

"ကလေးကို အောက်ချပေးပါ"

"ဦးဦး သမီးကို ခေါ်ပါ၊ မီးမီး ကြောက်တယ်၊ မေမေ့ကိုလည်း သူတို့ ဖမ်းထားကြတယ်"

သမီးက သနားစဖွယ် အော်ဟစ်နေ၏။ သမီး မေမေခ အနားသို့ ရန်မခ ဘယ်လိုအမြန်နှုန်းနှင့် ရောက်သွားမှန်းမသိ။

"ဟော့ကောင်"

ကလေးချီထားသောသူရဲ့ပခုံးကို ရန်မခ နောက်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလှည့်သည်။ မီးမီးက ဒီဘက်လှည့်တာနဲ့ ရန့်မခရင်ခွင်ဆီ လက်ကမ်းသည်။ ရန့်မခ ဆွဲချီရန် လက်အလှမ်းမှာပဲ လမ်းတစ်ဝက်မှာ ရန့်မခလက် ပုတ်ထုတ်ခံလိုက်ရ၏။

"မင်းက ဘယ်သူလဲ"

မခိုးမခန့်အပြုံးနှင့် မေးလာသော နေမာန့်မျက်နှာကို ရန့်မခ စူးခနဲ စိုက်ကြည့်သည်။ စစ်ချိုပုံမောင်းသံတွေ မြည်ဟီး နေသည့် နေမာန့် မျက်ဝန်းနှင့် ရန့်မခ အကြည့်စူးချင်း ဆုံသွား၏။ ဘယ်သူမှ အကြည့်ကို မလွှဲ။

"ငါ ဘယ်သူလဲ မမေးခင် မင်းလုပ်ရပ်တွေက တရားဥပဒေနဲ့ ငြိစွန်းနေတာကို မင်း မသိဘူးလား"

"တရားဥပဒေ··ဟား··.··ဟား··ရယ်ရတယ်"

နေမာန့် ခါးထောက်ကာ ခေါင်းမော့ရယ်သည်။ ပြီးမှ ရန့်မခထံ ပြန်စိုက်ကြည့်သော မျက်ဝန်းတွေက မလိုလားခြင်း၊ ရန့်လိုခြင်းတွေနှင့် စိမ်းသက်နေ၏။

"ငါ့မိန်းမနဲ့ ကလေး ပြန်ခေါ်တာ တရားဥပဒေနဲ့ ငြိစွန်းသတဲ့လား၊ မင်းသာ ဟိုဘက်နည်းနည်းတိုးရပ်လိုက်၊ အပွန်း··သူများမယားခိုးမှုနဲ့ ထောင်နှုတ်ခမ်းနင်းပြီ"

"ရှင် မဟုတ်တာ မပြောနဲ့နော် နေမာန"

စူးခနဲထွက်လာသော သက်ထက်ကဲအသံကြောင့် ရန့်မခက နောက်သို့ငဲ့ကြည့်သည်။ ယောက်ျားရင့်မှာ နှစ်ယောက်ချုပ်ထားသည့်ကြားထဲ သက်ထက်ကဲမျက်ဝန်းတွေ လက်တောက်နေ





သလောက် ငိုချင်စိတ်ကို ထိန်းထားရသဖြင့် သူမမျက်နှာက အရောင်ရင့်နေသည်။ ကဲက ရန့်မခထံ အကြည့်တစ်ချက်ရောက်သွားပြီးမှ ဖျတ်ခနဲ ပြန်လွှဲရင်း နေမာန့်မျက်နှာကို စိုက်ကြည့်လိုက်၏။

"ရှင်နဲ့ကျွန်မ ကွာရှင်းထားတာ သုံးနှစ်ကျော်ပြီ နေမာန၊ ရှင်နဲ့ မပတ်သက်တာလည်း ကြာပြီ၊ ဒါ ရှင့်သမီးဆိုပေမယ့် ကျွန်မတို့ ကွာရှင်းပြီးသား၊ ကလေးကို အုပ်ထိန်းခွင့် ကျွန်မရပြီးသား"

"သက်··ထက်··ကဲ··မင်းက"

နေမာန ရှူးရှူးရှဲရှဲထဖြစ်ကာ အံကြိတ်သံနှင့် သက်ထက်ကဲ အမည်ကို ခေါ်သည်။

"ကိုင်း··ခင်ဗျားမိန်းမရဲ့ သဘောထားကို ကြားရပြီးပြီပဲ၊ ကွာရှင်းတာ နှစ်ချီကြာထားတဲ့သူကို ဖနိုးလိုဆက်ဆံမရတဲ့ ဥပဒေတွေရှိတာ ကျုပ် ထပ်ရှတ်ပြရမလား၊ ဒါမှမဟုတ် ဒီနယ်မြေရဲ့ နယ်မြေမှူးခေါ်ပြီး ရှင်းခိုင်းရမလား"

"ဘာ··မင်းက ငါ့ကို"

"သဘောပြောပြတာ"

ရန့်မခက ပခုံးစုံတွန့်ရင်း ပြုံးလိုက်ပုံက မထီတရိ။

"တရားဥပဒေအတွင်းက ရှင်းမယ်ဆိုလည်းရတယ်၊ ခင်ဗျားရပ်နေတဲ့နေရာကသာ နည်းနည်းနောက်ဆုတ်လိုက် အိုခေ"

ဘောင်းဘီအိတ်ထဲ လက်စုံနှိုက်ရင်း အေးအေးစွာပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com


ရန်မွှခမျက်နှာကို နေမာန မီးတောက်သောမျက်ဝန်းတွေနဲ့ စူးစိုက်ကြည့်သည်။ ယောကျ်ားတန်မဲ့ အရှည်ထားသော ဆံပင်တို့အား နောက်နားဆီ ခပ်မြင့်မြင့်စည်းထား၍ ထူတန်းသောမျက်ခုံးတွေ ဆတ်ခနဲ ကျုံ့လိုက်တိုင်း ရန်မခမျက်နှာက လူရှိန်ချင်စရာရုပ် ဖြစ်သည်။ ရန်မခ၏ ဝင်းစိုနေသော အသား၊ ထွားကျိုင်းသည့် ခန္ဓာကိုယ်၊ မြင့်မားသည့် အရပ် အားလုံးက တော်ရုံဖျားသွားစေမည့် မျက်ဝန်းတွေနှင့် ခမ်းနားတင့်တယ်နေပုံကို နေမာန တစ်ချက်ကြည့်၏။ ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်သည့်ရုပ်မျိုးဆိုတာ မမေးဘဲနှင့် သိသည်။

"တောက်"

နေမာနထံမှ ခပ်ကျိတ်ကျိတ် တက်ခေါက်သံနှင့် သက်ထက်ကဲကို မလွှတ်ချင်လွှတ်ချင် လွှတ်လိုက်၏။

"လာ··မီးမီး၊ ဦးဆီကို"

ရန်မခက သမီးငယ်ကို ခပ်တည်တည် လှမ်းခေါ်လိုက်၏။

ဒီတစ်ကြိမ် လှမ်းချိတော့ သမီးက အနှောင့်အယှက်ကင်းစွာ ရန်မခဆီ ရောက်လာ၏။ မီးမီးက ရန်မခပေါ်ရောက်တာနှင့် သူ့လည်ပင်းကို လက်နှစ်ဖက်နှင့် သိုင်းဖက်ကာ ပါးအိအိလေးဖြင့် ရန်မခပါးပြင်ကို လာကပ်ထား၏။

"ဦးဦးက သိပ်တော်တာပဲ"

တိုးတိုးလေး ကပ်ပြော၏။ ရန်မခ သမီးပါးလေးကို မွှေးနမ်းရင်း ကြောင်ရပ်နေသည့် သက်ထက်ကဲနားလျှောက်သွားတာ သူ့မလက်ဖျားလေးကို လှမ်းဆွဲယူလိုက်၏။

"ဆံရာ"

နေမာန တပည့်တွေက ဆရာဖြစ်သူကို ခွင့်တောင်းဟန်နှင့် နေမာနကို လှမ်းခေါ်သည်။

"တောက်"

နေမာနထံမှ ပြင်းထန်တဲ့ တက်ခေါက်သံ ရန်မခနောက်ကျောမှ ထွက်လာပြီး··

"လွှတ်ပေးလိုက်"

မတတ်သာ၍ ပေးလိုက်ရသော နေမာန၏ အမိန့်ဖြစ်သည်။ ရန်မခက သက်ထက်ကဲလက်ကိုပါ ဆွဲခေါ်ကာ သူ့ကားနားရောက်လာ၏။

"ကိုယ့်ကားနဲ့ပဲ လိုက်ခဲ့တော့နော်"

လှပသော သက်ထက်ကဲမျက်နှာလေးကို ငုံ့မိုးပြီးပြောလာသော ရန်မခအသံက ကရုဏာအသံမှန်း သိသာသည်။

ကဲက ရန်မခကို ဖျတ်ခနဲမော့ကြည့်ပြီးမှ ရီဝေသော၊ မြတ်နိုးခြင်းတွေပါသော ထိုမျက်ဝန်းရဲ့အမိန့်တွေကို လွန်ဆန်ရန် အင်အားမရှိတော့ဘဲ ခေါင်းညိတ်ပြီးမှ···

"ကျွန်မ ကားကို"

"ရတယ်၊ ကိုယ့်ဆော်ဒါကို လာယူခိုင်းလိုက်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



သမီးနဲ့အတူ ရှေ့မှာထိုင်လိုက်''

ရန်မခကိုယ်တိုင် ကားတံခါးဖွင့်ပေး၍ ကဲကို အရင်ဝင်ထိုင်စေပြီးမှ မီးမီးကို ကဲပေါင်ပေါ်ပွေ့တင်ပေးသည်။ ကားတံခါး ပြန်ပိတ်ပေးပြီး ကားခေါင်းမှပတ်ကာ မောင်းသူဘက် သို့သွားတဲ့အထိ နေမာနက မျက်တောင်မခတ် လှမ်းကြည့်၏။

''ဟော့··ဒီမှာ၊ မင်းနှာမည် ပြောခဲ့လို့ရမလား၊ ခင်ချင်တဲ့စိတ်ကြောင့် မေးတာမဟုတ်ဘူးနော်''

''ရန်မခတဲ့··မှတ်ထား၊ ကျုပ်ကတော့ ခင်ဗျားနာမည်မေးရတဲ့အထိ မညံ့သေးဘူး''

''ဟော့ကောင်''

ရန်မခထံမှ တွတ်ခတ် ခတ်ခံလိုက်ရ၍ နေမာန ဒေါသစိတ်က ငယ်ထိပ်ဆီ ရှူးခနဲ ဆောင့်တက်သည်။ သို့ပေမယ့် မတတ်သာဘဲ အံကြိတ်နေရတဲ့အဖြစ်။

သက်ထက်ကဲတို့သားအမိကို တင်သွားသည့် ရန်မခကားက ဝေါခနဲ အသံပေးရင်း နေမာန နားက ပွတ်ကပ်ဖြတ်ကျော်သွား၏။ ကားကို လည်ပြန်အောင်လိုက်ငေးရင်း အံကြိတ်လိုက်၏။

''နေမာန မညံ့ကြောင်း မင်း သိစေရမယ် ရန်မခ''

◆ ◆ ◆



## အခန်း (၁၄)

''သမီးကို ဒီမှာပဲ ပေးခဲ့ပါ''

''မဟုတ်တာပဲ၊ ဒီမှာ မီးမီးက အိပ်ပျော်နေပြီ၊ ပြီးတော့ မင်း ဒီတိုက်ကိုတက်ရမှာ အမြင့်ကြီး၊ သမီးနဲ့ ဘယ်လိုတက်မှာလဲ''

ရန်မခ သမီးကိုချီရင်း သက်ထက်ကဲဘက် လှည့်ပြောသည်။ ကန့်ထရိုက်တိုက်တွေမို့ မိုးထိအောင် ဆောက်ထားသော အထပ်မြင့်တွေထဲမှာ သက်ထက်ကဲတို့သားအမိက ဘယ်အထပ်မှာနေမှန်းမသိပေမယ့် ကလေးကိုချီပြီး လှေကားထစ် မတ်မတ်ကြီးတွေ ဖြတ်ကျော်တက်ရမည့်အလုပ်က မလွယ်။ ထို့ကြောင့် ကလေးလည်း အိပ်ရေးမပျက်စေ၊ သူမလည်း သက်သာပါစေဆိုသော စေတနာနှင့် ရန်မခ ပြောလိုက်ခြင်းဖြစ်ပေမယ့် သက်ထက်ကဲပုံစံက သူ့စကားကို နားခံလိုရိပ်မပြ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ..ရန့်မခ"

ရှေ့သို့ ပြင်ထားသော ရန့်မခ ခြေလှမ်းတွေက သ
ထက်ကဲထံမှ သူ့နာမည်ခေါ်သံကြောင့် ရပ်သွား၏။

"ဘာပြောမလို့လဲ သက်ထက်ကဲ"

ခက်ထန်ပြတ်သားသော သက်ထက်ကဲကြောင့် ခြေလှ
တုံ့သွားကာ ရန့်မခနောက်သို့ လှည့်ကြည့်ရင်း မေးသည်။ မြင်
ကျ သက်ထက်ကဲ မျက်ဝန်းတွေက အေးစက်စက်ဖြစ်နေ
ရန့်မခဆီ လက်ကမ်းကာ...

"ကလေးကို ပေးပါ"

အကြည့်ချင်း ဆုံသွားသည်။

အလျှော့မပေး၍မဖြစ်သည့် အနေအထားဖြစ်မှန်းသိ
သူ့စိတ်ကို ရန့်မခ လျှော့ချလိုက်၏။

"ကိုယ်က"

"ဒီမယ်..ရှင် ကျွန်မကို ဘယ်လိုအတန်းအစား
ထင်လဲ"

"ဗျာ"

တင်းမာစွာမေးလိုက်သော သက်ထက်ကဲမေးခွန်းကြေ
ရန့်မခ ကြောင်အသွားသည်။ သက်ထက်ကဲက ကလေးချီ
ဆန့်တန်းထားသော သူ့မလက်ကို ပြန်ရုပ်၍ ရင်ခွင်ထဲ တင်းတ
ဝိုက်ထားရင်း..





"ဟုတ်တယ်လေ၊ ကျွန်မတို့သားအမိ အခက်အခဲကို
ရှင်ကူညီတယ်၊ ရှုံ့ခေါ်တဲ့နောက် လိုက်ရတယ်၊ ရှင်ကျေးသမျှ
စားရတယ်"

"ကိုယ်ခေါ်သွားတယ်ဆိုတာလည်း မီးမီး အရမ်း
ကြောက်နေလို့ အပြောင်းအလဲတစ်ခုအနေနဲ့ စားသောက်ဆိုင်ကို
ခေါ်သွားတာပါ၊ ပြီးတော့ မီးမီးက ဗိုက်ဆာနေတာဆိုတော့"

"ရှင် ကလေးကိုချည်း အကြောင်းမပြပါနဲ့"

ကဲက ခပ်ဆတ်ဆတ်လေး ပိတ်အော်၍ ရန့်မခ ဘာမှ
ပြောနိုင်ဘဲ ကလေးအမေလှလှကိုသာ ပြန်ကြည့်နေမိ၏။

"တကယ့်စေတနာနဲ့ ကူညီတယ်ဆိုရင် ကျွန်မ ကျေးဇူး
တင်နေတဲ့ စိတ်ထားလေးမပျောက်ခင် ဒီနေရာက လှည့်ပြန်
သွားတော့၊ ပေး..ကျွန်မ သမီးကို"

ဒီတစ်ကြိမ်တော့ လက်ကမ်းရုံတင်မဟုတ်ဘဲ သက်
ထက်ကဲက သမီးလေးကို ချိုင်းအောက်မှ မ,ချီကာ လက်လွှဲ
ယူသွား၍ သူ ညင်သာစွာ လွှတ်ပေးလိုက်၏။

"ဒီည ဖြစ်ပျက်ခဲ့သမျှအတွက် ကျေးဇူးပါ၊ ဒါပေမဲ့
နောက်ထပ်ပတ်သက်ဖို့ မကြိုးစားပါနဲ့၊ ရှင့်ကို ပွဲလန့်တုန်းပျာခင်း
တဲ့လူလို့ ကျွန်မ မထင်ချင်ဘူး"

ပြောပြီး နေရာက ချာခနဲ လှည့်ထွက်သွားပေမယ့်
သက်ထက်ကဲရဲ့ ပစ်ပေါက်သမျှ စကားတိုင်းဟာ ရန့်မခ အသွ



www.burmeseclassic.com

www.burmeseclassic.com



အသားထဲအထိ စူးနစ်စေသော အဆိပ်လူးမြားတွေဖြစ်သွား ရန့်မခ နေရာမှမရွေ့။ ဘောင်းဘီအိတ်ထဲ လက်နှိုက်ရင်း ည မာနမင်းသမီးရဲ့ ကျောပြင်လှလှလေးကို ရင်မောစွာစူးစိုက်ကြ ရင်း…

"သက်‥ထက်‥ကဲ"

ရန့်မခ ခေါ်သံကြောင့် သူမ ခြေလှမ်းတော့ ရပ်သွ သည်။ ဒါပေမဲ့ တမ်းတခြင်းဖြင့် ငေးကြည့်ချင်သောမျက်နှ နောက်သို့ လှည့်မလာဘဲ ကျောခိုင်းလျက်သားဖြစ်၏။

"မင်းကို တစ်ခုသိစေချင်လို့ပါ၊ ပြောပြမလို့၊ ကိုယ် လန့်နေတဲ့ပွဲကြား နေရာဝင်ယူချင်တဲ့ အချောင်သမားမဟုတ်ပါ အဲဒီပွဲလေးကို ငြိမ်းချမ်းစေချင်တဲ့ စေတနာနဲ့ ကာကွယ်ပေးချင် သူပါ နေရာဆိုတာကလည်း လုယူတိုင်းရတာမျိုးမဟုတ်ဘဲ ရင် က မေတ္တာအခြေခံရှိရင် အလိုလိုရလာမယ့် နေရာမျိုးကိုပဲ တန်ဖိုးထားတယ်ဆိုတာ သိစေချင်လို့ပါ၊ ဖွတ်နိုက် သက်ထက် မင်းကားသော့ကို မင်းအခန်းရှေ့မှာ ထားခဲ့တယ်လို့ ကောင်လေ ပြောတယ်၊ သိမ်းသွားလိုက်ပါဦး"

ရန့်မခဆိုတဲ့ လူရှေ့မှာ သမီးကိုပွေ့ချီပြီး လှေကား တွေအတိုင်း ဟန်မပျက် တက်လာရပေမယ့် ရင်ထဲတုန်လှုပ်နေ တော့ ကဲ လိမ်ညာမရ။ ရန့်မခရဲ့ ကောင်လေးက ကဲအခန်း မှာ ကားသော့ထားခဲ့သည်ဆိုတော့ ကဲ အခန်းကို အလိုလိုနေရင်





သိသွားမှာမလွဲ။

ပထမလှေကားတစ်ဆစ်ချိုး ဆုံးတာနဲ့ သံပန်းအဖြူတပ် သော သက်ထက်ကဲအခန်းကို လှမ်းမြင်နေရသည်။ ဒီတိုက် စဝယ်ကတည်းက ပထမအထပ်ကို ဈေးကြီးပေး၍ ကဲ ယ်ခဲ့ခြင်းဟာ အတက်အဆင်းလွယ်ကူရန်အတွက်ပါ။ ကဲက န်းရှေ့ပတ်လည်ကို သေချာအောင် ရန့်မခကောင်လေး ထား သွားသည်ဟုဆိုသော ကားသော့ကို အပြေးအလွှားရှာပေမယ့် တွေ့။

"သော့နဲ့တူတာ ဘာမှလဲမတွေ့ပါလား၊ ဘုရားရေ"

သံယန်းသော့ ဖွင့်ရင်း သံသယစိတ်က သက်ထက်ကဲ ရင်သို့ စူးခနဲဝင်ရောက်သည်။ သူမတို့ သားအမိကို စားသောက် ဆိုင်ခေါ်သွားပြီး စေတနာဟန်ပြနှင့် ကျွေးမွေးရင်း ကားတစ်စီးလုံး ပျောက်ဖျက်သွားပြီလား။ အတွေးတွေနဲ့ ပူထူရင်း အခန်းထဲ ခြေချတော့ ခြေသုတ်ခုံအောက်က ခပ်တောင့်တောင့်အရာတစ်ခုကို င်းမိသည်။ ကဲက သမီးကို ချီလျက်သားနှင့် ထိုင်ချကာ ခြေသုတ်ခုံကို လှန်ကြည့်တော့ တွေ့ရသည့် ကဲရဲ့ ကားသော့ လေးက ထူပူနေသော သူမကို လှောင်ရုတ်ပြောင်ပြနေသည့်နှယ်။

"သြော်‥ငါ့နှယ်၊ ကြည့်စမ်း‥သူများကို ထင်ပစ်တာ ကြင်ချင်း စွပ်စွပ်စွဲစွဲ"

အခုမှ ရင်ထဲ အေးခနဲဖြစ်သွားပြီး လူက ပြုံးနိုင်ရယ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်။ ကားသော့ကောက်ပြီး ပြန်မတ်တပ်ရပ်ကာ သံပန်း တံခါး ပြန်ဆွဲပိတ်ခြင်း၊ အတွင်းတံခါးတစ်ထပ် သော့ဖွင့်ခြင်းတို့ရဲ့ လှုပ်ရှားမှုကြောင့် ပခုံးပေါ်ပါးအပ်ပြီး အိပ်ပျော်နေသော မီးမီးထ လူးလွန့်နိုးလာ၏။

"မေမေ့"

"အေး‥မေမေ ရှိတယ်လေ"

"ဦးဦးရော"

သမီးက အိပ်ချင်မပြယ်သေးသော မျက်လုံးတွေကို လက်ဖမိုးနှစ်ဖက်ဖြင့် စုံပွတ်ရင်း မှောင်နေသောညှို့ခန်းထဲ မြေ အချမှာ မီးမီးက မေးသည်။ ကဲက အတွင်းနံရံရှိ မီးခလုတ်ကို ဖွင့်တော့မှ တစ်ခန်းလုံး မီးချောင်းအရောင်ဖြင့် လင်းလင်းရှင်းရှင်း ဖြစ်သွား၏။ မီးမီးကို ချီထားရာမှ အောက်ချပေးတော့ သမီးက လင်းရှင်းသွားသော ညှို့ခန်းထဲ ဝေ့ကြည့်သည်။

"ဦးဦးက မီးမီးတို့ကို အိမ်အထိ လိုက်မပို့ဘူးလားဟင် မေမေ"

သမီးက သက်ထက်ကဲ လက်ဖဝါးကို ဆွဲခါရင်း မော့ ကြည့်ပြီးမေး၏။ သမီးကို ကရုဏာသက်စွာ သက်ထက်ကဲထ ငုံ့ကြည့်သည်။ ကိုယ်မွေးထုတ်ထားတဲ့သမီးမို့ ဒီမျက်ဝန်းတွေထဲ ဘာကို တောင့်တနေသလဲဆိုတာ သိတာပေါ့။ လူသူမသိစေသော သက်ပြင်းတစ်ရှိုက်အား ကဲက ရင်ဘတ်လေးမို့အောင် ရှိုက်သွင်း





း သမီးခေါင်းလေးကို ဖွဖွပွတ်လိုက်၏။

"ဒီအောက်အထိ ရောက်တယ် မီးမီးရဲ့၊ မေမေ ပြန်လွှတ် တာ၊ မှန်လည်းကျွေး၊ အိမ်ပေါ်အထိ မီးမီးကို ချီပို့ရတယ်ဆို မ်းအားနာစရာ ကောင်းနေမှာပေါ့"

"ဦးဦးက ဒီတိုက်အောက်အထိ လိုက်ပို့တာ တကယ် ။"

"အေး‥တကယ်ပေါ့"

မီးမီးက တခြားစကားတွေ စိတ်မဝင်စားနိုင်တော့ဘဲ တ်ခနဲလှည့်ပြေးကာ ဆိုဖာပေါ်ပြေးတက်သည်။ ပြတင်းပေါက် ွကို ကျောမှီကာ ဆိုဖာတွေချထားသဖြင့် မီးမီးအရပ်နှင့်ဆို ဖာပေါ် ဒူးထောက်ကာ ကျောမှီပေါ်မေးဖျားတင်ကြည့်တာနဲ့ အောက်ကို မြင်ရ၏။

သံပန်းတွေသာ အမြဲသော့ခတ်ပိတ်ထားပြီး မှန်ပြတင်း ပေါက်တွေဖွင့်ထားတာမို့ သမီးအတွက်တော့ အန္တရာယ်မရှိပါ။ ို့ကြောင့် ကဲက အပြင်ဘက်သံပန်းတံခါး သော့ခတ်ခြင်း၊ တွင်းဘက် သစ်သားတံခါးပိတ်ခြင်းတို့ကို စိတ်အေးလက်အေး ုပ်နေစဉ်မှာပဲ‥‥

"ဦးဦး"

မီးမီး ခေါ်သံကြောင့် ကဲကိုယ်လေး ဆတ်ခနဲတုန်သွား ီး သမီးရှိရာသို့ ဖျတ်ခနဲလှည့်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦး··တာ့တာ"

မီးမီးက အောက်ထပ်ကိုကြည့်ကာ လက်ပြနှုတ်ဆက်နေ၏။

"မီးမီး"

သက်ထက်ကဲ သမီးကို လှမ်းလည်းခေါ်၊ ပြတင်းပေါက်မှားထဲသွားကာ အောက်လမ်းမဆီ လှမ်းကြည့်လိုက်၏။

"တွေ့လား၊ မေမေ၊ ဦးဦး မီးမီးကို လက်ပြနေတာ"

တွေ့ပါသည်။ ငွေမှင်ရောင် ဒက်ဘယ်(လ်)ကပ်တံခါးကို ဆွဲဖွင့်ရင်း မီးမီးကို အပြုံးအရယ်နှင့် လက်ပြနှုတ်ဆက်ရေသော ရန်မခဆိုသည့် လူ။ ဘာရယ်ကြောင့်မှန်းမသိဘဲ ပြတင်းပေါက်ဘောင်နံရံအကွယ်ဆီ ဖျတ်ခနဲ ကျောကပ်ရပ်လိုက် မိ ထူးဆန်းစွာပင် သက်ထက်ကဲ နှလုံးသားသည် ရင်ဘတ် အတွင်း တစ်ရှိန်ထိုးရှုန်းကန်ခါရမ်းနေပုံက မီးရထားတစ်စင်းလို သံစုံပေ ဖြစ်သည်။

"ဦးဦး ပြန်သွားပြီ မေမေ၊ ဦးဦးက သမီးကို သိပ်ချ တာနော်၊ ဆိုင်မှာ ထမင်းကျွေးတော့လည်း ကြက်သားကြော် အသားနွှင်ပေးတယ်၊ ပေါင်ပေါ်မှာလည်း ချီထားတာ၊ ပြီးတော့ ဦးဦးက မေမေနဲ့တူတယ် သိလား၊ အချိုရည်တွေ မသောက်ရ တဲ့၊ ဒါပေမဲ့ မေမေ့လို ချောင်းဆိုးမယ်လို့တော့ ပြောတာမဟုတ်ဘူ အချိုရည်သောက်ရင် ဝိတ်တက်ပြီး ဖက်တီးပုတ်လေးဖြစ်လာမှ





တဲ့၊ မေမေ့လို မလှတော့ဘူးတဲ့၊ အဲဒါကြောင့် သစ်သီးဖျော်ရည်ပဲ သောက်တဲ့၊ မီးမီးက ဟုတ်ကဲ့လို့ပြောတော့လေ ဦးဦးက ပြော သေးတယ်၊ သိလား မေမေ၊ ခစ်··ခစ်၊ မီးမီးက သိပ်လိမ္မာတာ ဲတဲ့"

သမီးက ရန်မခအကြောင်း သဘောကျစွာပြောရင်း ဝါးစပ်ကို လက်ဖဝါးနှစ်ဖက်နှင့် တမင်အုပ်ရယ်၏။ ကဲ့ကို ချက်လုံးလှန်ကြည့်ပုံက မချိုမချဉ်နဲ့ဖြစ်ကာ ပခုံးလေးတွန့်ပြီး ခစ်ခနဲ ထပ်ရယ်ပြန်သည်။

"သမီးက မေမေနဲ့ မတူဘူးတဲ့"

"ဘာ မတူတာလဲ"

သမီး လုပ်နေပုံကိုကြည့်ပြီး ကဲက ပြုံးချင်လာကာ စိတ်ကို မျိုသိပ်ပြီး မေးလိုက်၏။ မီးမီးဟာ သားဖုံးနီနီလေးတွေ ပေါ်အောင် ထပ်ရယ်ရင်း...

"မေမေက ဦးဦးစကားကို ဘယ်တော့မှ နားမထောင်လို့ မလိမ္မာဘူးတဲ့၊ ဦးဦးက လိမ္မာတဲ့သူတွေပဲ ချစ်တာတဲ့"

"ကြည့်စမ်း"

ရုတ်တရက် သက်ထက်ကဲ မျက်နှာကို ရေနွေးနွေးနဲ့ အပက်ခံလိုက်ရသလို ပူနွေးသွားပြီးမှ ကဲက သမီးရှိရာဘက်နှင့် ဆန့်ကျင်ရာဘက်ဆီ မျက်နှာလွှဲလိုက်ရသည်။

"ကဲ··သမီး၊ ခြေထောက်လက်ထောက်ဆေးပြီး အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားလဲမယ်နော်''

''ဟုတ်..သွား အရင်တိုက်ရဦးမှာ မေမေ၊ ဦးဦးက ပြောတယ်၊ ညအိပ်ခါနီး သွားတစ်ခါတိုက်တဲ့''

သမီးပြောသမျှစကားတိုင်း ဦးဦးဆိုတာ ထပ်နေ၏။ ပြောတဲ့စကားထဲမှာ ဦးဦးဆိုတာ နားမဆံ့အောင် ကြားရဦးမည်မို့ ကဲက သက်ပြင်းပဲ ထပ်ကာထပ်ကာရှိက်ရင်း စေတနာဆိုတာ အကောင်အထည်လိုက် မြင်ရရင်လည်း အကောင်းသားဟု ကြံဖန် တွေးမိလျက်သားဖြစ်သွား၏။

◆ ◆ ◆



## အခန်း (၁၅)

''ဒါဖြင့် မင်းက သက်ထက်ကဲရဲ့ ဟီးရိုးပေါ့''

''အဲဒီလိုဖြစ်ချင်လို့ ဝင်တာမဟုတ်ဘူး ကိုသက်ရာ၊ အဲဒါ အခြေအနေက ဖန်တီးသွားတာ''

''ဟွန်..မင်း ရုပ်ကြီးကလဲ''

ရန်မခ လက်မောင်းဆီ မနာအောင် လှမ်းထိုးတဲ့ ကိုသက်ကို လှည့်ကြည့်ရင်း ရန်မခ မျက်ခုံးထူထူတွေ တွန့်သွားခဲ့၏။

''ဘာလဲဗျ''

''ကြည်နူးနေတာ ပြောပါတယ်''

''ဒါ ကြည်နူးစရာလား၊ သူသေကိုယ်သေဖိုက်ရင် ဟိုဘက်က ခြောက်ယောက်တောင်၊ သတ္တိမရှိဘူးလို့ ပြောရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ခံရမှာပဲ၊ ဒါပေမဲ့ ပြန်တွေးရင်တော့ ကျော့ချမ်းတယ်”

“ဒါပေမဲ့ အဲဒီအချိန်က ကျော့ချမ်းတာတွေ ကျော့စိမ့်တာတွေ မသိဘူးမဟုတ်လား၊ သက်ထက်ကဲရဲ့မျက်နှာမြင်ပြီး မှုန်တဲ့စိတ်တွေ ငယ်ထိပ်တက်ဆောင့်သွားတာ”

“သူ့ကြောင့်လည်း ပါတယ်၊ ပြီးတော့ အရမ်းလန့်နေတဲ့ ကလေးကို သနားသွားတာလည်းပါတယ်”

ရန်မခ မြင်တာနှင့် မျက်ရည်လည်ရွဲနှင့် ဦးဦးလို့ အားကိုးတကြီး လှမ်းခေါ်သည့်ကလေးကို မြင်ယောင်တော့ ရန်မခရင်ထဲ အခုထိ ဆို့နင့်နင့်ကြီးဖြစ်သွားတာ ပြန်အမှတ်ရသည်။

အတင်းကြီး ချုပ်ချီခံထားရတာမို့ ကလေးက ထိုလူတွေ လက်ထဲမှာ မရုန်းသာခဲ့သလို သမီးအမေကိုယ်တိုင်လည်း သမီးနည်းတူ အချုပ်အနှောင်ခံထားရသည့်အထဲ သူ့ကို မြင်တာနှင့် လှပသောမျက်နှာလေး ဝင်းခနဲလက်သွားတဲ့ မျက်နှာမှာသိသာထင်ရှားတဲ့ အားကိုးရိပ်တွေကို အခုပြန်တွေး၊ အခုမြင်ယောင်ဆဲဖြစ်သည်။ သက်ထက်ကဲရဲ့ အားကိုးခြင်းတွေကြောင့်ပဲ ရန်မခမှာ လက်ဆုပ်လက်ကိုင်မပြသာသော ခွန်အားတွေ ရှိသွားခဲ့တာဖြစ်သည်။ တကယ်ဆို ရန်မခ သွားမယ့်လမ်းနှင့် သက်ထက်ကဲတို့ သားအမိတို့ရှိနေသော လမ်းကလည်း တခြားစီ။ ကားဖြတ်မောင်းသွားပြီးမှ မျက်ဝန်းထောင့်၌ သက်ထက်ကဲရဲ့ ရွှေညိုရောင်ကားလုံးလုံးလေးကိုမြင်ရတာမို့ ကားပျက်နေပြီလားဆိုတဲ့ နိုးရိမ်စိတ်နဲ့





သူ ပြန်လှည့်ကြည့်ခဲ့တာဖြစ်၏။ ရန်မခသာ အဲဒီနား အချိန်မီ ရောက်မသွားခဲ့လျှင် သူမတို့သားအမိ ဘယ်အထိ ပါသွားမှာဝါလိမ့်။ သားလူတောင်တွေးရင်း စိုးရိမ်လာရပေမယ့် သူမကတော့ ဘာမှမဖြစ်သလိုပုံစံနှင့် ရန်မခကိုပင် ရန်တွေ့လိုက်သေးသည်။

“ရှင့်ကို ပွဲလန့်တုန်းဖျာခင်းတဲ့သူလို့ မထင်စေချင်ဘူး”

သူမစကားကိုကြားပြီး ရန်မခ ပြုံးလိုက်သည်။ ကျေးဇူးမသိတတ်တာလား၊ စော်ကားတိုက်ခိုက်ဖို့ချည်း ချောင်းမြောင်းနေတတ်တာလား မသိပေမယ့် အဲဒီလိုမာနတွေ မောက်နေတဲ့ သူကိုမှ ရန်မခ စိတ်ဝင်စားမိတာလည်း အံ့သြစရာ။

မင်း သိပ်ဆိုးပါလား သက်ထက်ကဲ။

“အဟွန်း”

ရန်မခ အတွေးထဲ ပြုံးမိတာ အပြင်ထိ အသံထွက်တော့ ကိုသက်က ခွေစောင်းစောင်းနဲ့ လှည့်ကြည့်သည်။

“မေးတော့လည်း ဖန်မခံဘူး၊ မကြည်နူးဘဲ ပြုံးနေလိုက်တာ၊ ပါးစပ်ထဲ လေယာဉ်ပျံ ဝင်နားလို့ရတယ်၊ မင်းတော့သွားပြီ ရန်မခ”

ကိုသက်က လက်တခါခါ ခေါင်းတယမ်းယမ်းနှင့် ပြောတာမို့ ရန်မခ စားပွဲပေါ်ရှိ ဆောဝင်ကို လက်ချောင်းတွေထဲ လှည့်ပတ်ကစားရင်း

“ဘာ သွားတာလဲ ကိုသက်”



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက မာနမင်းသမီး၊ ပြီးတော့ ယောက်ျားတွေ မုန်းနေတဲ့ တစ်ခုလပ်"

"လစ်လပ်နေတဲ့နေရာက ဘယ်အချိန်ဝင်ဖြည့်ဖြည့် ရ တယ်ဗျာ"

"ကြည့်...ပြောရင်းက ဇာတိက ပြပြီ၊ ယောကျာ်း... မင်းက အတည်ကြီးလား"

"ကိုသက်ကလည်း လူကို အထင်စမောလ်လိုက်တာ"

"မစမောလ်ပါဘူး၊ သူလုတာ ငါ ဝန်ခံပါတယ်၊ ကလေး လေးက ချစ်စရာကောင်းတာလည်း ငါမျက်မြင်ပဲ၊ အဲဒီအချ တွေက တစ်ခုလပ်ဆိုတဲ့ ပြစ်ချက်ကြီးကို ကျော်ပြီး မြင်ပစ် ရတယ်၊ ဒါပေမဲ့ ယောကျာ်း မလွယ်လောက်ဘူးနော်၊ ဒီမိန် တင်းမာမှုက နှုတ်ခမ်းနဲ့ မျက်လုံးမှာ ပေါ်နေတယ်ကွ"

"မီးနဲ့ထိတဲ့ ဖယောင်းတိုင် မပျော်ဘူးတာ ခင်ဗျား တွေ့ ဖူးလား ကိုသက်"

ရန်မခ အမေးစကားအဆုံးမှာ သူ့ရှေ့မှာထိုင်နေတဲ့ ကိုသ က ငြိမ်ကျသွား၏။

"မီးအေးရင် ဖယောင်းလည်း ပြန်အေးခဲတတ်တဲ့ သဘာဝဆိုတာလည်း မင်းသတိရဦး ရန်မခ"

"သူ့အတွက် ကျွန်တော်က အမြဲပူနွေးစေတဲ့ သူဆိုရ ကောဗျာ"





"အေး...လောလောဆယ်တော့ မင်းကို နားပူစေမယ့်လူ ရောက်လာပါပြီ"

ဇီးညိုရောင်မှန်ချပ်ကြီးတွေ အပြင်ဘက်ဆီ ကိုသက်က မေးငေါ့ပြီးပြောလာ၍ ရန်မခက သူ့ဆုံလည်ကို နောက်လှည့်ပြီး ကြည့်တော့ အပြင်ဘက် ဝပ်ရှော့ဝင်းထဲ ထိုးရပ်ထားတဲ့ ဆလွန်း ကားအဖြူပေါ်က အနီရဲရဲဝတ်စုံနှင့် ဆင်းလာသူက အသည်း။ ဖုန်းနံပါတ်နှိပ်နေတာလည်း တွေ့ရသည်။ ဖုန်းကို နားနားကပ်တာ လည်း မြင်ရ၏။

*×× ပင်လယ်ကို မှောက်ကာ သွန်ပစ်မယ် ××*

ရန်မခဖုန်းက သီချင်းသံပေးပြီး အော်လာတော့ အသည်း ဖုန်းဆက်တာ သူ သဘောပေါက်သွား၏။

"ကိုကို"

"ပြော"

"အသည်း ရောက်နေပြီ၊ မြင်လား"

"မြင်တယ်"

"မြင်ရင် ထွက်ခဲ့တော့လေ"

"အခုလား"

"အခုပေါ့"

"ထွက်ခဲ့မယ်၊ စောင့်နေ"

ရန်မခ ဖုန်းချတော့ ကိုသက်ကပဲ ပခုံးတွန့်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတွေ့သမျှ အမြင့်စားချည်းပဲ ရန်မခ၊ တစ်ယောက်က ယောက်ျားတွေကို ကမ္ဘာတစ်ခြမ်းမှာထားပြီး သူတစ်ယောက်တည်း စိန်ခေါ်ချင်တဲ့သူ၊ နောက်တစ်ယောက်က အောင်မြင်မှုကို ခါးစောင်းတင်ပြီး မာနတွေ ရှုက်လွှင့်ထားတဲ့သူ"

"မနာလိုမဖြစ်နဲ့ ကိုသက်၊ ဒါ ကိုယ့်ကုသိုလ်နဲ့ကိုယ် ကြိုးစားကြည့်၊ မှန်ကြောင်တတ်ရင် အခွန့်မဆောင်ရပါဘူးဗျ"

ကုတ်အင်္ကျီကို ဆွဲဝတ်ရင်း ရန်မခက ပြောပြီးထွက်သော ကိုသက်ကရယ်ရင်း

"ငါက အခွန့်မရှောင်ပါဘူးကွ၊ ကြောင်စရာမရှိလို့"

"အဟတ်...ဟား...ဟား"

• • •



## အခန်း (၁၆)

"ကိုကိုတို့များ နေနိုင်လိုက်တာ တကယ်ပဲ"

"ဟာ...ဗလိုင်းကြီးပါလား အသည်းရဲ့"

"ဗလိုင်းမဟုတ်ဘူး၊ အကျိုးနဲ့ အကြောင်းနဲ့ ပြည့်ပြည့်စုံစုံရှိတယ်၊ ဒီမယ် ကိုကို"

"ပြော...နားထောင်နေရင် ကျေနပ်ကွာ၊ လှည့်မကြည့်နိုင်တာ ဆောရီး၊ ရှေ့မှာ ကားတွေနဲ့ကွ"

"သိပါတယ်၊ ဒီကလည်း လှည့်မကြည့်နိုင်းပါဘူး၊ မေးတာပဲဖြေ"

"အမိန့်ရှိပါခင်ဗျာ"

"ကြည့်...ကိုကိုနော်၊ လူကို မနောက်နဲ့"

"အဟွန်း...ဟွန်း၊ ရှိရှိသေသေ ပြောတော့လည်း ...



www.burmeseclassic.com

www.burmeseclassic.com



အသည်းက မကြိုက်ပါလားကွ''

ရန့်မခက မျက်စောင်းထိုးနေသော အသည်းကိုကြည့်ပြီး ကားမောင်းရင်း ခေါင်းမော့ရယ်၏။ အသည်းက နှစ်မြိုက်စွာ ရယ်နေသော ကိုကို့မျက်နှာကိုကြည့်ပြီး နှလုံးသားကို ဆွဲခါလှုပ် ယမ်းပစ်သလို ကိုကို့မျက်နှာကို ငေးခနဲကြည့်ဖြစ်သွား၏။ ကုပ်ထောက်ပေမယ့် ခပ်စင်းစင်းကျနေတဲ့ ဆံပင်ရှည်တွေဟာ ကိုကို့အတွက် ဘယ်တော့မှ ရှုပ်ရှုပ်ပွေပွေမရှိ။ တီရှပ်အဖြူပေါ် ဝေ့စ်ကုတ်အနက်လေး ထပ်ဝတ်ကာ ဂျင်းပင်န်အနက်၊ လျှာပြား ပြားဦးထုပ်က အနက်နှင့်မို့ ရန့်မခက ဆန့်ကျင်ဘက်နှစ်ရောင်စပ် ကာလကြားမှာ ထင်ထင်ပေါ်ပေါ် ရှိလှသည်။ ထူတန်းတဲ့ မျက်ခုံး တွေအောက်မှာ မျက်လုံးတွေ၊ နှာတံတွေ အပြစ်ဆိုစရာမရှိပေမယ့် နီမြန်းသော နှုတ်ခမ်းသားတွေ ဖွင့်ဟရယ်လိုက်တိုင်း သွားတန်း ဖွေးဖွေးတွေ ပေါ်လာတော့ ကိုကို့ပုံစံလေးက အရမ်းချစ်စရာ ကောင်းတာ အသည်းပဲ သိသည်။ ဂျစ်တစ်တစ်ကောင်လော တစ်ယောက် ရပ်မပေါက်တာ သေချာ၏။

''ဒီလောက် အပြစ်အနာအဆာကင်းအောင် ချော ညည်းကိုကိုမှာ မူးလို့ရှူစရာ ရည်းစားတောင်မရှိဘူးဆိုတာ ဖြင့် မယုံချင်ပါဘူး''

အသည်းရဲ့ ပင်တိုင်မိတ်ကပ်ပန်တီးရှင် မာမီပြောတော့ အသည်းမှာ မကျေမနပ်နှင့် မျက်စောင်းလေးရွယ်ပစ်သည်။





''ရှိစရာလား မာမီရဲ့၊ ကိုကို့မှာ အသည်းတစ်ယောက် လုံး တံဆိပ်နှိပ်ပြီးသားကို''

''အိုအေ…တံဆိပ်က သူနှိပ်တာမှမဟုတ်တာ၊ မိဘတွေ နှိပ်ပေးထားတာကို၊ မိဘက အဘက်ဘက်က ပြည့်စုံသင့်တော် ယယ်ထင်ပေမယ့် သူတို့နှလုံးသားက ကိုယ်မှမလှုပ်ရှားရင် အဲဒါ ဆို သေပြီဆရာပဲ၊ မိန်းကလေးတွေက မိဘစီမံရာ နာခံတတ်ပေ မယ့် ယောကျ်ားတွေကျတော့ အချစ်ကို ရှေ့တန်းတင်တတ်တာ မျိုးဟော့၊ အထူးသဖြင့် စီးပွားရေး၊ ပညာရေး ပြည့်စုံနေတဲ့ ယောကျ်ားမျိုးဆို အားတိုင်း တချစ်ချစ်မြည်အောင် ချစ်ချင်ကြတာ မျိုး''

မိတ်ကပ်ပြင်သည့် မာမီ့စကားကို အသည်း အခုမှ ပြန် တွေးမိသည်။ တွေးတဲ့နေရာမှာ အသည်းကို တွေဝေသွားစေတဲ့ အစွမ်းရှိသည်။

''အသည်းအချစ်တော် ကိုကိုက အဲဒီအချက်တွေတစ်ခု ခုမရှိရင်တော့ သေချာပြီ၊ သူက ဂျိုပုန်းပဲဖြစ်ရမယ်''

မိတ်ကပ်မာမီရဲ့ ဝေဖန်ချက်တိုင်းဟာ တစ်ခုမှ နာခံစရာ မရှိ။ ကိုကို ဂျိုပုန်းမဟုတ်တာတော့ သေချာသည်။

''ဟော…ခေါ်သည်းသည်း၊ အသံတိတ်ပြီး ဘာဖြစ်နေ တာလဲ''

''မဟုတ်ပါဘူး၊ ကိုကို ညက ဘာလို့အိမ်ပြန်နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



ကာလဲ တွေးနေတာ''

''ဩော်''

ရန်မခက ဖြေရှင်းစရာစကားကို အမြန်စဉ်းစားသည်

ညက သူ့ အခါတိုင်း ပြန်ချိန်ထက် အများကြီးနောက်ကျသည်

သက်ထက်ကဲတို့ သားအမိကို အိမ်ပြန်ပို့ပြီး တစ်ခါတည်းမပြ

ဖြစ်ဘဲ သူမတို့တိုက်နားမှာ မော်ရိပ်ထဲ ကားထိုးရပ်ပြီးစော

ကြည့်နေခဲ့တာ စိတ်မချလွန်း၍ပါ။ သက်ထက်ကဲတို့အခန်းထ

မီးမှိတ်ကာ မှောင်အတိကျသွားတာကိုပဲ သဘောတကျနဲ့ ကြည်

နေချင်သည့်ဆန္ဒကြောင့် ကားပေါ်မှာတင် ရန်မခ သန်းခေါင်ကျေ

သွားခဲ့သည်။

''အသည်းကို အလုပ်ထဲမှာလို့တော့ မလိမ်နဲ့နော် ကိုက

အန်တီနဲ့အသည်း ညက ကိုကို့အလုပ်ကို ဖုန်းဆက်ပြီး

ကိုသက်ထွေးနဲ့တွေ့တယ်၊ ကိုကိုပြန်သွားတာ အစောကြီးကတ

ကတဲ့''

''စစ်စစ်ပေါက်ပေါက်ပါလား အသည်းရယ်''

''အလုပ်နဲ့အိမ် သွားစရာဒါပဲရှိတဲ့လူက နှစ်နေရာ

မှာမရှိဘဲ ပျောက်နေတာဆိုတော့ ကိုကို့မှာ ရည်းစားများရနေ

လား''

''ဖြစ်နိုင်ပါတယ်''

''ကိုကိုနော်''





''ဟော့…စိတ်မကောက်နဲ့လေ၊ အရှယ်ကိုလည်းကြည့်ဦး''

''အံမယ်…ကိုကို့အရွယ်က ဘာဖြစ်နေလို့လဲ''

ကိုကို့မှာ ချစ်သူရှိနေပြီဆိုတာနှင့် အသည်းနှလုံးသား တွေ အခံရခက်အောင် နာကျင်လှပါပြီ။

လိမ္မော်ရောင်ဂါဝန်ရှည်၊ အသားကပ်ဘောင်းဘီအနက်နှင့် နားဆွဲကလည်း လိမ္မော်အနက်ကျားမို့ ခေါင်းတစ်ခါယမ်းလိုက်တိုင်း နားဆွဲက ပလုတ်တုတ်ခါသလို။ မျက်ခွံမှာ လိမ္မော်ရောင် အပြောင်လေးတွေ လက်လက်ထနေပြီ။ နှုတ်ခမ်းနီကလည်း လိမ္မော်ရောင်စိုအိအိမို့ အသည်းက နုသစ်လန်းဆန်းခြင်း၊ တောက်ပ ဖျိုမျစ်ခြင်းနှင့် လှပတာကို ဝန်ခံပါသည်။

ဒါပေမဲ့ လှတာတွေတိုင်း ရင်ခုန်သံမမြန်တတ်တဲ့ ရန်မခ နှလုံးသားက အသည်းအနားမှာရှိတိုင်း ငြိမ်ငြိမ်သက်သက်။ ဘာမှ မလှုပ်ရှားပေမယ့် အသည်းကိုတော့ ညီမလေးလို ချစ်ခဲ့ အလိုလိုက်ခဲ့သည်။

''ပြောလေ ကိုကို၊ အသည်းမေးတာဖြေ၊ ကိုကို့အရွယ်က ဘာဖြစ်နေလို့လဲ''

''အဘိုးကြီးဖြစ်နေပြီကွ''

''ဒီရုပ်လား အဘိုးကြီး''

အသည်းက နှုတ်ခမ်းစူလျက် ရန်မခ လက်မောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဒေါသနှင့် မနာကျင်အောင် ထုရိုက်ဆိုးနွဲ့တော့ သူ ရယ်မိသည်။

"ဟော့…ဘာလို့ ကိုကို့ကို နှိပ်စက်နေရတာလဲကွ"

"ကိုကို့အရွယ်က ရည်းစားထားရမယ့်အရွယ် မဟုတ်ဘူး၊ မိန်းမယူရမယ့်အရွယ် ရောက်နေပြီ"

"ဒါဆို ကိုကိုက မိန်းမယူတော့မှာလား"

"ဒါပေါ့"

"ဟင်"

အသည်းမျက်နှာလေး ငိုမဲ့မဲ့ဖြစ်သွားချိန်မှာ ရန့်မခ မျက်လုံးထဲဝင်လာတာက သက်ထက်ကဲရဲ့ စူပုပ်ပုပ်မျက်နှာလှလှလေးနှင့် အထက်စီးဆန်သော မျက်ဝန်းများ။ သက်ထက်ကဲနှင့် သူ့ပုံရိပ်ကို စိတ်ကူးထဲ မြင်ယောင်ကြည့်ရင်းပင် ရင်ထဲ လှိုက်ခနဲ နွေးသွားတဲ့အဖြစ်ကို သဘောကျစွာ ရန့်မခက လှစ်ခနဲပြုံးသည်။ ဒါကိုပဲ အသည်းက နာကျင်ဝေးကြည့်ရင်း မျက်လုံးအိမ်မှာ မျက်ရည်တွေ ချက်ချင်းပြည့်လာ၏။

"သားက သမီးအပေါ်မှာ သံယောဇဉ်ရှိပြီးသားဝါတကယ်လက်ထပ်ကြမယ်ဆို ငြင်းမှာမဟုတ်ဘူး"

အသည်းမှာတော့ အန်တီခင်စကားနဲ့ အပျော်စိတ်ထရင်ထဲ ဖုံးမရ ဖိမရ ပျော်လိုက်တာ။ အခုတော့ ကိုကိုက မိန်းယူတော့မည်တဲ့။

အသည်းကို ကိုကို သိပ်ရက်စက်တယ်။





"ဒီနိုင်နာလိပ်စာက ဘယ်မှာလဲ အသည်း၊ မြို့နယ်ထဲတော့ ဝင်လာပြီကွ"

ရန့်မခက အသည်းအဖြစ်ကို မသိ။ ကားမောင်းနေရင်း သူသိချင်တာမေးပြီး အသည်းကို သတိပေးစကားဆိုတော့မှ ငိုချင်စိတ်ကို ဖွတ်မျိုချလိုက်ရသူက အသည်း။

"ရှေ့က ကန်ထရိုက်တိုက်တွေပဲ ကိုကို၊ ဘယ်ဘက်ချိုးလိုက်၊ အဲဒီမှာတွေ့ရတဲ့ ဝင်းကြီးထဲဝင်"

"ရှေ့က ဝင်းကြီးထဲ"

"အင်းလေ၊ အသည်းမှာ လိပ်စာကတ်ပါတယ် ကိုကို၊ ခဏနေဦး"

အသည်းက သူမပိုက်ဆံအိတ်ထဲ လိပ်စာကတ်မွှေနှောက်ရှာတုန်း ရန့်မခက (….)အိမ်ရာဝင်းထဲ ကားကို ဖြည်းဖြည်းချင်း လှိမ့်ဝင်သည်။

"တစ်ခါမှမအပ်ဖူးတဲ့ ဒီနိုင်နာအသစ်လား အသည်း"

"ဟုတ်"

ညကမှ ရောက်ဖူးသော အိမ်ရာဝင်းထဲ ရန့်မခ မျက်လုံးကစားတာ သက်ထက်ကဲကို တွေ့လိုတွေ့ငြား မျက်လုံးကစားနေချိန်မှာ အသည်းကတော့ အခုမှရှာတွေ့သော လိပ်စာကတ်ကို ကိုင်ရင်း

"ဒါ အကယ်ဒမီပွဲအတွက် နိုင်ငံတော်က စိတ်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ရွေးတဲ့ ဒီနိုင်နာ ကိုကိုရဲ့၊ ဟိုရှေ့က ကားအနီလေးရပ်ထားတဲ့ တိုက်ပဲ၊ အဲဒါ အသည်းနဲ့အတူ ဖန်းကိုင်ဖို့ အရွေးခံရတဲ့ ခင်မင်းရဲ့ကားကိုကို၊ တွေ့လား…ဘယ်လောက်လန်းလဲဆိုတာ၊ အသည်းကားက ဆလွန်းကြီးမို့ ကိုကို့ပဲ ချောဆွဲရတာ၊ အလန်းတွေကြားမှာ အသည်း မျက်နှာငယ်လို့ ကားလဲပေးပါဆိုတော့''

''အဲဒီဒီနိုင်နာရဲ့အခန်းက ဘယ်မှာလဲ''

ရန်မခက သူသိချင်တာ စကားဖြတ်မေးတာ၊ ကားစက်ရပ်တာနှင့်အတူတူ။ အသည်း ရုတ်တရက်မို့ ကြောင်အအ ဖြစ်သွား၏။

''ပထမထပ်နဲ့တူတယ်၊ ဝမ်းအိုဝမ်းတဲ့''

''ပထမထပ်၊ ဒါဆို ဒီနိုင်နာက…''

''သက်ထက်ကဲ တဲ့ ကိုကို''

''ဘာ''

ရန်မခ မေးတာဖြေပြီး အသည်းက ကားပေါ်မှဆင်းသွားချိန်၊ တစ်ယောက်တည်းကျန်ရစ်သော ရန်မခမှာ သက်ထက်ထဲဆိုသော အမည်ကို တဖွဖွရွတ်၊ နှလုံးသားကို ဖိတိုပြုသော လေအားနည်းရပ်ဝန်းက စတင်လာခဲ့ချေပြီ။

''ကိုကို ဆင်းခဲ့လေ၊ လိုက်ခဲ့ပါဦး၊ မြင်ဖူးတယ်ရှိအောင် လိုက်ကြည့်ပေါ့၊ လာပါ ကိုကိုရဲ့''

အသည်းက ငြိမ်သက်နေသည့် ရန်မခလက်ကို ဆွဲ[illegible]





ကာ သူမနှင့်အပါခေါ်သည်။

ရန်မခမှာ အသည်းနှင့်အတူ လှေကားထစ်တွေတက်ရင်း ပြုံးချင်နေသော မျက်နှာကို အတင်းမျက်နှာပိုးသတ်ထားရသလို ရှုတည်တည်ကြီးဖြစ်နေ၏။ မျက်နှာကို မျက်မှန်တပ်ပြီး အသည်းနှင့်အတူ ပါလာ၏။ အခုချိန်မှာ တိုက်ဆိုင်မှုဆိုတာသာ သက်ရှိဖြစ်ခဲ့လျှင် လက်ဆွဲနှုတ်ဆက်ပြီး ကျေးဇူးအခါတစ်ရာ တင်ပစ်မည်။ ပြီးတော့ ညှို့သည်ကို ညှို့ဝတ်မကျေချင်သော မိန်းကလေးကို…

''ဘယ့်နှယ်ရှိစ''

မျက်စပစ်ပြီး မေးချင်သည်။ ဆုံချင်သော ရေစက်က အဲဒီလိုမျိုးမို့ မင်းနဲ့ရှေ့ဆက်ဖို့ ကိုယ့်ဘက်မှာ တစ်ရာ ရာခိုင်နှုန်းအပြည့်ဆိုရင် မင်းယုံပါ့မလား သက်ထက်ကဲရယ်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ကြွပါရှင်"

ဧည့်ခန်းထဲ လှမ်းဝင်လာတာ သိပေမယ့် သက်ထက်ကဲ ရှေ့မှာ မော်ဒယ်လ်ကို အကျီအတိုင်းအတွယူနေတာမို့ ဝင်လာသည့် ဧည့်သည်ကို မော့မကြည့်အားလဲ ပေကြိုးနဲ့ဆွဲတိုင်းလိုက်၊ မှတ်စုထဲ မှတ်လိုက်မို့ ရှုပ်ယှက်ခတ်နေသည့်အထဲ…

"ကြွရအောင် ကိုယ်က ဘုန်းကြီးမှမဟုတ်တာ"

"ရှင်"

ကြားရတာလည်း ယောကျ်ားအသံကြီးပါလားဆိုသည့် အတွေးနှင့် သက်ထက်ကဲမျက်စိရှေ့ ရောက်လာသော ခြေထောက်တစ်ခုလုံးကလည်း ကော်ဇောစိမ်းပေါ် မွေးနုထင်ရှားသော ခြေတစ်စုံဖြစ်ပြီး ခြေသည်းတွေ တိတိရိရိ လှီးဖြတ်ထားခြင်းဝေါမှာ





မွေးညင်းစိမ်းတွေနဲ့မို့ ကြည့်ရတာ သန့်ပြန့်နေပေမယ့် ဒါ မိန်းကလေး ခြေထောက်တော့ မဟုတ်နိုင်။ ထို့ကြောင့် သက်ထက်ကဲ အလန့်တကြား ဝင်လာသည့်ဧည့်သည်ကို ခေါင်းမော့ကြည့်မိတော့

"ဟင်…ရှင်က"

သက်ထက်ကဲက လက်ထဲကိုင်ထားတဲ့ပေကြိုး လွှတ်ကျသွားသည်။ ရှေ့ကမြင်နေတဲ့လူဟာ တခြားလူမဟုတ်။ ရန့်မခ ဆိုသည့်လူ။ ထုံးစံအတိုင်း ရန့်မခက နူးညံ့ကြည်စင်တဲ့မျက်ဝန်းတွေ၊ အဓိပ္ပာယ်ဖော်မရတဲ့ အပြုံးတွေနဲ့ သက်ထက်ကဲ မျက်နှာလေးကို စိုက်ကြည့်နေ၏။

"ကိုယ် ရန့်မခပါ"

သူ့ကိုယ်သူ မိတ်ဆက်ပြီး သက်ထက်ကဲဆီ လက်ကမ်းသည်။ အယောင်ယောင် အမှားမှားနှင့် သက်ထက်ကဲ လက်ကမ်းပြီးမှ ကဲက နယ်ကျွံသွားသည့် ကိုယ့်လက်ဖဝါး ပြန်ရုပ်လိုက်၏။

"ရှင်…ဘယ်လိုလုပ်ပြီး"

"ကိုကိုနဲ့ ဒီနိုင်နှာက သိနေကြတာလားဟင်"

ဧည့်ခန်းထောင့်ချိုး မိနုပ်စင်အကွယ်မှ ထွက်လာသော ချိုလွင်သောမေးသံလေးနှင့် လှပသော ပုံရိပ်က ကဲမျက်ဝန်းတွေထဲ ဖျတ်ခနဲ ရောက်လာ၏။ ရန့်မခနောက်ဆီ ဖျတ်ခနဲကျော်ကြည့်မိတော့ မရင်းနှီးပေမယ့် မစိမ်းလှသည့် မော်ဒယ်လ်အသည်းကို လှပစွာမြင်လိုက်ရ၏။ ကဲက လေထဲတန်းလန်းကြီး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသော လက်ဖဝါးကို ဘောင်းဘီအိတ်ထဲထည့်ရင်း

"ဟို…မသိပါဘူး၊ ခဏထိုင်ဦးနော် အသည်း၊ ဒီမှာ တိုင်းနေတာ မပြီးသေးလို့"

ရှေ့မှာရှိတဲ့ မော်ဒယ်လ်ဆီ သက်ထက်ကဲ အာရုံပြန်စိုက်ပေမယ့် စိတ်က ဟောဟောကလောက် စုစည်းမှုအားမကောင်းတော့တာ သေချာသည်။

"အသည်းတို့က ရေလည်ကြွားတယ်ဟော့"

ရင်းနှီးလက်စရှိသော ခင်မဒီက လှမ်းပြောတော့ ဆိုဖာမှာဝင်ထိုင်ရင်း အသည်းက ဂျာနယ်တစ်စောင်ဆွဲကာ မသိသလိုမျက်နှာနှင့် ပြန်ကြည့်သည်။

"ဘာကြွားတာလဲ"

"နေရာတကာ မပါမဖြစ်လေ"

နောက်ဆက်တွဲ စကားမပြောဘဲ ဧည့်ခန်းထဲရှိ နံရံကော့စ်ပေါ် အလှပြထားသော သမီးဓာတ်ပုံတွေကို လှမ်းကြည့်နေသည့် ရန်မခကို မေးငေါ့ပြသည်။ အသည်းက ခြေထောက်ချိတ်ထိုင်ရင်း မျက်နှာကို အလှဆုံး ပြုံးလိုက်၏။

"ကိုကိုက လိုက်ချင်နေတာလေ၊ နော်‥ကိုကို"

အသည်း လှမ်းမေးတာကို ဝိဝိသသ မကြားပေမယ့် ရန်မခက

"အင်း…ဟုတ်တယ်၊ ဒီအိမ်ကို ရောက်ဖူးချင်နေတာနဲ့





လိုက်လာတာ"

ရန်မခက ဖြေတဲ့ပုံက မထိတထိ။ ကြည့်တော့လည်း ကဲထံမှ အကြည့်မလွဲ။ ကဲက မျက်စောင်းရှယ်သလိုနှင့် မသိမသာ မျက်လွှာချပစ်တာ ခင်မဒီ ရိပ်မိသွားမှာစိုး၍ပါ။

"ခင်မဒီက ရပြီ၊ အသည်း လာလေ"

"ဟုတ်"

အသည်းက ထလာကာ ပေကြိုးကိုင်ထားသည့် သက်ထက်ကဲနား ရောက်လာရ၏။

"ကျန်တဲ့သူတွေရော တိုင်းပြီးသွားပြီလား"

"တစ်နေ့ နှစ်ယောက်တိုင်းတာ၊ အသည်းက နောက်ဆုံးပဲ"

"သြော်"

"ငါတော့လစ်ပြီ အသည်း၊ မမကဲ မဒီ သွားတော့မယ်၊ ဒီလကုန်မှ တစ်ခါလာရမှာနော်"

မဒီကိုယ်တိုင်းရပြီးပြီမို့ အသည်းကိုနှုတ်ဆက်ပြီး စလင်းဘတ်အိတ်ကို ကောက်လွယ်၏။

"အင်း…တို့မှန်းဆက်ပါမယ်၊ ဝတ်စုံပြီးတဲ့နေ့ပေါ့"

"ဟုတ်…လှလှလေးနော် မမကဲ"

"လှစေရပါ့မယ် မဒီရယ်၊ စိတ်ချ"

မဒီက ကျောခိုင်းနေသော ရန်မခကို မေးငေါ့ကာနှုတ်



www.burmeseclassic.com

www.burmeseclassic.com



ခမ်းလှုပ်ရဲ့ ဘာတွေအချက်ပြမှန်းမသိ။ အသည်းက တခစ်ခစ်နဲ့ ထရယ်သည်။ ပြီးမှ ရန်မခံ လည်ပင်းလိမ်ကြည့်ကာ

"အဲဒီကိုကိုက စပ်စုတယ် တကယ်"

"ပုံထဲကသူက လှလို့ပါ"

"ဘာ"

"ကိုကို"

တစ်ယောက်က ဒေါသနှင့်အော်သည်။ တစ်ယောက်က အလန့်တကြား တားမြစ်သံနှင့်ခေါ်သည်။ ရန်မခက နှစ်ယောက်စလုံးကို ဝေ့ခနဲကြည့်ပေမယ့် ဒေါသကြောင့် နီမြန်းမြန်းဖြစ်နေသော ကဲရဲ့မျက်နှာလေးပေါ်မှာပဲ မျက်ဝန်းတို့ စူးစိုက်ရပ်တန့်သွားတာ အကြာကြီး။

လည်ပင်းပြဲပြဲတီရှပ်က ရင်ဘတ်မှာ မစ်ကီမောက်စ်ရုပ်ကြီးသာပါသော ပေါင်လယ်ထိရှည်သည့် မွမွကြီးကို ဘောင်းဘီအဖြူရောင်က ဒူးဆစ်အထိ ခေါက်တင်ထားသော သက်ထက်ကဲရဲ့ ကပိုကရိုပုံစံနှင့်။ ခါးကျော်ထိရှည်တဲ့ ဆံပင်အလိမ်တွေကို ငယ်ထိပ်မှာ စုထုံးထားသဖြင့် ဖောင်းပြည့်နေသည့် သက်ထက်ကဲရဲ့ မျက်နှလေးက ရယ်ပဲနေနေ၊ စူပုပ်ပုပ်ပဲရှိရှိ ချစ်စရာလေးဖြစ်နေတာတော့ အမှန်ဖြစ်သည်။ ရန်မခက အဲဒီ ဒေါသထွက်နေသည့် မျက်နှာလေးကိုပဲ တမေ့တမောကြီး ကြည့်ချင်နေတာ ဘာကြောင့်မှန်းမသိ။





"ကိုယ်ပြောတာ သမီးလေးပုံဝါ၊ ဒီမှာကြည့်"

ရန်မခက သူ့လက်ထဲကိုင်ထားသည့် ဗိုတိုစတင်းန်အား နှစ်ယောက်စလုံး မြင်သာအောင် ထောင်ပြသည်။ သမီးနှင့်ကဲ ပါးချင်းအပ်ကာ သွားတွေပေါ်အောင် အားပါးတရ ရယ်နေသည့်ပုံ။ ကဲ မျက်နှာမှာ ချက်ချင်း အနီရိပ်တွေ ဖြတ်ပြေးသွားပြီးမှ အရင် မျက်နှာလွှဲသည်။

"စ တိုင်းရအောင်နော် အသည်း"

"ဟုတ်"

အသည်းက အလိုက်သင့် ကိုယ်ကိုလှည့်ပေးရင်း စိတ်ထဲမှာ ဘဝင်မကျခြင်းတွေ ကြီးစိုးလာ၏။ အနီးကပ်မြင်နေရသော သက်ထက်ကဲ၏ အစက်အပြောက်ကင်းသော မျက်နှာထက်က ထူစိပ်စိပ်မျက်တောင်တွေ၊ နှာတံဖျားလေး ညွှန့်ကော့သွားပုံတွေ၊ နှုတ်ခမ်းက ဆိုးဆေးမကူပေမယ့် နီတွေးနေတာတွေက စနစ်တကျပြင်ဆင်ထားသော အသည်းကို မမီမှန်းသိသည်။

ဒါပေမဲ့ ကိုကို့အကြည့်တွေက ထိုမမီသော မျက်နှာပေါ်မှာသာ တဝဲလည်လည်ရှိတာကို တွေ့ရတာနှင့် အသည်းရင်တွေ ပူလောင်လာ၏။

"မသက်ထက်ကဲကို အရင်က ဒီဇိုင်နာလောကမှာ မမြင်ဖူးဘူးနော်"

"အင်း…တို့က နာမည်မကြီးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com

"နာမည်မကြီးပေမယ့် မင်းသမီးတွေကိုတော့ ချုပ်ပေးဖူးမှာပေါ့"

"မနှစ်က တစ်ယောက်ပါပဲ"

"ဒါနဲ့များ အကယ်ဒမီ ပွဲတက်ဝတ်စုံတွေကို ချုပ်ဖို့ လျှောက်လွှာတင်ရဲသေးတယ်နော်၊ တစ်ခုခုများယွင်းခဲ့ရင်"

အသည်းစကားအဆုံးမှာ ဆတ်ခနဲ မော့လာတဲ့ သက်ထက်ကဲ မျက်ဝန်းတွေထဲက စူးစူးရဲရဲ မာနတွေကို တွေ့ရသည်။

"အသည်းကလည်း သူ့အလုပ် သူသိတာပေါ့"

"စိုးရိမ်လို့ပြောတာပါ ကိုကိုရဲ့"

ကိုကို့ဘက် လှည့်ပြောပြီးမှ သက်ထက်ကဲဘက် ပြန်လှည့်လာသော အသည်းနှုတ်ခမ်းဖျားမှာ အထက်စီးဆန်တဲ့အပြုံးတွေ အလိုလို ငြိတွယ်လာပြီးဖြစ်၏။

"အသည်းက မလှမှာစိုးလို့ ပြောတာပါ"

"အသည်းစိုးရိမ်တာထက် တို့က အများကြီး တာဝန်ကြီးတာပေါ့၊ ဒီဝတ်စုံတစ်စုံချင်းဆီမှာ တို့ဘဝ၊ တို့သိက္ခာ၊ ကျွမ်းကျင်မှုတွေကို ရင်းနှီးမြှုပ်နှံထားရတာ၊ ဒီတစ်ပွဲဝတ်ပြီးရင် ဝတ်တဲ့လူက အရေခွံခွာခဲ့ပေမယ့် တို့ဖန်တီးမှုက မင်းခွာချတုန်းကျမကျန်ရစ်အောင် အားထုတ်ထားရတာမျိုးပါ၊ ဒါကြောင့် ဝတ်မယ့်သူက စိတ်မပူပါနဲ့၊ မင်းရဲ့ တစ်ခဏအလှမှာ တို့ တစ်ဘဝ





လုံး ရပ်တည်သွားမှာ"

"အဟွန်း…နားထောင်လို့တော့ ကောင်းပါတယ်"

ကဲက ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးကို တိုင်းထွာပြီးမှ ပေကြိုးကို ကုပ်၍ သိုင်းချိတ်ရင်း သူမကို ရန်လိုနေသည့် အသည်းကို စေ့စေ့ကြည့်သည်။

ရိုးစင်းသလောက် ကြည်လင်သည့် သက်ထက်ကဲ မျက်ဝန်းတွေထဲမှာ နက်နဲသောအဓိပ္ပာယ်တွေ အများကြီးရှိမှန်း အကြည့်ခံရသူ အသည်းကလည်း သိသည်။ ခက်တာက သက်ထက်ကဲဆိုသော မိန်းမရဲ့ မျက်ဝန်းထဲမှစာကို အဓိပ္ပာယ်မဖော်နိုင်ခြင်းမို့ မျက်နှာကို အလှဆုံး ပြုံးထားပေမယ့် ရင်ထဲက စူးအောင့်ချင်နေ၏။

"တို့ကတော့ မင်းပြောသမျှ နားဝင်ဆိုးတယ် အသည်း၊ မကျေနပ်တာရှိခဲ့ရင်လည်း ဒါပါလို့ လက်ညှိုးထိုးပြီး ထောက်ပြရဲတဲ့သတ္တိရှိသလို သူများ အထင်သေးစော်ကားတိုင်း ခေါင်းငုံ့ခံနေတတ်တဲ့သူမျိုးလည်း မဟုတ်ဘူး"

"အသည်းက ဘယ်ကိစ္စမဆို ပွင့်လင်းလို့ အားမနာတတ်တော့"

"အသည်း"

ရန်မခက မာတ်ပုံတွေကို နေသားတကျ ပြန်တင်ထားရင်း အသည်းဘက် လှည့်ရပ်သည်။ အသည်းကိုတော့ ဟန့်တား


www.burmeseclassic.com

www.burmeseclassic.com



ခြင်းတွေနဲ့ ကြည့်ဖြစ်ပြီး သက်ထက်ကဲဘက် လှည့်တော့ ရန့်မခ အကြည့်တွေက တောင်းပန်မျက်ဝန်းတွေနဲ့ဖြစ်သည်။

"ကျွန်တော်...ကြားထဲကပဲ"

"မဖိတ်ဘဲလာတဲ့ ဧည့်သည်ဆီက တောင်းပန်တာတွေ ဘာတွေ ကျွန်မ မလိုချင်ဘူး၊ ဖြစ်တတ်ပါတယ်၊ တစ်ခါမှမမြင်ဖူးတဲ့ ဒီနိုင်နာနဲ့ မဝတ်ဖူးတဲ့ ပွဲတက်ဝတ်စုံအတွက်၊ မင်းရဲ့ကိုယ်တိုင်းရပြီဆိုတော့ ပြန်လို့ရပါပြီ အသည်း၊ ဝတ်စုံပြီးတာနဲ့ တို့အကြောင်းကြားပါ့မယ်"

သက်ထက်ကဲဘက်က ပြောစရာစကားက ကုန်သွားပြီဖြစ်၍ ပစ္စည်းတွေကောက်သိမ်းပြီး မရှိသောအလုပ်တွေ ရှုပ်ပြနေပုံက ဧည့်သည်တွေကိုတောင် နှုတ်ဆက်ချင်စိတ်မရှိပါဟု ဆိုနေသည့်အတိုင်းဖြစ်သည်။ အသည်းက ဧည့်ခန်းထဲမှ ဆတ်တောက် ဆတ်တောက် လျှောက်ထွက်သွားပြီးမှ အခုတိုင်ရပ်နေဆဲ ရန့်မခကို လှည့်ကြည့်ပြီး

"ကိုကို"

ရန့်မခကို ခပ်ဆတ်ဆတ်ခေါ်သည်။

အသည်းရဲ့ ခပ်ဆတ်ဆတ်ခေါ်သံထဲမှာ လာတော့လေလို့ ပြောနေသည်။

ရန့်မခက စာအုပ်နှင့် ပေကြိုးတွေ မွေ့ထားဆဲ သက်ထက်ကဲကို အပေါ်စီးမှ ငုံ့မိုးကြည့်ရင်း





"မင်း လက်မခံပေမယ့် ကိုယ် ထပ်တောင်းပန်ပါတယ်၊ ခင်းမကြိုက်တာတွေ လုပ်မိတဲ့အတွက် ဆောရီးပါ သက်ထက်ကဲ"

"လာတော့လေ ကိုကို"

ရန့်မခ အနားသို့ ပြန်ရောက်လာသော အသည်းက ရန့်မခ လက်ကောက်ဝတ်ကို ဆတ်ခနဲ ဆွဲခေါ်သွားသည်။ တိတ်ဆိတ်သွားသော ဧည့်ခန်းရပ်ဝန်းထဲမှာ သက်ထက်ကဲ အသက်ရှူသံ သဲ့သဲ့သာ ထွက်ပေါ်နေ၏။

မခေါ်ဘဲ ရောက်လာသည်၊ မလိုချင်တာတွေ ပေးသွားတတ်သည်။ ပေးသမျှကို မကြည်ဖြူဘဲ သက်ထက်ကဲ သိမ်းမွေ့ထားခဲ့ရသည့်အဖြစ်က တဆိတ် လွန်လွန်းသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

"သူ ဘယ်လိုလူလဲဆိုတာထက် မင်း ဘာကောင်ဖြစ်နေပြီလဲဆိုတာ ပြန်ဆန်းစစ်သင့်ပြီ နေမာန"

"အာ…ပါပါးကလည်း"

"ပါပါးကလည်း လုပ်မနေနဲ့၊ မင်းက မဆိုင်တာတွေ ချည်း လိုက်မြင်နေတာနဲ့ သက်သက် အချိန်ပုပ်နေပြီ၊ ဟိုတစ်ခါ အစီအစဉ်မအောင်မြင်တော့ မင်းကောင်တွေကို ရှင်းလိုက်ရတဲ့အပြင် နောက်တစ်ခါဆို လူသစ်ထပ်ရှာရမယ့်ကိန်း ဆိုက်နေပြီ"

"ဘာဖြစ်လို့လဲ၊ သူတို့ကို တောင်းတဲ့ဈေးအတိုင်း ပေးထားတာပဲကို"

"ငါ့လခွီး၊ ငွေကြောင့်မဟုတ်ဘူး၊ မင်းဟာမက ပြန်ပေးမှုတွေ ဘာတွေနဲ့ အသံကောင်းဟစ်နေတာ၊ နောက်ရောက်လာ





တဲ့ ကောင်ကလည်း နယ်မြေမှူးခေါ်မယ်၊ ဘာမယ်ဆိုတော့ ဒီကောင်တွေ သွေးပျက်ပြီပေါ့၊ လင်မယားချင်းဗို့ ကူညီတာတဲ့၊ ဥပဒေနဲ့ငြိစွန်းမယ်ဆိုရင် သူတို့လက်ရှောင်ပါရစေတဲ့၊ လူမိုက်တွေ ဥပဒေ တစ်ခါ လာကြောက်ပြနေသေးတယ်"

အနီးမှာရှိတဲ့ ကားဘီးကို ဦးဝဏ္ဏက ဒေါသစိတ်ဖြင့် ခပ်ဆတ်ဆတ်လှဲကန်သည်။

"ပါပါး…အဲဒါ သူများကားကြီးကို၊ ပျက်သွားလို့ ကိုယ့်တာဝန် ကျနေဦးမယ်"

"ဟေ့ကောင်…တော်း"

ဦးဝဏ္ဏက အပြာကွက်ကျဲသော ပုဆိုးကို လက်နှစ်ဖက်နှင့် စုံမပြီး သားဖြစ်သူကို ဝိတ်ကန်ရန် ခြေထောက်မြှောက်ပြီးမှ မတင့်တယ်မှန်းသတိရ၍ ခြေထောက်ကို ပြန်ချသည်။ ဖြစ်နိုင်ရင် လူကောင်ကြီးပြီး ကိုယ့်လောက်အကင်းမပါးသော ဒီသားအား ဘောလုံးတစ်လုံးလို လှိမ့်ကန်၍ ဝိုးသွင်းပစ်လိုက်ချင်၏။

"ဒါ ငါ့တာဝန်ကျစရာလား နေမာန၊ သူ့ဟာသူတောင် ဖျက်လို့ ဝပ်ရှော့လာထိုးထားရပါတယ်ဆိုမှ၊ ထပ်ပျက်စရာလား၊ ကဲ…သွား…သွားမေးစမ်း၊ ဘယ်အချိန်မှပြီးမှာလဲလို့၊ ငါတို့ နောက်ကျမယ်ဆိုရင် ဝိုင်းကိုအမီ တက္ကစီငှားသွားရအောင်၊ ဒီနေ့ ဝိုင်းက အရေးကြီးတယ်ကွ၊ ဖားကန့်ဘက်ကလူတွေ ဆင်းလာမှာ၊ လူသစ် စိတ်သစ် ဆက်ဆံရေးအသစ်နဲ့ သော့ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ပါပါးက ဒါပဲ"

"ဒါပဲမလုပ်နဲ့၊ ဒါ ဓိသားစုစီးပွားရေး၊ ခင်းကို ငါတို့ လင်မယား ဒါလုပ်ပြီး ဒီအရွယ်ထိ"

"ကဲ…တော်ပါပြီ ပါပါးရာ၊ ဆက်ပြောရင် ငယ်စဉ် တောင်ကျေး ကလေးဘဝတွေပါ ပါလာတော့မယ်၊ ကျွန်တော် ပြင်နေတဲ့ မဏ္ဍန်တွေကို သွားမေးပေးမယ်"

နေမာနတို့ မောင်းနေရင်း ဒီကား ဘာဖွေဖောက်သလဲ မသိ။ တုံ့ခနဲ ဆွဲရပ်ချင်နေတာကြောင့် ဝပ်ရှော့တစ်ခုတွေ့တာနဲ့ ဝင်စစ်ဆေးခြင်းဖြစ်သည်။ ဝယ်ထားတာ မကြာသေးတာကြောင့် ကြီးကြီးကျယ်ကျယ်တော့ မဖြစ်နိုင်။

"စိတ်ချရအောင် စစ်ခိုင်းတာ ကောင်းမယ်ကွ၊ ငါတို့က ခရီးဝေးလည်း သွားနေတာ"

ပါပါးဆန္ဒလည်းဖြစ်သည်။ ပိုကာပိုင်းတွေရှိပြီဆိုရင် ပါပါး နဲ့မာမားက ညကြီးမင်းကြီးလည်း ထွက်သွားတတ်သည်။ ခရီးဘယ်လောက်ဝေးဝေး ဖုန်းတစ်ချက်သာဆက်၊ မပျက်မကွက် ဆင်နွှဲတတ်သူမို့ နေမာနက ပါပါးအလိုကျ လိုက်လျှောရသည်။ အခုလည်း ကိုယ့်ကားဘောနက်ကို ဖွင့်ပြီး စစ်ဆေးတဲ့သူထံ လျှောက်လာရင်း ဟီးဟီးထနေအောင် ဖွင့်ထားသည့် ဝပ်ရှော့ကို မျက်လုံးဝေ့အကြည့်

"ဟင်"





သတိဆွဲလိုက်တာနှင့် လူက အကာအကွယ် နံရံတစ်ခု ဆီ ဝင်ရပ်ပြီးသား။ နေမာနရှေ့ မလှမ်းမကမ်း မှန်လုံခန်းထဲမှ ထွက် လာသူက ရှပ်အင်္ကျီအကွက်ကျဲတွေက အရောင်မှိုင်းမှိုင်းကို ကွင်းနဲ့ အနက်နှင့် တွဲဝတ်ထားသည့် ရန့်မခဆိုသည့်လူ။ ဆံပင်ရှည် တွေကို နောက်နားမြင့်မြင့်စည်းထားတဲ့ ဒီလူကို နေမာန ဘယ်တော့မှမမေ့။ မှန်တံခါးတွန်းဖွင့်လျှက် စကားပြောနေတာက အလှမ်းမဝေးခြင်းကြောင့် ဘာပြောသလဲဆိုတာ နေမာန ပီပီသသ ကြားနေရသည်။

"အဟွန်း…လာမှာပေါ့ မီးမီးရဲ့၊ အားပါတယ်၊ မီးမီး မေမေရော"

နေမာန ကြည့်နေဆဲ တစ်ဖက်က ရန့်မခကို ဘာပြော လဲမသိ၊ ရန့်မခ ရယ်ပုံက ဟက်ဟက်ပက်ပက်မို့ သဘောကျနေ မှန်း သိသာကာ ဖုန်းပြောသူကို ချစ်ခင်နှီးဖြစ်နေဟန်ကလည်း အထင် အရှားဖြစ်သည်။

"မေမေ မသိအောင် လိမ်တာတော့ မကောင်းဘူးပေါ့ မီးမီးရဲ့၊ ဦးကိုခေါ်တာသိရင် မေမေက ဆူမှာလား"

"×××"

"အေးပါ၊ လာမှာပါ၊ အခုပဲ ထွက်လာပြီ၊ မီးမီး အခု ဘယ်ဖုန်းနဲ့ဆက်နေတာလဲ၊ ကျောင်းကဖုန်းလား"

ရန့်မခ ဖုန်းထဲမှ တွတ်တီးတွတ်တာနဲ့ ချွဲနွဲ့ပြောနေသော



www.burmeseclassic.com

www.burmeseclassic.com



သမီးအသံကို နားထောင်ရင်း ဒီကလေး တောင်းဆိုသမျှ ဖြည့်ဆည်းပေးချင်တာ ဘယ်လိုရေစက်မှန်းမသိတော့ပါ။

"သမီး"

"ဟုတ်...ဦးဦး"

"ကျောင်းကပွဲဆိုတာ အကြီးကြီးလား၊ လာတဲ့သူ[တွေ] ဘာအဝတ်အစား ဘယ်လိုဝတ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်[ရှိ]သလား"

မေမေခက ကျောင်းရုံးခန်းမှ မြင်နေရသည့် ပါတီပွဲရှိရာ လှမ်းကြည့်သည်။ အသွေးအရောင်စုံ ဖအေတွေနှင့် ပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားနည်းမျိုးစုံ ခင်းကျင်းထားသည့် မြက်ခင်းပြင်ကို တခဏ အကြည့်စိုက်ပြီးမှ

"ကြိုက်ရာဝတ်ကြတာ ဦးဦးရဲ့ ဒါပေမဲ့ လှဖို့တော့ လိုတယ်နော်၊ တော်ကြာ မေမေခ အဖေက လှလည်းမလှဘူးလို့ အပြောခံရင်"

"ဟုတ်ပါပြီ သမီးရယ်၊ စိတ်ချ၊ မီးမီးမျက်နှာ မငယ်စေရဘူး ဟုတ်ပြီလား၊ မီးမီးကျောင်းကို နောက် ဆယ့်ငါးမိနစ်အတွင်း ရောက်မယ်"

ရန့်မခ ဖုန်းချပြီး ကားကို အဝေးထိန်းခလုတ်နှင့် လှမ်းဖွင့်သည်။

"ကိုသက်...ကျွန်တော် ကိစ္စရှိလို့ အပြင်ခဏထွက်ဦး





မယ်၊ ညနေပြန်ရောက်မယ် သိလား"

ရန့်မခ ကိုသက်ကို လှမ်းအသိပေး၍ ကားပေါ်တက်ပြီး မောင်းထွက်လာတဲ့အထိ သူ့ကိုစောင့်ကြည့်နေသူရှိတာ သိမသွားခဲ့။

"မေမေခ"

နံရံအကွယ်ကနေ အခုထိ ခြေလှမ်းမရွေ့နိုင်ဘဲ နေမာန့နှုတ်က ရေရွတ်လိုက်၏။

"နေမာန"

ခေါ်သံနှင့်အတူ ပခုံးကိုလည်း ပုတ်ခံလိုက်ရ၍ နေမာန လှည့်ကြည့်တော့

"ပါပါး"

"ငါတို့ ဒီကောင်နောက်လိုက်ဖို့လိုမယ် နေမာန"

"ဗျာ"

"အူကြောင်ကြောင် လုပ်မနေနဲ့၊ မင်းနောက် ငါရောက်နေတာ ကြာလှပြီ၊ မေမေခဆိုတာ သက်ထက်ကဲရဲ့ သမီး မဟုတ်လား"

"ဟုတ်တယ် ပါပါး၊ ဒါပေမဲ့"

"သူတို့ဝတ်သက်မှုက စိတ်ဝင်စားစရာပဲ၊ မင်းကားက ပြီးဦးမှာမဟုတ်ဘူး၊ တက္ကစီတစ်စင်းငှား၊ မြန်မြန်လုပ်"

နေမာနတို့ ပါပါးက စိတ်မြန်ရင်လည်း အဲဒီလိုမျိုး။



www.burmeseclassic.com

www.burmeseclassic.com



နေမာနမှာ ဝပ်ရှော့ထဲကထွက်ပြီး လာတဲ့ကားကို အပြေးအလွှား ဖမ်းတားရသည်။ ဒီဝပ်ရှော့က ကားလမ်းမကြီးဘေးမှာမို့ နေမာန ကားငှားရတာ မခက်လှပါ။ နေမာန ကားပေါ်တက်ပြီးတာနှင့် ပါပါးပါ နေမာနဘေး ရောက်လာ၏။

"ရှေ့ကသွားနေတဲ့ ငွေမင်ရောင်ကားနောက် လိုက်ပေးပါ ကားဆရာ"

ပါပါးကပဲ အမိန့်ပေးရင်း နေမာနဘက် လှည့်ကြည့်သည်။

"ဟိုတစ်ညက ဝင်နှောင့်ယှက်တယ်ဆိုတာ ဒီကောင် သေချာလား နေမာန"

"ဟုတ်တယ် ပါပါး၊ ရန်မခတဲ့၊ ဒီဝပ်ရှော့နဲ့ ဘယ်လို ပတ်သက်နေလဲဆိုတာတော့ ကျွန်တော်လည်း မသိဘူး"

"မကြာခင် မင်း သိလာရတော့မှာပါကွ"

ဦးဝဏ္ဏက သားဖြစ်သူ နေမာနကို နှစ်သိမ့်ရင်း ခေါင်းထဲမှာ အတွက်အချက်ပုံရိပ်တွေ တဖျပ်ဖျပ်ပြေးလွှားနေသည်။ ရန်မခနဲ့ သက်ထက်ကဲ၊ ပြီးတော့ မေမခရဲ့ ပတ်သက်ခြင်းက ဘယ်လောက်အထိ ကျယ်ဝန်းနက်ရှိုင်းပါသလဲ။

"အဖေကတော့ မြေးလိုချင်တယ်၊ ဝေယျာဝစ္စကို မညည်းမညူလုပ်ပေးတဲ့အထဲမှာ စေတနာတွေပါနေတာ ခံစားလို့ ရတာယ်၊ ဒီစေတနာအတွက် ထိုက်ထိုက်တန်တန် အဖေ ပြန်ကျေးဇူး





ဖြုရမယ်"

ဦးသီဟ မဆုံးခင် ဒီလိုကြေညာခဲ့တော့ ဦးဝဏ္ဏ အပြုံးမပျက် ခေါင်းညိတ်ခဲ့သည်။ ဦးသီဟ ဆုံးသွားတဲ့နောက်ပိုင်းမှာလည်း သက်ထက်ကဲ ဘာတွေ ဘယ်လိုရသွားတဲ့အထိ သူ စိတ်မဝင်စားခဲ့။ ဦးသီဟရဲ့ ကျန်ရစ်သေးအမွေအတိုင်းအတာက တခြားဘယ်သူ့ကိုမှ ခွဲဝေကြည့်ချင်လောက်အောင် ဦးဝဏ္ဏအတွက် များပြားလွန်းသည်။ ပြီးတော့ နိုင်ငံရပ်ခြားမှာ ဘဝသစ်ထူထောင်ရန် ဆန္ဒကိုယ်စီနဲ့မို့ သက်ထက်ကဲကို လွှတ်လပ်ခွင့်ပေးခဲ့ပေမယ့် မှန်းချက်နဲ့နှမ်းထွက် မကိုက်တော့ သက်ထက်ကဲဘက် ပြန်လှည့်လာ၏။

"ရှေ့က ပရိစကူးလ်ထဲ ကားဝင်သွားပြီဗျ၊ ကျွန်တော် လိုက်ဝင်ရမှာလား"

"အာ--နေ---နေ၊ မဝင်နဲ့၊ ဒီနားမှာ ခဏရပ်ပေး"

ကားရပ်တာနှင့် ဦးဝဏ္ဏက ကျောင်းဝင်းထဲ လှမ်းမျှော်ကြည့်သည်။ ဖားသားဒေးလို့ စာတမ်းချိတ်ဆွဲထားသည့် မြက်ခင်းပြင်မှာ ကလေးငယ်တွေနှင့် သူတို့မိခင်တွေက ဓာတ်ပုံတွဲရိုက်တာမျိုး၊ မုန့်အတူစားတာမျိုးနှင့် စည်ကားနေသည့်ကြားထဲ ရန်မခနှင့် မေမခက တစ်တွဲမို့ ဦးဝဏ္ဏက လက်မျှောက်တစ်ချက်တီးလိုက်၏။

"ငါတို့ ရန်မခအကြောင်း သိဖို့လိုပြီ နေမာန"



www.burmeseclassic.com

www.burmeseclassic.com

"အခုနကတော့ ပါပါးပဲ"

"လှစိတ်လေ၊ အမျိုးမျိုးပြောင်းမှာပေါ့၊ ဒီမှာ မင်းထက် မတော်ရင် မင်းအဖေ ငါမဖြစ်ဘူး နေမာန၊ ငါပြောတဲ့အတိုင်းသာ အကွက်ရွှေ့စမ်းပါ၊ ဒါ ငါတို့ရဲ့ နှစ်သီးစားစီမံကိန်း အောင်ပြီ"

ဦးဝဏ္ဏက သူ့ကို ကြောင်အစွာကြည့်နေသော နေမာန အား သဘောကျ ကျေနပ်စွာ ရယ်သည်။ ဖဲဝိဇ္ဇာတို့ရဲ့ အတတ် ပညာက လှကဲခတ်ခြင်းကို တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင် ခြင်းလို့ အဆိုရှိခဲ့သည်။ ထိုသို့သော ကျွမ်းကျင်မှုနှင့် ရန့်မခနှင့် မေမခတို့ကြားက သံယောဇဉ်နှယ်တစ်မျှင်ဟာ သူ စေ့စေ့မကြည့် ရဘဲ နိုင်မာကြောင်း သိခဲ့ရသည်။ ဦးဝဏ္ဏရဲ့ အတတ်ပညာကြောင့် ဖြစ်သည်။

လောကကြီးဟာ နေတတ်လျှင် ကျေနပ်စရာ။ ရှာတတ် ရင် ပါလာတတ်တာမို့ သူလိုချင်တာ အဓိက ငွေ။ ငွေရရင် အားလုံးအိုကေ။

• • •



အခန်း (၁၉)

"ကလေးမပါဘူးလား သက်ထက်ကဲ"

"ဩော်"

သက်ထက်ကဲ ရှေ့မှာ မော်ဒယ်လ်ကို အဝတ်အအစား ပြင်ပေးနေတုန်း ကိုယ့်နာမည်ခေါ်၍ နှုတ်ဆက်သူက ဘယ်သူလဲ သိအောင် လှည့်ကြည့်တာမျိုးပါ။ ကြည့်လိုက်မှ မြင်လိုက်ရတဲ့ ရန့်မခကြောင့် ကဲရဲပြုံးရယ်နေသော မျက်နှာလေး တည်သွား၏။

"ပါပါတယ်"

"ဟုတ်သားပဲ၊ ကလေးကို တစ်ယောက်တည်းထားခဲ့ လို့ ဘယ်ရမလဲ"

ရန့်မခက သူ့ဟာသူ ပြောချင်ရာပြောနေတာကို



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်နိုင်။ ကဲက ရှေ့တစ်ယောက်ပြီးတာနဲ့ နောက်တစ်ယောက် အဝတ်အစား ဖစ်တင်ချခြင်းကို အာရုံစိုက်ပြီး အလုပ်ရှုပ်နေသည်။ တကယ်ဆို ရန်ကုန်မှာကတည်းက ဖန်းကိုင်မည့်မော်ဒယ်လ်တွေနဲ့ အားလုံး အဆင်တပြေဖြစ်ပြီးသား။

"ငါ ပါသွားမှာပဲ ကဲရယ်၊ ငါ့ကောင်မလေးတွေလည်း ပါမှာပဲကို၊ နင့်မော်ဒယ်လ်တွေ အဝတ်အစားဝတ်တာ ကူလုပ်ပေးမှာပါ၊ နင့်ဟာနင် နားစမ်းပါဦး၊ မီးမီးကတစ်ဖက်၊ ဒီရက် အလုပ်က ဝန်ပိတာတစ်ဖက်နဲ့ စိတ်ဖိစီးမှုတွေ များနေလား မသိဘူး၊ နင့်ကြည့်ရတာ ချောင်ကျသွားတာများ အားရစရာ မကောင်းလိုက်တာ"

မကြီးဝါက သက်ထက်ကဲအတွက် စိတ်ပူ၍ပြောသေးသည်။ အကယ်ဒမီပွဲအတွက် ဖန်းကိုင်တွေ၊ အစီအစဉ်ကြေညာသူတွေအတွက် မိတ်ကပ်ဆံပင် ထုံးဖွဲ့မှုကို မကြီးဝါ အရွေးခံရတာကြောင့် နေပြည်တော်ကို သက်ထက်ကဲနှင့် အတူတူသွားဖို့ အကြောင်းတိုက်ဆိုင်လာခြင်းဖြစ်သည်။

ကိုယ်က ဖန်တီးထားတဲ့ ဝတ်စုံတွေအတွက် ကဲ စိတ်ချသည်။ မလိုက်လည်းဖြစ်တာ သိသည်။ သို့ပေမယ့် စိတ်ဖိစီးမှုတွေများသော ရန်ကုန်အိမ်မှာ နေ့ညမရွေး ခြောက်လှန့်နေတာ နေမာနမျက်နှာမို့ ထိုအခက်အခဲတွေထဲက ခေတ္တထွက်ပြေးချင်သည့်စိတ်နှင့် လိုက်ဖြစ်အောင် လိုက်ခဲ့သည်။

"ကဲ ရီလက်စ်လုပ်ချင်လို့ပါ၊ ပြီးတော့ နေပြည်တော်မှာ





www.burmeseclassic.com

ဆာဖာရီတို့ ဘာတို့ကို မီးမီးကို လိုက်ပြချင်လို့ မကြီးဝါ၊ တစ်ချက် ခုတ် နှစ်ချက်ပြတ်ပေါ့"

"အေးပါ၊ ကဲ စိတ်ချမ်းသာရင်ပြီးရော၊ ငါက ကဲ ကြည့်ရတာ အရမ်းနွမ်းနေသလားလို့"

မကြီးဝါတောင် သက်ထက်ကဲ ရင်ထဲက အပူမီးအကြောင်း ရိပ်မိနေပြီလားမသိ။ ဘယ်လိုမီးမဆို အပူဟပ်ရင် နွမ်းတတ်တာ သဘာဝမို့ ကဲက နွမ်းနယ်ခြင်းအား ထူးပြီးစာမဖွဲ့ချင်တော့။ ပိုဆိုးတာက ဒီမှာ ရင်တွင်းရှုပ်ထွေးနေပါသည်ဆိုမှ ရန်မခဆိုသူနှင့် နေရာတကာတွေ့နေရတော့ အမြင်က မကြည်ချင်။ အသည်းနဲ့ ဘယ်လိုပတ်သက်နေခဲ့လဲ စိတ်မဝင်စားခဲ့ပေမယ့် သက်ထက်ကဲနားမှာ စကားတွေလျှံနေ၏။

"ကိုကိုနဲ့အသည်းက လူကြီးချင်းသဘောတူထားတယ် မသက်ထက်ကဲရဲ့၊ ကိုကိုကတောင် ဟိုနေ့က ပြန်တော့ ပြောနေသေးတယ်၊ အသည်းမှာ ပင်တိုင်ဒီဇိုင်နာ ထားသင့်တယ်တဲ့၊ မသက်ထက်ကဲရဲ့ ခံယူချက်ကိုကြားရတာ အလုပ်ကို လေးစားပြီး မာနကြီးမယ့်ပုံတဲ့၊ အသည်း ဒီဇိုင်နာခေါ်ရင်တောင် မသက်ထက်ကဲကို ရွေးခေါ်တဲ့"

အသည်းက သက်ထက်ကဲရဲ့ ဝတ်ကြည့်ကြတဲ့နေ့ လူလည်းစုံတုန်း အားလုံးနှင့်အတူ သက်ထက်ကဲကို ကြော်ငြာသွင်းခဲ့သည်။ အကြောင်းမသိသော ခင်မဒီကတော့



www.burmeseclassic.com

www.burmeseclassic.com

"မမကဲရေ…သတိတော့ထား၊ သူတို့နေစပ်ပွဲအတွက် ဝတ်စုံစပွန်ဆာရှာနေပြီ"

ခင်မဒီ ရယ်မောနေပေမယ့် ကဲရင်ထဲ ခုနေခဲ့တာ ကိုယ်တိုင်ပဲ သိသည်။

ရန်မခက အသည်းနဲ့ပတ်သက်ပြီးသားလို့ သက်ထက်ကဲကို တည့်တိုးကြီး မပြောလိုက်ရဲသာရှိသည်။ နံပါတ်ချိတ်ပြီးသားလူကို လက်မရှောင်စတမ်း ပတ်သက်ရအောင်လည်း ကဲက အချစ်ကို အလိုမရှိသောသူ ဖြစ်နေတာ အသည်းက မသိ။

"သက်ထက်ကဲတို့ ဘယ်မှာတည်းကြလဲ မသိဘူးနော်၊ ကိုယ်က မီးမီးနဲ့တွေ့ချင်လို့"

"ဒီမှာ"

ခုနစ်ယောက်မြောက် မော်ဒယ်လ်ကို လက်ဝတ်ရတနာဆင်မြန်းပေးပြီးတာနဲ့ ကဲက သူဘက် ချက်ချင်းလှည့်ရပ်သည်။ အတွင်းခန်းမှာ မကြီးဝါနဲ့အဖွဲ့က မိတ်ကပ်ပြင်ဆင်ပေးခြင်း၊ ဆံထုံးထုံးကာ ပန်းပန်ပေးခြင်းအပြင် အဝတ်အစားပါ တစ်ခါတည်း ဆင်ယင်ပေးတာမို့ ကဲ တာဝန်က ထွက်လာသမျှ မော်ဒယ်လ်တွေအား သူတို့အဝတ်အစားအရောင်နဲ့ဆင်တူ လက်ဝတ်ရတနာဆင်ပေးရုံသာဖြစ်သည်။

"ရှင့်ရဲ့အသည်း ထွက်လာတော့မယ်"

သက်ထက်ကဲ ပြောလိုက်သံက ဘေးလူမသိစေချင်တာ





မျိုးမဟုတ်။ ပရက်ရှာတက်နေသော ဒေါသတွေကို မချိမဆန့်မျိုချကာ အံကြိတ်ပြောနေတာမျိုး။ ရန်မခက ဆံပင်ခွေလိပ်လိပ်အရှည်ကြီးတွေချကာ ခရမ်းရင့်တီရှပ်၊ ဂျင်းအပြာဖျော့ ဒူးဖုံးလေးနှင့် ဘိုမရုပ်က ဒေါသတွေထွက်နေတာမျိုးလို ဆင်တူသည့် သက်ထက်ကဲကို တစိုက်မတ်မတ်ကြည့်ရင်း ခပ်သဲ့သဲ့ပြုံးသည်။

"အဲဒီတော့"

"ရှင့်ကောင်မလေး မကြိုက်တဲ့ ကိစ္စမှန်သမျှ ရှင် ရှောင်ရှားသင့်တယ်"

"သက်ထက်ထဲ ရှင်းအောင်ပြောပြမယ်"

ကဲက မီးထွက်မတတ် မျက်ဝန်းတွေနဲ့ ရန်မခကို ကြည့်နေသလောက် ရန်မခ မျက်နှာချောချောက ပြုံးနေကျအတိုင်း အပြုံးမပျက်။ မခိုးမခန့်အပြုံးနှင့် နှုတ်ခမ်းတွေတစ်ချက်လှုပ်ရှားသွားတိုင်း ရန်မခ မျက်ဝန်းတွေပါ ရယ်မြူးရိပ်သမ်းသွားတာ လည်းကြည့်၍ကောင်းပါသည်။ သို့ပေမယ့် ကြည့်ကောင်းတိုင်း ခင်မင်ရယ်ရာမဖြစ်သင့်သောသူတွေထဲမှာ ပိုင်ရှင်ရှိပြီးသားလူက ထိပ်ဆုံးမှာမို့ သူ့မျက်နှာကိုမကြည့်မိအောင် အကြည့်ကို တမင်လွှဲထားသည်။

"အသည်းက ကိုယ့်ကောင်မလေး မဟုတ်ဘူး၊ ဒီတော့ သူ မကြိုက်တာတွေ ကိုယ် ရှောင်ရှားစရာမလိုဘူး သက်ထက်ကဲ၊ သိကနော်"



www.burmeseclassic.com

www.burmeseclassic.com



ရန်မခက သက်ထက်ကဲမျက်နှာကို ခပ်တည်တည်စိုက်ကြည့်ပြီး ပြောပုံက သက်သောင့်သက်သာ။

"ပြီးတော့ သက်ထက်ကဲ မကြိုက်တာ ဘာတွေလဲ၊ သိခွင့်ရရင် ကိုယ် ရှောင်လို့ရတာပေ့ါ"

"ဘာရှင့်"

မင်သက်မိသလို မျက်ဝန်းတွေ ဝိုင်းစက်သွားပြီးမှ

"ရှင်…ကြည့်စမ်း၊ ဒါ ကျွန်မကို စော်ကားလိုက်တာပေါ့"

"အို…မဟုတ်ဘူး၊ ကိုယ်က သက်ထက်ကဲကို…"

"ကိုကို"

ရန်မခ၏ ဖြေရှင်းခြင်းတွေ ဆုံးခန်းမတိုင်သေးမီမှာပဲ နောက်ပါးက အသည်း၏ခေါ်သံ ထွက်လာသည်။ အသည်းက အနီရဲရဲချိတ်နှင့် အနီရဲရဲ ဗမာအင်္ကျီ၊ နှုတ်ခမ်းတွေ၊ မျက်ခုံးတွေကအစ အနီရောင် လွှမ်းခြုံထားတဲ့ အသည်းက ညနေအမှောင်မှာ မှုန်းတည့်နေ၏။ အသည်းအကြည့်တွေ စူးရဲတောက်ပစွာ ရန်မခတို့နှစ်ယောက်ထံ ဖြတ်ပြေးသွားပြီးမှ

"ကိုကို…ဒီထဲကို ဘာလာလုပ်တာလဲ"

အသည်းမေးခွန်းက ရန်မခကို မေးတာဖြစ်ပေမယ့် အသည်းအကြည့်တွေ စုန်ဆန်ပြေးသွားတာ ကဲထံမှာပဲဖြစ်သည်။ မျက်တောင်အခတ်မှာပဲ မှန်းတီးသလိုမျိုး။ ခံပြင်းစိတ်ကို မျိုသိပ်





ကာ ကဲက လက်ဝတ်ရတနာဘူးကိုဖွင့်ပြီး အသည်းကို ဆင်ယင်ပေးရန် အသင့်ပြင်ထားသည်။

"ကိုယ် သက်ထက်ကဲကို နှုတ်ဆက်ချင်လို့ ဝင်လာတာ"

"နှုတ်ဆက်တယ်ဆိုတာ အသိမိတ်ဆွေတွေမှ သုံးနှုန်းရတာမျိုးပါ ကိုကိုရာ၊ အသည်းကြောင့် ကိုကိုတို့ ဆုံဖူးတာပဲ၊ တကူးတက နှုတ်ဆက်ရအောင် အရေးမှမပါတာ"

သက်ထက်ကဲနား ရောက်လာပြီး အသည်းက လည်တိုင်ကျော့ကို မော့ပေးကာ လည်ဆွဲဆွဲပေးရန်ဖြစ်ပေမယ့် စိုက်ချထားတဲ့ မျက်တောင်ဖျားအောက်မှ အကြည့်တွေက ကဲမျက်နှာထက်မှာ ဝေ့ဝဲလျက်။

"အရေးပါတာတွေ၊ မပါတာတွေက သတ်မှတ်သူရဲ့ တန်ဖိုးအတိုင်း ရှိနေတာမျိုးပါ အသည်း၊ ကိုယ့်အတွက်တော့ သက်ထက်ကဲက တကူးတကဆိုတဲ့စကားထက် အများကြီးအရေးပါတယ်"

"ကိုကို"

ရန်မခကို အလန့်တကြား ဒီတစ်ခွန်းသာခေါ်လိုက်မိပြီး အသည်းမှာ ရှေ့ဆက်ရန် စကားတို့က ရှားပါးခြင်းသို့ရောက်သည်။ အသည်းရင်ထဲ မီးလုံးကြီးထိုးဆင်းသွားသလို ပူပြင်းမှုကို ခံစားလိုက်ရတာ ဝန်တိုခြင်းတွေလား။ အများအမှန် မခွဲခြားရသေးတ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သမျက်ဝန်းက ရှေ့မှ သက်ထက်ကဲမိန်းမထံ ငိုင်းခဲ့ရောက်သွား၏။ သက်ထက်ကဲဆိုသည့် မိန်းမက သွေးအေးတာလား၊ စိတ်တည်ငြိမ်တာပဲလားမသိ၊ အသည်းကို လက်ကောက်မှအစ စနစ်တကျ ဝတ်ဆင်ပေးနေတာ တစ်ချက် ဣန္ဒြေမပျက်။

"ရပြီ အသည်း၊ လိုတာရှိရင်ပြော၊ တို့ နောက်ဘက်အခန်းထဲမှာ ရှိနေမယ်"

သက်ထက်ကဲက ဘူးအလွတ်တွေ ကောက်သိမ်းရင်း အသည်းကိုနှုတ်ဆက်ကာ နောက်ခန်းထဲ ဝင်သွားပုံက သူမနှင့် မသက်ဆိုင်သည့်စကားတွေ ကြားနေရသည့်အလား။ သက်ထက်ကဲ ကျောခိုင်းရာသို့ အကြည့်တွေ တဆုံးတစပါသွားသော ကိုကို့ရှေ့မှာ အသည်းက ပိတ်ကွယ်ရပ်ရင်း ရင်ထဲမှာ မီးတွေလောင်နေ၏။

"အသည်းကိုပြောစမ်းပါ၊ ကိုကိုတို့က ဘာတွေလဲ၊ ဘယ်လိုတွေလဲ"

"ဆောရီး အသည်း၊ ကိုယ် ဟိုတယ်မှာ ပြန်နားတော့မယ်၊ ပွဲပြီးရင် အန်တီနဲ့ပြန်ခဲ့ပေါ့"

"ကိုကို"

ဒေါ်သဖြစ်ဖြစ်နှင့် ရန်မခ ရုပ်အင်္ကျီလက်မောင်းစကို အသည်း ဆောင့်ဆွဲပစ်သည်။ ဘေးတစောင်းငဲ့လာတဲ့ ကိုကို့မျက်နှာကိုကြည့်ရင် အသည်းရင်တွေ အတိုင်းမသိ နာကျင်လာရ





တာက အသည်းကိုယ်တိုင် ကိုကို့ကို သိပ်ချစ်လို့ဆိုတာ ကိုကို့ကို သိစေချင်သည်။

"အသည်းမေးတာ ဖြေသွားပါဦး ကိုကို၊ ကိုကိုနဲ့ သက်ထက်ကဲက ဘာလဲ၊ အသည်းနဲ့ကိုကိုကရော ဘာလဲ၊ ပြီးတော့ လူကြီးတွေစီစဉ်ထားတဲ့ ကိစ္စတွေကရော"

ဝတ်စုံနဲ့အပြိုင် ဖြိုးပြက်လာတဲ့ အသည်းမျက်ဝန်းတွေကို ကြည့်ရင်း ရန်မခက ပင့်သက်တစ်ရှိုက်ကို အင်အားအပြည့်သွင်းယူပြီးမှ အသည်းကို စိတ်မကောင်းသလို ကြည့်သည်။

"လူကြီးတွေ စီစဉ်ထားတဲ့ကိစ္စကို လူကြီးတွေနဲ့ မျက်နှာစုံညီပြောမှကောင်းလိမ့်မယ် အသည်း၊ ဒီအချိန်မှာ ဘာပြောပြော အသည်း နားဝင်မှာမဟုတ်ဘူး၊ အသည်းအလုပ်ကို အသည်း အေးအေးဆေးဆေးလုပ်၊ ကိုကိုသွားမယ်"

"ကိုကို"

ရန်မခကို ဆွဲကိုင်ထားသည့် အသည်းလက်က လေဟာနယ်ထဲ ပြုတ်ကျသွားသည်။ ချစ်တတ်လျှင် ရက်စက်တတ်သလား။ ရန်မခ မသိပေမယ့် အသည်းကို ကျောခိုင်းထားခဲ့ရက်တာ မုန်းလို့တော့မဟုတ်။ ရန်မခက တစ်ဖက်ကိုမျက်နှာမူချင်ရင် ကျောဘက်မှာ တခြားတစ်ဖက်ကို ချန်ရစ်ခဲ့ရမည်။ အခုချိန် ရန်မခဘက်က အချစ်ကို ပြတ်သားဖို့လိုနေလို့ ကိုကို့ကို ခွင့်လွှတ်တော့ အသည်းရယ်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဟုတ်ပြီ သန္တာ၊ တို့ အခုပဲလာခဲ့မယ်"

ကဲက ဖြစ်သလို ဖုန်းကို ဘောင်းဘီအိတ်ထဲ ထိုးထည့်သည်။ စားပွဲပေါ်တင်ထားတဲ့ ပိုက်ဆံအိတ်ကို ကြိုးမှ ငြိုးစလွယ်ချိတ်လွယ်ပြီး သက်ထက်ကဲ မကြီးဝါကို လိုက်ရှာတော့ မကြီးဝါက မော်ဒယ်လ်တွေနားမှာ ရှိနေဆဲ။ အပြင်ဘက် စင်မြင့်ထက်မှာ အကယ်ဒမီပွဲအတွက် အခမ်းအနားမှူးက အစီအစဉ်တွေကို ဖတ်ကြားနေ၏။

"မကြီးဝါ"

"အေး…ပြော ကဲ"

"ကဲ တည်းတဲ့အိမ်ကို အခုပြန်မှဖြစ်တော့မယ်"

"ဟဲ့…ဘာဖြစ်လို့လဲ"





ပထမတော့ အေးအေးဆေးဆေးဆိုသည့် သက်ထက်ကဲထ ချက်ချင်းပြန်မယ်ဆိုတော့ မကြီးဝါပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"မီးမီး နေမကောင်းဖြစ်နေတယ်တဲ့ မကြီးဝါ၊ ဝမ်းလည်းသွားတယ်၊ အန်လည်းအန်တယ်တဲ့၊ အဲဒါကြောင့်ပါ"

"ဒါဆိုလည်း သွားလေ ကဲ၊ ဒီမှာ အားလုံးပြီးနေပြီပဲ"

"ဒါဆို ကဲ သွားပြီနော်"

ကဲက မှန်တံခါးကိုတွန်းဖွင့်ကာ သမီးအတွက် စိုးရိမ်စိတ်တွေနှင့် ကမ္ဘာရှုံးထိုး ထွက်သည်။

"ဟဲ့…အခြေအနေထူးရင် ငါ့ဆီဖုန်းဆက်"

မကြီးဝါရဲ့ အော်သံက သက်ထက်ကဲနောက်ပါးမှာ ကျန်ခဲ့၏။ ကဲက လူတွေကို ဘယ်လိုဖြတ်ကျော်ခဲ့သလဲမသိ။ အရောင်မျိုးစုံ ဖြိုးဖြက်နေသော ပရိသတ်တွေ၊ ကင်မရာမီးတဖျပ်ဖျပ်ကြားမှ သက်ထက်ကဲ တိုးတိုးဝှေ့ဝှေ့ ပြေးထွက်လာတာ ထွက်ပေါက်ရှိရာသို့ဖြစ်သည်။

"မီးမီး နေ့ခင်းကတည်းက ဝမ်းသွားတာ မမကဲ၊ သန္တာက ရိုးရိုးပဲထင်လို့၊ အခု အန်ပါအန်တယ်၊ သန္တာ ဘာလုပ်ရမလဲ ဟင် မမကဲ၊ ပြန်လာလို့ရရင်…"

သက်ထက်ကဲနားထဲမှာ သန္တာစကားတွေ ထပ်တလဲလဲကြားယောင်တော့ ပြေးလှမ်းကို အရှိန်မြှင့်သည်။ 'ဘုရားကယ်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်ရဲ့ သမီးလေး ဘာမှမဖြစ်ပါစေနဲ့' လို့ သက်ထက်ကဲ
မျက်ရည်ဝဲနေသည့်ကြားမှ ဆုတောင်းနေမိ၏။ ဒီရက်ပိုင်းအတွင်း
သက်ထက်ကဲ စိတ်ရှုပ်ရတာတွေများ၍ သမီးကို အခါများ
ကလို ဂရုမစိုက်နိုင်ခဲ့တာ အခုမှ နောင်တရနေ၏။

"မေမေ…မီးမီးဗိုက်ထဲက အောင့်နေတယ်"

သမီးလေး မနက်က အိပ်ရာထတုန်းကတော
သက်ထက်ကဲကို ပြောခဲ့သေးသည်။

"အောင့်မှာပေါ့၊ သမီးက အစားအသောက်မှ မဆင်ခြင်
တာ၊ ဒီနေ့ မေမေ့ကို မနှောင့်ယှက်နဲ့နော် သမီး၊ မေမေ အလု
ကိစ္စတွေရှိတယ်၊ မီးမီး ဒီအိမ်မှာ သန္တာနဲ့နေခဲ့"

သမီးကို သက်ထက်ကဲ ခပ်တည်တည်မျက်နှာထား
ပြောခဲ့တုန်းက သမီးက မျက်နှာငယ်လေး ဖြစ်သွားပြီး အမေ
မော့ကြည့်သည်။

"ဒီအိမ်က မီးမီးအိမ်လည်း မဟုတ်ဘူး၊ ပြီးတော့ မေ
သန္တာက မေမေမှမဟုတ်တာ"

"မီးမီး"

သက်ထက်ကဲအသံက ဆတ်ဆတ်လေးခေါ်ပစ်မှ မီးမီး
ဟာ မျက်နှာလေးငယ်ကာ မျက်လွှာချသွား၏။

"ဟုတ်…မီးမီး သိပါပြီ"

သမီးက ထိုကတည်းက ဝေဒနာကိုခံစားခဲ့ရတာ နေမှာ





ပါ။ သက်ထက်ကဲ ဒါကိုနားမလည်ဘဲ သမီး မပြောရဲအောင်
ဖိအားတွေ စွတ်ပေးခဲ့သည်။ ကဲက ပတ်ဝန်းကျင်ကို သတိမထား
နိုင်။ ပါးပြင်ပေါ်စီးကျလာသော မျက်ရည်တွေကို လက်ဖမိုးနဲ့
ခပ်ကြမ်းကြမ်းပွတ်ဆွဲရင်း ကားလမ်းဆီ ပြေးထွက်လာခဲ့သည်။

ရုပ်ရှင်ချစ်သူတွေ၊ ရုပ်ရှင်ဝါသနာအိုးတွေရဲ့ မျှော်လင့်ရာ
ပွဲတော်မို့ ထွက်လမ်းဝင်လမ်းတို့မှာ ကားတွေ၊ ဆိုင်ကယ်တွေက
တိုးမပေါက်အောင် ပြည့်သိပ်နေ၏။ ဒီကြားထဲ သတင်းထောက်
တွေကလည်း မိုက်ခရိုဖုန်းတွေ၊ ဗီဒီယိုကင်မရာကြီးတွေ တပြင်ပြင်
နှင့်မို့ ကဲက လူအုပ်တွေ ရှောင်ရင်းရှားရင်းက ဦးတည်ရာကို
လွယ်လွယ်နှင့် မရောက်နိုင်ဆဲမှာပဲ

"သက်ထက်ကဲ"

ခေါ်လည်းခေါ်သည်။ မြန်းခနဲ သက်ထက်ကဲ လက်
မောင်းရင်းမှ ဆွဲခေါ်သွားသော လက်အစုံက သန်မာလွန်းလှသဖြင့်
ဘယ်သူဘယ်ဝါမှန်း မသိရခင်မှာပဲ ကဲက ထိုလူဆွဲခေါ်ရာနောက်
သို့ လူအုပ်ကြားထဲမှာပင် တွန်းရင်းတိုက်ရင်း ပါသွားရ၏။

"ဘာတွေဖြစ်လာတာလဲ၊ ပြောပါဦး"

ရှေ့မှလူက ကားပါကင်အစပ်နားအထိ ဆွဲခေါ်လာပြီးမှ
သက်ထက်ကဲလက်ဆွဲဖြုတ်၍ လှည့်အမေးမှာ မြင်လိုက်ရတဲ့
မျက်နှာကြောင့် သက်ထက်ကဲမျက်နှာ ကွက်ခနဲပျက်သွား၏။

"ရန်မခ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကိုယ်ပဲ"

မျက်ဝန်းတစ်ဝိုက် မျက်ရည်တွေ စိုလူးနေသော သက်ထက်ကဲ မျက်ဆောင်ကော့တွေကို ရန့်မခက စိုးမိုးကြည့်ရင်း ရင်ထဲ ဘယ်လိုအင်အားတွေနဲ့ နုးညံ့သွားလဲမသိး

"ပြောလေ၊ ကိုယ်ဘာကူညီရမလဲ၊ မင်းကြည့်ရတာ အရမ်း ခံစားနေရသလိုပဲ"

အခုချိန်မှာ ဒီလူကို ပစ်ပစ်ခါခါဆက်ဆံရန် အင်အားမဲ့နေလေပြီ။ ကဲ ရင်ထဲမှာ သမီးအတွက် စိုးရိမ်ခြင်းတွေသာ ကြီးစိုးနေတာပဲရှိသည်။

"ကျွန်မ မီးမီးဆီသွားချင်လို့"

"ရတယ်၊ ကျွန်တော် ပို့ပေးမယ်၊ မီးမီး တစ်ခုခုများ ဖြစ်နေလား သက်ထက်ကဲ"

ရန့်မခ အမေးကို ဆတ်ခနဲခေါင်းအညိတ်မှာ မျက်ရည်တစ်ပေါက်က ဝရန်းသုန်းကား သက်ထက်ကဲပါးပေါ် ကြွေလွင့်သွားသည်။ စိုးရိမ်ခြင်းမီးသည် တောမီးလို လွယ်ကူစွာ ကူးစက်ပျံ့နှံ့တတ်သလား မသိ။ ရန့်မခအတွက် မသေချာပေမယ့် ဖြူဖျော့နေသော သက်ထက်ကဲပုံစံက ချက်ချင်းခွေယိုင်ကျတော့မလို ရှိနေ၍ စိုးရိမ်သွား၏။

"ပြောလေ သက်ထက်ကဲ၊ မီးမီး ဘာဖြစ်လဲ"

"မီးမီး နေမကောင်းဘူး"





မျက်ရည်တွေပြည့်နေသည့် မျက်ဝန်းတွေနှင့် နှုတ်ခမ်းလေးကို တင်းတင်းစေ့ပြီး ရန့်မခကို မော့ကာကြည့်ပြီးပြောပုံက အားကိုးတကြီးရှိလှသည်။ ရန့်မခက သက်ထက်ကဲဘက်ရှိ ကားတံခါးကို ဆွဲဖွင့်ပေးသည်။

"ကဲ··တက်၊ လိပ်စာပြော၊ ကိုယ်တို့ မီးမီးဆီ အမြန်ရောက်မှဖြစ်မယ်"

သက်ထက်ကဲကို တွန်းထိုးမတင်ရုံတမယ် ရန့်မခကိုယ်တိုင် ကားပေါ်တက်ခိုင်းသည်။ ကားတံခါးကို ဆောင့်ပိတ်ပြီး ကားခေါင်းဆီ ပတ်ကွေ့ကာ မောင်းသူဘက် ရန့်မခဝင်ထိုင်တာသည်း မြန်မြန်ဆန်ဆန်။ ကဲက တည်းခိုရာအိမ် လိပ်စာပြောသည်မှအပ တခြားဘာစကားမှမဆိုဖြစ်။ မီးမီးအတွက် စိုးရိမ်ခြင်းနှင့် ဆုတောင်းခြင်းတွေ တပြန်တစ်လှည့်စီ လူကိုစိုးမိုးထား၏။

ကားကို ခြံထဲကွေ့ဝင်တာနှင့် အိမ်ပေါက်ဝမှာ မီးမီးကို ချီထားသော သန္တာကိုတွေ့ရသည်။ ရန့်မခ ကားစက်မသတ်ရသေးခင်ပဲ ကဲက ကားအောက်ဆင်းပြီးသားဖြစ်နေ၏။

"မီးမီး"

"မေမေ့"

တစ်မနက်လေးပင် မီးမီးက နှုတ်ခမ်းတွေ ဖြူဖျော့ကာ မျက်တွင်းလေးတွေပါ ချောင်ကျသွားသည်။

"ဦးဦးပါ ပါလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



သမီးက သက်ထက်ကဲဆီ လက်ကမ်းနေရာမှ ရန်မခဆီ အကြည့်ရောက်သွားသည်။ ရန်မခက သက်ထက်ကဲနားမှ ဖြတ်ကျော်တက်ရင်း သမီးကိုပွေ့လိုက်၏။

"အိမ်ထဲက လိုအပ်တာတွေယူ သက်ထက်ကဲ၊ ကိုယ့်ကလေးကိုချီထားမယ်"

"ဟုတ်...ဟုတ်ကဲ့"

ကဲက ရန်မခကို ဆန့်ကျင်ရန် အင်အားမရှိ။ ဒီအချိန်မှာ ခေါင်းအေးအေးနှင့် စီမံခန့်ခွဲရန် လူကလိုတာမို့ အိမ်ထဲပြေးဝင်ကာ သမီးအဝတ်အစား နှစ်စုံလောက်ယူသည်။ နောက် ဘာထပ်ယူရမလဲဆိုတာ အခန်းပတ်လည် လှည့်ကြည့်နေချိန်မှာပဲ

"မမကဲ...မီးမီး ထပ်အန်ပြန်ပြီ"

သန္တာအော်သံကြောင့် သက်ထက်ကဲ ရှေ့ကိုပြန်ပြေးထွက်တော့ လက်ထဲကိုင်ထားသမျှ ဘာမှမပါလာအောင် ဗျာများနေ၏။ လူက ယောက်ယက်ခတ်နေ၏။

"မေမေ...ဒီမှာ ဦးဦးကို ပေကုန်ပြီ"

"အို...ဟုတ်ပါရဲ့"

ရန်မခရဲ့ ပခုံးပေါ်မှ ကျောပြင်တစ်လျှောက်မှာ မီးမီးရဲ့အန်ဖတ်တွေ။ ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေသော ကဲကို ရန်မခက တစ်ချက်လှမ်းကြည့်သည်။

"ကိုယ့်ကို အားနာစရာမလိုဘူး သက်ထက်ကဲ၊ သမီးကို





ဆေးခန်းအမြန်ပို့ရအောင်"

"ဦးဦး...မီးမီးကို ဆေးထိုးမှာကြောက်တယ်"

"ဆေးမထိုးပါဘူး မီးမီးရဲ့၊ ဆေးထိုးရင်လည်း မနာအောင် ဖြည်းဖြည်းလေးထိုးဖို့ ဦးဦးပြောပေးမှာပေါ့"

"တကယ်"

"တကယ်ပေါ့၊ ဦးဦးက မလိမ်ပါဘူးကွ"

ရန်မခက သမီးကိုပွေ့ချီရင်းနဲ့ပင် ကားမောင်းသူဘက်ဝင်ထိုင်သည်။ ကဲမှာသာ လက်ဗလာနှင့် ကားပေါ်လိုက်တက်ရင်း

"မီးမီး...မေမေ့ပေါ်လာလေ၊ ဦးက ကားမောင်းရဦးမှာ"

"ဟင့်အင်း...ဟင့်အင်း"

သမီးက ဆံပင်လေးတွေဝဲနေအောင် ခေါင်းခါရင်း ရန်မခရင်ခွင်မှာ မျက်နှာကိုအပ်ထားသည်။ ကဲ အတင်းဆွဲခေါ်မှာကြောက်သည့်အလား ရန်မခရဲ့ အင်္ကျီရင်ဘတ်အစကို ဆွဲဆုပ်ထား၏။

"မီးမီး ဦးဦးနဲ့ပဲနေချင်တယ်၊ မေမေ မဆူနဲ့နော်၊ မီးမီး ဦးဦးကိုချစ်လို့ပါ"

"သမီးရယ်"

သက်ထက်ကဲရင်ထဲ သမီးအပြုအမူကြောင့် နင့်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရင်ဘတ်ထဲ ဆူးကစ်ချောင်းစိုက်ဝင်သွားတာ ရိုးတွင်းခြင်ဆီအထိ ဒဏ်ရာကပြင်းသည်။ သမီးကို ပြောခွင့်မရှိသော စကားတွေ သက်ထက်ကဲရင်ထဲမှာပဲ အသံတိတ်ပြီးဆုံးသွားသည်။ သမီးကို ဖခင်မေတ္တာရော မိခင်မေတ္တာပါ သူမ တတ်စွမ်းသမျှ ပေးခဲ့ပေမယ့် ရယူသူ သမီးအတွက် သက်ထက်ကဲပေးသမျှ လုံလောက်ပုံမရပါ။

"ရပါတယ်၊ ကလေး သက်သာသလိုနေပါစေ၊ ဒီနေပြည်တော်ကဆေးခန်းမှာ ကိုယ့်သူငယ်ချင်းရှိတယ်၊ သူ့ဆီ ကွန်တက်လုပ်မှဖြစ်မယ်၊ သူ့ထိုင်တဲ့ဆေးခန်းကို သိရအောင်"

ရန်မခက သမီးကို ရင်ခွင်ထဲထည့်ထားရင်း ခြံထဲမှ ကားမောင်းထွက်ကာ လက်တစ်ဖက်က ဖုန်းကိုခေါ်၏။

"ဝေလင်း…အေး ငါပါ ရန်မခ၊ မင်း ဘယ်အထူးကုဆေးခန်းမှာထိုင်တာလဲ၊ အေး ငါလာမလို့၊ အဲဒါတွေ တွေ့မှပြောမယ်၊ မင်းဆေးခန်းလိပ်စာသာပြော၊ အိုကေ…ငါ အခုလာနေပြီ"

ရန်မခက ဖုန်းချရင်း ကားကို အရှိန်မြှင့်မောင်းသည်။

"သူ စောင့်နေမယ်တဲ့၊ မီးမီး နေကောင်းသွားမှာပါ"

ရန်မခက သမီးလေးနဖူးအား ဖျတ်ခနဲ ငုံ့နမ်းတော့ ထဲရင်ထဲမှာ ဘာသာမဲ့သော မေတ္တာလေညင်းကြောင့် အေးခနဲဖြစ်သွားသည်။ မညက်ညောသည့်ဘဝထဲမှ မေတ္တာရိပ်ကြောင့်





အေးမြချင်ပေမယ့် အလှူးအခံ တိုင်းထွာမရသော ဒီချစ်ခြင်းမေတ္တာတွေကြောင့်ပဲ ကဲ ခံယူချက်တွေ ပျောက်ကွယ်ရတော့မှာကို ကဲ ကြောက်သည်။

ဟင့်အင်း…နေပါစေတော့။ ကဲက မေတ္တာမဲ့သော ရပ်ဝန်းမှာ အချစ်ဆိုတာကို ဥပေက္ခာပြုထားသူမို့ ကအတွက်တော့ ဒီဘဝမှာ အမုန်းသင့်ခံရတဲ့ ရှင်သန်နေရသူအဖြစ်ကိုပဲ ဖြစ်ချင်ရာဖြစ် ခံယူထားရန်မှတစ်ပါး။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဦးဦး…ဘယ်မှမသွားနဲ့နော်"

မီးမီးက လက်ချောင်းသေးသေးလေးတွေနဲ့ ရန့်မခ လက်ညှိုးကို ဆုပ်ကိုင်ရင်း တိုးတိုးလေးပြောသည်။ ရန့်မခက သမီးနဖူးစပ်ဆီမှ ဆံပင်တွေကို သပ်တင်ပေးကာ သမီးကို ပွေ့ လေး ငုံနမ်း၏။

"မသွားပါဘူး သမီးရဲ့၊ ဦးဦး ဒီနားမှာပဲနေမှာ၊ မီးမီး အိပ်လိုက်နော်၊ စကားလည်း အများကြီးမပြောရဘူး၊ နှာခေါင်းက ပိုက်ကြီးလွတ်ထွက်သွားမှ ဒုက္ခဖြစ်နေမယ်၊ ပြန်တပ်ရင် နာမှာ မီးမီးရဲ့"

"ဟုတ်"

"မီးမီးက လိမ္မာလိုက်တာ၊ အိပ်တော့နော်၊ ဦးဦး ရှိတယ်"





ရန့်မခက သမီးခုတင်ဘေးမှာထိုင်ရင်း လက်တစ်ဖက်ကို သမီးလေးလက်ဖဝါးထဲ ထည့်ထားပေးသည်။ ကျန်လက်တစ်ဖက်က သမီးရင်ဘတ်ပေါ် တင်ထားပေးတာမို့ သမီးကို သိုင်းဖက်ထားသလိုရှိ၏။ ကဲသည် ထိုမြင်ကွင်းကိုငေးကြည့်ရင်း ဆေးရုံရနံ့ရကို ပခုံးတစ်ဖက်နှင့် စောင်းမှီထားရင်း ရင်တစ်ခု လုံး ထိခိုက်နာကျင်နေ၏။ ရပ်တည်နိုင်စွမ်း မဲ့လွန်းတဲ့ဘဝ။ ဒီဆေးခန်းရောက်ရောက်ချင်းပင် သွေးပျက်ဖွယ်အချိန်တွေကို ကဲ ရင်ဆိုင်ခဲ့ရပြီးပြီ။

"ကလေးက ရေဓာတ်အရမ်းနည်းနေတယ်၊ ဓာတ်ဆား သွင်းမှဖြစ်မယ်၊ ကလေးကို နှာခေါင်းပိုက်တပ်မယ်၊ လက်ကို သွေးကြောရှာ၊ ကန့်ကူလာဖောက်ပြီး ပိုးသတ်ဆေးသွင်းရမယ်"

"သမီးကို နှာခေါင်းပိုက်မသွင်းလို့ မရဘူးလား ဆရာ၊ သမီးက…"

ကဲက အလျင်စလို တောဒကတက်ကြည့်သည်။ ဆေးထိုးအပ်ဆို မြင်တာနဲ့ ထွက်ပြေးတတ်သော သမီးသည် နှာခေါင်းထဲမှ ပိုက်ထိုးထည့်သည့်ဒဏ်ကို ဘယ်လိုမှခံနိုင်ရည်ရှိမည် မဟုတ်။ ဆရာဝန်ကတော့ ကဲအား နှစ်သိမ့်ပြုံးမျိုးနှင့်ပြုံးကာ သူ ဖြစ်ချင်တာကိုပဲ ဆက်ပြောသည်။

"မရဘူးဗျ၊ ကလေးက ဝမ်းလည်းသွား၊ အန်လည်း အန်ထားတော့ ဒါမျိုးလုပ်မှရမယ်၊ ဓာတ်ဆားကို အမြန်နှင့်



www.burmeseclassic.com

www.burmeseclassic.com

သွင်းပေးမှဖြစ်မှာဆိုတော့လေ''

''ကလေးက လက်ကိုလည်း အပ်ထိုးရမှာ''

''ရှစ်နာရီခြား ပိုးသတ်ဆေးသွင်းရမှာ၊ ဒါက တစ်ခါခဲ နာမှာ၊ တော်ကြာ ကလေးက တစ်နေ့ သုံးကြိမ်လောက် အနာ နေရမှာ''

သက်ထက်ကဲကို ဆရာဝန်က စိတ်ရှည်စွာ ရှင်းပြ မယ့် ကဲမှာတော့ စိတ်မဖြောင့်သလို နားထဲလည်းမဝင်။

''ဘာမှမစိုးရိမ်ပါနဲ့ သက်ထက်ကဲ''

''မစိုးရိမ်ပေမယ့် သမီးက ဝေဒနာခံစားနေရတဲ့ကြ ထဲက ရင်ထဲ မီးတောက်နေပြီ''

''ကိုယ်ရှိပါတယ် သက်ထက်ကဲ၊ အပြင်မှာသွားစော နေလိုက်၊ သမီးနားလည်အောင် ကိုယ်ပြောပါ့မယ်''

ရန်မခ ပြောသည့်အတိုင်း သမီးနားရှိနေကာ ဘယ်လို စည်းရုံးရေး ဆင်းလိုက်လဲမသိ၊ သမီးဟာ ငိုသံတစ်ချက်မထွက် ဘဲ ကုသရေးက လွယ်လွယ်ကူကူပင် ပြီးသွား၏။ ဒီဆေးခန် ပိုပြီးကတည်းက အခန်းသီးသန့်ရရေး၊ သမီးအတွက် လိုအ တာမှန်သမျှ ဆေးဝယ်ခြင်းကအစ ရန်မခ အကွက်စေ့သောင်ရေ လုပ်ရှားပေးသွား၏။ အခု သမီးအိပ်ပျော်သွားတဲ့အထိ ရန်မခက တာဝန်ယူထားဆဲ။

ကဲက နဖူးခေါင်းပိုက်တွေရော၊ လက်ကပိုက်တွေရော





ဆေးသွင်းထားရသည့် သမီးကို မကြည့်ရက်စွာကြည့်ရင်း အနား ကို လျှောက်လာမိသည်။

''ရန်မခ''

သူ့နာမည်ကို တိုးတိုးလေးခေါ်တာမို့ သူ မျက်ခုံးမော့ ကြည့်၏။ သက်ထက်ကဲရဲ့ လှပသောမျက်နှာလေးထက်မှ နှာတံ လေးထင်းနေတာရော ပါးမို့တွေ ရဲနေတာပါ မီးရောင်အောက်မှာ ထင်ထင်ရှားရှား တွေ့ရသည်။ ပင်ပန်းနွမ်းနယ်နေတာတောင် မာနရောင်တွေ မပြယ်သေးသော သက်ထက်ကဲရဲ့ မျက်ဝန်းတွေ က တစ်ချက်တစ်ချက် စူးလက်သွားတာလည်း ကြည့်ကောင်း နေပြန်၏။

ကဲက ရန်မခရှေ့ ဒီတိုင်းရပ်နေရတာကို စိတ်ထဲ မလုံ ခြုံသလို ခံစားလာရကာ ထားနေကျ လက်နှစ်ဖက် စုံချထား ရတာတောင် နေရာမကျသလိုမို့ လက်ကို ရင်ခွင်ထဲ တင်းတင်း ပိုက်ရင်း နှုတ်ခမ်းတွေ ဖိထားလိုက်၏။

''ရှင်ကူညီသမျှ ကျေးဇူးတင်ပါတယ်''

ရန်မခက ထူးဆန်းဟန်နှင့် ဆတ်ခနဲ သက်ထက်ကဲကို မျက်ခုံးဝင့်ကြည့်သည်။

''ကျွန်မတစ်ယောက်တည်းဆို စိုးရိမ်တာနဲ့ ပျာများပြီး ဘာမှလုပ်တတ်မှာမဟုတ်ဘူး''

''ရပါတယ်၊ သက်ထက်ကဲဆီက ဒီစကားကြားရ တာ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဝမ်းသာပါတယ်''

''ဝမ်းသာစရာမလိုပါဘူး၊ ကျွန်မက ကျေးဇူးတင်ထိုက်တဲ့လူကို ကျေးဇူးတင်တာပဲ၊ ရှင်လည်း ပင်ပန်းနေပြီ၊ ပြန်နားချင် နားတော့လေ၊ သမီးက စိုးရိမ်စရာမှ မလိုတော့တာ''

ရန်မခက အသည်းပုံခေါင်းအုံးလေးကို သမီးရင်ဘတ်ပေါ် ဖွဖွလေးတင်ပေးသည်။ ပြီးမှ သူ့လက်ကိုဖယ်ကာ သမီးခုတင်ဘေးမှ ထတော့လည်း ဖြည်းဖြည်းလေး။ ဘောင်းဘီအိတ်ထဲ လက်စုံနှိုက်ပြီး ကဲရှေ့မှာရပ်ကာ ထုံးစံအတိုင်း ကြည်ရွှေသောအပြုံးတွေနဲ့ အတန်ကြာစိုက်ကြည့်ပြီးမှ

''သမီးကို စိုးရိမ်စရာမလိုတော့ပေမယ့် မင်းက စိုးရိမ်နေရသေးတယ်''

''ကျွန်မကို…''

သက်ထက်ကဲ လက်လေးပိုက်ပြီး မေးဖျားလေးပင့်ကာ မေးပုံကိုကြည့်ရင်း ရန်မခ ရင်ခုန်သံတွေကို မထိန်းချုပ်ချင်တော့။ စိတ်တိုင်းကျခုန်စမ်းဆိုပြီး လွှတ်လပ်ခွင့်ပေးထားကာ ဝိုင်းစက်နေတဲ့ မျက်ဝန်းလေးတွေ၊ နှင်းဆီပွင့်ဖတ်လို ခပ်ဟဟလေးဖြစ်နေတဲ့ သက်ထက်ကဲ နှုတ်ခမ်းလေးတွေဆီမှာ သူ့မျက်လုံးတွေ အနားပေးထားပြီးမှ

''မင်းကိုစိတ်မချလို့ ကိုယ် ပြန်လာခဲ့မယ် သက်ထက်ကဲ''





အနားကထွက်သွားတော့လည်း မတားမိခဲ့။ မလာပါ နဲ့လို့ မပြောမိခဲ့။ ရန်မခ ပြောသမျှ လွယ်လင့်တကူ လက်ခံ မိသော သက်ထက်ကဲနှလုံးသားက ဘာမဆို ခေါင်းညိတ်ပါလို့ ဦးနှောက်ကို အချက်ပေးနေသလို။ ကဲက သူ့ညို့ချက်မိခဲ့ပြီလား မပြောတတ်။ နူးညံ့ပြောင်းလဲလွယ်သော သက်ထက်ကဲ နှလုံးသားကို အဝေးသို့ လွှင့်ပစ်ချင်သည်။ ဘာမဆို ခေါင်းခါငြင်းဆန်ရန် ပြင်ဆင်ထားခဲ့ပေမယ့် မေတ္တာက အသွားအပြန်ရှိတာ တကယ်ပဲလားဆိုတာ သက်ထက်ကဲလည်း မသိတော့။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ငါ တအားစိတ်ဝင်စားနေပြီ ရန့်မခ၊ ပြောပါဦး၊ မင်းရဲ့ဇာတ်လမ်း အဆိုးအကောင်းတွေအကြောင်း"

"ဘာမှဆိုးစရာမရှိဘူး ဟောကောင်၊ ကောင်းဖို့ပဲရှိတယ်၊ မင်းရဲ့ အဲဒီပုပ်နေတဲ့ပါးစပ်ကြီးကို ပိတ်ထားလိုက်"

"မပိတ်နိုင်ပါဘူး၊ မပြောရရင်တောင် မေးရမှာပဲ"

ဝေလင်းက ရေမိုးချိုးပြီးခါစ ရှင်းသန့်နေသော ရန့်မခ မျက်နှာအား ရွှေတည့်တည့်မှ လာရပ်ကြည့်သည်။ ရန့်မခ ခေါင်းလျှော်ပြီးစ ဆံပင်ရှည်တွေကို ရေခြောက်အောင်သုတ်ရင်းက ပဝါကို ဆရာဝန်ထိုင်သော ဆုံလည်ကျောမှီပေါ် လွှားခနဲ ပစ်တင်၏။

"ဟောကောင်…ဒါ ဟိုတယ်မဟုတ်ဘူးနော်၊ ဆေးရု





တဲ့ ဆရာဝန်အခန်း၊ မင်း ပစ်ချင်ရာ ပစ်မနေနဲ့"

ပြောလည်းပြော၊ ရန့်မခ ပစ်ထားသည့် မျက်နှာသုတ်ပဝါရေစိုကို သွားယူကာ ရေချိုးခန်းအဝတ်တန်းမှာ လွှားသည်။ အပြင်ထွက်လာတော့ သူ့နားနေခန်းထဲမှာပဲ ရန့်မခက သူထုတ်ပေးထားသော တီရှပ်အား လက်နှစ်ဖက်လျှိုသွင်းပြီး ခေါင်းမှ စွပ်ချလိုက်၏။

"မင်း ဒီအခန်းလေးထဲမှာပဲ နေရတာပေါ့"

"အေးပေါ့၊ ဒီဆေးခန်းကြီးရဲ့ တာဝန်ခံ ငါလေ"

"ဇာတ်သိချင်း မကြွားနဲ့ ဝေလင်း၊ မင်းအဖေ ဖွင့်ပေးထားတဲ့ဆေးခန်းမှန်း ငါသိပြီးသား"

"ဘာလဲ၊ ငါ့အဖေက လမ်းကြုံရင် ဝင်အားပေးပါလို့ မင်းကို ကြော်ငြာထားလို့ အခုလိုရောက်လာတာပေါ့"

"ဆိုပါတော့"

ရန့်မခက ဂျင်းဘောင်းဘီကို ပုဆိုးအောက်မှ ခြေထောက်လျှိုသွင်းပြီး စပ်ဖြီးဖြီးနှင့်ပြောသည်။ ဆယ်တန်းမှာ ပိုင်းတက်ရင်းနဲ့ ဝေလင်းနဲ့ခင်မင်သွားပေမယ့် တကယ်ပေါင်းကြတော့ ရင်းရင်းနှီးနှီးပါ။ ဆယ်တန်းအောင်စာရင်းတွေ မထွက်ခင်အထိ သင်တန်းတက်ရင်း သွားကြလာကြတော့လည်း တက်ညီလက်ညီ။

"မင်းအဖေက ဆရာဝန်ဆို၊ စင်ကာပူဆေးရုံမှာ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပေါယ်ရှယ်လစ်ဆို၊ ဒီတော့ မင်းက မင်းအဖေခြေရာနင်းပြီး ဆရာဝန်လုပ်ပေါ့၊ ငါကတော့ ငါ့အဖေလိုပဲ စီးပွားရေးလောကထဲ ဝင်ရမှာ''

ဝေလင်းကိုယ်တိုင် ပြောခဲ့တာပါ။ သို့ပေမယ့် အောင်စာရင်း တကယ်ထွက်လာသည့်အခါကျတော့ ဝေလင်းက ဆေးကျောင်းဝင်ခွင့်အမှတ်မီသွားပြီး ရန်မခက နိုင်ငံခြားမှာ ကျောင်းသွားတက်ဖို့ ဖြစ်လာခဲ့သည်။ တက်ပြန်တော့လည်း စီးပွားရေးနှင့်ပတ်သက်သည့် ပညာရပ်တွေမို့ လောကကြီးရဲ့ပြောင်းဖြန်ကျသောအချိုးကို ကိုယ်စီပြုံးမိကြသည်။

''လောကကြီးက လူတွေကို ဘယ်တော့မှ သမားရိုးကျတွေးခွင့်မပေးဘူးကွ၊ ရိုးရိုးလေးတွေးသမျှ ရှုပ်လုံးပေါ်လာတော့ တလွဲချည်းပဲ''

ရန်မခ ပြောခဲ့တုန်းက သူ ခေါင်းညိတ်လက်ခံခဲ့ရသည်။ အခုရော ရန်မခနှင့်ပတ်သက်သည့် သူတို့တစ်တွေ ကြားထားသော သတင်းက လွဲခဲ့ပြီလားမသိ။

''မင်း ဒီကို အသည်းနဲ့လာတာ မဟုတ်ဘူးလား ရန်မခ''

ရန်မခက သူ့ အသင့်ဖျော်ပေးထားတဲ့ ကော်ဖီခွက်ကို နှုတ်ခမ်းမှာတေ့ရင်း အင်းလို့ ဖြေသည်။

''ဒါဆို ဒီသားအမိက''

''ဒီနိုင်နာလေ''





''ဩော်...အသည်းရဲ့ဒီနိုင်နာလား''

''ဟုတ်တော့ဟုတ်တယ်၊ ဒါပေမဲ့ မဟုတ်ဘူး''

''ဟ...မင်းအဖြေက ဘာလဲ''

ရန်မခ အဖြေစကားကို ဝေလင်းက မျက်စိရှုပ်သွားသလိုမျိုး ထအော်သည်။

''အသည်းရဲ့ သီးသန့်ဒီနိုင်နာမဟုတ်ဘူး၊ နိုင်ငံတော်က ဖန်းကိုင်တွေအတွက် ရွေးတဲ့ ဒီနိုင်နာ''

''ဩော်...ဒါဆို မင်းက လိုက်ကူညီတာပေါ့၊ ကလေးအဖေ မပါလို့၊ အဲဒီလိုလား''

ရန်မခက ဘာမှမဖြေဘဲ စားပွဲစွန်းမှာ တင်ပါးလွှဲဝင်ထိုင်ရင်း ဝေလင်းကိုကြည့်သည်။ သူ့ဟာသူပြော၊ သူ့ဟာသူ ခေါင်းခါရင်း ဝေလင်းက ရန်မခကို ပြန်ကြည့်တာ စေ့စေ့စပ်စပ်ရောဂါရှာနေပုံမျိုးဖြစ်၍ သူ ပြုံးလိုက်၏။

''မဖြစ်နိုင်ဘူး ဟော့ကောင်၊ မင်းကူညီနေတာ ရိုးရိုးသားသား မဟုတ်ဘူး၊ ငါ့ဆီ ဖုန်းလှမ်းဆက်တုန်းကလည်း မင်းအသံ ပျာနေတယ်၊ ပြီးတော့ ကလေးနဲ့ မင်းရဲ့ သံယောဇဉ်ကလည်း တစ်မျိုးကိုထူးနေတာ၊ ဒါပေမဲ့ ကလေးအမေနဲ့ မင်းရဲ့ဆက်ဆံရေးကျတော့ အေးတိအေးစက်နဲ့''

''မဆိုးဘူး ဝေလင်း၊ ဆရာဝန် မလုပ်ဖြစ်ရင် မင်း စုံထောက်အလုပ် ပြောင်းတော့၊ အဲဒါ ပိုအဆင်ပြေမယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်···မင်း အဲဒီကလေးအမေကို တကယ်ကြိုက်လား"

ရန်မခက ပင့်သက်ရှိုက်ပြီးမှ ခေါင်းငိုက်စိုက်ချသည်။ မျက်နှာပြန်မော့လာသော မျက်ဝန်းတွေထဲ ဆွေးရိပ်သမ်းနေပြီး မှ

"ငါ့ဘက်ကပေါ့၊ သူကတော့ အခုထိ မီးနီတုန်း"

"စဉ်းစားဦးနော် ရန်မခ"

"ဘာကိုလဲ"

"ငါတို့တွေက အချစ်ကို ကိုးကွယ်တဲ့ ဆယ်ကျော်သက်တွေ မဟုတ်တော့ဘူး၊ ရထားတာက တကယ့်နာမည်ကြီး မော်ဒယ်လ်ကိုကွာ"

"ရထားတာကိုပဲ ယူမယ်လို့ ငါ ပြောဖူးလို့လား၊ မရတာကို လိုချင်တာ လူ့သဘာဝလေ၊ အချစ်ကို မကိုးကွယ်သင့်တော့တဲ့ အရွယ်ဆိုပေမယ့် အချစ်ကို မလွန်ဆန်နိုင်တဲ့အရွယ်ဆိုတာလည်း ရှိသေးတယ် ဝေလင်း"

"မင်းတော့သွားပြီ ရန်မခ"

"သွားမှာပါ၊ ငါ့ဖုန်း ကားပေါ်မှာကျန်ခဲ့သလား မသိဘူး၊ သွားရှာရမယ်၊ ပြီးတော့ ဒီနားမှာ ညဘက်ဖွင့်တဲ့ ရက်စထရင့် မရှိဘူးလား၊ တစ်ခုခုစားရင်း သူ့အတွက် ညစာတစ်ခုခု ဝယ်ပေးရအောင်၊ မင်းအားတယ်မဟုတ်လား၊ လာ ငါနဲ့လိုက်ခဲ့"

"နေဦးကွ၊ ငါ့ဂျူတီ···"





"အရေးမပါတဲ့ ဂျူတီအကြောင်း ထည့်ပြောမနေပါနဲ့"

"ဆုံးအောင်နားထောင်ပါဦးဟ၊ ငါက မရှိဘူးပြောမလို့ပါ"

"မင်းကွာ"

ရန်မခက နှုတ်ခမ်းလှုပ်ရုံဆဲရင်း ဝေလင်းကို ပခုံးဖက်ကာ အခန်းထဲမှထွက်သည်။ သက်ထက်ကဲနဲ့ မီးမီးရှိရာ အခန်းဆီ တစ်ချက်လှမ်းကြည့်တော့ ရင်ထဲ နွေးခနဲ ဖြစ်သွား၏။

မှတ်မှတ်ရရ အချစ်သည် ခံစားသူအား နီးခြင်း ဝေးခြင်းနှင့်မဆိုင်သော နွေးထွေးစေသည့် အစွမ်းရှိတာ အမှန်ပဲဆိုရင် သက်ထက်ကဲကို သူ ချစ်နေပါပြီ။

· · ·



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

*×× ပင်လယ်ကိုမှောက်ကာ သွန်ပစ်မယ် ×× တောင်တွေအပိုင်းပိုင်းပြတ်စေသား ×× မြေပြင်ကို ပြောင်းပြန်လှန်ပစ်မယ် ×× တိမ်တွေ မီးတက်ရှို့မယ် ×× ငါ့ရဲ့ဒေါသများ ××*

ကဲက ရေချိုးခန်းထဲမှ ထွက်လာသည်နှင့် ဆီး၍ကြားလိုက်ရသော စကော်ပီရွန်ရဲ့ သံစဉ်အတိုင်း မြန်မာစာသားသွင်းထားသည့် သီချင်းမှ အခန်းတစ်ခန်းလုံး အကြည့်ကိုဝေ့ပြီးရှာ သည်။

ပုဂ္ဂလိကအထူးကုဆေးခန်းကြီးမို့ ဧည့်ခန်း၊ ရေချိုးခန်းမှအစ တီဗီ၊ ရေခဲသေတ္တာအထိ အပြည့်အစုံပါဝင်သော အခန်းက သမီးအတွက် သက်သောင့်သက်သာရှိသလို လူနာစောင့်သူမအတွက်လည်း အဆင်ပြေလှသည်။

“တစ်နေကုန် ငြီးစီစီဖြစ်နေမှာ၊ အစ်မ ရေချိုးလိုက်





ပါလား၊ ကလေးလည်း စိတ်ချရပြီပဲ၊ ကျွန်မ စောင့်ထားမယ်”

နှာစ်လေးရဲ့ အကူအညီနှင့် ကဲက ရေချိုးခန်းဝင်ခြင်းပင်။ ရေမချိုးပေမယ့် ခြေလက်ဆေးပြီးတာနှင့် လူက လန်းသွားပြီး ဗိုက်ပါ အလိုလိုဆာလာတာမို့ အစားအသောက်အတွက် နှာစ်ကို မေးမည်ဟူသော အတွေးက ရေချိုးခန်းအထွက်မှာပင် ပျောက်ကွယ်သွားရပြီဖြစ်၏။

“သီချင်းသံက”

“ဖုန်းလာနေတယ် အစ်မ၊ အစ်မဖုန်း ထင်တယ်”

ဧည့်ခန်းလုပ်ထားတဲ့ သားရေဆိုဖာကြီးပေါ်မှာ ဖုန်းက အော်မြည်နေခြင်းဖြစ်သည်။ ဒီဆေးခန်းရောက်ကတည်းက သမီးအတွက် အပူလုံးဆို့ကာ ကဲမှာ လက်ဗလာသက်သက်နှင့်ဆိုတာ အမှတ်ရတော့ ဒီဖုန်းဟာ ရန့်မခဖုန်းမှန်း သိလိုက်၏။

အတွေးထဲ အဖြေမှန်သိရပေမယ့် ဖုန်းဖွင့်ကိုင်ဖို့ ချီတုံချတုံဖြစ်ဆဲ။ သူများကိုယ်ရေးကိုယ်တာထဲ ဝင်စွက်ဖက်သလို ဖြစ်နေမလား။ မကိုင်ဘဲ ပစ်ထားရင်လည်း ရန့်မခရဲ့ အရေးတကြီးကိစ္စများ ဖြစ်နေခဲ့ရင်။ အို…ကိုင်ပေးလိုက်တာ ကောင်းပါတယ်၊ တစ်ဖက်ကလည်း အဆက်အသွယ်ရချင်လို့ ဖြစ်မှာ။ အကျိုးအကြောင်း ရှင်းပြလို့ရတာပေါ့။

ကဲက မျက်နှာဝေါ်ရှိ မစင်သေးသော ရေကို တဘက်ပိုင်းလေးနဲ့ ပွတ်ဆွဲသုတ်ပြီးမှ ဖုန်းကိုဖွင့်တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို…ဘယ်ရောက်နေတာလဲ၊ ဖုန်းလည်း ချက်ချင်း မကိုင်ဘူး၊ အသည်းတို့ ပွဲပြီးတော့ ကိုကို့ကိုစောင့် သေးတယ် မတွေ့တာနဲ့ ဟိုတယ်ပြန်လာတော့လည်း ဟိုတယ် မှာ မရှိဘူး"

"ကိုကို"

"အသည်း"

မရည်ရွယ်ပါ။ သို့ပေမယ့် အုံ့ဩလွန်း၍ ရေရွတ်သံထ ကဲနှုတ်ခမ်းဖျားမှတစ်ဆင့် တစ်ဖက်သို့ ပျံ့နှံ့သွားပြီး အသည်း ရဲ့ အမောတကော မေးမြန်းသံက တိခနဲ ပြတ်ကျသွား၏။

တိတ်ဆိတ်ခြင်းလေဟာနယ်ထဲ ကဲ ကြားရတာ အသက် ရှူသံပြင်းပြင်း၊ တိုးသဲ့သော အေးစက်သည့်အသံက ကဲနားထဲ သို့ သတ္တုစတစ်စအလား တိုးဝင်လာ၏။

"ရှင် ဘယ်သူလဲ"

သက်ထက်ကဲ ငြိမ်နေ၍မဖြစ်တော့။ ရင်ဆိုင်မှဖြစ်တော့ မည်။ ကဲက ရင်ဘတ်လေး မို့တက်သွားအောင် ပင့်သက်ရှိုက် ပြီးမှ

"တို့ သက်ထက်ကဲပါ"

• • •



## အခန်း (၂၄)

"တောက်"

အသည်းထံမှ ရင်မချိစွာ ခပ်ကျိတ်ကျိတ် တက်ခေါက် သံကြောင့် မေမေက လက်ဝတ်လက်စားတွေ ဖြုတ်နေရာမှ အသည်းကို လှည့်ကြည့်သည်။

"အသည်းနော်"

"သမီးကိုကိုက သမီးထက်ကြီးတယ်၊ တက်ခေါက် စရာမလိုဘူး၊ သမီး ငရဲကြီးမယ် သိလား"

"မေမေ မသိပါဘူး၊ အခု ကိုကို့ဖုန်းကိုကိုင်တာ ကိုကို မဟုတ်ဘူး မေမေရဲ့"

မေမေက အသည်းစကားကြောင့် အသည်းကို မျက်ခုံး ပင့်ကြည့်ချိန်မှာ အသည်းက လည်ပင်း၌ဆွဲပတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



မာဖလာကိုဖြုတ်ကာ ခုတင်ဆီ ပစ်ပေါက်သည်။ အသည်းမှုံ့စ်က ခေါ်သတွေကြီးကာ ဝှန်းဒိုင်းကြဲတော့မည့်ပုံစံဆိုတော့ သမီးကို ကြည့်ကာ ဒေါ်နှင်းနှင်းအေး ရင်တုန်လျက် အသည်းကို တအံ့တဩ စိုက်ကြည့်သည်။

ရန်မခကို အသည်းက မဆွတ်ခင် ညွှတ်ချင်နေတာလည်း အမေပီပီ သိသည်။ မိဘချင်း လိုလိုလားလား သဘောတူထား မှန်းလည်း သိသည်။ ဒါပေမဲ့ ရန်မခဘက်က မောင်နှမလို ဆက်ဆံ ရေးထက် မပြောင်းလဲတာကြောင့် ရင်မောနေရတာကိုတော့ ဒေါ်နှင်း နှင်းအေးစိတ်ထဲ ဘယ်သူ့မှဖွင့်မပြော။

"အချစ်ဆိုတာ လောဘမကြီးနဲ့ သမီး၊ ငါပေးသလောက် ငါပြန်ရရမယ်ဆိုတဲ့အတွေးမျိုးလည်း မရှိနဲ့၊ အချစ်က ရင်းနှီးမြှုပ်နှံ မှုမဟုတ်ဘူး၊ နှလုံးသားချင်း ဖလှယ်တာမျိုး၊ တစ်ခါတစ်ရံမှာ ကိုယ့်နှလုံးသားက လက်လွှန့်ပြီး သူ့နှလုံးသား ပြန်မရတာမျိုးလည်း ရှိတတ်တာပဲ"

သမီးဖြစ်သူ ရင်ထဲက ခံစားချက်တွေကို နားလည်၍ ဒေါ်နှင်းနှင်းအေးက သမီးအသည်း ခံနိုင်ရည်ရှိအောင် ဆုံးမထား သည့်ကြားက ထစ်ခနဲဆို အသည်းက ရှုံးရှုံးဒိုင်းဒိုင်း ထလုပ်ချင် လုပ်တတ်၍ အသည်းအတွက် အမြဲစိတ်မောနေရသူက ဒေါ်နှင်း နှင်းအေး ဖြစ်သည်။

"ဒေါ်သကို လျှော့စမ်းပါ သမီးရယ်၊ သမီးကိုကိုဆီ





မှန်းဆက်တာ သူ မကိုင်လို့ ဘယ်သူကိုင်မလဲ"

"ကိုင်တဲ့လူက ကလေးတစ်ယောက်အမေ ဖြစ်နေတယ် အမေ၊ ပြီးတော့ ညသန်းခေါင် ကိုကိုလည်း ဟိုတယ်မှာမရှိဘူး၊ ဒါတွေကို ဆက်စပ်စဉ်းစားရင် အဖြေက ဘာလဲ"

အသည်းစကားအဆုံးမှာ မေမေက အကြာကြီးငြိမ်သွား၏။ အသည်းက သူမနှင့် သက်ထက်ကဲတို့ ပြောခဲ့သည့်စကား ဆီ စိတ်ရောက်သွား၏။

"တို့ဆီမှာ မင်းရဲ့ကိုကို မရှိပါဘူး 'အသည်း"

အသည်းကို တုံ့ပြန်သည့် သက်ထက်ကဲ လေသံက အေးစက်စက်ဆိုတော့ အသည်းရင်ထဲ အောင့်သွား၏။ ဒီမိန်းမ ကိုကို ဘာတွေလဲ။

"ဒါဖြင့် ကိုကို ဘယ်မှာလဲ"

"တို့ မသိဘူး"

"အင်း...နားထောင်လို့တော့ အကောင်းသား၊ ဒါပေမဲ့ ယုံချင်စရာမရှိဘူး၊ ပြောပါဦး၊ ထပ်ပြီးနားထောင်ကောင်းမယ့် အကြောင်းပြချက်တွေ၊ ရှင်နဲ့ကိုကို ညသန်းခေါင်မှာ နှစ်ယောက် တည်းရှိနေတဲ့အကြောင်း"

အသည်းလေသံက ထန်သလို စိတ်ကလည်း ထန်နေ၏။ သက်ထက်ကဲကို ပြောပါဆိုပေမယ့် အသည်းစကားတွေ က တစ်ဖက်လူကို စော်ကားခြင်းစကား ဖြစ်နေတာကိုတော့ မမြင်။



www.burmeseclassic.com

www.burmeseclassic.com



ကဲမှာ အသည်းစကားကြောင့် ဆက်ဆွေးနွေးချင်စိ…
ကုန်ခန်းသွား၏။

သက်ထက်ကဲအဖြစ်က ယောကျ်ားတစ်ယောက်…
လိမ်လည်ပြီး အရယူသိမ်းပိုက်ချင်တဲ့ အတန်းအစားရောက်အော…
ပြောသွားသော အသည်းကို ချီးမွမ်းထိုက်သည်။ ကဲကိုယ်တိ…
က ထိုစကားတို့အား ချေပရန် မစွမ်းသာ၍

"မင်းရဲ့ကိုကိုနဲ့ တွေ့တဲ့အခါ မေးကြည့်လိုက်ပါ အသည်…
တို့ ဖုန်းချတော့မယ်"

"မချနဲ့"

အသည်းက စူးစူးဝါးဝါး ထအော်၏။

"စုံစမ်းမေးမြန်းတယ်ဆိုတာ ကိုယ်မယုံကြည်တဲ့သူ အော…
လုပ်ရတဲ့အလုပ်ပဲ၊ ကိုကို့ကို အသည်းယုံပြီးသား"

"ဒါဆိုလည်း ပြီးတာပဲ"

"မပြီးသေးဘူး၊ ရှင့်ကို မယုံတဲ့အကြောင်း ဆက်ပြော…
ဦးမယ်"

"ဘာ"

အသည်းက သက်ထက်ကဲရင်ကိုထိအောင် စကားမြ…
တွေနှင့် အားပါးတရပစ်ခွင်း၍ ကဲကိုနာကျင်စွာခံစားရန် ရ…
ရွယ်ပုံရ၏။

အသည်းရည်ရွယ်ချက် အောင်မြင်ပါသည်။ ကဲ…





ချက်ချင်းဝေ့တက်လာသော မျက်ရည်တွေဟာ ဝမ်းနည်းခြင်းကြောင့်မဟုတ်မှန်း သိသိကြီးနဲ့ မျက်တောင်ဖြင့် တဖျပ်ဖျပ်ပုတ်ခတ်ပစ်သည်။

"ရှင့်ကို ကိုကို့နားမှာ မမြင်ချင်ဘူး သက်ထက်ကဲ"

"မင်းပြောချင်တာ ဒါပဲလား"

"ဖြစ်နိုင်ရင် ဒီထက် စကားပြောချင်တာ"

"မင်းတော်သင့်ပြီ အသည်း၊ အခုချိန်မှာ တို့ ဘယ်သူနဲ့မှ စကားမပြောချင်ဘူး၊ မင်းကိုကို့ကို ဖုန်းဆက်ချင်ရင် နောက်မှ ပြန်ဆက်ပါ"

"သက်ထက်ကဲ"

အသည်းထံမှ ဒေါသဖြင့် ပေါက်ကွဲစွာအော်ဟစ်လိုက်သံကို ကြားပေမယ့် ဂရုမစိုက်ဘဲ လက်ထဲကဖုန်းကို ကဲ ဝိတ်ပစ်လိုက်သည်။ တစ်ဖက်က ဆတ်ဆတ်ခါ နာနေတာကို မရိုတရိ ပြုးလိုက်ကာ ဖုန်းကို ဆိုဖာပေါ် စိတ်ပျက်လက်ပျက်ပစ်ချလိုက်လျက် မျက်နှာကို လက်ဖဝါးနှစ်ဖက်ထဲအုပ်လျက်ထိုးနစ်ကာ အကြာကြီး ငြိမ်သက်နေမိ၏။

အသည်းစကားတွေက သက်ထက်ကဲရင်ကို ထိမှန်၍ အသွေးအသားတွေ တစ်စ ပဲ့ကြေသလို ခံစားရသည်။ ရက်တတ်ခြင်း အစုအဆေးတွေက ရင်ထဲမှာ တသောသော ပြုံကျ ကုန်၏။

"ရှင့်ကို ကိုကို့နားမှာမမြင်ချင်ဘူး သက်ထက်ကဲ"



www.burmeseclassic.com

www.burmeseclassic.com



အသည်းရင်ထဲက ခံစားချက်ကို ကဲ စာနာ နားလည် ပါသည်။ ကဲကိုယ်တိုင်လည်း ရန်မခကို သူမနားမှာ ခေါ်ထား ဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးကြောင်း အသည်းကို သိစေ ချင်သည်။

သက်ထက်ကဲဆိုသော မိန်းမဘဝက တကယ့်ကိုမလွ မပ။ သမီးလေးသာ သူမနား မရှိရင် ဒီဘဝမှာ အသက်ဆက် ရှင်နေစိတ်ပင် မရှိတာ ဘယ်သူသိနိုင်မှာလဲ။

"သမီး…မေမေ့သမီးလေးရယ်"

လူတွေက နည်းအမျိုးမျိုးဖြင့် ဘဝအမျိုးမျိုး ရခဲ့ကြ သည့်ကြားထဲမှာ သက်ထက်ကဲ ရခဲ့သော ဘဝက အစော်ကား ခံဖို့အတွက်ပဲလား။

ဟင့်အင်း…

သက်ထက်ကဲမှာ သမီးရှိနေသ၍ ဘယ်သူ ဘာပြော ပြော သူမ ဂရုမစိုက်ဖို့ ဆုံးဖြတ်ထား၏။

◆ ◆ ◆



## အခန်း (၂၅)

"သက်ထက်ကဲ ကြိုက်ပါ့မလားတော့ မသိဘူး၊ ထမင်းကြော်၊ ဒါက ဆိတ်သားခြောက်ဆီစိမ်နဲ့ ဘဲကင်ဝယ်လာ တယ်၊ မြန်မာထမင်းဟင်းလည်း ကျွေးချင်ပေမယ့် ညဥ့်နက် သွားတော့ လိုချင်တာ ဝယ်မရဘူးလေ၊ အားလုံးထဲက ကောင်း နိုးရာရာ ရွေးဝယ်လာခဲ့တာ"

တစ်ခန်းလုံး ဟင်းနံ့တွေ မွှေးကြိုင်နေပေမယ့် စားချင် စိတ်က ဖြစ်မလာ။ စောစောလေးကမှ ဆန္ဒပြခဲ့သော သက်ထက် ကဲ အစာအိမ်က အခုတော့ သူ မဟုတ်သလို ငြိမ်သက်နေ၏။ ဒေါသရဲ့ ရိုက်ပုတ်ခြင်းကြောင့် လှုပ်ရှားသက်ဝင်လာတာ နှလုံး သားပင်ဖြစ်သည်။ ညက်ညောခြင်းမရှိတဲ့ ရင်ခုန်သံက သက်ထက် ကဲ ရင်ဘတ်အပြင်ရောက်အောင် တွန်းထိုးရုန်းကန်နေသလောက်



www.burmeseclassic.com

www.burmeseclassic.com



ကဲရဲ့ မျက်နှာပေါ်မှာတော့ အေးစက်မှုတွေသာ အရာထင်နေ၏။

"ကိုယ် ဘာမှမစားခဲ့ရသေးဘူး၊ မင်းနဲ့လက်ဆုံစား မယ့် ဒင်နာပေါ့၊ ဟိုတယ်မှာလည်း မဟုတ်ဘူး၊ တကယ်ဆို ဒင်နာစားချိန် ကျော်နေပြီ"

"ရန်မခ"

သူ့စကားဆုံးတာနှင့် ကဲက သူ့နာမည်ကို ဖြတ်ခေါ် သည်။ ရန်မခက ထမင်းတွေ ဟင်းတွေကို ဖော့ဘူးအဖုံးဖွင့် ရင်းမှ လှည့်မကြည့်ဘဲ ထူးပုံက မထင်မှတ်ဘဲ ကဲနားမှာ ခွဲသွား ၏။

"ဗျာ"

သူ့ထူးပုံက နူးနူးညံ့ညံ့၊ သိမ်သိမ်မွေ့မွေ့ဖြစ်သည်။ ကဲထိ လှမ်းကြည့်သည့် ရန်မခ မျက်ဝန်းတွေက ညမီးရောင်အောက် မှာပင် ရွှန်းစိုတောက်ပနေသည်။ အချစ်ကို ငတ်တွယ်နေသော တောင့်တတပ်မက်ခြင်းမျိုး မတွေ့ရဘဲ ပြုံးရိုနေသည့် နှုတ်ခမ်း ပါးတွေက ရန်မခရင်ထဲမှ ကြည်နူးရိပ်ကို ဖော်ပြနေသည်။

ဒီလူဟာ သံမီးရှင်တိုင်း ခေါင်းခါချင်စရာမရှိတဲ့ ယောကျ်ား။ မိန်းကလေးတိုင်း ကြွေကျသက်ဆင်းချင်အောင် ဖွဲလမ်းစရာ ရုပ်ရည်ရှိတဲ့သူဆိုတာ သက်ထက်ကဲ မငြင်းပါ။ ဒီသို့သော အရည်အချင်းတွေ ပြည့်ဝနေသူက သက်ထက်ကဲလို တစ်ခုလပ်၊ ကလေးတစ်ယောက်အမေ အပေါ်မှာ

"ကိုယ့်ဘဝကိုယ်သိအောင် တန်ဖိုးခြင်းယှဉ်ပြတာ"





"ကိုကို့အပြစ်မှမဟုတ်တာ၊ ခြေဆေးချင်စရာ အိုင်လေး တွေ ပေါ်လွန်းနေတာကို"

အသည်းရဲ့စကားသံတွေကို ပြန်ကြားပြီး ကဲမျက်ဝန်း ဆိုမှိတ်ရသည်။ မမြင်ရသော မြင်ကွင်းထဲမှာ အသည်းက သက်ထက်ကဲကို လက်ညှိုးထိုး ဟားတိုက်ရယ်မောနေမှာ သေချာ သည်။

"သက်ထက်ကဲ"

ခေါ်သံနှင့်အတူ ရန်မခ၏ လေငွေ့နွေးက သက်ထက်ကဲ မျက်နှာဆီ ရိုက်ခတ်လာမှ ကဲ မျက်လုံးအစုံ ဖျတ်ခနဲ ပြန်ဖွင့် လာ၏။

"ဘာပြောမလို့လဲ ရန်မခ"

နိုးရိမ်ခြင်းတွေကို ရန်မခ မျက်နှာပေါ်မှာ မြင်နေရ တော့ သက်ထက်ကဲ ရင်မောသွား၏။

"သက်ထက်ကဲ ဘာဖြစ်နေတာလဲ"

"ဟင့်အင်း…ဘာမှမဖြစ်ဘူး"

"မဟုတ်ဘူး၊ မင်း တစ်ခုခုဖြစ်နေတယ်"

"ဒါဆို ကျွန်မ ဖြစ်ချင်တာကို ပြောရမလား"

"ပြောပါ"

မျက်ဝန်းနှစ်ခု အားပြင်းစွာ ဆုံသွား၏။ သက်ထက်ကဲ မျက်ဝန်းတွေက စားသွားလို အရောင်တဖျပ်ဖျပ် တောက်လာ



www.burmeseclassic.com

www.burmeseclassic.com

ပြီးမှ စိတ်ကိုတင်း၍ သူမ ပြောရမည့်စကားကို အေးစက်စွာ ပြောလိုက်၏။

"ရှင် ကျွန်မနားက ထွက်သွားပေးပါ ရန်မခ"

"သက်ထက်ကဲ"

"ကျွန်မကို မခေါ်ပါနဲ့၊ ရှင်ကူညီတာတွေအတွက် ကျေးဇူးတင်တယ်၊ ကျွန်မ ရိုင်းတတ်တဲ့သူ မဟုတ်ဘူး၊ ဒါပေမဲ့ စော်ကားသမျှ ခေါင်းငုံ့သည်းခံနေရတဲ့အထိလည်း မျိုသိပ်မထား နိုင်ဘူး၊ ဒီနေ့ည ကုန်ကျစရိတ်အားလုံး မနက်ဖြန်မှာ ကျွန်မ ရှင်းပေးမယ်၊ ရှင် ကျွန်မတို့ သားအမိနားက အဝေးမှာကို အဝေး တမ်း နေပေးပါ"

"အဲဒီစကားတွေ ဘာလို့ ခုမှပြောရတာလဲ"

ဘောင်းဘီအိတ်ထဲ လက်စုံနှိုက်ပြီး သက်ထက်ကဲကို ကြည့်သည့် ရန်မခပုံစံက အေးအေးဆေးဆေး။ မေးခွန်းထုတ် ပြီးမှ သမီးနုတင်ပေါ် ချထားတဲ့ဖုန်းကို ရန်မခ မြင်သွား၏။

"ကိုယ့်ဖုန်းက ဒီမှာကျန်ခဲ့တာကိုး"

"ရှင့်ဖုန်းယူပြီး ရှင်ထွက်သွားပါတော့ ရန်မခ"

"မင်းရဲ့အနားက ထွက်သွားဖို့ကလွဲရင် တခြား ဘာမဆို ကိုယ်လိုက်လျောမယ်"

"ရန်မခ"

ကဲက ခပ်ဆတ်ဆတ်အော်ပြီးမှ သမီးကို သတိရသွား





ပြီး အသံကို ပြန်နှိမ့်ချသည်။

"ရှင့်ကြောင့် မိန်းကလေးတစ်ယောက်က ကြေကွဲပြီး တခြားမိန်းကလေး နှိမ့်ချစော်ကားခံနေရတယ်ဆိုရင် ရှင် ဘယ်လို နေမလဲ ရန်မခ"

ဆံပင်လိမ်လိမ်တွေကို ကပိုကရို စည်းထားသဖြင့် သက်ထက်ကဲရဲ့ ဆံနွယ်မျှင်တွေက နားသယ်စပ်နားတွေ၊ ပါးမို့မို့ တွေထက်မှာ ဝဲကျနေသည်။ အခြယ်အသကင်းတဲ့ မျက်နှာလေး မှာ မျက်ခွံမို့တွေဟာ ငိုထားမှန်းသိသာစေလျက်။

ရန်မခနှင့် အကြည့်ချင်းဆုံတော့လည်း မျက်ရည်ဝဲနေ တုန်းရှိဆဲ။ နှုတ်ခမ်းတွေကို အားယူဖိထားရတာမို့ သက်ထက်ကဲ နှုတ်ခမ်းတွေ ပြေလျော့လိုက်တိုင်း သွေးရောင်လွှမ်းတက်သွား တာကိုလည်း ရန်မခ တမေ့တမော စိုက်ကြည့်နေပြီးမှ

"ကိုယ်ကတော့ စော်ကားနှိမ့်ချခံရတဲ့သူရှေ့က ကာကွယ် မယ်လို့ ဆုံးဖြတ်ထားတာပဲ"

"ရှင် စကားကို လွယ်လွယ်မပြောပါနဲ့"

"မင်းလည်း ကိုယ့်အချစ်ကို လွယ်လွယ်နဲ့အထင်မသေး နဲ့ သက်ထက်ကဲ"

"ဘာ…အချစ်၊ ရှင့်အချစ်…ဟုတ်လား"

"ဟုတ်တယ်၊ ကိုယ် မင်းကိုချစ်တယ် သက်ထက်ကဲ"

ကဲက မယုံနိုင်သလို တအံ့တသြလေး ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ သူ့ကို လှောင်ရိပ်သန်းသော မျက်ဝန်းတွေနဲ့ မော့ကြည့်ရင်း နာကျင်စွာ နှုတ်ခမ်းတွန့်၍ ပြုံးလိုက်၏။

"အဟွန်း…ရယ်ချင်စရာပဲ၊ ရှင်ပြောတဲ့ အချစ်ကို ကျွန်မ မယုံကြည်ခဲ့တာ သမီးတစ်သက်ရှိပြီ ရန်မခ၊ ဒီတော့ တစ်ခါတည်း ရှင်းရှင်းလင်းလင်း ပြောကြရအောင်၊ ရှင်က ကျွန်မကို ချစ်တယ်ပေါ့…ဒီလိုလား၊ အဲဒီအချစ်ရဲ့ နောက်ကွယ်မှာ ဘာတွေရှိဦးမှာတဲ့လဲ"

"ကျွန်မ မြင်ဖူးတဲ့ အချစ်ကတော့ အရမ်းလှပတဲ့ ကိတ်တစ်လုံးလိုပဲ၊ ဘတ်ဒေးကိတ်တွေ ရှင်မြင်ဖူးတယ်မဟုတ်လား၊ အပေါ်ယံက ခရင်မ်တွေ အသီးတွေနဲ့ အလှဆင်ထားတော့ မြင်သူတိုင်း လိုချင်ကြ၊ စားချင်ကြနဲ့၊ အဲဒီခရင်မ်အောက်က ကိတ်ကတော့ ကိတ်ပါပဲလို့ ပြောရမှာပဲ၊ ထူးမခြားနားတဲ့ အရသာတွေနဲ့လေ၊ ရှင်တို့ယောကျ်ားတွေအချစ်က ဒါမျိုးပဲ၊ ထူးမခြားနားတဲ့ တပ်မက်မှုကို အချစ်နဲ့ဖုံးလွှမ်းထားတာ"

"မင်း မစော်ကားနဲ့ သက်ထက်ကဲ၊ အချစ်က အဓိက မကျဘဲ သွေးဆာနေတဲ့ ရာဂဘီလူးအတိုင်း ငါကျင့်ကြံရင် ဒီလောက် အပင်ပန်းခံစရာမလိုဘူး၊ ငါ မင်းကို ရင်ထဲကလာတဲ့စိတ်တစ်ခုနဲ့ ချစ်တာ၊ မင်းလောက်တော့ အချစ်ကို နာနာကြည်းကြည်း အဓိပ္ပာယ် မဖွင့်တတ်ဘူး၊ ငါ သိတဲ့အချစ်က ရယူပိုင်ဆိုင်ချင်တယ်၊ ပိုင်ဆိုင်ပြီးတဲ့နောက်မှာ အရိပ်တကြည့်ကြည့်နဲ့ တန်ဖိုးထားချင်တယ်၊ ငါ





တန်ဖိုးထားတဲ့ အရာမှန်သမျှ ဖျက်ဆီးသူက ငါ့ရန်သူပဲ"

စကားကို ဖြတ်ပစ်တဲ့အထိ ကဲက ရန်မခ မျက်နှာထက်မှ အကြည့်ကိုမလွှဲမိသေး။ မျက်ဝန်းတွေက အစဉ်သဖြင့် ရီတီတီ။ ညှို့သောအပြုံးတွေနှင့် ချောမွေ့လွန်းသော ရန်မခ မျက်နှာက အခုတော့ ချစ်ခြင်းတရား ရောင်ပြန်ဟပ်ခြင်းကြောင့် တည်ငြိမ်နေ၏။

ရန်မခက ကဲမျက်နှာကို အပေါ်စီးမှ မိုးကြည့်ရင်း ကဲ ဝဲနှစ်ဖက်ကို ဖျတ်ခနဲ ဆုပ်ကိုင်တော့လည်း သူမ မရုန်းမိခဲ့။ နှလုံးသားသည် တစ်ချက်တစ်ချက်မှ ကျယ်လောင်စွာခုန်ပြီး တစ်ခါတစ်ခါ ပြန်ငြိမ်သက်သွားတာ အကြာကြီးမို့ ကဲကိုယ်ကဲ အသက်တောင် ရှူမိရဲ့လားမသိရတော့တဲ့အထိ သူ့အချစ်ရာဇဝင်ထဲ မျောနေမိပြီ။

"မင်းကိုချစ်တဲ့အချစ်ကို ဂရုမစိုက်ချင်နေ၊ မစော်ကားပါနဲ့၊ မင်းလက်တစ်ဖက်ကို ဆုပ်ကိုင်ခွင့်ရရင် တော်ပြီ၊ အဲဒီ လက်တစ်ဖက်တည်းရဲ့ အင်အားနဲ့ တစ်လောကလုံး စိန်ခေါ်ပစ်လို့ရတယ်၊ မင်းဆီက ပြန်ချစ်ပါလို့လည်း ခဏခဏ ကိုယ် မတောင်းဆိုဘူး၊ တကယ်တမ်း ကိုယ်လိုချင်တာ မင်းရဲ့နူးညံ့မှု"

တစ်လောကလုံးက ရန်မခရဲ့ ရင်ဖွင့်စကားကို နားထောင်နေကြတာလား။ သက်ထက်ကဲ ရင်ခုန်သံကို နားစွင့်နေသည်လား သူမ မသိတော့။ ရန်မခက သူ့လက်တွေကို ကဲ



www.burmeseclassic.com

www.burmeseclassic.com



ပခုံးပေါ် ဖြတ်ချကာ လက်ဖျားကိုဆွဲယူပြီး သူ့ရင်မှာအပ်လေ၏။ ကဲ နှလုံးသားက ဒိန်းခနဲထမြည်သည်။ အဲဒီနောက်တော့ ရင်ပွင့်မတတ် ထိန်းသိမ်းမရသော ရင်ခုန်သံကြားမှာ ကဲ နှလုံးသားက အလူးလူးအလိမ့်လိမ့် ဖြစ်နေ၏။

"တကယ်ပါ၊ ကိုယ် မင်းကို သက်ထက်ဆုံးချစ်သွားမယ်ဆိုတာ ယုံ"

သက်ထက်ကဲရဲ့ လက်ဖမိုးပေါ် ဖျတ်ခနဲ နွေးသောအနမ်းတစ်ပွင့် ကြွေကျလာပြီးနောက် ကဲ ရင်ဘတ်သည် ပွင့်ထွက်သွားသလို ခံစားရသည်။ တစ်လောကလုံး လင်းခနဲဖြစ်သွား၏။

အချစ်သည် တကယ်ပဲ ကဲထံ ပြန်လာခဲ့ပြီလား။

"ရှင့်ကို ကဲ မုန်းတယ် ရှန်မခ"

• • •



အခန်း (၂၆)

"အန်တီတို့ အရင်ပြန်နှင့်လိုက်ပါ၊ ဒရိုင်ဘာလည်း ပါတာပဲ၊ ကျွန်တော့်ကား ယူသွားပါ၊ ရပါတယ်"

"အို…မဟုတ်တာ သားရယ်၊ အတူတူလာကြတာပဲ၊ အတူတူပြန်ကြမှာပေါ့၊ သားနေခဲ့ရမယ့်ကိစ္စရှိရင်လည်း…"

"အရေးတကြီးတော့ မဟုတ်ပါဘူး အန်တီ၊ ဒါပေမဲ့ ကျွန်တော့်အတွက် နည်းနည်းအရေးကြီးတဲ့ ကိစ္စမျိုးမို့ပါ၊ ရပါတယ်၊ အားမနာပါနဲ့၊ အန်တီတို့ပြန်နှင့်ပါ၊ အသည်းက မနက်ဖြန် ကြော်ငြာတစ်ခု ရိုက်စရာရှိသေးတာပဲ"

အသည်းက မေမေနှင့် ကိုကို ပြောသမျှကို တစ်ခွန်းတစ်ပါဒမှ ဝင်မပြောဘဲ ဟိုတယ်ခန်းရဲ့ ဝရန်တာမှာပဲ လက်ပိုက်နားထောင်နေသည်။ ထုံးစံအတိုင်း မေမေကတော့ ကိုကို အလိုကို



www.burmeseclassic.com

www.burmeseclassic.com



*အားနာဖြစ်တာ အသားကျနေတာ အသည်းက သိပြီးဖြစ်သည်။*

"ဒါဖြင့်လည်း သားကားကို သားပဲ ယူထားလိုက်ပါ အန်တီတို့ လေယာဉ်နဲ့ပဲပြန်မယ်၊ ကိုယ့်ကားနဲ့ကိုယ်ကျတော့ သား ပြန်ချင်တဲ့အချိန် ကောက်ခနဲ ထပြန်လို့ရတာပေါ့"

"ကျွန်တော်က တစ်ကိုယ်ရေသမားပါ အန်တီ၊ စိတ် မပူပါနဲ့၊ မေမေ့ကိုသာ ကျွန်တော် ဒီမှာနေခဲ့တဲ့အကြောင်း ပြော ပြပေးပါ"

ရန်မခ အခန်းက အဝတ်အစားအိတ်ပါ သိမ်းသွားကာ အခန်းကိုလည်း ပြန်အပ်ခဲ့သည်။ အကယ်ဒမီပေးပွဲကို လိုက်ပို့ ခေါ်ကတည်းက

"အလုပ်တွေများနေတယ် အသည်း"

အကြောင်းပြပြီး လိုက်မပို့ချင်ခဲ့သော ကိုကို။ အ ဒီမှာနေခဲ့ရန် အကြောင်းဖန်လာခဲ့တာ။ ဒါ ဘယ်သူ့ကြောင့်များ လဲ။ မေမေကတော့ အားလုံးကို သဘောရိုးထင်မှတ်ပြီး အသည်း အဝတ်အစားတွေ ပစ္စည်းသိမ်းရန် အကူကောင်မလေးအား ညွှန် ကြားနေ၏။

"အသည်း မပြန်သေးဘူး မေမေ"

"ဟော...ညည်းကပါ ထဖောက်ပြန်ပြီလား၊ မနက်ဖြ ရိုက်စရာရှိတာက"

"ကိုကို နေပြည်တော်က မြန်မြန်ပြန်ဖြစ်အောင် တာ





ပြောတာ၊ အသည်း ရိုက်ကူးရေးက နောက်တစ်ပတ်မှ စမှာ"

"လုပ်ပြန်ပြီအေ၊ ညည်းတို့က တစ်ယောက်တစ်ပေါက် နဲ့၊ ဒီတော့ ကြားထဲက ငါ ဘာဆက်လုပ်ရမှာတုန်း"

ဒေါ်နှင်းနှင်းအေးက စိတ်ပျက်လက်ပျက်နဲ့ ညည်းညူ သည်။ အသည်းက မေမေ့ရှေ့မှာ မတုန်မလှုပ်ရပ်နေပေမယ့် ရင်ထဲ ဖြောင်းဆန်အောင် လှုပ်ရှားနေ၏။ ဝန်တိုစိတ်တွေမှန်း သိသိကြီးနှင့် ငြိမ်သွားအောင် မထိန်းချုပ်နိုင်။ လူ့စိတ်ဟာ မကောင်းမှုဘက်မှာပဲ မွေ့လျော်ချင်အောင် အမှန်ဆိုတာ သေချာ သည်။

"မေမေ ဘာမှလုပ်စရာမလိုပါဘူး၊ မေမေက အသည်း အနားမှာနေပေးရင် ရပြီ"

"သမီးနားမှာ မေမေ အမြဲလည်း နေပေးနေတာ သမီး ရယ်၊ အခုမှ တထူးတဆန်းလုပ်ပြီး ပြောနေရသေးလား"

မေမေ့ရှေ့တွင်သံကြောင့် အသည်း ပြုံးလိုက်ပေမယ့် နှုတ်ခမ်းတွေက မဲ့နေမှာသေချာသည်။ ကိုကိုနှင့် သက်ဆက်ကဲ ကိစ္စက အသည်းအတွက် ကြည်နူးစရာကိစ္စမဟုတ်။

လှပသောအပြုံးတော့ မဖြစ်နိုင်။ တစ်နေ့ အသည်းနဲ့ လက်တွဲရမည့် ဘဝအဖော် ကိုကိုလို့ စနစ်တကျစီစဉ်ထားခဲ့ပြီး မှ အတိအကျ လွဲချော်ရကိန်းကို အသည်း လက်မခံချင်ပါ။ အသည်းချစ်တာ ကိုကိုတစ်ယောက်တည်း။ ကိုကို့ကိုပဲ အသည်း ချစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖူးစာဆိုတာ ဦးရာလှဆိုတဲ့ စကားကိုပဲ အသည်း ယုံကြည်ချင်သည်။ တကယ်ဆို ကိုကို့ဘဝမှာ အသည်းက အဦးဆုံးလူပါ ကိုကိုရယ်။

◆ ◆ ◆



## အခန်း ( ၂၇ )

“မီးမီး အမြဲနေမကောင်းဖြစ်ရင် သိပ်ကောင်းမှာပဲနော် မေမေ”

“အယ်···မီးမီးရယ်၊ မပြောကောင်း မဆိုကောင်း”

ကဲက နှာခေါင်းပိုက်ကို သတိထား၍ မီးမီးကို ဂါဝန်တစ်ထည် လဲဝတ်ပေးသည်။ နှာခေါင်းပိုက်မဖြုတ်ရသေး၍ အဝတ်အစားလဲလှယ်ရတာ အင်မတန် သတိထားရပါသည်။ သမီးကို ဝယ်ပေးခဲ့သမျှ ဂါဝန်တွေ၊ ချိုင်းပြတ်အင်္ကျီတွေက အကုန် ခေါင်းမှ စွပ်ရသော အင်္ကျီတစ်ခါဝတ်တိုင်း ကဲမှာ နှလုံးရောဂါရတော့မတတ် ထိတ်လန့်ရသည်။ အသက်တောင် ရဲရဲမရှူရဲသည့် အဖြစ်ကို ရန်မခက ရိပ်မိပုံရသည်။

“ဒါတွေမဝတ်ပေးနဲ့ သက်ထက်ကဲ၊ ကိုယ် အပြင်



www.burmeseclassic.com

www.burmeseclassic.com



ခဏသွားလိုက်မယ်၊ ခဏလေး''

ရန့်မခရဲ့ အပြောနောက်မှ ခြေထောက်က လှမ်း
ပါပြီးသား။ သူပြောတဲ့အတိုင်း တကယ့်ခဏလေးပဲဖြစ်ကာ ပြ
လာတော့ သမီးအတွက် အဝတ်အစားတွေ တမွေ့တပိုက်
ဖြစ်သည်။

''မီးမီးက အပြာရောင်ကြိုက်တယ်ဆို၊ အဲဒါကြော
ဦးဦးက ဂါဝန်အပြာရောင်တွေချည်း ရွေးဝယ်လာတာ''

''ဒါဆို အဆင်ပြေတယ်နော် သက်ထက်ကဲ၊ သူ
ခေါင်းစွပ်စရာမလိုဘူး၊ လက်ထိုးပြီး ကြယ်သီးတပ်ဝတ်ရုံပဲ''

ရန့်မခ ဝယ်လာသမျှ သမီးကိုလည်းပြ၊ ကဲ့ရဲ့ဆန္
လှည့်မေးရုံမေးကာ နောက်ဆုံးတော့ သူ့စိတ်ဉ်သမျှ ကဲ ခေါ
ညိတ်ရုံသာ။ ကဲ့ရဲ့ သမီးကိုယ်တိုင်ကလည်း ရန့်မခ ဘာ
လုပ် ပြုံးပြီး ကျေနပ်နေ၏။

''ဦးဦး ဝယ်ပေးတာပဲဝတ်မယ် မေမေ၊ ဦးဦး ဝ
ပေးတာ မေမေဝယ်ပေးတာထက် လှတယ်''

ကောင်းကြရောပေါ့။ သမီးကို နှာခေါင်းပိုက်တန်းယ
ကြီးနှင့် နှာလန်ထူစမို့ မဆူရက် မပြောရက်လေသမျှ ရန့်မခ
ထင်တိုင်းကြဲခွင့်ရနေ၏။

''ဟယ်…တို့မင်းသမီးလေး နိုးနေပြီလား၊ မော
သမီး''





''အန်တီဝါ နောက်ကျတယ်''

''အမလေး…ဖြည်းဖြည်းအပြစ်တင်ပါ မီးမီးရယ်၊ ဒီမှာ
အန်တီဝါက သမီးအတွက် အရုပ်ဝင်ဝယ်နေလို့ပါ၊ စကား တစ်ခါ
ပြောတိုင်း နှာခေါင်းပိုက် လှုပ်စိစိနဲ့ သိပ်အသည်းယားတာပဲ၊
တကယ်''

မကြီးဝါက မီးမိရင်ခွင်ထဲ မွေးပွဝက်ဝံရုပ်ကြီး ထည့်
ပေးတော့ သမီး ပျော်သွား၏။

''ညကရော အိပ်ရရဲ့လား ကဲ၊ ငါ့မှာ အိမ်ကိုသာပြန်
သွားရတယ်၊ ညဆယ်နာရီထိုးတဲ့အထိ လူက ဇဝေဇဝါဖြစ်တုန်း၊
ဇင်မှာ့မေးကြည့်၊ ငါတို့နှစ်ယောက် လာစောင့်ရင် ကောင်းမလား
ဆိုပြီး၊ ကဲက ညတိုင်းအိပ်ရေးပျက်နေတာ မဟုတ်လား''

''လာစောင့်လည်း လူများရုံပဲရှိမှာ မကြီးဝါ၊ ကဲ စိတ်ပူ
တာနဲ့ အိပ်လို့ကိုမရတာ၊ နာ့စ်လည်း ရှိတာပဲ''

ကဲက ခုတင်ပေါ် တင်ပါးလွှဲထိုင်ရင် သမီးကို ခေါင်း
ဖြီးပေးကာ ပြောပြသည်။ ကဲတို့သားအမိကြောင့် ရန်ကုန်ပြန်ရ
မည့်ရက် မပြန်နိုင်ဘဲ ဒီမှာသောင်တင်နေသော မကြီးဝါကိုလည်း
အားနာနေမိတာအမှန်။

ဒီခရီးစဉ် စထွက်ကတည်းက ကဲ့ရဲ့ကားကို ထားခဲ့ပြီး
မကြီးဝါတို့ကားနဲ့သာ စုပေါင်းလိုက်ခဲ့တာမို့ ကဲတို့မပါဘဲ ပြန်
၍မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်ယောက်ရော ညက ရှိတယ်မဟုတ်လား"

မကြီးဝါက အခန်းပတ်လည် အကြည့်ဝေ့ကစားရင်း ရန့်မခ အကြောင်း ကဲ့နားကပ်ပြီး ခပ်တိုးတိုးမေးသည်။

"အင်း…ရှိတယ်"

"ဦးဦးကို ပြောတာလား အန်တီဝါ"

"ဟယ်…ဒီမယ်မင်းကြီးမလေးက အကုန်နားစွင့်နေ တာပဲ"

"နားစွင့်တာပေါ့ အန်တီဝါရဲ့၊ မီးမီးက ဦးဦးကိုချစ် တာကိုး၊ အန်တီဝါသာ ဦးဦးအကြောင်း အတင်းပြောနေတာ"

"အောင်မလေး…အတင်းမဟုတ်ပါဘူး၊ ရှူး…တိုး တိုးလုပ်ပါ"

မကြီးဝါက မီးမီးကို လက်တကာကာနှင့် တောင်းပန် ရင်း ရယ်သည်။

"နင့်သမီးတော့ ငါ လက်လန်တယ် ကဲရေ၊ ဟိုက ကြားသွားမှဖြင့်…"

"သူ မရှိဘူး"

ကဲက သမီးခုတင်ပေါ် အိပ်ရာခင်းတွေ ဆွဲဖြန့်ထား မွေ့ရာအောက်အစတွေကို သွင်းရင်း တုံးတိတိ ပြောလိုက်၏။

"ဦးဦးက ဒီပိုက်ကြီးဖြုတ်ရအောင် ဆရာဝန်နဲ့သွား ပြောတာ၊ ပြီးရင် မီးမီးတို့က တီရှွာန်ရုံကို သွားလည်မှာတဲ့"





"ဟဲ့"

မကြီးဝါက ကဲ့ထံလှမ်းကြည့်ပြီး ဘယ်လိုလဲဆိုတဲ့ ပုံစံမျိုးနဲ့ မေးဆတ်ပြသည်။ ကဲက သက်ပြင်းချရင်း ခေါင်းသာ ယမ်းပြနိုင်သည်။ ရေရေရာရာ အဖြေမပေးနိုင်။ သမီးနေမကောင်းသွားခြင်းက ရန့်မခနှင့် ပိုနီးကပ်သွားတဲ့ အခြေအနေမျိုး ဖြစ်သွားသည်။ ညက အိပ်ပျော်နေတဲ့ သမီးပါးလေးကို ဖွဖွမွှတ်သပ်ရင်း သူက ပြောခဲ့သည်။

"မီးမီးက စိုးရိမ်စရာ မရှိတော့ပါဘူး၊ ဒီတစ်ရက်နှစ်ရက်လောက်ဆို ဆေးရုံက ဆင်းလို့တောင်ရနေပြီ၊ ဒီအခြေအနေကြောင့် မီးမီးကို ပိုလည်းချစ်ရတယ်၊ ကျေးဇူးပိုတင်ရတယ်"

"ဘာဖြစ်လို့လဲ"

"တကယ်ဆို ဒီလို ညကြီးမှာ မင်းနဲ့ကိုယ် တစ်မိုးအောက်တည်းရှိဖို့ဆိုတာ လွယ်ကူတာမဟုတ်ဘူး၊ မီးမီးသာ ဒီလိုရောဂါမဖြစ်ခဲ့ဘူးဆိုရင်ပေါ့"

ရန့်မခ ပြောမှ နာရီကို ကဲ လှမ်းကြည့်ဖြစ်တော့ ည ဆယ့်တစ်နာရီ။

"ကိုယ့်ရဲ့ ကျန်သေးတဲ့ ဘဝနေ့ရက်တိုင်းမှာ မင်းနဲ့ ဒီလို အတူတူဖြတ်ကျော်ချင်တယ် သက်ထက်ကဲ၊ ဒါပေမဲ့ ဒါ ကိုယ့်ဆန္ဒပါ၊ မင်း ကြည်ကြည်ဖြူဖြူ ချစ်ခွင့်ပေးလာတဲ့နေ့အထိ ကိုယ် စောင့်ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com

ချစ်ခွင့်ပန်ခြင်းစကားတွေ ထပ်မကြားချင်ဘူးလို့ ကဲ တားမြစ်ထားတော့ ရန်မခ ပြောသမျှက သူ့ချစ်ခြင်းအကြောင်း မဟုတ်ဘဲ ကဲရဲ့အချစ်ကို စောင့်မျှော်ခြင်းအကြောင်းသာ ဖြစ်လာသည်။

"အမလေး…တစ်ယောက်ကလည်း ဘီးကြီးကိုင်ရင်း ငြိမ်လို့၊ တစ်ယောက်ကလည်း အရုပ်ကြီးဖက်ပြီး ငြိမ်နေတာများ သားအမိနှစ်ယောက် ဓာတ်တိုက်ထားတဲ့အတိုင်းပဲ"

မကြီးဝါအသံက ကဲရဲ့ လွင့်ချင်တိုင်းလွင့်နေသော စိတ်အစဉ်ကို ပုတ်နှိုးသည်။

"ကဲ အတွေးလွန်သွားတာ မကြီးဝါ"

"မီးမီးက ဦးဦးအကြောင်း တွေးနေတာ၊ ဒီလို ရေ မကောင်းဖြစ်နေရင် ဦးဦးနဲ့လည်း အတူတူအမြဲနေရမယ်၊ ပြီးတော့ အင်္ကျီအသစ်တွေ အရုပ်တွေလည်း အများကြီးရတယ်"

"အို…မီးမီးရယ်"

တမ်းတခြင်းအသံဖြင့် သမီးကပြောတော့ ကဲမှာ မကြည် ရက်စွာ သမီးကို ထွေးပွေ့ထားမိသည်။

သမီး တောင့်တနေသော မေတ္တာရိပ်ကို ကဲ အတွင်း ကျကျ ခံနိုင်မိပါသည်။ ရန်မခနဲ့ အတူရှိတိုင်း သမီးက မြူးထူး ပျော်ရွှင်သလောက် ရန်မခ အနားမှ ပျောက်သွားမှာကိုလည်း အကြီး အကျယ် စိုးထိတ်နေ၏။





"ကလေးတွေက လက်သာတာကို ပိုခင်တွယ်သွား တတ်တာ မေတ္တာရဲ့သဘောပဲ ကဲ၊ မီးမီးက ငယ်ငယ်လေးကတည်း က ကွက်လပ်ကလေးနဲ့ နေခဲ့ရတာဆိုပေမယ့် အခုတော့ အဲဒီ ကွက်လပ်လေးကို တောင့်တတတ်လာပြီ၊ သိတတ်တဲ့အရွယ် ရောက်လာပြီ"

မကြီးဝါ ပြောသမျှကို ကဲရင်ခွင်ထဲမှနေ၍ သမီးက မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် နားထောင်နေတုန်းမှာပဲ တံခါး ဖျတ်ခနဲ ပွင့်လာ၏။

"ဟိုင်း…မီးမီး"

"ဦးဦး"

ရန်မခက လည်ကပ်ဆွယ်တာ လက်ရှည်က နက်ပြာ ရောင်အရင့်။ အပြာဖျော့ဂျင်းနှင့် ဆံပင်တွေကို နားထင်ဘေး နှစ်ဖက်မှ တစ်ဝက်သိမ်းစည်းထားသော ရန်မခကိုတွေ့တာနဲ့ မီးမီးက ကဲရင်ခွင်ထဲမှ ကျူးထသည်။ ရန်မခက ကဲတို့ရှိရာသို့ ခြေလှမ်းကျဲ ကြီးတွေနှင့် ရောက်လာကာ မီးမီးကို ချိုင်းနှစ်ဖက်မှ ဆွဲမလိုက် သည်။

"မီးမီး…ဒီပိုက်ကြီးဖြုတ်ရတော့မှာကွ၊ နေကောင်း သွားပြီတဲ့၊ ဆရာဝန်က ပြောလိုက်တယ်၊ မနက်ဖြန်ဆို အိမ်ပြန် လို့ရပြီ"

"မီးမီး အိမ်ပြန်ရင် ဦးဦးနဲ့ ခွဲနေရမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ရန့်မခ လည်ပင်းကိုသိုင်းဖက်ပြီး မီးမီးက ပါးချင်းအပ်ကာ မေးသည်။ ရန့်မခအကြည့်က ကဲထံ ဒိုင်းခနဲဝင်ရောက်လာတော့ စူးစိုက်ရီဝေခြင်းနှစ်ရပ်နှင့် မျက်ဝန်းနှစ်စုံ ဆုံစည်း သွား၏။ ကဲက ရန့်မခ အကြည့်တွေထဲမှ ဦးအောင် အကြည့် လွှဲပစ်လိုက်၏။

"သမီးမေမေကော ဦးဦးကိုခေါ်ရင် ခွဲမနေရတော့ဘူး ပေါ့"

"အို"

ကြည်စမ်း…ဒီလူဟာ မပြောရဲတာ ဘာမှမရှိ။ ပြောချင်တာ လုပ်ချင်တာရှိပြီဆိုလည်း ဘေးမှာ လူဘယ်လောက် ရှိရှိ ဘယ်သူ့ကိုမှ မငဲ့ကွက်တတ်သည့် တဇွတ်ထိုးမို့ သက်ထက် ကဲ မျက်နှာလေး နှင်းဆီရောင်ဖြစ်သွား၏။

မကြီးဝါကတော့ ကဲတို့နှစ်ဦးကြား ခေါင်းမဖော်တတ်အောင် ဖြစ်လျက်၊ အကြောင်းရှာပြီး အိပ်ရာခင်းတွေ ဆွဲဆန့်နေ၏။ ကဲက အမြင်ကတ်ကတ်နှင့် ရန့်မခကို အသံတိတ် မျက်စောင်းပိတ်ထိုးလိုက်တော့ သူကရယ်သည်။

"မေမေ မျက်စောင်းထိုးရင် စိတ်မဆိုးနဲ့ သိလား ဦးဦး။ အဲဒါ ချစ်စနိုးနဲ့ မျက်စောင်းထိုးတာ"

"မီးမီးနော်…ပေါက်တတ်ကရ"

ကဲက အလန့်တကြား ထဟန့်တော့ မီးမီးက ရှုပ်ပွပွ နှင့်

"မေမေပဲ မီးမီးကို အဲဒီလိုပြောထားပြီးတော့"

ရန့်မခထံမှ ရယ်သံချိုချိုက ကဲနားထဲ ပြေးဝင်လာ၏။





"သိပ်ချစ်ဖို့ကောင်းတဲ့ သမီးလေး"

ချိုးမွမ်းတာ သမီးကိုပေမယ့် ရန့်မခ အကြည့်က ကဲထံရောက်နေမှာ သိသိကြီးနဲ့မို့ သူမ ခေါင်းမဖော်နိုင်ဘဲ နှုတ်ခမ်းကိုသာ သွားဖြင့် ဖိကိုက်ထားမိ၏။

ဒီလူဟာ ဒီလိုချည်း ဇွတ်တရွတ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ကိုသက်ရာ…ကြိုတင်အချိန်ပေးထားရက်နဲ့၊ ဒီကို ဒီအချိန်ဆို ရောက်သင့်နေပြီ"

"လာနေပါပြီဟ၊ နေပါဦး…မင်းလုပ်ပုံတွေ တအား ယောနေတယ်နော်၊ ငါဖြင့် လိုက်မမီတော့ဘူး"

"မမီရင်လည်း နေခဲ့ဗျာ၊ ဒါပဲ၊ အမြန်ရောက်အောင် လာခဲ့တော့"

"ဟ…ယော…ယော…ဟိတ်ကောင်၊ ဖုန်းမချနဲ့နော်၊ ငါ ရန်ကုန်ဘက် ပြန်လှည့်ပစ်မှာ၊ မယုံမရှိနဲ့"

ကိုသက်က ခြိမ်းခြောက်၍ ရန်မခ ဖုန်းကို နားနား ကပ်ထားပေမယ့် မျက်ဝန်းတို့က သက်ထက်ကဲထံ ရောက်သွား တတ်စမြဲ။ လိမ္မော်ရောင် ခေါင်းစွပ်အင်္ကျီ၊ စကင်နီဂျင်းအနက်





နှင့် သက်ထက်ကဲက ဆံပင်တွေကို ခေါင်းစည်းကြိုးနှင့် ဖြစ် သလို ဆွဲချည်ပစ်ရင်း အိပ်ရာထခါစ သမီးကို မျက်နှာသစ်ပေး နေသည်။

ဆေးရုံရဲ့ သီးသန့်ခန်းပေမယ့် ဧည့်ခန်းလေးဖွဲ့ထားပေး ဘာမို့ ဧည့်ခန်းစားပွဲပေါ်မှာ ရန်မခ အားလုံးစားရန်အတွက် ဝယ် လာတဲ့ မုန့်နက်စာပြင်ပြီးသား။ ဆေးရုံအခန်းလေးထဲ ဝင်လာတဲ့ မုန့်နက်ခင်းနေခြည်နုနုရယ်၊ လတ်ဆတ်သန့်စင်တဲ့ သမီးလေး၏ အပြုံးတွေရယ်။ ပြီးတော့ သက်ထက်ကဲရဲ့ ရင့်ကျက်ခြင်းအလှ တရားတွေထဲမှ မာနတွေ တစွန်းတစ တွေ့နေရသော မျက်နှာ သုလှလေးရယ်၊ ကျန်တာတွေအားလုံးကို မေ့ပစ်ပြီး ဒီသုံးယောက် ရဲ့ သက်ဆိုင်ခြင်းက သီးသန့်မိသားစုကမ္ဘာလေးလို ရန်မခ ခံစားရသည်။

ထိုခံစားမှုသည် စိတ်ကူးရုံပေမယ့် ရင်ထဲတသိမ့်သိမ့် ခံရသည့် နှလုံးသားဟာ သွေးဆူပူလောင်သော တပ်မက်ခြင်း နှင့် ဘာမှမဆိုင်။ တွေးလေ ကြည်နူးရလေလေမို့ သူ့ ရင်တွေ အမ်းမြေ့နေ၏။

"ဟား…ရန်မခ၊ ငါမေးတာဖြေဦး၊ ဟဲလို…ဟဲလို၊ ကြားလား"

"ကြားတယ် ပြော"

"ကြားတယ်သာပြောတယ်၊ ငါမေးနေတာ တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပြန်မဖြေဘဲနဲ့၊ မင်း ဒီကနေ အသည်းတို့နဲ့အတူ ထွက်သွားတာ မင်းကားနဲ့၊ အခု ရေးကြီးသုတ်ပြာ ငါ့ကိုလာကြိုနိုင်းတယ်၊ လိပ်စာကျတော့ နေပြည်တော်က ဆေးခန်းလိပ်စာနဲ့၊ မင်း အက်ဆီးဒင့်တစ်ခုခုများ''

''ကျွန်တော် ဘာမှမဖြစ်ပါဘူးဆို ကိုသက်ရာ၊ အဲဒီလို ဒီနိုင်းကြောင့် ကိုသက် ဒီနေ့အထိ မစွံသေးတာ''

''ဟောကောင်''

''တကယ်ပြောတာ၊ အမေးအမြန်းထူတာ၊ ပစ်ပစ်များတာတွေက အဲဒါ လူပျိုကြီးဖြစ်ရေးရဲ့ လမ်းကြောင်းအစ''

''တော်စမ်းပါ၊ မင်းက ထစ်ခနဲရှိ ဒါပဲ''

''ဒါပဲ လုပ်မနေနဲ့၊ တစ်နာရီအတွင်း ရောက်အောင် လာခဲ့ပါ ကိုသက်ရာ''

''ဟကောင်ရ…မင်းက ဖွတ်ပဲ၊ တစ်နာရီအတွင်း ရောက်ရအောင် ဒါ စမ်းချောင်းနဲ့ မြောက်ဥက္ကလာပ မဟုတ်ဘူးဟ၊ ရန်ကုန်နဲ့ နေပြည်တော်''

''သိပါတယ်ဗျာ''

''ဟွန်း…မင်း မေ့နေမှာစိုးလို့''

ကိုသက်ရဲ့ ခနဲ့တဲ့တဲ့ အပြောကို ရန့်မခ သဘောတကျ ရယ်တုန်းမှာပဲ

''ဦးဦး…မီးမီးကိုချီ''





ရေချိုးခန်းထဲက မျက်နှာသစ်ပြီးတာနဲ့ သမီးက ရန့်မခ ဆီ ပြေးထွက်လာ၍ သမီးကို ရန့်မခက ဒူးထောက်ထိုင်ချကာ လက်တစ်ဖက်ဆန့်ပြီး ကြိုသည်။

''ဟဲ့…ဟဲ့…မီးမီး၊ မျက်နှာသုတ်ရဦးမှာလေ၊ ဦးဦး ဖုန်းပြောနေတာ သွားမနှောင့်ယှက်ရဘူး''

သက်ထက်ကဲက မျက်နှာသုတ်ပဝါတစ်ဖက်နှင့် သမီးကို အမီလိုက်ဆွဲပေမယ့် သမီးက ရန့်မခ ရင်ခွင်ထဲရောက်သွားသည်။ လက်တစ်ဖက်တည်းနှင့် ရန့်မခက သမီးကိုချီပြီး ထရပ်တော့ မီးမီးသည် ရန့်မခ ပါးကို နှာခေါင်းလေးမြှုပ်တဲ့အထိ အားပါးတရ နမ်းသည်။

''မောနင်းကစ်၊ မေမေ့ပြီးတော့ ဦးဦးက ဒုတိယ''

ရန့်မခက သမီးကိုချီရင်း တစ်ဖက်က ဖုန်းကိုင်ထားရင်းက ကဲထံလှမ်းကြည့်သည်။ မျက်ဝန်းချင်း သိနားလည်သော စကားတွေထဲမှာ သူ့အကြည့်က ရယ်မြူးရိပ်တွေ သမ်းနေတော့ ကဲက ပါးပြင်တွေ ရှိန်းခနဲဖြစ်သွားသည်။ ကမန်းကတန်း မျက်နှာလွှဲဖယ်တော့ ရန့်မခထံမှ ရယ်သံချိုချိုက ထုံးစံအတိုင်း နားထဲ ပစ်ခွင်းဝင်ရောက်လာ၏။

''ရန့်မခ''

''အင်…ဟင်''

''မင်း ဘာတွေလုပ်ထားသလဲ၊ ငါ ကလေးအသံ လည်း



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်တယ်၊ ပြီးတော့ မိန်းမအော်သံလိုလိုနဲ့၊ ယောကောင်…မင်း ဘာတွေလုပ်ထားလဲ''

''ကိုသက် ဘယ်လိုထင်လဲ''

''ငါထင်တာက''

''နေ့ချင်းညချင်း ကျွန်တော် အိမ်ထောင်ပြုလိုက်ပြီ ကိုသက်''

''ဘာ''

သက်ထက်ကဲထံမှ ဒိုင်းခနဲ ဝင်ဆောင့်လာတဲ့ အကြည့်စူးတွေထဲမှ ဒေါသဒီကရီကို ရန်မခ ခန့်မှန်းနိုင်ပါသည်။ ဘယ် ဘဝပေးကုသိုလ်ကံလည်း မသိ။ ဒေါသဝဲထွက်ထွက်၊ ပြုံးပဲ နေနေ သက်ထက်ကဲ မျက်နှာလေးက ချစ်ဖို့ကောင်းအောင် လှနေ၏။

''အဟွန်း…ဟွန်း…အဲဒီလိုမထင်ပါနဲ့လို့ ပြောတာ ပါဗျာ၊ ကျွန်တော်က အခုမှ ကြိုးစားဆဲပါ ကိုသက်ရာ''

''ယောကောင်…မင်း တစ်ခုခုတော့ တစ်ခုခုပဲ''

''ဒါပဲ ကိုသက်''

ရန်မခ ဖုန်းချအပြီးမှာပဲ မကြီးဝါက အခန်းထဲရောက် လာသည်။ မီးမီးက ရန်မခ ကိုယ်ပေါ်မှနေ၍ သူ့အန်တီဝါထံ လှမ်းအော်သည်။

''ဟွန်း…အန်တီဝါ အိပ်ပုပ်၊ ဒီမှာ 'မီးမီးတို့တော မောနင်းကစ်စ်ပြီးပြီ''





မကြီးဝါက ရင်ဘတ်ဖိမေးရင်း မျက်လုံးအစုန်အဆန် ပြေးသွားတာက ကဲနှင့် ရန်မခဆီ။ ဒီတစ်ရက် နှစ်ရက်အတွင်း မှာ ရန်မခဟာ မကြီးဝါကို သူ့ဘက်တော်သားဖြစ်အောင် စည်း ရုံးထားနိုင်ခဲ့ပြီ။ ထို့ကြောင့် ထစ်ခနဲရှိရင် မကြီးဝါနဲ့ နောက်လိုက် အဖွဲ့တွေက နှုတ်မှ ဖွင့်မစကြတာပဲရှိမည်၊ အကြည့်တွေနဲ့ သိ သာအောင် စရ နောက်ရတာ အမောပင်။

ကဲက သူတို့အကြောင်း သိထားပြီးသားမို့ ဘယ်သူ့ ကိုမှ မကြည့်ဘဲ မသိဟန်ဆောင်နေလိုက်၏။

''သမီးက မိုးလင်းရင် နမ်းတတ်တဲ့အကျင့်ရှိတာ မကြီးဝါ သိသိကြီးနဲ့''

''အေးပါဟဲ့၊ ငါသိပြီးသားကို ထူးပြီးရှင်းပြစရာမလို ပါဘူး၊ ဘယ်သူက ဘာပြောလို့လဲ၊ သူက မလုံမလဲနဲ့''

''ကဲ မလုံမလဲဖြစ်တာ မဟုတ်ပါဘူး''

''မဟုတ်ရင်လည်း ပြီးတာပဲ၊ တော်ပြီ…နင်နဲ့စကား ပြောရတာ အဆင်မပြေဘူး၊ ရန်မခနဲ့ပဲ ပြောတော့မယ်''

ရန်မခက သမီးကိုချီရင်း သက်ထက်ကဲတို့အနား လျှောက်လာကာ ကဲ ပခုံးပေါ်မှ မျက်နှာသုတ်ပဝါကို ဆွဲယူ သည်။ ရုတ်တရက်မို့ ကဲက ဆတ်ခနဲ ဖြစ်သွားပြီးမှ

''ရှင် ဘယ်လိုဖြစ်နေတာလဲ''

''သမီး မျက်နှာမသုတ်ရသေးဘူး သက်ထက်ကဲ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မျက်နှာသုတ်ပဝါလို့ ပါးစပ်ကတောင်းပါလား ပိုင်စိုးပိုင်နင်းနဲ့"

"ဆောရီး...အဲဒီလိုဖြစ်သွားမယ် မထင်လို့"

တောင်းပန်သောရုပ်က ခွင့်လွှတ်ချင်စရာမကောင်းသော မချိုမချဉ်မျက်နှာနှင့်ဆိုတော့ ကဲက မျက်နှာလွှဲပေမယ့် ပါးပြင်မှာ နှင်းဆီခင်းဖြစ်သွား၏။

"အမြဲတမ်း ဆင်ခြေက အသင့်ပဲ"

"ကဲပါ ရန့်မခရယ်၊ အဲဒီအထိမခံကို သွားစမနေစမ်းပါနဲ့၊ ကားခေါ်ထားတယ်ဆို၊ အဆင်ပြေရဲ့လား၊ အဆင်မပြေ လည်း မကြီးဝါတို့နဲ့ ရန့်မခပါ လိုက်ခဲ့လေ၊ မီးမီးကို ရှေ့ခန်း မှာထားပြီး နောက်ခန်းက လိုက်ရင် ဆန့်ပါတယ်"

မိတ်ကပ်ပစ္စည်းတွေရော၊ ရတနာပစ္စည်းတွေနှင့် တခြား တိုလီမိုလီတွေပါ ပါတာကြောင့် မကြီးဝါက လိုက်အေ့စ်နဲ့ဝင် ဒီခရီးကို ထွက်နေကျဖြစ်သည်။ အကျႌမိန်းကလေးရော၊ ကဲတို့ သားအမိပါ ပါတာကြောင့် လူလည်းများ၊ ကျယ်ကျယ်ဝန်ဝန်း နှင့် အလာခရီးတုန်းကတော့ ပျော်စရာကောင်းသည်။ အပြန်ခရီး မှာမှ မီးမီးက ရောဂါထဖြစ်လိုက်တော့ အားလုံးပျာကုန်သည်။

"ရတယ် မကြီးဝါ၊ ကားခေါ်ထားတာ လာနေပါပြီ မကြီးဝါတို့ အရင်ထွက်နှင့်မလား"

"အေး...ရန့်မခတို့ အဆင်ပြေတယ်ဆိုရင် မစောင့်တော့





ဘူးလေဟယ်၊ နော်...ကဲ၊ အဆင်ပြေတယ်မဟုတ်လား"

မကြီးဝါက သူတို့နှစ်ယောက်ကိုကြည့်ပြီး လှမ်းမေး ပုံက အဓိပ္ပာယ်နှစ်ခွနှင့်။ ကဲက မဆင်မခြင် ပြီးစလွယ်ခေါင်း ညိတ်ပြကြည့်

"အဲဒီ သက်ထက်ကဲတို့က သူတို့နှစ်ယောက် အဆင် ပြေနေတာ ကြိုမပြောဘူး"

ဖြေဦးမည်။ ကဲက ရှုပုပ်ပြီး 'မကြီးဝါ မေးပုံက' လို့ စကားထောက်ကြည့်

"သြော်...ငါက ကားကိစ္စမေးတာပဲ ကဲရဲ့၊ ရိုးရိုးအေး မြင့်မြင့်ကြံစမ်းပါ"

ဝိနည်းလွတ်ပြောဦးမှာ ကြိုသိထားတာမို့ ပါးစပ်ပိတ် နေလိုက်မှ ကိစ္စငြိမ်သွား၏။

"မကြီးဝါ စိတ်ချပြီးသွားနှင့်ပါ၊ ကဲ ရန့်မခကားနဲ့ လိုက်ခဲ့ပါ့မယ်၊ သမီးပါနေတာပဲဟာ"

ကဲက ဘာအဓိပ္ပာယ်မှ ကောက်မရအောင်၊ စနောက် ရအောင် ပြောတာတောင် မကြီးဝါတို့က ထွက်ခတ်လေး ခတ်ရမှ ကျေနပ်နိုင်သူပီပီ

"ငါက မီးမီးနဲ့ ရန့်မခကို စိတ်ချတယ်၊ စိတ်မချရတာ နင်၊ အချစ်ကို တန်ဖိုးထားရမှန်းမသိ၊ မေတ္တာကို အလေးထား ရမှန်း မသိဘဲနဲ့၊ နင်တစ်ယောက်နဲ့တော့ ခက်ပါတယ်၊ ရန့်မခ...



www.burmeseclassic.com

www.burmeseclassic.com



ငဲ့မောင်လေး၊ နည်းနည်းပါးပါး ဆုံးမလိုက်စမ်းပါ''

''စိတ်ချ''

''မကြီးဝါ''

သက်ထက်ကဲ အော်သံက တိုးမပေါက်ဘဲ

''ချစ်ခြင်းမေတ္တာအကြောင်း ဒင်း နားလည်အောင်''

ဟိုတစ်ယောက်ကလည်း ဟုတ်ကဲ့ချင်းထပ်အောင် ခေါင်းညိတ်သည်။ မီးမီးကလည်း ရန်မခ ကိုယ်ပေါ်မှ တစ်ဖဝါးမခွာဘဲ ဦးဦးချင်းထပ်အောင် ချုံ့နှံ့သည်။ ကဲသည် ထိုမြင်ကွင်းကိုကြည့်ရင်း ကဲရင်တွေ မောနေ၏။

ကဲနှင့်ပတ်သက်သောသူတိုင်း တစ်ခဏသောအချိန်အတွင်း သူမှသူ ဖြစ်ကုန်တာ ဘာကြောင့်များလဲ။

◆ ◆ ◆



## အခန်း (၂၉)

''အဲဒါ အသည်းပြောတဲ့ ဒီနိုင်နာ သက်ထက်ကဲ ဆိုတာပဲ မေမေ၊ ကလေးတစ်ယောက်အမေ၊ တစ်ခုလပ်လေ၊ အဲဒီလိုလူကိုမှ ကိုကိုက''

အသည်း ဘာစကားမှ ဆက်မပြောတော့ဘဲ စတီယာရင်ကို လက်သီးနှင့် ဖွဖွထုပစ်ကာ တက်ခေါက်သည်။ အသည်းကိုယ်တိုင် ကြီးကြီးကျယ်ကျယ်တွေ ပြောထားမိတာ ပြန်တွေးတိုင်း ရှက်တတ်လျှင် လဲသေလိုက်ဖို့သာရှိတော့သည်။ သက်ထက်ကဲကတော့ အသည်းကို နောက်ကွယ်မှာ ဟားတိုက်ရယ်နေပြီလားမသိ။

ကိုကို့ရဲ့ ပိုင်ဆိုင်သူက အသည်းဆိုသည့်ပုံစံနှင့် ပြောခဲ့သမျှ အခုမှ ငိုချင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးပြောသလို သား ဟုတ်ပါ့မလားဟင်၊ ရိုးရိုးသားသား ကူညီတာမျိုးဆိုရင်ရော"

"ရိုးသားတာနဲ့ ဆန်းပြားတာ အများကြီးကွာပါတယ် မေမေရာ၊ ဟိုမှာကြည့်ဦး၊ ဒါ ရိုးသားသလား"

မြင်နေရသော ကိုယ့်မျက်စိကိုယ် ဒေါ်နှင်းနှင်းအေး မယုံချင်။ ပုဂ္ဂလိကဆေးခန်းထဲမှာ ရန်မခ နှစ်ရက်လုံးရှိနေမယ်လို့လည်း မထင်ခဲ့။ အခုတော့ ထွက်လာကြတဲ့ ပုံစံတွေဟာ အကြောင်းမသိသူဆို တကယ့်မိသားစုတစ်စုလို့ ထင်မှာမလွဲ၊ မိသားစုတောင် အိမ်ထောင်ဦးစီးရဲ့ ချစ်ခင်အလိုလိုက်မှု အပြည့်အဝ ရထားတဲ့ပုံစံအပြည့်နှင့်ပါ။

လေးနှစ် ငါးနှစ်အရွယ် အပြာရောင်ဂါဝန်နှင့် ကလေးမလေးကို ရန်မခ လက်တစ်ဖက်က ချီကာ တစ်ဖက်က လပ်ဂေ့ချ်လို အဝတ်သေတ္တာအား ဆွဲထွက်လာသည်။ ရန်မခရဲ့ နောက်ပါးမှ ကိုယ်ဟန်ကျော့ရှင်းသော သက်ထက်ကဲဆိုသည့် အရပ်မြင့်သော ကလေးမလေးက ပိုက်ဆံအိတ်ကြီးကို လက်မှ စကိုင်ကာ ခြေလှမ်းသွက်သွက်နှင့် လျှောက်လိုက်လာတာကိုး ရန်မခက မျက်နှာတင့်ငွဲ၊ ခေါင်းတငုံ့ငုံ့နှင့် ဘာတွေပြောမှန်း မသိသောပုံက မြှတ်နိုးထိုက်စရာမို့ မြတ်နိုးပါသည်လို့ အသေပတ်ဝန်းကျင်ကို ကြော်ငြာနေသည့်အတိုင်း ဖြစ်သည်။

"အသည်းပြောတာကို မေမေ ယုံပြီမဟုတ်လား မေမေ





အသည်းတို့ကို ပြန်မပို့နိုင်လောက်အောင် ကိုကို အလုပ်များနေတာ အဲဒီမိန်းမကြောင့်၊ အဲဒီမိန်းမရဲ့ကလေးကို ဂရုစိုက်နေရတာကြောင့်"

"ကလေးလေးရဲ့ကျန်းမာရေးကြောင့် မဖြစ်မနေ ကူညီရတာမျိုးလည်း ဖြစ်မှာပါ သမီးရယ်"

"မဟုတ်တာ အသိသာကြီး မေမေ၊ တကယ်မဖြစ် မနေ ရိုးသားပါသဖြင့်ဆို အသည်းတို့ကို ဖွင့်ပြောပြရမှာပေါ့"

'ဒါတော့လည်းဟုတ်သားပဲ' လို့ သမီးဖြစ်သူ စကားကို ထောက်ခံမိပေမယ့် စိတ်တွင်းကသာဖြစ်သည်။

"သားနဲ့သမီးကို လက်ထပ်ပေးချင်ပြီ နှင်းရယ်၊ ဒီလိုပြောလို့ အညွန့်တလူလူတက်နေတဲ့ သမီးအနာဂတ်ကို ရိုက်ချိုးမိသလို ဖြစ်သွားမှာလည်းစိုးတယ်၊ ဒါပေမဲ့ သားဘက်က ကြည့်တော့လည်း လုပ်ငန်းထူထောင်ပြီး အခြေကျတဲ့အချိန်မှာ တခြားမိတ်တရော်တွေနဲ့ တွေ့သွားမှာလည်း မမခင်က စိုးရိမ်သေးတယ်"

ရန်မခအမေ ဒေါ်ခင်မမ စိုးရိမ်သလို ဖြစ်လာခဲ့ပြီလို့ ပြောမထွက်တော့။ ရန်မခ ပြန်နိုင်းကတည်းက မပြန်ဘဲ ဒီနေပြည်တော်မှာပဲနေကာ ရန်မခ လှမ်းသမျှ ခြေလှမ်းတိုင်း စောင့်ကြည့်လာတာလည်း သမီးအသည်းရဲ့ အကြံဖြစ်သည်။

"ကိုကိုက အဲဒီဒီဇိုင်နာနဲ့ မရှင်းတာ သေချာတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဒီနိုင်နာကလေးအတွက် သူ ကူညီဖို့နေနေခဲ့တာ''

သမီး ပြောခဲ့တဲ့အထိ ဒေါ်နှင်းနှင်းအေးက ကိုယ့်သားသမီးကို မယုံဘဲ ရန်မခရဲ့ ကိုယ်ကျင့်သိက္ခာအတွက် တားကွယ်နေခဲ့မိသေးသည်။

''ကဲ…မေမေ၊ အသည်းပြောတာ ယုံပြီမဟုတ်လား''

အသည်းက ကားမောင်းသူနေရာမှ မေမေ့ဘက်ဆီ လှည့်မေးသည်။ ရန်မခက ကလေးကို တယုတယ ပွေ့ချီပြီး နောက်ခန်းထဲ ထည့်သည်။ ကလေးအမေပါ ဝင်ထိုင်သည်အထိ စောင့်ပြီးမှ ကားတံခါးကို ဆွဲပိတ်ပေး၏။ ကားကြီးက ပေါင်မုန့်ကားလို လုံးလုံးရှည်ရှည်ကြီးဖြစ်သည်။

''ကားမောင်းတဲ့လူက ကိုကိုနဲ့ စပ်တူလုပ်တဲ့လူ ကိုသက်တဲ့ မေမေ၊ ဟွန်း…သူပါ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းကို၊ အန်တီခင်သိအောင် အသည်း ပြောပြမှဖြစ်မှာ''

''နေပါဦး သမီးရယ်''

''ဘာကိုစောင့်ရဦးမှာလဲ မေမေ၊ အသည်းသိက္ခာအတွက်လည်း ထည့်တွက်ပါဦး၊ အသည်း ကိုကို့ကို ဘယ်လောက်မျှော်လင့်ခဲ့ရလဲ၊ အသည်းတို့ ဘယ်လောက်အကျွမ်းတဝင် ရှိခဲ့ကြလဲ''

''အဲဒီအဖြစ်တွေက သူသူငါငါတွေလို ပြီးစေပျောက်စေဆိုပြီး ခုနစ်ရက် တစ်ပတ်မှာပဲ နှစ်ဖက်မိဘအသိုင်းအဝိုင်း





ကြားမှာပဲ ပျောက်သွားမှာမျိုးမဟုတ်ဘူး၊ မိဒီယာကနေ ပရိသတ်ကြား အရိပ်အမြွက်လောက်တော့ ပျံ့ကုန်ပြီ၊ အဲဒီသတင်းတွေက အသည်းခန္ဓာကိုယ်ထဲရောက်နေတဲ့ အဆိပ်တွေလိုပဲ မေမေ၊ ကိုကိုနဲ့လက်ထပ်တယ်ဆိုတဲ့ ဖြေဆေးထိုးမှ''

''ဖြေဆေးကြောင့် အဆိပ်ပိုပျံ့နှံ့တယ်ဆိုတာလည်း ရှိသားပဲ သမီးရယ်''

''ဒါဖြင့် သမီးက ကိုယ့်ကမ္ဘာပျက်ကိန်းရှိမှန်း သိသိကြီးနဲ့ ဒီတိုင်း လက်ပိုက်ထိုင်ကြည့်နေရမလား မေမေ''

ရန်မခတို့ နီနစ်ရောင် ပေါင်မုန့်ကားဖြူဖြူကြီးက အသည်းတို့ခြံဝင်းမှ မောင်းထွက်သွားပေမယ့် အသည်းတို့သားအမိရဲ့ ပဋိပက္ခက အခုမှ အစပျိုးတုန်းဖြစ်၏။ ဒေါ်နှင်းနှင်းအေးက ကုရှင်မှာ ကျောမှီရင်း သက်ပြင်းရှိုက်သည်။

''မေမေတို့ အချိန်ယူကြတာပေါ့ သမီး၊ အခုလောလောဆယ် ဟိုတယ်ပြန်ပြီး ပစ္စည်းတွေသိမ်းကြမယ်၊ ပြီးတော့ ရန်ကုန်ပြန်ဆင်းကြတာပေါ့''

အသည်းက မေမေ့ကို ဘာစကားမှမပြောချင်တော့။ နှုတ်ခမ်းတွေ တင်းခနဲစေ့ပစ်တာက ဒေါသတွေကို မျိုသိပ်ခြင်းဖြစ်လျက်က ကားစက်နှိုးသည်။ ဒေါ်နှင်းနှင်းအေးက ပင့်သက်ကို ခိုးရှိုက်ရင်း သမီးကို စောင်းငဲ့ကြည့်သည်။

''မမခင်ရဲ့ ရတနာတွေ နှစ်သစ်အကြိုပြမယ့်ပွဲ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com

သေးလို့ပါ သမီးရယ်၊ ဒီအချိန် သား ရန်မခရဲ့ မကောင်းသတင်း ကြားလိုက်ရရင် မမခင်ခများ အရမ်းစိတ်ရှုပ်သွားမှာကို အချိန်ယူနိုင်းတဲ့သဘောပါ''

အသည်း ဘာမှမပြောလိုတော့။ ကိုယ့်အရေးထက် သူတစ်ပါးရင်ဘတ်အတွင်းရေးကိစ္စတွေကို ကြည့်တတ်၊ ဦးစားပေးတတ်သော မေမေက သမီးဖြစ်သူရဲ့ရင်ထဲ ရှုပ်ထွေးမှုတွေ များနေတာကို ငုံ့မကြည့်ပေးနိုင်တာကိုပဲ စိတ်ထဲက ကျိတ်ဝမ်းနည်းနေမိ၏။

◆ ◆ ◆



## အခန်း (၃၀)

''ဘာတွေအလုပ်ရှုပ်နေလို့ မအေဆီ ဖုန်းတစ်ချက် တောင် ခဆက်နိုင်ရတာလဲ သား''

''မေမေကလည်း''

ရန်မခက ကော်ဖီဝိုင်းမှာတွေ့ရတဲ့ မေမေ့ကို နောက်ကျောမှ သိုင်းဖက်ရင်း ပါးပြင်ကို ရွှတ်ခနဲနမ်းကာ မျက်နှာချိုသွေးသည်။ ဒေါ်ခင်မမက သားဖြစ်သူကို စိတ်ဆိုးခြင်းကင်းတဲ့ မျက်စောင်းရွယ်ရင်း

''တော်ပါ၊ ဟွန်း…အခုမှ အကယ်ဒမီပေးပွဲကဖြင့် လွန်ခဲ့တဲ့ သုံးရက်ကတည်းက ပြီးနေပြီ၊ မင်းတို့မှာ နေပြည်တော်ထဲ လည်ပတ်မဝ ဖြစ်နေတယ်ပေါ့၊ ဟုတ်လား''

''အာ…မလည်ပါဘူး မေမေရ''



www.burmeseclassic.com

www.burmeseclassic.com

"အဲဒိတွေ မပြောစမ်းပါနဲ့ကွာ"

ခေါင်မမက ပြောရင်း သားဖြစ်သူအတွက် ကော်ဖီ ထည့်ပေး၏။

"အသည်းကိုလည်း အကယ်ဒမီပွဲပြီးတာနဲ့ မေမေ ရတနာပစ္စည်းအသင်းတွေ ခိတ်ဆက်တဲ့ပွဲမှာ ရှိုးလျှောက်ပေးပါ လို့ ပြောထားတဲ့ဥစ္စာ၊ စောစောစီးစီး နှစ်ယောက်စလုံး ပြန်မလာကြဘူး"

ကော်ဖီသောက်နေရင်းက ရန်မခ အကြည့်တွေ မေမေ ထံ ဖျတ်ခနဲ ရွေ့သွားသည်။ မသိ၍ ပြောနေတာလား။ တမင် ပြောနေခြင်းလားဆိုတာ ကွဲပြားစွာသိရအောင် ရန်မခ အကဲခတ် ပေမယ့် မေမေက စားလက်စမုန့်ကို ဒီတိုင်း ဆားချထားကာ ကော်ဖီကို လက်စသတ် မော့သောက်သည်။

"ရှိုးတစ်ခုစီစဉ်တာ လွယ်တဲ့ကိစ္စမဟုတ်ဘူး၊ ဒီဇိုင်နာ တွေ ချိတ်ရတာနဲ့၊ မော်ဒယ်အယောက်နှစ်ဆယ်လောက် လိုက်ရှာ ရတာနဲ့ လူကို အသက်တောင် ဘယ်နှာခေါင်းပေါက်က ရှူရ မှန်းမသိအောင်ပဲ တကယ်၊ တော်သေးတာပေါ့၊ (....)မော်ဒယ်လ် အေဂျင်စီက အားလုံးစီစဉ်ပေးလို့၊ သားတစ်ယောက် သမီး တစ်ယောက်ရှိပြီး အရေးအကြောင်းဆို ဘာမှအားကိုးလို့မရဘူး နင်းတို့လည်း လူကြီးဖြစ်ပြီး သူ့ပါ ရောပျော်နေတာနေမှာပေါ့"

"မေမေ"





ရန်မခက အလန့်တကြား ခေါ်သည်။ နေပြည်တော် မှာကတည်းက သူ ထွက်သွားတာကို အသည်း မကျေနပ်မှန်း သိသည်။ မေမေ့ဆီ ပြန်တိုင်မှာပဲလို့ သူ တစ်ထစ်ချတွက်ထား ခဲ့သည်။ ဒါပေမဲ့ မေမေက ရန်မခနဲ့ အသည်း လူချင်းခွဲပြန်လာ ပုံကို သိပုံမပေါ်သည့်အပြင် အန်တီနှင်းအေးပါ အပြစ်တင်နေ တာကြောင့် ရန်မခ အလုံးစုံဖွင့်ပြောရန် ခေါ်လိုက်ခြင်းဖြစ်သည်။

"တော်ပြီ...ပြီးတာတွေ ပြီးပစေတော့၊ သားနဲ့အသည်း သွားတာလာတာ မေမေ မကြိုက်လို့ပြောတာ မဟုတ်ဘူးနော်၊ အသည်းက သားထက်စာရင် အသက်လည်းငယ်တယ်၊ ပြီးတော့ အနုပညာရှင်၊ ပျော်ချင်တယ်၊ လွတ်လပ်ချင်တယ်ဆိုပေမယ့် သားက ဘေးကနေ အနုကတည်းက ထိန်းပေးရမှာပေါ့၊ နောက် ဘဝတစ်လျှောက်လုံး ကိုယ်က ဦးစီးဦးဆောင်ပြုသွားရမယ့်သူ"

"မေမေ...အသည်းနဲ့ကျွန်တော်က..."

သားစကားမဆုံးခင် ခေါင်မမက မြည်သံပေးလာ သော ဖုန်းကို ကောက်ကိုင်သည်။

"ဟဲလို...ကိုအေးကျော်၊ ပြော...တွေ့မယ်၊ ကျွန်မ အခုပဲထွက်လာပြီ၊ ဒါပဲနော်"

ဖုန်းချတော့လည်း အလျှင်စလို။ လက်ကိုင်အိတ်ကို တံတောင်ဆစ်ကွေးအထိချိတ်ရင်း ထရပ်သော လှုပ်ရှားမှုက မြန်ဆန်စွာရှိရင်းက ရန်မခကို နှုတ်ဆက်၏။



www.burmeseclassic.com

www.burmeseclassic.com

"မေမေ သွားတော့မယ် သား၊ ဒီရက်ပိုင်း အလုပ်တွေတအားရှုပ်နေတာ၊ သားနဲ့မေမေ ပွဲပြီးမှ အေးအေးဆေးဆေးတွေ့ကြတာပေါ့၊ မင်းအဖေလည်း မေမေ့ပွဲကို တက်မယ်တဲ့၊ ဒီနေ့ ဖုန်းဆက်မယ်ပြောတယ်၊ မင်းတို့သားအဖ အလွမ်းလည်း သယ်ရင်း မေမေ့အတင်းလည်း ပြောကြဦးပေါ့"

"ဖေဖေက မေမေ့အတင်းတော့ ပြောမှာပေါ့၊ ဒါပေမဲ့ မှန်းတဲ့အကြောင်း မဟုတ်တာတော့ သေချာတယ်"

မေမေက ပါးစပ်က ပြောလည်းပြော၊ မျက်မှန်တပ် ခြင်း ကားသော့နှင့် ဖုန်းကို တစ်ပြိုင်တည်းဆွဲယူခြင်းတို့နှင့်အတူ သားထံ မျက်စောင်းရှယ်ပေမယ့် ပုလဲရောင်စိုအိနေသော နှုတ် ခမ်းတွေမှာ ပီတိပြုံးက ငြိတွယ်လျက်။ ထမင်းစားခန်းထဲက ထွက်ရန် ခြေလှမ်းပြင်ပြီးမှ

"သြော်...သားရေ"

"ဗျာ"

"ညက အသည်း ကားကို ဝိုထောင်ထဲထည့်ပေးသွားတယ်၊ သူ မနေ့ညနေက ကိစ္စရှိလို့ ယူမောင်းတာ၊ ရေမဆေး ပေးရသေးဘူးတဲ့၊ သားအိပ်နေလို့ မနှိုးဘဲ ပြန်သွားတာ၊ ကိုစိုးတင့်ကို ကားရေဆေးခိုင်းဦး၊ တော်ကြာ သွားကာနီးမှ အဆင်သင့် မဖြစ်ရင် မင်း သမီးကိုလှမ်းဆူနေမှာစိုးလို့"

မေမေက ရန်မခကို အော်လည်းပြောရင်း လှလည်း





ပျောက် အသံလည်း ပျောက်သွား၏။ ရန်မခ ကော်ဖီတစ်ငုံမော့ကာ အတွေးတွေ ကျယ်ပြန့်စွာတွေးမိ၏။

သူ မနေ့ ညနေလည်းက ပြန်ရောက်သည်။ ရောက်တာ နဲ့ ခရီးပန်းလာတာရော၊ မီးမီးအတွက် စိတ်အေးသွားတာရော နှင့်ပေါင်းပြီး ထိုးအိပ်ပစ်တာ ဒီမနက်မှနိုးသ်။ ညက အသည်း လာတာတွေ ဘာတွေ မသိလိုက်ရ။ ဒါဆို သူ နေပြည်တော် မှာရှိနေသည့်ရက်တွေ အသည်းကရော ဘယ်မှာရှိနေသလဲ။ အကယ်၍ ရန်မခနှင့် ရှေ့ဆင့် နောက်ဆင့် ပြန်လာတာဆိုရင်..။

ရန်မခက ခေါင်းယမ်းရင်း ဝှူးခနဲ လေပူတစ်ချက် မှုတ်ထုတ်သည်။ အစကတည်းက ကိုနှင့် သူ့အကြောင်း ဖုံး ကွယ်ရန် အစီအစဉ်မရှိပေမယ့် အသည်းသိသွားသော နောက် ဆက်တွဲခံစားမှုကိုတော့ သူ မပေးလိုပါ။ အသည်းအပေါ်မှာ ရှိခဲ့သော သံယောဇဉ်က မောင်နှမထက်မပိုတာ အမှန်။ သို့ပေမယ့် ကိုယ့်ကြောင့် အသည်း ဒဏ်ရာရသွားမှာလည်း စိုးရိမ်သည်။

"အန်တီက ရောင်းပစ်ပြီး ရတဲ့ပိုက်ဆံကို ငါတို့ခွဲ ယူတဲ့"

"စာရွက်တွေ၊ စာအုပ်တွေကတော့ ဟုတ်ပါတယ်၊ အထဲကစာတတ်မှန်ပြားလိုဟာတွေက ကျတော့ရော"

"ဟယ်...ကုလားကို ပြကြည့်မယ်လေ၊ သူ မယူဘူး ဆိုမှ လွှင့်ပစ်ကြတာပေါ့"

ကတ်ထူပုံးကြီးတွေ နှစ်လုံးစီဆင့်ထပ်ပြီး ထမင်းအား


www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲ ဝင်လာတဲ့ အိမ်အကူကောင်မလေးတွေက ပုံးကြီးတွေ ကွယ်နေ၍ ရန်မခ ရှိတာကိုမမြင်။ သူတို့လုပ်ချင်သော ရောင်း ဝယ်ခြင်းကိစ္စတွေသာ အာပေါင်အာရင်းသန်သန်နဲ့ ပြောလာကြ၏။

"ဘာတွေလွှင့်ပစ်ကြမှာလဲ"

"အယ်...အစ်ကိုလေး"

"အမေ့...သွားပြီ"

ရန်မခ မေးလိုက်ကာမှ တစ်ယောက်က ခြေစုံရပ်ပြီး ရန်မခကို အလန့်တကြားခေါ်သည်။ နောက်က တစ်ယောက်က မမြင်မစမ်းနှင့် ရှေ့လူရဲ့ကျောပြင်ကို ဒုန်းခနဲဝင်တိုက်သည်။ တိုက်မိတဲ့အရှိန်ကြောင့် နဂိုကတည်းက မနိုင်မနင်းဖြစ်နေသော ကတ်ထူပုံးတွေက ထမင်းစားခန်းထဲ ပစ်ချလိုက်သလို ဝုန်းခနဲ ပစ်ကျပြီး အထဲကပစ္စည်းတွေက ဖရိုဖရဲ ကျဲပြန့်ထွက်လာကုန်၏။

"အစ်ကိုလေး...ဒါ သိတာတို့သဘောနဲ့ လုပ်တာ မဟုတ်ဘူး"

"ဟုတ်...ဟုတ်ပါတယ်၊ ဦးဦး ပြန်လာတော့မှာမို့ အန်တီက ဦးဦးစာကြည့်ခန်းကို ရှင်းဆိုတာနဲ့ ရှင်းပြီးယူလာတာ ပါ"

"မယုံရင် အန်တီကို ဖုန်းဆက်မေးကြည့်ပါ အစ်ကို လေး"





ယုံတာ မယုံတာတွေ ရန်မခ စိတ်မဝင်စားဘဲ ကြမ်း ပြင်ပေါ် ကျဲပြန့်သွားသည့် စက္ကူအပိုင်းအစတွေကြားမှ ထင်းထင်း ကြီးပေါ်နေသော ခရမ်းရင့်ရောင် ကတ်ထူဘူးလေးဆီ မျက်လုံး ရောက်သွား၏။

ဒီဘူးကို ရန်မခ သိနေသည်။ ရင်းနှီးနေသည်။ ဒီဘူး က ဘယ်လိုဖြစ်ပြီး ဖေဖေ့စာကြည့်ခန်းထဲ ရောက်နေရတာလဲ။

ရန်မခ မှတ်ဉာဏ်ထဲ မီးရှူးတစ်စ ထိုးထွက်သွားသလို လင်းခနဲဖြစ်သွား၏။ ညကြီးမင်းကြီး မီးရထားလမ်းပေါ် ကိုယ့် ကိုယ်ကို ကြိုးစည်သော မိန်းကလေးရဲ့ပစ္စည်း...ဒါဆို။

ရန်မခ ထိုင်နေရာမှ ဖျတ်ခနဲ ထရပ်သည်။ စာရွက် တွေရှောင်ရှားရင်း ထိုကတ်ထူဘူးကိုယူပြီး စောင်းချတော့ အထဲ မှ အယ်လ်ဘမ်က လျှောခနဲ ထွက်ကျလာ၏။

"ကျွန်တော့်ရဲ့ အရေးကြီးတဲ့ပစ္စည်းတွေ ဖေဖေ့စာကြည့် ခန်းထဲမှာ ဝှက်ခဲ့မယ်"

"ဘာဖြစ်လို့လဲ၊ မင်းအခန်းထဲ မင်းအမေ မွှေမှာစိုး လို့လား၊ လုပ်မနေနဲ့ ဟောကောင်၊ ငါ့စာကြည့်ခန်းထဲလည်း ခင်မမတို့က အလွတ်ပေးတာမဟုတ်ဘူး"

ဖေဖေက ရယ်မောကာ ရန်မခကို သတိပေးခဲ့ပေမယ့် သူက ပခုံးတွန့်ရင်း

"မေမေ မွှရင် ကိစ္စမရှိပါဘူး၊ အသည်း မွှမှာပဲစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



ရန်မခ နိုင်ငံခြားမထွက်ခင် သူပြောခဲ့တာ ပြန်သတိရသည်။ အခုတော့ မေ့ပျောက်လုနီးပါး အတိတ်ထဲက သနားစရာကောင်းမလေးက ရန်မခလက်ထဲ ပြန်ရောက်လာခဲ့၏။ ရန်မခက ပထမဆုံး တစ်ပုံပဲကြည့်ဖူးသည့် ဓာတ်ပုံအယ်လ်ဘမ်အား တစ်ဖန်ပြန်စ၍ကြည့်ရန် အဖုံးဖွင့်သည်။ မပျက်စီးသော ဓာတ်ပုံထဲတွင် အပြာရောင်လွင်သော ပင်လယ်ကြီးနှင့် ဆံနွယ်ရှည်များနှင့် သူမက ဟိုးနှစ်ပေါင်းများစွာကလို ရယ်ပြခဲ၊ အပြုံးမျက်လုံး အရယ် နှုတ်ခမ်းများနှင့် သူမက…သူမက။

ကြည့်နေရင်း…ကြည့်နေရင်းကပင် ရန်မခ နှလုံးသားထဲ အမြောက်တစ်ချက် ပစ်ဖောက်ခံလိုက်ရသလို ဒိန်းခနဲမြည်သွား၏။ အသက်ရှူရပ်မတတ် တရကြမ်း ဆောင့်ခုန်လာသော ရင်ခုန်သံတွေနဲ့အတူ ရန်မခ ဓာတ်ပုံတွေကို တစ်ပုံပြီးတစ်ပုံ တဖျတ်ဖျတ် လှန်ကြည့်သည်။ တစ်ယောက်တည်းပုံတွေရဲ့ နောက်မှာ စုံတွဲပုံတွေ။ ထိုစုံတွဲမှ ယောကျ်ားကို စေ့စေ့စပ်စပ်ကြည့်ရင်း ရန်မခ တဒိတ်ဒိတ်ကျကျ ခံစားရခြင်းက ထူးခြားဆန်းကြယ် သောရေစက်ဆိုတာ လုံးဝသေချာသွား၏။

"ဦးစိုးတင့်…ကျွန်တော့်ကို ကားထုတ်ပေးပါ"

"ကားက မဆေးရသေးဘူး ရန်မခ"

"ရတယ်၊ ထုတ်ထားလိုက်"

ရန်မခက အပေါ်ထပ် ပြေးတက်သည်။ လေကားကို





နှစ်ထပ်ကျော် ကျော်လွှားတက်ပြီး ပြန်ဆင်းလာတော့ ခြေသံတဒိုင်းဒိုင်းပေးလျက်နှင့် အဖြူရောင်ချည်သားဘောင်းဘီတောင် မလဲနိုင်။ တစ်ထပ်တည်း ဝတ်ထားသော စွပ်ကျယ်ပေါ် အဖြူရောင်ရှပ်တစ်ထည် ကောက်စွပ်လာတာက ရင်ဘတ်ကြယ်သီး မတပ်နိုင်တဲ့အထိ ဖရိုဖရဲဖြစ်နေတာကို ဂရုမစိုက်နိုင်။

"အစ်ကိုလေး…အပြင်သွားမလို့လား၊ ဒီမှာ ဖုန်းကျန်ခဲ့တယ်"

အမောတကော လိုက်ပေးတဲ့ သီတာ့လက်ထဲမှ ဖုန်းကို ရန်မခ ဆွဲယူလိုက်၏။ လက်တစ်ဖက်က ခရမ်းရင့်ရောင်ဘူးတို ကိုင်ရင်း ကားပေါ် ဝုန်းခနဲတက်သွားတဲ့ ရန်မခကို ပေါ်တီကိုအောက်မှရပ်ကြည့်ရင်း

"အစ်ကိုလေး…သီတာတို့ ဟိုစာရွက်တွေ ရောင်းပစ်ရမလားဟင်"

အချောင်ရမည့်ငွေအတွက် တပ်မက်စွာမေးမိတော့ အစ်ကိုလေးက

"ကြိုက်သလိုလုပ်"

ဟေးခနဲထအော်ကာ သီတာက အိမ်ထဲရှိ ရွှေဝါကို လက်မထောင်ပြချိန်မှာ ရန်မခကားက နေရာက ဝေါခနဲပြေးထွက်သွား၏။

"ကိုကို ဘယ်သွားတာလဲ သီတာ"



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ပခုံးပုတ်ရင်း မေးတာကြောင့် သီတာ လှည့်ကြည့်တော့ အသည်း။

"မမအသည်းလေး"

"အသည်း လေးတာတွေ ပေါ့တာတွေ လုပ်မနေနဲ့ မေးတာဖြေ၊ ကိုကို ဘယ်သွားတာလဲ"

"ဟို…သီတာတို့လည်းမသိဘူး၊ ခတ်ပုံအယ်လ်ဘမ် တစ်ခုတွေ့ပြီး ထွက်သွားတာ၊ အဲဒါ…"

"ကျစ်…ဘာမှလည်း အသုံးမကျဘူး၊ ဦးစိုးတင့်"

"ဗျာ"

အသည်းက လက်သီးကို ကျစ်နေအောင်ဆုပ်ပြီး ဒီအိမ်ရဲ့ ပင်တိုင်ဒရိုင်ဘာကို လှမ်းခေါ်သည်။

"အသည်းကား သွားထုတ်၊ အခုပဲ ကိုကို့နောက်လိုက်မယ်၊ မြန်မြန်လုပ်နော်"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

အသည်းအမိန့်ကို ဘယ်သူမှ မလွန်ဆန်ရဲကြတာ ဟိုးငယ်ငယ်ကတည်းကမို့ အသည်း ဒီအိမ်ရဲ့ အရှင်သခင် အနေတိုင်း အသည်းကျော်မို့ ပြောသမျှ ခေါင်းညိတ်နာခံရတာ အရိုးစွဲနေၿပီ။ တစ်ယောက်က အရေးတကြီးနှင့် ထွက်သွားသည်။ ကျန်တစ်ယောက်က အရေးတကြီးနှင့် နောက်မှလိုက်မည်။ အိမ်မှာ ကျန်ခဲ့သော သီတာတို့က အရေးတကြီးနှင့် စာရွက်တွေ





တတ်ထုပုံးထဲ ပြန်ထည့်ကြသည်။ အရေးကြီးတာ [illegible] နောက်ဆက်တွဲ ရည်ရွယ်ချက်တွေက အများကြီး [illegible] ဖြစ်တတ်တဲ့ လူ့သဘာဝဖြစ်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ကျွန်မ ခရီးပန်းလာတယ်၊ သမီးလည်း နာလ[illegible] ခါစ၊ ဒါကြောင့် ထပ်တောင်းပန်ပါတယ်၊ မနှောင့်ယှက်ပါနဲ့၊ ကျွ[illegible] ရှင်နဲ့ ဓာတ်လမ်းအားလုံးဖြတ်ခဲ့ပြီဆိုတာ ပြန်တွေး[illegible] ဝိုထင်ရှားလေပဲ နေမာန"

"ပြတ်စဲခြင်းက မင်းဘက်ကလေ"

"ဒါပေမဲ့ တောင်းဆိုခဲ့တာ ရှင်တို့တစ်တွေပဲ"

"အဟွန်း…အခု အဲဒီပြတ်စဲခြင်းတွေကို မေ့ပစ်လို[illegible] တော့၊ မင်းနဲ့ငါက စိမ်းတဲ့သူတွေမှမဟုတ်တာ၊ သံယော[illegible] ပြီးသားလူတွေပဲ၊ ပြန်ချစ်ကြဖို့က တစ်က ပြန်စ စရာမလိုဘူး"

"ရှင့်ရဲ့ အစာနာကင်းတဲ့ အဲဒီပါးစပ်ကို ပိတ်ထား[illegible] ပါ နေမာန၊ ရှင် ဘာလိုချင်တာလဲ၊ ကျွန်မသမီးကလွဲရင် ကြို[illegible]





[illegible]တောင်း၊ ဒါပေမဲ့ တောင်းလို့ရပြီးရင် ကျွန်မကို ဘယ်တော့ မှ [illegible]ပ်မပတ်သက်ပါနဲ့တော့"

နေမာနက သက်ထက်ကဲရဲ့ စည့်ခန်းဆိုဖာမှာ အေးအေး [illegible]လူ ဝင်ထိုင်ကာ မှန်စားပွဲပေါ် ခြေထောက်ဆန့်တင်လိုက်သေး [illegible]ည်။ မေးရိုးလှုပ်အောင် ဝါးနေတဲ့ ပီကေကြောင့်ပဲ နေမာန [illegible]ဝ်က လူယုတ်မာဒီဇိုင်း ပိုပေါက်သွားစေလားမသိ။ ကဲက [illegible]က်မပြေခြင်းတွေနှင့် စူးစိုက်ကြည့်ရင်း အစွမ်းရှိပါက နေမာန [illegible]ကို ပြာကျအောင် လောင်ကျွမ်းပစ်ချင်သော ဒေါသမီးက ရင်ဆဲ [illegible]တင်မက အသွေးအသားတွေထဲ တောက်လောင်ကျွမ်းလျက် [illegible]သည်။ ဒါကိုပဲ နေမာနက ပီကေကို ပူဖောင်းအကြီးကြီးမှုတ် [illegible] သဘောတကျနှင့် ကဲကိုကြည့်ရင်း မုန်းစရာကောင်းအောင် [illegible]ယ်လိုက်သည်။

"တကယ်လိုချင်တာ တောင်းရမှာလား သက်ထက် [illegible]"

"ကျွန်မ မိန်းမပေမယ့် ကိုယ်ပြောတဲ့စကားကို တန်ဖိုး [illegible]ားတယ်၊ ရှင့်လို ရွက်ကျရာ အပင်ပေါက်ချင်တဲ့ အောက်တန်း [illegible]းစိတ်ဓာတ်နဲ့ မနှိုင်းနဲ့"

"မင်း ငါ့ဒေါသကို ဆွနေတာပဲ"

နေမာနရဲ့ မျက်ဝန်းအစုံက ချက်ချင်းမှေးစင်း ကျဉ်း [illegible]ြောင်းသွားပြီးမှ ဖျတ်ခနဲ ရယ်ပြပုံက ဒေါသတွေကို မချိမဆ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထုပ်ပိုးသိမ်းဆည်းထားရသူနှင့်မတူ။ ကြောက်တတ်သူကို ကြောက်အောင် အစွယ်ဖြဲပြနေသော ဘီလူးနှင့်တူသည်။

"ငါလိုချင်တာက အဘိုး မင်းကိုပေးသွားတဲ့ ကိုးလုံး"

"ဘာ…စိန်ကိုးလုံး"

ကဲက အသင့်အနေအထားနှင့် ဘာမဆိုရင်ဆိုင်ရ ခပ်မတ်မတ်ရပ်နေရာက ဆိုဖာကျောမှီပေါ် လက်ထောက်ရင်း နေမာနကို တထူးတဆန်း သူ့ကိုပြန်မေးသည်။ ပြီးမှ သွားရေ ပေါ်အောင် ခေါင်းမော့ရယ်ပစ်လိုက်၏။

"ရှင်ပြောမှပဲ အဘိုးမှာ စိန်ကိုးလုံးရှိတယ်ဆိုတာ ကျွန်မ သိရတော့တယ်၊ ရှင်သိပ်ရယ်ရတာပဲ နေမာန"

"မင်း ရယ်စရာမလိုဘူး"

"လိုတာပေါ့၊ ရှင်က မရှိတဲ့ပစ္စည်း လာတောင်းနေ တာကို"

"မင်း မပေးချင်လို့ တမင်ပြောနေတာမဟုတ်လား သက်ထက်ကဲ"

"ဒီမှာ…ရှင့်ရဲ့ လိုချင်ရမ္မက်ကြီးတဲ့စိတ်နဲ့ မနိုင်းနဲ့ နေမာန ကျွန်မ ပြောပြီးသားနော်၊ အဘိုးပေးခဲ့တာ ရှိပေမယ့် စိန်ကိုးလုံးမဟုတ်ဘူး၊ ရွှေချောင်း လေးချောင်း၊ ရှင်လိုချင်ရင် ကျွန်မ တစ်ခါတည်း ပြန်ပေးလိုက်မယ်၊ ဒါပေမဲ့ ရှင် ကျွန်မရဲ့





ပတ်သက်ဖို့"

"ကတိမပေးဘူး"

"ဒုန်း…ခွမ်း"

မှန်စားပွဲပေါ်က ပန်းအိုးကို နေမာနက လက်ပြန်ရိုက် ချလိုက်၍ ပန်းအိုးကွဲအက်သံ အကျယ်ကြီးထွက်လာသည်။ ကဲက ကြောက်လန့်တကြား နောက်ဆုတ်ရပ်ရင်း သမီးအိပ်နေသော အခန်းဆီ မျှော်ခနဲ လှည့်ကြည့်မိတာ သမီး လန့်သွားမှာစိုး၍ပါ။ နေမာနက အပေါ်မှ ထပ်ဝတ်လာသော ကုတ်အင်္ကျီရင်ဘတ် နှစ်စအား ဆွဲစေ့ရင်း ဆိုဖာမှထရပ်သည်။

"မင်းပြောတာ ငါ မယုံဘူး သက်ထက်ကဲ၊ အဘိုး မသေခင်အထိ အဲဒီစိန်ကိုးလုံးက ရှိဆဲပဲ၊ အဘိုးသေမှ မရှိတော့ တာ၊ သက်ထက်ကဲ…အစွန်အဖျားလောက်နဲ့ ငါ့ကို အယောင် လာမပြနဲ့၊ မရဘူး၊ ကဲ…ပေးမှာလား၊ မပေးဘူးလား"

"မရှိဘူးလို့ပြောနေတာ ရှင် နားမလည်ဘူးလား၊ အဘိုး ချမ်းသာသမျှ ရွှေမိုးငွေမိုး ရှာပေးပါ့မယ်၊ ဒါပေမဲ့ ရှင်နဲ့ပတ်သက် ဖို့ အကြောင်းတွေ ရှိလာမယ်ဆိုရင်တောင် ပေးသမျှ ကျွန်မ ကန်တော့ဆွမ်းလုပ်ပစ်မှာ၊ အဲဒီလောက်အထိ မပတ်သက်ချင် တဲ့သူက ရှင့်ကို လိမ်နေရဦးမှာလား"

"ဟော့…မင်းလိမ်တာ မလိမ်တာ ငါ စိတ်မဝင်စား ဘူး၊ လွယ်ရင် သူကြွယ်တောင် နိုးတတ်သေးတာပဲ၊ မင်းအ



www.burmeseclassic.com

www.burmeseclassic.com

ဘာမို့လို့လဲ၊ ရတယ်…မင်းမပေးချင်လည်း ဒီမှာ နည်းမျိုးစုံနဲ့ သောင်းကျန်းမယ်၊ ပွတ်ဝန်းကျင်က မေးတဲ့အခါ ငါက မင်းယောက်ျားယောင်းပါလို့ ပြောလိုက်မယ်''

''မင်းထင်သလောက် မလွယ်ဘူး နေမာန''

အသံကြားရာသို့ ပြိုင်တူလှမ်းအကြည့်၊ တံခါးဝမှာ အရိပ်တစ်ခုက မားမားမတ်မတ်ရပ်ရင်း ပြောလာသူက ရန်မခ။

''ရန်မခ''

''မင်း ဝင်မပါနဲ့ ဟိတ်ကောင်၊ ပထမတစ်ကြိမ်တုန်းက ငါ့ နောက်ဆုတ်ပေးခဲ့တယ်ဆိုတာ တရားဥပဒေနဲ့ ငြိနေလို့''

''အခု ရှေ့ဆက်တိုးလည်း မင်းငြိမှာပဲ''

အဖြူရောင် ဘောင်းဘီပွပွနှင့် အဖြူရောင် ရှပ်အကျီကြောင့် နီမြန်းမြန်းဖြစ်နေသော ရန်မခ မျက်နှာထက်မှာ ဒေါသရဲ့ သိပ်သည်းဆတွေကို ကဲ မြင်နေရသည်။

''ပိုင်နက်ကျူးလွန်မှုကနေ ပုဒ်မတပ်ရင် အေးဓားဖြစ်ထိ တန်းစီပြီး ငါ တရားစွဲလို့ရတယ် နေမာန''

''ဘာ အေးဓားပြလဲ၊ ငါ့ဘိုးဘွားအမွေ ငါ ရပိုင်ခွင့် ငါပြန်တောင်းတာ''

''အဟွန်း…ဥပဒေက မင်းပြောတိုင်း ခေါင်းညိတ်ယုံမယ့် ပုတ်သင်ညိုမဟုတ်ဘူး၊ အထောက်အထား နိုင်မာမှုတွေ အများကြီးရှိတယ်၊ ဒါပေမဲ့ အခု မင်းတောင်းတာ သူ့မှာမရှိဘူး





ခယ့် ငါ ပေးမယ်''

''ရန်မခ''

ဝင်းခနဲ လက်သွားတဲ့ နေမာနမျက်နှာကို ရန်မခက မျက်တောင်မခတ်စတမ်း ကြည့်သည်။

''ဒါပေမဲ့ စာချုပ်တော့ ချုပ်ရမယ်၊ ဘယ်သောအခါမှ သူတို့သားအမိကို မနှောင့်ယှက်ကြေး၊ နှောင့်ယှက်ခဲ့ရင် မင်းဆီက ထိုက်တန်တဲ့လျော်ကြေး ပြန်တောင်းဆိုမယ့် စာချုပ်ပေါ့၊ ဘယ်လိုလဲ''

ရန်မခက နေမာနကို စေ့စေ့ကြည့်ပြီး မျက်ခုံးပင့်မေးသည်။ နေမာနက အခဲမကျေသော မျက်လုံးများဖြင့် ရန်မခနောက်မှ ကဲကို ကျော်ကြည့်သည်။

''ငါလိုချင်တာ မင်းဆီက မဟုတ်ဘူး၊ ဒါပေမဲ့ စဉ်းစားပြီး အကြောင်းပြန်ပါ့မယ်''

မထိတထိပြုံးပြသွားတဲ့ နေမာန မြင်ကွင်းထဲမှ ပျောက်သွားတာနဲ့ ကဲရဲ့ဒေါသက အားပြင်းစွာ သူ့ထံစိုက်ဆင်းသွား၏။

''ရှင့်မှာ ငွေတွေ သိပ်ပေါနေလား ရန်မခ၊ ဒီလူကို ဒီလိုပြောရင် တောင်းမဆုံးအောင် ဖြစ်လာမယ်ဆိုတာ ရှင် မသိဘူးလား၊ ရှင် ရှိလို့၊ ရှင် ချမ်းသာမှန်းသိလို့ သမီးကိုအကြောင်းပြပြီး အဲဒါ ငွေညှစ်နေတာ၊ ရှင်နားမလည်ဘူးလား''

ကဲက ဒေါနဲ့မောနဲ့ ရန်မခလက်ကိုဆွဲကာ ဒီဘက်လှည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်းပြောတော့ မျက်ရည်တွေတွေကျသည်။ ရန်မခကို တစ်ခါတစ်ရံ ကျေးဇူးတင်သည်။ တစ်ခါတစ်ရံကျတော့လည်း ရှက်သည်။ တစ်ခါတစ်ရံကျတော့လည်း ကဲအပေါ် ကောင်းမှန်းသိသိကြီးနှင့် မာနကြီးချင်သည်။ ထိုခံစားချက်တွေ သက်ထက်ကဲပြည့်နှက်လာသောအခါ ယူက အားကောင်းစွာ ငိုရှိုက်ချင်သည်။ ရှုပ်ထွေးရောနှောသော ခံစားချက်တွေကြားမှာ ကဲက ကူကယ်ရာမဲ့ ဖြစ်နေတာကို ဘယ်သူမှ နားမလည်။

"ကိုယ်သိတယ်၊ နားလည်တယ် သက်ထက်ကဲ၊ ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာ မင်းသမီး မထိခိုက်ရင် ကျေနပ်ပြီ၊ ဘာတွေဆုံးရှုံးရ ဆုံးရှုံးရ ကိုယ့်နားမှာ မင်းတို့သားအမိရှိရင် ရပြီ၊ မင်းကိုရင်ထဲထည့် ကျော့နဲ့ကာပြီး ငြိမ်းချမ်းစေချင်တာ ကိုယ့်အချစ်ပါ"

ပါးပြင်နှစ်ဖက်စလုံး မျက်ရည်ချောင်းစီးနေတဲ့ သက်ထက်ကဲ မျက်နှာကို ရန်မခက မရမက ငုံ့ကြည့်သည်။ ပြီးမှ ပခုံးနှစ်ဖက်မှ ဆွဲကိုင်ကာ သူ့ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်ထားလိုက်၏။

"မင်းငိုနေတာ မမြင်ချင်ဘူး သက်ထက်ကဲ၊ မင်းဝမ်းနည်းနေတာ မလိုချင်ဘူး၊ ကိုယ်တို့ စတွေ့ခဲ့တဲ့ မီးရထားသံလမ်းပေါ်က ညတစ်ညမှာကတည်းက…"

"ဘာ"

ရန်မခ ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်တိုင်း ငြိမ်ငြိမ်တောင်





တောင့်လေး ရပ်နေခဲ့သော ကဲက ရုတ်တရက် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ချက်ချင်း ရန်မခရင်ဘတ်ကို လက်ဖဝါးနဲ့တွန်းရင်း လူချင်းခွာရပ်၏။ ရန်မခကို မော့ကြည့်သော မျက်ရည်စဲသည့် မျက်ဝန်းထဲမှာ အံ့သြခြင်းအရိပ်အယောင်တွေနဲ့…။

"ရှင်…ရှင် အဲဒီတုန်းက"

"မင်းကို အဲဒီကတည်းက ရင်ခွင်ထဲမှာ ပွေ့ထားပြီးကာကွယ်ခဲ့တာ မမှတ်မိတော့ဘူးလား သက်ထက်ကဲ"

"အို"

သက်ထက်ကဲ၏ နှင်းဆီရောင်ပွင့်ဖတ်လွှာ နှုတ်ခမ်း တွေတဆတ်ဆတ်တုန်ရီလာသည်။ မျက်ရည်တို့နှင့် စိုကပ်နေ သည့်သက်ထက်ကဲ မျက်တောင်လေးတွေ တဖျတ်ဖျတ်လှုပ် ရှားသွားကာမျက်ရည်လူးသော စကားဝါရောင် ပါးပြင်က နှင်းဆီရောင်ချက်ချင်းသမ်းသွား၏။

ရန်မခက ပြောင်းလဲသွားတဲ့ သက်ထက်ကဲ မျက်နှာထက်က အရိပ်တွေကို စူးစိုက်ကြည့်ရင်း ပြုံးသည်။

"ကိုယ့်ကို မှတ်မိပြီလား၊ ဒါမှ မလုံလောက်သေးရင်ဒီမှာ အသေချာဆုံး သက်သေခံ"

ရန်မခ လှမ်းပေးတာက အယ်လ်ဘမ်တစ်ခု။

ကဲ မျက်နှာရှေ့ပေါ်လာတာက ခရမ်းရင့်ရောင်အယ်လ်ဘမ်။ ကဲက အယ်လ်ဘမ်လေးကို ဆွဲယူကာ ရင်ခွင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ပွေ့ထားလိုက်၏။

"အဲဒီကတည်းက ကဲ သေသွားခဲ့ရင် သိပ်ကောင်း မှာ"

"ရှူး"

"အို"

ဖျတ်ခနဲ ဖိကပ်လာတဲ့ ပူနွေးစိုစွတ်သောအရာ။ အလန့်တကြား ကဲ ကြည့်လိုက်မိပေမယ့် အရာအားလုံး နောက်ကျသွားခဲ့ပြီ။ လွတ်ကင်းအောင် တိမ်းရှောင်မိတာ စိတ်ကူးထဲမှာသာဖြစ်လျက် တကယ်တမ်းကျတော့ ချစ်ခြင်းနှင့်ခြွေချသော အနမ်းနုနုညှံ့ညှံ့တွေကြား သူမ လည်စင်းအရှုံးပေးလိုက်ရ သည်။ အသိတရားတွေ သူမထံမှာ ရှိသေးရဲ့လား၊ ကင်းကွာ သွားပြီလား မသိတော့ဘဲ မကြည်ဖြူသော ရင်ခွင်ထဲ ကဲက ပြိုလဲသွား၏။

ပူနွေးဆဲ နှုတ်ခမ်းသားတွေကို သူ့ရင်ဘတ်မှာကပ်ပြီး ဝှက်ထားရင်း ဆောင့်ခုန်နေသော ရင်ခုန်သံကြားမှာ ခေါင်းတွေ မူးနေတာလား၊ အမြင်တွေ ဝေဝါးနေတာလား မသိရတဲ့အထိ ရင်ခုန်သံတွေက နှိပ်စက်လွန်း၏။

ရုန်းမခ သူမဦးခေါင်းလေးထက်မှာ ပါးကပ်ထားမိလိုက်၊ နှုတ်ခမ်းသားများနှင့် ဖိကပ်နမ်းရင်းဖြင့် ကြည်နူးရင်ခုန်ခြင်းဖြင့် သူမကိုယ်လေးကို သူ့ရင်ခွင်မှာ နစ်နေအောင် သိမ်းပွေ့ထား၏။

"ကိုယ်တို့ရဲ့ ချစ်ခြင်းအစွမ်းနဲ့ ဘာမဆို ရင်ဆိုင်ရအောင်နော်…ကဲ"

◆ ◆ ◆





# အခန်း (၃၂)

"ဘာ"

"တိုးတိုးအော်စမ်းပါ ရှင်ကလည်း"

"ဟ…မင်း ငါ့ကို အလောသုံးဆယ် ပြန်ခေါ်တာ ဒီကိစ္စကြောင့်ပေါ့"

"ဟုတ်တယ် ကိုနေထွန်းရေ၊ ဒီမယ်…ရှင့်ကို အားကိုးလွန်းလို့ ခေါ်တယ်လို့ မာန်မတက်နဲ့နော်၊ ဒီသားက ကျွန်မတို့နှစ်ယောက်စလုံးနဲ့ဆိုင်တဲ့သား၊ လိမ္မာတာ၊ တော်တာ၊ ထက်မြက်တာကို ရှင်လည်း ဝေမျှခံစားပြီးပြီ၊ အခု ပူစရာရှိလည်း ဝေမျှပြီးယူ"

ခေါ်ခင်မမက အနီရင့်ရောင် ထက်အောက်ဆင်တူ ဝတ်ထားတဲ့ ရင်ဖုံးလည်ထောင်ရဲ့ ဘယ်ရင်အုံမှာ ကြယ်ပုံစံစိန်ရင်ထိုး



www.burmeseclassic.com

www.burmeseclassic.com

တစ်တန်းသွား စိန်လည်တံ့နှင့် တစ်ပွင့်တည်းပန်ထားတဲ့ စိန်နားကပ်တွေက အနီရောင်နှုတ်ခမ်းများနှင့် ဒေါခင်မမကို ဝိုး၍တင့်တယ်ခမ်းနားစေသည်။ မတင့်တယ်တာက သားအတွက်တောက်လောင်ရသော ရင်တွင်း ပရိဒေဝမီးတွေကြောင့် မျက်နှာမသာယာ။

"မင်းဟာက မဟုတ်သေးပါဘူး ခင်မမ၊ ငါ အခုမှ လေယာဉ်ပေါ်ကဆင်းတယ်၊ တစ်ခါတည်း ဒီကိစ္စသွားရှင်းရမယ်ဆိုတော့ ဘာလဲကွ"

ဦးနေထွန်းက မိန်းမကို မအီမလည်ပြောရင်း နက်ခ်တိုင်ကို ဆွဲလျှော့သည်။ ဒီမိန်းမက ဖြစ်ချင်တာရှိပြီဆို ချက်ချင်းမှ ချက်ချင်း။ အခုလည်း အရေးကြီးပါသည်၊ ဒီနေ့ အရောက်ပြန်ခဲ့ပါဆိုပြီး တယ်လီဖုန်းဆက်ပြီး နားပူတာကြောင့် ကိုယ့်လက်ထောက်ကို သူ ကိုင်ထားသမျှ ကော့စ်တွေ အကုန်လွှဲထားခဲ့ရသည်။

မြန်မာပြည်ပြန်ရောက်တော့လည်း လေဆိပ်ထဲကတောင် မထွက်ရသေး၊ သားက ကလေးတစ်ယောက်အမေ တစ်ခုလပ်နှင့် ဒီသို့ဒီပုံဖြစ်နေပါပြီဆိုသော သူမ ပြောပြသမျှ လေဆိပ်စားသောက်ဆိုင်ထဲမှာ မထတမ်း နားထောင်ရပြန်သည်။ နားထောင်၍ ပြီးပလားဆိုတော့ အခုချက်ချင်းပဲ ထိုမိန်းကလေးအိမ် သွားမည်ဆိုတော့ ဒေါသဖြစ်ရပြီပေါ့။

"ဒါမျိုးကိစ္စဆိုတာ အချိန်ဆွဲလို့ကောင်းတာမဟုတ်ဘူး





ကိုနေထွန်း၊ သူက နာမည်ရထားတဲ့ ဒီနိုင်နာ၊ တော်ကြာ ကျွန်မသားနဲ့ ပတ်သက်မှုကို မီဒီယာတွေထဲ ဖွင့်ချရင် သွားပြီ ကိုနေထွန်းရဲ့၊ ကျွန်မသားလေး ရေတိမ်နစ်မှာ"

'ရေတိမ်နစ်မှာ စိုးရသေးတယ်၊ ကလေးတစ်ယောက်ပါအဝိုပါတော့ မွေးရဖွားရတဲ့စရိတ် သက်သာတာပေါ့' လို့ အရွဲ့တိုက်ပြောပစ်ချင်စိတ်က ဦးနေထွန်း အူထဲမှာ လျှာဖျားအထိ လိပ်တက်လာသည်။ ဒါပေမဲ့ ဦးနေထွန်း မပြောပါ။ ဒီမိန်းမက လူတောသူတောထဲ ရှောင်တတ်တာမဟုတ်။ စိတ်ထဲထင်ရင်ထင်တဲ့အတိုင်း တဖွတ်ထိုးပြောတတ်သည့်နေရာမှာ နှစ်ယောက်မရှိ။

"သူလည်း မိန်းကလေးပါကွာ၊ အဲဒီလောက်အထိ လုပ်မယ်မထင်ပါဘူး၊ ငါ အိမ်ပြန်ပြီး အကျီလေး ဘာလေး လဲဦးမယ်"

"အကျီလဲရအောင် ရှင်က ဒင်နာသွားမှာမို့လား၊ သားနဲ့ ကင်းကင်းရှင်းရှင်း နေပေးပါ၊ ငွေကြိုက်သလောက်တောင်းလို့ သွားပြောမယ့်အရေးမှာ နှုတ်လုပနေဖို့ မလိုဘူး ကိုနေထွန်း၊ ထ…သွားမယ်၊ ရှင် အချိန်ဆွဲမနေနဲ့"

ဦးနေထွန်းက မျက်နှာကို လက်ဝါးနှင့်ပွတ်သပ်ချရင်း မိန်းမကို စိတ်ပျက်စွာကြည့်သည်။

"ကဲ…သွားဆိုလည်း သွားမယ်၊ ဒါပေမဲ့ သားကကျော



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ပတ်သက်နေတာ ကျိန်းသေလို့လား၊ တစ်ဖက်ကရော ကလေးတစ်ယောက်အမေ တစ်ခုလပ်ဆိုတာ သေချာလို့လား"

"ကျွန်မလည်း အစက အဲဒီလိုထင်ခဲ့တာပဲ၊ ဒါပေမဲ့ အသည်းက သက်သေတွေနဲ့ပြောခဲ့တာ၊ ရှင် မယုံရင် ဒီမှာကြည့်"

မျက်စိရှေ့ ပစ်ချလာသော ဓာတ်ပုံတွေကို ကောက်ကိုင်ရင်း ဦးနေထွန်းက ကြည့်သည်။

"ဖော်ကောင်က အသည်းကိုး"

ဓာတ်ပုံတွေက သုံးပုံထဲဖြစ်ကာ ပုံတိုင်းမှာ ရန်မခဲ့ကလေးကို ချီထားတာဖြစ်ပြီး ရန်မခဲ့ ပခုံးလောက်သော အရပ်အမြင့်ရှိသည့် မိန်းကလေးကို လက်တစ်ဖက်နှင့် တွဲထား၏။ ပန်းဖက်ထားတာမျိုးနှင့် သုံးယောက်စလုံး ရယ်မောကြသည့် ပုံစံက အပျော်လွန်မိသားစုတွေအတိုင်း ဖြစ်သည်။

ဦးနေထွန်းက မျက်မှန်ကိုပင့်ပြီး ကလေးနှင့် မိန်းကလေးအား အသေအချာကြည့်သည်။ ဒါကိုပဲ ဒေါ်ခင်မမက လက်ဖွေ့အိတ်ကို ပေါင်ပေါ်တင် မေးထောက်ရင်း မျက်ခုံးတွန့်၏။

"မှန်ဘီလူးများ ရှင့်အတွက် လိုဦးမလား၊ ဟွန်း... စုံထောက်ဒီဖိုင်းဖမ်းပြီး ကြည့်မနေနဲ့၊ အဲဒီကောင်မလေးက ဒီမိုင်နာတဲ့ နာမည်က သက်ထက်ကဲ"

"သက်...ထက်...ကဲ"

ဦးနေထွန်း သံယောင်လိုက်ရွတ်တာကို ဒေါ်ခင်မမက





ခေါင်းညိတ်၏။

"ဟုတ်ပါ့ရှင်၊ ကလေးလေးက နာမည်က မေမခတဲ့၊ အံ့ အံ့ပါရဲ့၊ သားနဲ့ တမင် နာမည်တူမှည့်ပြီး ကြွေအောင် ခြွေနေတာနေမှာပေါ့၊ သူ့ယောကျ်ားကလည်း လူမိုက်လိုလိုတဲ့၊ နာမည်ကိုက..."

"နေမာန ဆိုတာလား"

"ဟုတ်...တယ်"

အေးအေးသက်သာ ခေါင်းညိတ်ပြီးမှ ဒေါ်ခင်မမက အလန့်တကြား ဦးနေထွန်းကို မော့ကြည့်သည်။

"နေ...နေပါဦး၊ ရှင်က ဘယ်လိုဖြစ်ပြီး သူတို့ကို သိနေတာလဲ"

"ငါသိတာပေါ့၊ သူတို့က စင်ကာပူကဆေးရုံမှာ ငါ့ပေးရှင့်ဖြစ်ခဲ့ဖူးတယ်"

"ဘာ...ဘယ်လို"

ဦးနေထွန်းက မျက်လုံးတွေ ပြူးကျယ်ကာ ရင်ဘတ်တဖိဖိနဲ့ ထူးဆန်းအံ့သြနေသော ဇနီးသည်အား ကြည့်ရင်း ပင့်သက်ရှိုက်သည်။ အဖြစ်မှန်ရှင်းပြရန် အားယူခြင်းမျိုးဝါ။ ထို့နောက် ဒေါ်ခင်မမရဲ့ လက်ဖဝါးကို သူ့လက်နှစ်ဖက်နှင့် ဖျစ်ညှစ်ဆုပ်ကိုင်ရင်း

"နေမာနတို့ မိသားစုရဲ့ အခက်အခဲအတွက် ငါ့



www.burmeseclassic.com

www.burmeseclassic.com



ငါ့သားက ကူညီခဲ့ကြဖူးတယ်''

''သားကပါ...ဟုတ်လား''

ဦးနေထွန်းက ခေါင်းညိတ်၏။

''သားက ဘယ်သူဘယ်ဝါမှန်း မသိခဲ့ပါဘူး၊ တစ်...
မိသားစုနဲ့ ငါကပဲ သိခဲ့ကြတာ''

''ဘာအကူအညီလဲ ကိုနေထွန်း၊ ကျွန်မ ရင်တွေ...
လိုက်တာ၊ ဘယ်တုန်းကလဲ၊ ဘာကိစ္စလဲ''

အမောတကောမေးလာတဲ့ ဇနီးသည်ရဲ့ မျက်ဝန်းတွေ...
တည့်တည့်စိုက်ကြည့်ရင်း ဦးနေထွန်းက ဝိဝိပြင်ပြင် ပြုံးပြလို...
၏။

''နေမာနမှာ မွေးရာပါ ကလေးမရနိုင်တဲ့ ပြဿနာ...
ရှိခဲ့လို့ သားဆီက သုက်ပိုးအလှူခံပြီး သက်ထက်ကဲကို ဖန်...
သန္ဓေသားအဖြစ်...''

''ဘာ''

ဒေါ်ခင်မမ မိုက်ခနဲဖြစ်သွားသည့် ဦးခေါင်းကို ...
ကိုင်ပြီး သေချာအောင် ဦးနေထွန်းကိုကြည့်သည်။

''တကယ်ပါ၊ မင်း မယုံရင် ဓာရွက်စာတမ်း...
သက်သေပြဖို့အထိ ငါ့ဘက်မှာ အခိုင်အမာရှိပါတယ်၊ ...
သက်ကြရင် တစ်သက်လုံး လျှို့ဝှက်ထားရမယ့်ကိစ္စ...
ပတ်သက်ကြတော့လည်း...''





''ကျွန်မတို့သွားရအောင် ကိုနေထွန်း''

ဆတ်ခနဲ ထရပ်တဲ့ ဇနီးသည်ကြောင့် ဦးနေထွန်းကပါ မတ်တတ်ထရပ်သည်။

''မင်း ဘယ်လိုခံစားရမလဲဆိုတာ ကိုယ် နားလည် တယ် ခင်မမ၊ ဒါပေမဲ့...''

''ဒီအချိန်မှာ ကျွန်မ ခံစားချက်က အရေးမကြီးတော့ ဘူး ကိုနေထွန်း''

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဆရာကြီး"

တအံ့တသြဖြစ်သွားတဲ့ သက်ထက်ကဲရဲ့မျက်နှာမှာ ဟန်ဆောင်ခြင်းကင်းသည်။ လှိုက်လှိုက်လှဲလှဲ ခေါ်သံရဲ့ အဆုံး ခွတ်လေးက တုန်တုန်ခိုက်ခိုက်လေး ဖြစ်သွားပြီးမှ မျက်ဝန်း အိမ်မှာ မျက်ရည်တွေပြည့်လာ၏။

"ကြွပါရှင်၊ ဆရာကြီးကို ရုတ်တရက်မြင်လိုက်ရတော့ ကဲ အရမ်းအံ့သြသွားလို့ပါ၊ ဆရာကြီးကို စင်ကာပူဆေးရုံကြီး မှာပဲလို့ ကဲ ထင်ထားတာ"

နှုတ်ဆက်စကားဆိုရင် သက်ထက်ကဲ သံပန်းတံခါး သော့ဖွင့်ပေးသည်။ ကိုယ်ကို အားရှိကပ်ကာ ဦးနေထွန်းက ဒေါ်ခင်မမကို ဧည့်ခန်းထဲ အရင်ဝင်စေပြီးမှ အားနာဟန်ဖြင့်





အတူလိုက်လာ၏။

"ကဲဧည့်ခန်းက နည်းနည်းတော့ရှုပ်တယ်၊ အင်္ကျီတွေ ဒီနိုင်းထုတ်ပြီး ညှပ်နေတာမို့ပါ"

သက်ထက်ကဲက အဖြူခံပေါ် လိမ္မော်ရောင်အရုပ်ကြီး ပါသည့် တီရှပ်ပွပွကို လိမ္မော်ရောင် ဒူးကျအသားကပ်ဘောင်းဘီ လေးနှင့် တွဲဝတ်ထားသည်။ ဆံပင်တွေကို ဘေးတစောင်း စုထုံး ထားကာ နှုတ်ဖျားက စကားတတွတ်တွတ် ပြောနေသလောက် လက်ကလည်း ရှုပ်ပွနေသမျှ တစ်ခါတည်း ဆွဲလွဲသိမ်းသွား၍ တစ်ခါတည်းရှင်းသွား၏။

ဒေါ်ခင်မမက မိုးတိုးမတ်တတ်ရပ်ရင်းက ဧည့်ခန်းအနှံ့ ချိတ်ဆွဲထားသည့် ဓာတ်ပုံတွေဆီ အကြည့်ရောက်သွားသည်။

"ဒီဓာတ်ပုံထဲက ကလေးလေးက"

"ကဲရဲ့ သမီးလေးပါ အန်တီ"

"ဒီအရွယ်တောင်ရောက်ပြီလားကွ…ဟော"

"သမီးက လေးနှစ်ခွဲပါပြီ ဆရာကြီး၊ ရှေ့နှစ်ဆို ကျောင်းထားရတော့မှာ"

"သြော်…သြော်"

ဦးနေထွန်းက ကလေးဓာတ်ပုံမှ အကြည့်မခွာနိုင်ဖြစ် နေသော ဇနီးသည်အား အသာလက်တို့၍ ဆိုဖာ၌ ထိုင်ခိုင်း သည်။

"ဒါ ဆရာ့ရဲ့ဇနီး ဒေါ်ခင်မမတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…တွေ့ရတာ ဝမ်းသာပါတယ်ရှင့်၊ ဆရာကြီးတို့ ဘယ်ကဘယ်လို ကဲရဲ့အိမ်လိပ်စာကိုသိပြီး ရောက်လာကြလဲ မသိဘူးနော်၊ ကဲ ဘာများကူညီပေးရမလဲရှင့်"

"သြော်…ဟော်၊ အထွေအထူး မဟုတ်ပါဘူး"

ဆရာကြီးက ပေါင်ကို လက်ဝါးနှစ်ဖက်နှင့် စုံပုတ်ရင်း ရယ်သံသည်။ ဆရာကြီး အမျိုးသမီးဆိုသူကတော့ စကားလည်း တစ်ခွန်းမှဝင်မပြော။ ကဲကိုကြည့်လိုက်၊ သမီးဓာတ်ပုံသိကြည့်လိုက်နှင့် မျက်လုံးတွေ ဗျာများနေတာကို ကဲလည်း သတိထားမိသည်။ ဆရာကြီးလည်း သတိထားမိပုံရကာ

"ဆရာ့ဇနီးက ကလေးချစ်တတ်တယ်၊ အထူးသဖြင့် သမီးမိန်းကလေးတွေဆိုရင် ပိုဆိုးတယ်၊ ဒါနဲ့ နေမာနတစ်ယောက်ရော မတွေ့ပါလား"

ဦးနေထွန်းက ရင်းရင်းနှီးနှီးကြီး စပ်စုပစ်လိုက်သည်။ မစပ်စုချ်မရ။ လမ်းက ကားပေါ်မှာကတည်းက

"သူနဲ့ သူ့ယောကျ်ားအကြောင်း ရှင်မေးနော် ကိုနေထွန်း။ ကျွန်မက ကလေးလေးတွေမြင်ရင် ချစ်တဲ့စိတ်နဲ့ မန်မိုရီတွေ အောက်ကုန်ရော"

ဒေါ်ခင်မမက ရာဇသံပေးထားခဲ့သည်။ ကဲကတော့ ဒီလင်မယားရဲ့ အရိပ်အကဲကို နားမလည်ဘဲ ခေါင်းငုံ့ချရင်း တိုးတိမ်သောအသံဖြင့်





"ကဲတို့ သမီး တစ်နှစ်အရွယ်ကတည်းက ကွာရှင်းခဲ့ပြီးပါပြီ ဆရာကြီး"

"သြော်"

ဦးနေထွန်းက အာမေဋိတ်ပြုရင်း ဇနီးသည်ထံ ငဲ့အကြည့်

"မေမေ…မီးမီး နိုင်တယ်၊ ဦးဦး ရှုံးပြီ၊ မီးမီး အရင်ရောက်တာ"

တံခါးဝသို့ အပြေးအလွှားရောက်လာသော ကလေးလေးက မျက်လုံးကျယ်ကျယ်လေးမှာ မျက်တောင်ကော့ကော့လေးတွေ နှာတံချွန်လေးတွေနှင့် နှုတ်ခမ်းလေးက ထင်းနေအောင်ရဲသည်။ ကျောပိုးအိတ်လေး လွယ်ထားသည့် နက်ပြာရောင်ကျောင်းယူနီဖောင်းနဲ့ ကလေးလေးက ချွေးသည်တွေကြောင့် ကိုယ်ရှိန်သပ်သွား၏။

"ဝါး…ဟား…ဟား၊ ဦးဦး မရှုံးမဘူး၊ မီးမီး ရှုံးတာ၊ မီးမီး ထပ်ပြေးလို့မရအောင် ဦးဦးက ချိထားလိုက်ပြီ"

"ဦးဦး ချိထားလို့ မီးမီးရှုံးရင် ရှုံးပါစေ၊ အဟီး…မီးမီးက ဖိမ်တောင်ကျသေး"

"အာ…မီးမီး လူလည်ကျတယ်ကွာ"

"ဦးဦးလည်း လူလည်ကျတယ်ကွာ"

ရန်မခက သမီးပါးဖောင်းဖောင်းလေးကို အသည်းတယားယားနှင့် သွားဖြင့် မနာအောင်ငုံပစ်ပြီးမှ ညှိခန်းဆီ



www.burmeseclassic.com

www.burmeseclassic.com

အကြည့်အရောက်မှာ ပတ်ဝန်းကျင်သည် တစ်ခဏမှာ တိတ်ကျသွားပြီး

"မေမေနဲ့မမေ ဒီကိုဘယ်လိုရောက်နေတာလဲ"

• • •



## အခန်း (၃၄)

နောက်···တစ်လခန့်ကြာပြီးနောက်

"သူတို့ဘက်က တရားဥပဒေနည်းနဲ့ရှင်းလည်း ရတယ်၊ ဒါမှမဟုတ် သူတို့သည်းခြေကြိုက် ငွေတောင်းရင်လည်း ကျွန်မက ဆေးပြီးရှင်းမှာ ဒီချွေးမနဲ့ ဒီမြေးက ကျွန်မတို့ပိုင်တယ်၊ ဆေးပညာဆိုင်ရာ သက်သေအထောက်အထားလည်း ဦးနေထွန်း လက်ထဲမှာ ရှိပြီးသား၊ ပြီးတော့ ကျွန်မချွေးမ သက်ထက်ကဲ လက်ထဲမှာလည်း တရားဝင်ကွာရှင်းစာချုပ် ရှိပြီးသား"

"ဒါကြောင့်လည်း ကျုပ်တို့ဘက်က လူသိရှင်ကြားကလေးတွေကို လက်ထပ်ပေးခဲ့တာ၊ ဘာပဲဖြစ်ဖြစ် ကျပျောက်ခဲ့တဲ့ ကျုပ်တို့သားရဲ့ မိသားစုကို ပြန်ရှာတွေ့တဲ့အတွက် ကျုပ်ကတော့ ပြောမပြတတ်တဲ့ ပီတိတွေနဲ့ပါပဲ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဦးနေထွန်းက မေမခလေးကို ချီပြီးပြောသည်။ ဒီပွဲက သက်ထက်ကဲနှင့် ရန်မခတို့ရဲ့ မင်္ဂလာပွဲဆိုလည်း ဟုတ်သည်။ ဒေါ်ခင်မမရဲ့ ချွေးမနှင့်မြေးကို ပွဲထုတ်သော အခမ်းအနားဆို လည်း မှန်သည်။ မီးမီးက ပန်းနုရောင်ဂါဝန်ကားကားလေးနှင့် ဘိုးအေ လက်မှ အသွားအော် လက်ကမ်းကူးပြောင်းနေတာကိုကြည့်ရင်း ကဲ မျက်ရည်တွေ ဝဲတက်လာသည့်ကြားမှ ကြိုးစားပြီး ပြုံးနေနိုက် မှာပဲ

"ကဲ"

နောက်နားဆီမှ သူမခါးကို သိမ်းဖက်လာသည့် ခင်ပွန်း သည် ရန်မခရဲ့ မေးဖျားက ကဲရဲ့ပခုံးစွန်းပေါ် မေးတင်လိုက်၏။

"ဒီနေ့ပွဲမှာ ပျော်လို့ပဲဖြစ်ဖြစ်၊ ကြည်နူးလို့ပဲဆိုဆို ကဲ မျက်ရည်တွေ မဝဲရဘူးနော်"

"ဘာဖြစ်လို့လဲ မောင်"

ရန်မခက ကဲ ပခုံးလေးမှဆွဲကိုင်၍ ဒီဘက်လှည့်ရပ် စေရင်း

"မောင် ကဲရဲ့အချစ်ကို ရတဲ့နေ့ကတည်းက စိတ်ထဲ မှာ ဆုံးဖြတ်ထားတာတစ်ခုရှိတယ်၊ ဘာလဲ...သိလား"

"ဟင့်အင်း"

မော့ကြည့်ပြီး ငြင်းလိုက်တဲ့ ကဲမျက်ဝန်းတွေထဲမှာ မျက်ရည်ဥတွေ လှုပ်လီလှုပ်လဲ့။ မျက်တောင်ဖျားတွေ ဘာဆက်





ဆက်ခါလျက် ပန်းရောင်အိနေသော နှုတ်ခမ်းသားလေးတွေ လှုပ်ခတ်နေတာကို ရန်မခ ချစ်မြတ်နိုးစွာ ကြင်နာစွာ စိုးမိုးကြည့် ရင်း

"ကဲ ဘယ်တော့မှ မျက်ရည်မကျစေရဘူးလို့"

"ဒါကတော့ မောင်ရယ်၊ ဝမ်းနည်းလို့ ငိုတာမှမဟုတ် တာ၊ ဝမ်းသာလည်း မျက်ရည်ဆိုတာ အလိုလိုကျတတ်လာ တာပဲ"

"ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် မငိုရဘူးကွာ၊ အဲဒါ မောင့် ရဲ့ဆန္ဒ"

ပန်းနုရောင် ရင်ပြတ်ဂါဝန်က ခါးနောက်နားဆီမှ ဖဲပြား အကြဲကြီး တပ်ထားကာ ခြေဖျားဖုံးတဲ့အထိ ကားထွက်သွား တာမျိုးကို ပတ္တမြားလည်ဆွဲ၊ ပတ္တမြားနားဆွဲတို့ကြောင့် သက် ထက်ကဲဝါးမို့တွေက နီရဲရှန်းစိုကာ နှုတ်ခမ်းနှင့် မျက်ခွံစပ်မှာ ပန်းရောင်တောက်သည်။ ရန်မခက ခါးဆီမှ သိမ်းပွေ့တော့ ကဲက သူ့ရင်ဘတ်ကို လက်ဖဝါးနဲ့တွန်း၏။

"မောင်နော်...ဟွန်း..ပွဲမပြီးသေးဘူး၊ မကဲနဲ့၊ အလှ ပြင်ထားတာ ပျက်ကုန်မယ်"

"ပျက်လည်း မကြီးဝါ ရှိတာပဲ"

"အဲဒီ မကြီးဝါက ပိုဆိုးတာ"

"မရဘူးကွာ၊ မောင့်အချစ်ဦးအတွက် အနမ်းဦး တစ်ခါ လောက်"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း…မောင်နော်"

"အို"

"သိပ်ချစ်တယ် ကဲရယ်"

ကဲက အနက်ရောင် တက်ဆီဒိုဝတ်စုံနဲ့ ချောမွေ့နေသော မောင့်မျက်နှာကို ငေးကြည့်ရင်း

"ကဲက မောင့်အတွက် အချစ်ဆုံးပဲ ဖြစ်ချင်တာ"

"အင်း…အချစ်ဆုံးဆိုရင် အနမ်းတွေ ဆုံးသွားမှာပေါ့၊ မရဘူး၊ အခုမှ စရမှာ၊ အချစ်ဦးပဲ၊ ဒါမှ အနမ်းဦးဖြစ်မှာ"

ကဲရဲ့ နှုတ်ခမ်းဖျားမှာ မောင့်အကြည့်တွေက တပ်မက်စွာ ရပ်တန့်နေခဲ့တာ အကြာကြီး။ ပြီးတော့မှ တဖြည်းဖြည်း ငုံ့ကျလာတဲ့ မောင့်နှုတ်ခမ်းတွေဟာ ကဲအတွက် လင်းသောညနွေးသောဆောင်းရာသီမှာ အေးသောလေညင်းတွေ တိုက်ခတ်ခံလိုက်ရ၏။ နှလုံးသားဥယျာဉ်ထဲ တဖြုတ်ဖြုတ်ကြွေကျသက်ဆင်းခဲ့တာ အရိုင်းဆန်သော သူမချစ်ခြင်းတွေသာဖြစ်လျက်။

"ဖေဖေနဲ့မေမေ အကြင်နာပေးတာ ကိုရီးယားကား ထဲက မင်းသား မင်းသမီးထက် ပိုလှတယ်"

"မီးမီး"

ချက်ချင်း လှချင်းခွာရပ်တော့ သမီးက ပုံကျနေသော ဂါဝန်စကို လက်မှလွှတ်ချကာ ရန်မခံ လက်ကမ်းသည်။

"ဖေဖေ…မီးမီးကိုချီ။ မီးမီးလည်း ဖေဖေနဲ့မေမေ့ကို





အကြင်နာပေးမလို့"

စကားတတ်လှသော သမီးကို ရန်မခ ရွှေ့ခနဲပွေ့ယူချီသည်။ မီးမီးက ဖအေနှင့်မအေ အလယ်မှာ အချိုခံထားရင်း သူမလက်သေးသေးလေးဖြင့် ကဲကိုရော ရန်မခ ပခုံးကိုပါ မမီမကမ်း လှမ်းဖက်သည်။

"မီးမီးလည်း ဖေဖေနဲ့မေမေ့ကို အရမ်းချစ်ပါတယ်၊ အဲဒါ တကယ်"

သမီးက နှုတ်ခမ်းချွန်ချွန်လေးနဲ့ တကျွတ်ကျွတ် အသံပေးပြီး ကဲနဲ့ ရန်မခ ပါးပြင်ကို တစ်လှည့်စီနမ်းသည်။ ရယ်သံတွေက အနမ်းတွေနဲ့အတူ လေထုထဲ တိုးထွက်ကာ လေဟာနယ်ထဲ အချစ်ရနံ့တို့ သင်းပျံ့သွား၏။

"အချစ်ဆိုတာ တစ်ယောက်ရင်ခုန်ဖို့ တစ်ယောက်ကြေကွဲပေးရတယ်ဆိုရင် အသည်း ကြေကွဲရတာ ကျေနပ်တယ်ကိုကို၊ လောကနိယာမမှာ ကမ္ဘာတောင် တစ်ခြမ်းမှောင်ရင် ဟိုတစ်ခြမ်းက လင်းနေတာမျိုးမဟုတ်လား၊ အသည်းကမ္ဘာ မှောင်ခဲ့ပေမယ့် လင်းနေတဲ့ ကမ္ဘာတစ်ခြမ်းအတွက် အသည်း မှဒိတာပွားပေးပါ့မယ်"

ရှိုက်သံစွက်တဲ့ တိုးတိတ်စကားသံတွေက လင်းသော ကမ္ဘာတစ်ခြမ်းက ရယ်သံတွေကြား ထိုးခွဲဝင်ရောက်ခွင့် ရ မရ ဆိုတာ မသေချာခြင်းတစ်ဖက်မှာသာရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အသည်းလည်း သက်ထက်ကဲလို ဆုတောင်းခွင့်ရခဲ့ရင်တော့

အချစ်ဦး မဖြစ်ချင်တာ တကယ်ပါ ကိုကိုရယ်၊
ဖြစ်လေရာဘဝမှာ အချစ်ဆုံးပဲ ဖြစ်ခွင့်ရပါစေလို့။

*ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ*

*ချစ်ခြင်းမေတ္တာဖြင့်*

မြမှုလဲသွယ်



www.burmeseclassic.com